မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၄၆ ]** ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက် ( ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက် ) } **သောကြာနေ့ [ အတွဲ ၇၂**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၃/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဒေါက်တာ အောင်ဝင်း<br>ဒုတိယပါမောက္ခချုပ်<br>မြစ်ကြီးနားတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မြစ်ကြီးနားတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာ စိုးစိုးခိုင်<br>ဒုတိယပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ် (မုံရွာ)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ် (မုံရွာ)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

(ပုံ) ဝင်းမြင့်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၄/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်)

**အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု (Beneficial Ownership-BO) အချက်အလက်ဖော်ဆောင်ရေး လုပ်ငန်းစဉ်ကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသောကုမ္ပဏီများနှင့် စီးပွားရေးအဖွဲ့အစည်းများက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စ**

၁။ မြန်မာနိုင်ငံတွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (Extractive Industries Transparency Initiative - EITI) ဆိုင်ရာ လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု (Beneficial Ownership - BO) အချက်အလက်ဖော်ဆောင်ရေးလုပ်ငန်းစဉ်ကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် မြန်မာနိုင်ငံတွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့်သက်ဆိုင်သည့် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသောကုမ္ပဏီများနှင့် စီးပွားရေးအဖွဲ့အစည်းများသည် ဦးဆောင်တာဝန်ယူမည့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) နှင့် ပူးပေါင်းဆောင်ရွက်ကြရန် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးဆိုင်ရာ အဖွဲ့ဝင်လောင်းနိုင်ငံ (Candidate Country) ဖြစ်လာခဲ့ပြီး စံချိန်မီတင်းပြည့်အဖွဲ့ဝင်နိုင်ငံ (Compliant Country) အဆင့်သို့ ရောက်ရှိနိုင်ရေးအတွက် တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများနှင့်သက်ဆိုင်သည့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုအချက်အလက်များကို **၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ** တွင် EITI စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ထုတ်ဖော်တင်ပြရမည်ဖြစ်ပါသည်။

၃။ မြန်မာနိုင်ငံသည် တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးဆိုင်ရာလုပ်ငန်းစဉ်များကို ၂၀၁၂ ခုနှစ်မှစတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဦးဆောင်ကော်မတီ (Leading Committee)၊ လုပ်ငန်းကော်မတီ (Working Committee) နှင့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ (Multi-Stakeholder Group) များဖွဲ့စည်းပြီး တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ခြင်းအစီရင်ခံစာများထုတ်ပြန်ခြင်းနှင့်အတူ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုအချက်အလက်ဖော်ဆောင်ရေးလုပ်ငန်းအစီအစဉ် (Beneficial Ownership Work Plan) ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၄။ မြန်မာနိုင်ငံသယံဇာတတူးဖော်ထုတ်လုပ်မှုဆိုင်ရာအစီရင်ခံစာများတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုအချက်အလက်များ အချိန်မီထည့်သွင်းဖော်ပြနိုင်စေရေးအတွက် သဘာဝသယံဇာတဆိုင်ရာလုပ်ငန်းများတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ဦးဆောင်တာဝန်ယူမည့် အဖွဲ့အစည်း (Beneficial Ownership Task Force Focal Agency) အဖြစ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) ကို တာဝန်ပေးအပ်ခဲ့ပါသည်။

၅။ ထိုသို့ထုတ်ဖော်တင်ပြရာတွင် နိုင်ငံတွင်းရှိ တွင်းထွက်သယံဇာတ (ရေနံ၊ သဘာဝဓာတ်ငွေ့၊ သစ်တော၊ ဓာတ်သတ္တု၊ ကျောက်စိမ်းကျောက်မျက်နှင့် ပုလဲ) ရှာဖွေတူးဖော်ထုတ်လုပ်ရောင်းချခြင်းအဆင့်တို့တွင် လိုင်စင်ဖြင့်လည်းကောင်း၊ ခွင့်ပြုမိန့်ဖြင့်လည်းကောင်း၊ စာချုပ်ဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိသော စီးပွားရေးလုပ်ငန်းများ၊ တွင်းထွက်သယံဇာတဆိုင်ရာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၊ ၎င်းလိုင်စင်၊ ခွင့်ပြုမိန့်၊ စာချုပ်များကို လျှောက်ထားဆဲ သို့မဟုတ် လျှောက်ထားပြီး ရှာဖွေတူးဖော်ထုတ်လုပ်ရောင်းချရေးဆိုင်ရာ

လုပ်ငန်းများအားလုံး၏ "အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ" (Beneficial Owner) များနှင့် "နိုင်ငံရေးအရ သြဇာတိက္ကမရှိသူ" (Politically Exposed Person) များဆိုင်ရာအချက်အလက်များကို ထုတ်ဖော်တင်ပြရမည်ဖြစ်ပါသည်။

၆။ "အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ" နှင့် "နိုင်ငံရေးအရ သြဇာတိက္ကမရှိသူ" တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့နှင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့တို့က EITI စံနှုန်းနှင့်အညီ သတ်မှတ်ထားသည့်အတိုင်းဖြစ်သည်။

၇။ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု အချက်အလက်ဖော်ဆောင်ရေးလုပ်ငန်းစဉ်ဆောင်ရွက်ရာတွင် အချက်အလက်ကောက်ယူမည့် စီးပွားရေးလုပ်ငန်းရွေးချယ်သတ်မှတ်ခြင်း၊ အချက်အလက်ကောက်ယူခြင်း၊ မှတ်တမ်းပြုစုထိန်းသိမ်းခြင်း၊ အချက်အလက်များစိစစ်ခြင်း၊ အချက်အလက်များထုတ်ပြန်ကြေညာခြင်း စသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းဆောင်ရွက်ကြရမည်။

၈။ ကောက်ယူရရှိသည့်အချက်အလက်များစိစစ်အတည်ပြုရာတွင် သက်ဆိုင်ရာပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဝန်ကြီးဌာနများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့နှင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့တို့ ညှိနှိုင်းဆောင်ရွက်ကြရမည်။ စိစစ်အတည်ပြုပြီး အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုအချက်အလက်များကို အများပြည်သူသို့ EITI စံနှုန်းလိုအပ်ချက်နှင့်အညီ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ဝက်ဘ်ဆိုဒ်တွင် ထုတ်ပြန်ကြေညာသွားရမည်။

၉။ သို့ဖြစ်ပါ၍ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု အချက်အလက်ဖော်ဆောင်ရေးလုပ်ငန်းစဉ်အောင်မြင်စေရန် မြန်မာနိုင်ငံတွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းများနှင့် ဆက်စပ်လုပ်ကိုင်နေသော ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် **အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားသောကုမ္ပဏီများနှင့် စီးပွားရေးအဖွဲ့အစည်းများ** သည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့်အပြည့်အဝပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၅ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၉ ဖြင့် နိုင်ငံရေးရာဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဦးစိုးဟန် အား အမြဲတမ်းအတွင်းဝန်နှင့် ဆိုင်ရာဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်ခဲ့ပြီး နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၉/၂၀၁၉ အရ နိုင်ငံခြားရေးဝန်ကြီးဌာန၊

ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် ပြောင်းရွှေ့ခန့်အပ်ခဲ့ရာ ယင်းအား ပြည်ထောင်စုဝန်ကြီးရုံး၏ အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့် ဦးစိုးဟန်သည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့် တာဝန်များအပြင် ဝန်ကြီးဌာန၏တာဝန်များကို တာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ်ကျပ်ငွေ ၂၀၀,၀၀၀ (ကျပ်နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့် စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၈/၂၀၁၆ ဖြင့်ဖွဲ့စည်းခဲ့သည့် မြန်မာ-တရုတ် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ ပူးတွဲကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့မီးရထား<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဇ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဈ) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့ကုန်သွယ်မှုဘဏ်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ငွေတိုက်ဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အဆောက်အဦးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လမ်းဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
တံတားဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မြို့ပြနှင့် အိမ်ရာဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ထ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

၂။ ဖွဲ့စည်းခဲ့သည့် မြန်မာ-တရုတ် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) မြန်မာ-တရုတ် နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြင့် အဓိကကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရန် စီမံခန့်ခွဲခြင်း၊

(ခ) မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ခြင်း၊ ဦးစားပေးကဏ္ဍများ ဆွေးနွေးညှိနှိုင်းခြင်းနှင့် နယ်ပယ်သစ်များ ညှိနှိုင်းရှာဖွေခြင်း၊

(ဂ) ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍအသီးသီးတွင် တိုးတက်မှုအခြေအနေများကို ပုံမှန်စစ်ဆေးခြင်း၊

(ဃ) ပူးပေါင်းဆောင်ရွက်ရန် နယ်ပယ်အသစ်များ ရွေးချယ်သတ်မှတ်ခြင်းနှင့် လုပ်ငန်းစဉ်များ ရေးဆွဲခြင်း။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၁/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

**၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၈။) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၈။)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို **၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂

## နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

### အခန်း (၁)

### ရငွေများနှင့် သုံးငွေများ

၂။ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပုဒ်မ ၁၁ အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့်အသုံးစရိတ်များနှင့် စပ်လျဉ်း၍လည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၁၁ အရ ပိုမိုသုံးစွဲရန် ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများအရ လိုအပ်သည့်ငွေကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စအဖြစ် ထောက်ပံ့ခြင်း၊ လိုအပ်သည့် ချေးငွေများ ထုတ်ချေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

## အခန်း (၂)
## ငွေချေးယူခြင်း

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်များအတွက်ဖြစ်စေ၊ ပြည်ထောင်စုက တာဝန်ယူရသော ချေးငွေစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းလမ်းများဖြင့်လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ငွေချေးယူနိုင်သည်။ ထိုသို့ ချေးငွေရယူသည့်အခါ သင့်သည်ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်နိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။ သို့ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူခြင်းအတွက် အတိုးနှုန်းနှင့် လိုအပ်သော စည်းကမ်းချက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ညှိနှိုင်းပြီးမှ သတ်မှတ်နိုင်သည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့က ယခင်ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့်စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ်အသစ်များဖြင့် လဲလှယ်နိုင်သည်။

၈။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများဖြည့်တင်းရန် အစိုးရငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူခြင်းနှင့် ရောင်းချခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တာဝန်ပေးအပ်နိုင်သည်။

၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် လုပ်ငန်းစီမံချက် တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း ပြည်ပမှ ငွေချေးယူနိုင်သည်။ ပြည်ပမှရရှိသော ချေးငွေများကို နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်နေသော လုပ်ငန်းများသို့ သင့်လျော်သော စည်းကမ်းချက်များသတ်မှတ်၍ ပြန်လည်ထုတ်ချေးခွင့်ပြုနိုင်သည်။

၁၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤအခန်းပါ ကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်။

(ခ) ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ဥပဒေအခန်း (၁၀) နှင့်အညီ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဤအခန်းပါ ငွေချေးယူသော ကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၁၁။ ဇယား (၁)၊ (၃) နှင့် (၇) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးသော ချေးငွေစာချုပ် ချုပ်ဆိုပြီးသည့် ပြည်ပချေးယူရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသောငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂)၊ (၄) နှင့် (၈) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ မပြဋ္ဌာန်းမီဖြစ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းဖြင့်ဖြစ်စေ၊ ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှဖြစ်စေ ခွင့်ပြုနိုင်သည်။ ယင်းသို့ ခွင့်ပြုမှုများကို ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ ပြဋ္ဌာန်းပြီးနောက်ပိုင်းမှ ရရှိပါက ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်။ ယင်းသို့ သုံးစွဲခဲ့သည့် အသုံးစရိတ်များကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၁၂။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်းအရ ငွေချေးစာချုပ်များ ချုပ်ဆိုပြီးနောက် အမှန်တကယ် ချေးယူ ရရှိသည့် ငွေစုစုပေါင်းသည် ကျပ်သန်းပေါင်း ကိုးဆယ်သိန်းထက် မပိုစေရ။ ယင်းတွင် ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပချေးငွေ၌ အမှန်တကယ် ထုတ်ယူသုံးစွဲငွေနှင့် ပြည်တွင်းချေးငွေ၌ အသားတင်ဖြည့်ဆည်းငွေတို့အကျုံးဝင်သည်။

## အခန်း (၃)
## ပြည်ပအကူအညီရယူခြင်း

၁၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့်ဌာန အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်း အတွက်သော်လည်းကောင်း ပြည်ပအကူအညီကို ငွေသား၊ ပစ္စည်း၊ ဆောင်ရွက်ပေးမှုတို့ဖြင့် ရယူခွင့်ပြုနိုင်သည်။

၁၄။ ဇယား (၁)၊ (၃) နှင့် (၇) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသောငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂)၊ (၄) နှင့် (၈) တို့တွင် ဖော်ပြခွင့်ပြုသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ မပြဋ္ဌာန်းမီဖြစ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းနည်းလမ်း၊ ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ခွင့်ပြုသည့်နည်းလမ်းတို့ဖြင့် ခွင့်ပြုနိုင်သည်။ ယင်းသို့ ခွင့်ပြုသည့် သုံးငွေများကို ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ ပြဋ္ဌာန်းပြီးနောက်ပိုင်းဖြစ်လျှင် ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ခွင့်ပြုသည့်နည်းလမ်း၊ ငွေစာရင်းခေါင်းစဉ်လွှဲပြောင်း သုံးစွဲခြင်းနည်းလမ်းတို့ဖြင့် ခွင့်ပြုနိုင်သည်။ ယင်းသို့ ခွင့်ပြုသည့်သုံးငွေများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အခန်း (၄)
## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

၁၅။ လူမှုဖူလုံရေးအဖွဲ့သည် မိမိ၏ လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် ရန်ပုံငွေတို့အပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၁၆။ (က) လူမှုဖူလုံရေးအဖွဲ့၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၇။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့၏ ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြ ထားသောငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရ အဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်း ဖော်ပြရမည်။

( ခ ) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့အား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၁၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့် ရန်ပုံငွေတို့ဖြင့် ရပ်တည်ပြီး ယင်းရန်ပုံငွေမှ အကျိုးခံစားခွင့်များပေးရာတွင် လုံလောက်မှုမရှိ၍ တောင်းခံလာပါက ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ခြင်း၊ ထောက်ပံ့ခြင်းနှင့် လိုအပ်သည့် ချေးငွေများထုတ်ချေးခြင်း၊ လူမှုဖူလုံရေးအိမ်ရာစီမံကိန်းအတွက် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

## အပိုင်း ၃
## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ
## အခန်း (၁)
## ရငွေများနှင့် သုံးငွေများ

၁၉။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသောရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၂၀။ (က) ဇယား (၇) နှင့် (၈) တို့တွင် ဖော်ပြထားသည့် ရငွေများနှင့်သုံးငွေများသည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်။

( ခ ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၇) နှင့် (၈) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

( ဂ ) ပုဒ်မခွဲ (ခ) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဃ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၂)
## ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်

၂၁။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် စီးပွားရေးဆန်ဆန် ဆောင်ရွက်ရမည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။

( ခ ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား (၇) တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

( ဂ ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား (၈) အရ ခွင့်ပြုထားသော သုံးငွေများကို လုပ်ငန်းအရလိုအပ်လျှင် စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။

ပြည်ထောင်စုအစိုးရအဖွဲ့သည် သုံးငွေများကို အောက်ပါအတိုင်း ပြောင်းလဲပေးခြင်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည် -

(၁) အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများ ပြောင်းလဲ သုံးစွဲခြင်း၊

(၂) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြား အဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်း၊

(၃) ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြား လုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်း။

(ဃ) ထိုသို့ ရငွေများနှင့်သုံးငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(င) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

## အခန်း (၃)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်

၂၂။ (က) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၇) နှင့် (၈) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် လုပ်ငန်းလိုအပ်ချက်အရ ဇယား (၇) တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ဇယား (၈) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်း တစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲ သုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်လွှဲအပ်ချက်အရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ ပြောင်းလဲနိုင်သည်။ ထိုသို့ ရငွေများနှင့်သုံးငွေများ ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

## အခန်း (၄)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၂၃။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။ ထိုသို့ သတ်မှတ်ပေးခြင်းကို အနီးကပ်ဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ အကျိုးအကြောင်းဖော်ပြချက်နှင့်အတူ အစီရင်ခံရမည်။

(ခ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန်ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ရပ်တည် ဆောင်ရွက်ကြရမည်။

(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ စုစုပေါင်းငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြရမည်။

၂၄။ (က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၉) နှင့် (၁၀) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

၂၅။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား (၉) နှင့် (၁၀) တို့တွင် ဖော်ပြထားသော ရငွေများနှင့်သုံးငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ရငွေများနှင့်သုံးငွေများပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏လုပ်ငန်းများ လုပ်ကိုင်ရန် ကနဦးရင်းနှီးမြှုပ်နှံငွေကို သတ်မှတ်ချက်နှင့်အညီ ထည့်ဝင်နိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေများကို မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရတည်ထောင်ထားသော ဘဏ်များမှသတ်မှတ်ချက်များနှင့်အညီ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။

## အပိုင်း ၄
## အရေးပေါ်ရန်ပုံငွေ

၂၆။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ

ဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဇယား (၄) တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ယှဉ်တွဲဖော်ပြထားသည့် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုအစိုးရက မသုံးစွဲလျှင်မဖြစ်သည့် အရေးပေါ်ကိစ္စရပ်အတွက် အသုံးစရိတ်ဖြစ်ပြီး အရအသုံးခန့်မှန်းခြေငွေစာရင်းလျာထားချက်တွင် ပါဝင်ခြင်းမရှိသော အသုံးစရိတ်အတွက်သာလျှင် ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပသော ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြရမည်။

(ဃ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဇယား (၂) နှင့် (၄) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း ကြိုတင်မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ကိစ္စရပ်များအတွက်သာလျှင် ဆောင်ရွက်ခွင့်ရှိသည်။ ဤပုဒ်မခွဲပါ အရေးပေါ်ရန်ပုံငွေဟူသောစကားရပ်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ယှဉ်တွဲဖော်ပြပါ အရေးပေါ်ရန်ပုံငွေနှင့် သက်ဆိုင်ခြင်း မရှိစေရ။

(င) ပုဒ်မခွဲ (ဃ) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(စ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ပုဒ်မခွဲ (ဃ) နှင့် (င) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြရမည်။

## **အပိုင်း ၅**
## **တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ**

၂၇။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ ဘဏ္ဍာငွေအပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၂၈။ (က) တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၁) နှင့် (၁၂) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၂၉။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ဇယား (၁၁) နှင့် (၁၂) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၃၀။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၆
## နေပြည်တော်ကောင်စီ

၃၁။ နေပြည်တော်ကောင်စီသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရမည်။ ထိုသို့ ဆောင်ရွက်၍ရသောရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃၂။ (က) နေပြည်တော်ကောင်စီ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၃) နှင့် (၁၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်ကောင်စီ၏ ဇယား (၁၃) နှင့် (၁၄) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည်

ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အပိုင်း ၇
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၃၄။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိ၏ ဘဏ္ဍာငွေအပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၃၅။ (က) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၅) နှင့် (၁၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၆။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ဇယား (၁၅) နှင့် (၁၆) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၃၇။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၈
## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၃၈။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိမိ၏ ဘဏ္ဍာငွေအပေါ်ရပ်တည်၍ မိမိ၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် လုပ်ငန်းများကိုဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူရမည်။

(ခ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေအဝင်နှင့် အထွက်ကို စာရင်းပြုစုရန်အလို့ငှာ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြရမည်။

၃၉။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၇) နှင့် (၁၈) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄၀။ ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဇယား (၁၇) နှင့် (၁၈) တို့တွင် ဖော်ပြထားသောရငွေများနှင့် သုံးငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

၄၁။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါ အသားတင်အမြတ်ငွေ၏ လေးဆယ်ရာခိုင်နှုန်းနှင့် ညီမျှသော ငွေပမာဏကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အထွေထွေသီးသန့်ငွေစာရင်းသို့ ပေးသွင်းပြီး၊ အသားတင်အမြတ်ငွေမှ ကျန်ရှိငွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကိုင်ဆောင်ထားသော အစိုးရငွေချေးသက်သေခံလက်မှတ်များကို ရွေးယူရန်အသုံးပြုပြီးနောက် ကျန်ရှိသောအသားတင်အမြတ်လက်ကျန်ငွေကို နိုင်ငံတော်သို့ ထည့်ဝင်ရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

(ဂ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်ကုန်ဆုံး၍ အရှုံးပေါ်ပေါက်ပါက အဆိုပါအရှုံးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အထွေထွေသီးသန့်ငွေစာရင်းမှ ခုနှိမ်ရမည်။

(ဃ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ ချေးငွေထုတ်ချေးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့**

ဇယား (၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နိုင်ငံတော်သမ္မတ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | | | | | | | | | | |
| ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၂၄.၀၆၀ | | | | | | | | | ၂၄.၀၆၀ |
| ၃ | ပြည်ထောင်စုလွှတ်တော် | ပြည်ထောင်စုလွှတ်တော်နာယက သို့မဟုတ် ပြည်ထောင်စုလွှတ်တော်နာယက က တာဝန်ပေးသူ | | | ၁၀.၃၀၀ | | | ၀.၃၀၀ | ၈၄.၁၈၀ | | ၁၂၆.၂၇၀ | | | ၂၂၁.၀၅၀ |
| ၄ | ပြည်သူ့လွှတ်တော် | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၁.၉၃၂ | | | | | | | | | ၁.၉၃၂ |
| ၅ | အမျိုးသားလွှတ်တော် | အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၀.၄၀၀ | | | | | | | | | ၀.၄၀၀ |
| ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၃၅၃.၀၀၀ | | | | | | | | | ၃၅၃.၀၀၀ |
| ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၀.၀၅၀ | | | | | | | | | ၀.၀၅၀ |
| ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၂.၁၀၀ | | | | | | | | | ၂.၁၀၀ |
| ၉ | ပြည်ထောင်စုရှေ့နေချုပ် | ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ပြည်ထောင်စုရှေ့နေချုပ်က တာဝန်ပေးသူ | | | ၁၈.၉၀၀ | | | | | | | | | ၁၈.၉၀၀ |
| ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၁၈၀.၀၀၀ | | | | ၂၆.၂၈၇ | | ၃၉.၄၃၀ | | | ၂၄၅.၇၁၇ |
| ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၉၆.၉၀၀ | | | | ၅၆.၈၅၆ | | | | | ၁၅၃.၇၅၆ |
| | **ပေါင်း** | | | | ၆၈၇.၆၄၂ | | | **၀.၃၀၀** | **၁၆၇.၃၂၃** | | **၁၆၅.၇၀၀** | | | **၁,၀၂၀.၉၆၅** |

**နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့**

ဇယား (၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အရေးပေါ်ရန်ပုံငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | နိုင်ငံတော်သမ္မတ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၉,၀၇၂. ၇၂၆ | ၁၀၀. ၀၀၀ | | | ၈,၅၁၁. ၃၂၇ | | | | | ၁၇,၆၈၄. ၀၅၃ |
| ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁,၈၀၁. ၃၄၃ | | | | ၄၉. ၅၅၅ | | | | | ၁,၈၅၀. ၈၉၈ |
| ၃ | ပြည်ထောင်စုလွှတ်တော် | ပြည်ထောင်စုလွှတ်တော်နာယက သို့မဟုတ် ပြည်ထောင်စုလွှတ်တော်နာယက က တာဝန်ပေးသူ | ၁,၂၈၇. ၃၃၁ | ၄၀. ၀၀၀ | ၁၈. ၂၃၉ | | ၂၃၆. ၂၁၅ | | | | | ၁,၅၈၁. ၇၈၅ |
| ၄ | ပြည်သူ့လွှတ်တော် | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၈,၉၉၁. ၁၆၀ | ၄၀. ၀၀၀ | | | ၄၄. ၆၈၇ | | | | | ၉,၀၇၅. ၈၄၇ |
| ၅ | အမျိုးသားလွှတ်တော် | အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၆,၀၀၀. ၀၆၄ | ၄၀. ၀၀၀ | | | ၁၁၅. ၉၉၀ | | | | | ၆,၁၅၆. ၀၅၄ |
| ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ပေးသူ | ၂၂,၉၁၅. ၄၇၇ | ၄၀. ၀၀၀ | | | ၁၁,၁၄၇. ၄၆၇ | | | | | ၃၄,၁၀၂. ၉၄၄ |
| ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌက တာဝန်ပေးသူ | ၈၅၁. ၈၁၆ | ၄၀. ၀၀၀ | | | ၃၄. ၆၁၁ | | | | | ၉၂၆. ၄၂၇ |
| ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၅၀,၄၁၅. ၃၅၄ | ၄၀. ၀၀၀ | | | ၉,၅၈၂. ၃၂၃ | | | | | ၆၀,၀၃၇. ၆၇၇ |
| ၉ | ပြည်ထောင်စုရှေ့နေချုပ် | ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ပြည်ထောင်စုရှေ့နေချုပ်က တာဝန်ပေးသူ | ၂,၈၄၃. ၈၀၅ | ၄၀. ၀၀၀ | | | ၁,၀၁၈. ၇၅၁ | | | | | ၃,၉၀၂. ၅၅၆ |
| ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၃,၈၀၄. ၇၆၅ | ၄၀. ၀၀၀ | ၁၈. ၀၈၄ | | ၃၀၃. ၂၁၄ | | | | | ၄,၁၆၆. ၀၆၃ |
| ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက တာဝန်ပေးသူ | ၈,၁၄၈. ၂၈၇ | ၈၀. ၀၀၀ | | ၁. ၄၀၀ | ၁,၅၇၆. ၄၆၄ | | | | | ၉,၈၀၆. ၁၅၁ |
| | **ပေါင်း** | | **၁၁၆,၁၃၂. ၁၂၈** | **၅၀၀. ၀၀၀** | **၃၆. ၃၂၃** | **၁. ၄၀၀** | **၃၂,၆၂၀. ၆၀၄** | | | | | **၁၄၉,၂၉၀. ၄၅၅** |

## ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား (၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| **၁** | **ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများသုံးစွဲမှုအပေါ်ကောက်ခံသည့်အခွန်အကောက်** | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | **၄,၀၈၇,၁၄၃. ၃၅၃** | | | | | | | | | | | **၄,၀၈၇,၁၄၃. ၃၅၃** |
| ၁ | ယစ်မျိုးခွန် | | ၁,၁၃၀. ၀၃၃ | | | | | | | | | | | ၁,၁၃၀. ၀၃၃ |
| ၂ | ကုန်သွယ်လုပ်ငန်းခွန် | | ၂,၂၂၇,၉၆၄. ၃၉၆ | | | | | | | | | | | ၂,၂၂၇,၉၆၄. ၃၉၆ |
| ၃ | သွင်းကုန်အတွက်လိုင်စင်ကြေး၊ ပါမစ်ကြေးများ | | ၆,၀၀၀. ၀၀၀ | | | | | | | | | | | ၆,၀၀၀. ၀၀၀ |
| ၄ | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု | | ၁၆၅,၀၀၀. ၀၀၀ | | | | | | | | | | | ၁၆၅,၀၀၀. ၀၀၀ |
| ၅ | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာအခငွေများ | | ၁၅၂,၂၀၀. ၀၀၀ | | | | | | | | | | | ၁၅၂,၂၀၀. ၀၀၀ |
| ၆ | ရုံးခွန်နှင့်တံဆိပ်ခေါင်းခွန် | | ၈၅,၄၀၇. ၉၇၂ | | | | | | | | | | | ၈၅,၄၀၇. ၉၇၂ |
| ၇ | ခရီးလှည့်လည်ရေးလိုင်စင်/ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင်/ခရီးသွားလာသူများပို့ဆောင်ရေးလိုင်စင်/ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက်လိုင်စင်ကြေး | | ၈၉၉. ၅၄၀ | | | | | | | | | | | ၈၉၉. ၅၄၀ |
| ၈ | အထူးကုန်စည်ခွန် | | ၁,၃၄၈,၅၄၁. ၄၁၂ | | | | | | | | | | | ၁,၃၄၈,၅၄၁. ၄၁၂ |
| ၉ | ရတနာခွန် | | ၁၀၀,၀၀၀. ၀၀၀ | | | | | | | | | | | ၁၀၀,၀၀၀. ၀၀၀ |
| **၂** | **ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ်ကောက်ခံသည့်အခွန်အကောက်** | ၎င်း | **၂,၄၇၃,၆၈၅. ၀၂၉** | | | | | | | | | | | **၂,၄၇၃,၆၈၅. ၀၂၉** |
| ၁ | ဝင်ငွေခွန် | | ၂,၄၇၃,၆၈၅. ၀၂၉ | | | | | | | | | | | ၂,၄၇၃,၆၈၅. ၀၂၉ |
| **၃** | **အကောက်ခွန်** | ၎င်း | **၅၂၀,၀၀၀. ၀၀၀** | | | | | | | | | | | **၅၂၀,၀၀၀. ၀၀၀** |
| ၁ | အကောက်ခွန် | | ၅၂၀,၀၀၀. ၀၀၀ | | | | | | | | | | | ၅၂၀,၀၀၀. ၀၀၀ |
| **၄** | **နိုင်ငံပိုင်သယံဇာတများထုတ်ယူသုံးစွဲမှုအပေါ်ကောက်ခံသည့်အခွန်အကောက်** | ၎င်း | **၈၈၈,၄၉၁. ၉၇၉** | | | | | | | | | | | **၈၈၈,၄၉၁. ၉၇၉** |
| ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၁၇. ၅၃၉ | | | | | | | | | | | ၁၇. ၅၃၉ |
| ၂ | ရေခွန် | | | | | | | | | | | | | |
| ၃ | တာတမံခွန် | | ၁. ၂၆၀ | | | | | | | | | | | ၁. ၂၆၀ |
| ၄ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်သစ်တောခွန် | | ၅,၈၀၂. ၆၃၃ | | | | | | | | | | | ၅,၈၀၂. ၆၃၃ |

## ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား (၃)။ ။ အဆက်
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| | ၅ ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်းတွင်းထွက်နှင့်အလှဆင်ကျောက်များမပါ) | | ၆၃. ၄၄၄ | | | | | | | | | | | ၆၃. ၄၄၄ |
| | ၆ ငါးလုပ်ငန်းဆိုင်ရာအခွန်အခ | | ၃,၀၀၀. ၀၀၀ | | | | | | | | | | | ၃,၀၀၀. ၀၀၀ |
| | ၇ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန် | | ၄၅၇,၇၅၅. ၃၂၈ | | | | | | | | | | | ၄၅၇,၇၅၅. ၃၂၈ |
| | ၈ ဓာတ်သတ္တုခွန်နှင့်တွင်းဝခွန် | | ၃၀,၃၈၆. ၈၇၄ | | | | | | | | | | | ၃၀,၃၈၆. ၈၇၄ |
| | ၉ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့်ကောက်ခံသည့်အခွန်အခ | | ၃၇၈,၅၉၅. ၂၀၀ | | | | | | | | | | | ၃၇၈,၅၉၅. ၂၀၀ |
| | ၁၀ ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက်အခမဲ့ရရှိသည့်ဓာတ်အားခ | | ၁၂,၁၉၇. ၀၀၀ | | | | | | | | | | | ၁၂,၁၉၇. ၀၀၀ |
| | ၁၁ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှကောက်ခံရရှိသည့်အခွန် | | ၆၇၂. ၇၀၁ | | | | | | | | | | | ၆၇၂. ၇၀၁ |
| ၅ | ပြည်ထောင်စု၏စီးပွားရေးအဖွဲ့အစည်းများမှရငွေ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | ၈၆၆,၃၆၄. ၆၂၁ | | | | | | | | | | ၈၆၆,၃၆၄. ၆၂၁ |
| ၆ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | ၎င်း | | ၂၂,၁၉၉. ၀၅၃ | | | | | | | | | | ၂၂,၁၉၉. ၀၅၃ |
| ၇ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၎င်း | | ၄၄၂,၄၈၅. ၁၉၆ | | | | | | | | | | ၄၄၂,၄၈၅. ၁၉၆ |
| ၈ | နိုင်ငံခြားရေး | ၎င်း | | | ၁,၉၆၈. ၆၀၀ | | | | ၂၇၀. ၇၁၈ | | | | | ၂,၂၃၉. ၃၁၈ |
| ၉ | သမ္မတရုံး | ၎င်း | | | | | | | | | | | | |
| ၁၀ | ပြည်ထဲရေး | ၎င်း | | | ၃၆,၀၄၇. ၅၅၅ | | | | ၃၄၄. ၅၅၄ | | | | | ၃၆,၃၉၂. ၁၀၉ |
| ၁၁ | ကာကွယ်ရေး | ၎င်း | | | ၄၇,၀၀၀. ၉၀၀ | | | | | | | | | ၄၇,၀၀၀. ၉၀၀ |
| ၁၂ | နယ်စပ်ရေးရာ | ၎င်း | | | ၂၈၀. ၈၀၃ | | | | ၄,၅၇၅. ၀၀၀ | | | | | ၄,၈၅၅. ၈၀၃ |
| ၁၃ | နိုင်ငံတော်အတိုင်ပင်ခံရုံး | ၎င်း | | | | | | | | | | | | |

## ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား (၃)။ ။ အဆုံး
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁၄ | ပြန်ကြားရေး | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၄၃,၀၉၉. ၆၂၄ | | | | ၂,၆၆၆. ၁၀၈ | | | | | ၄၅,၇၆၅. ၇၃၂ |
| ၁၅ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၎င်း | | | ၂,၇၁၀. ၄၉၄ | | | | | | | | | ၂,၇၁၀. ၄၉၄ |
| ၁၆ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၎င်း | | | ၉,၈၇၃. ၈၃၆ | | | | ၃၉,၄၅၇. ၈၅၀ | | | | | ၄၉,၃၃၀. ၆၈၆ |
| ၁၇ | စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်း | ၎င်း | | | ၅၅,၉၈၄. ၈၈၀ | ၁၈,၂၃၂. ၉၆၁ | | | ၇၈,၄၉၅. ၂၂၀ | ၉၇,၆၁၀. ၇၂၄ | ၃၄၇,၄၀၃. ၅၅၆ | | | ၅၉၇,၇၄၇. ၃၄၁ |
| ၁၈ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၎င်း | | | ၁၆၁,၈၉၂. ၁၄၉ | | | | ၆၃,၆၂၅. ၁၆၁ | | ၆၇,၂၃၂. ၆၇၅ | | | ၂၉၂,၇၄၉. ၉၈၅ |
| ၁၉ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၎င်း | | | ၆,၅၇၅. ၆၈၁ | | | | ၁၂,၀၄၄. ၈၃၄ | | | ၃၀. ၀၀၀ | | ၁၈,၆၅၀. ၅၁၅ |
| ၂၀ | လျှပ်စစ်နှင့်စွမ်းအင် | ၎င်း | | | ၈၄၂. ၃၈၈ | ၂,၄၀၉. ၅၄၅ | | | | ၁၄,၉၁၆. ၃၀၀ | ၂၅၈,၆၃၉. ၁၁၈ | ၉,၅၄၆. ၆၆၈ | | ၂၈၆,၁၅၄. ၂၆၉ |
| ၂၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၎င်း | | | ၇၄,၁၀၆. ၆၁၀ | | | | | | | | | ၇၄,၁၀၆. ၆၁၀ |
| ၂၂ | စက်မှု | ၎င်း | | | ၁,၅၆၃. ၇၄၆ | | | | ၉,၀၂၁. ၅၆၉ | | ၉၁၅. ၀၀၀ | | | ၁၁,၅၀၀. ၃၁၅ |
| ၂၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၎င်း | | | ၁၄,၂၄၁. ၇၈၉ | | | | ၆,၃၅၁. ၀၃၈ | | ၁,၁၅၄. ၀၀၄ | ၂၅၄. ၆၈၂ | | ၂၂,၀၀၀. ၅၁၃ |
| ၂၄ | ပညာရေး | ၎င်း | | | ၂၉,၉၁၅. ၈၀၃ | | ၇၅,၈၈၀. ၈၀၂ | ၁၁၃. ၀၀၀ | ၆၀,၂၅၈. ၂၇၀ | | ၄၈,၂၀၂. ၈၄၅ | | | ၂၁၄,၅၇၀. ၇၂၀ |
| ၂၅ | ကျန်းမာရေးနှင့်အားကစား | ၎င်း | | | ၁၇,၆၄၄. ၉၁၄ | | | ၁. ၈၀၀ | ၁၃၆,၅၁၆. ၄၂၇ | | ၁၇,၄၇၁. ၄၂၄ | | | ၁၇၁,၆၃၄. ၅၆၅ |
| ၂၆ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၎င်း | | | ၆၆,၈၉၉. ၄၄၇ | ၆၈,၂၃၂. ၄၀၈ | | ၂၅၁. ၀၀၀ | ၇၁,၇၁၁. ၁၇၁ | ၂၄၃,၅၈၆. ၆၂၇ | ၉၅,၆၅၀. ၉၃၂ | | | ၅၄၆,၃၃၁. ၅၈၅ |
| ၂၇ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး | ၎င်း | | | ၅,၀၀၀. ၁၀၀ | | | | | | | | | ၅,၀၀၀. ၁၀၀ |
| ၂၈ | ဆောက်လုပ်ရေး | ၎င်း | | | ၇၁,၉၁၅. ၇၅၉ | | | ၁၀၀. ၀၀၀ | ၇၄,၇၇၁. ၀၂၈ | | ၄၅၇,၂၈၇. ၇၇၂ | ၁,၈၅၆. ၂၅၀ | | ၆၀၅,၉၃၀. ၈၀၉ |
| ၂၉ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | ၎င်း | | | ၈၁. ၉၁၀ | | | | ၁,၆၀၁. ၄၀၅ | | | | | ၁,၆၈၃. ၃၁၅ |
| ၃၀ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၎င်း | | | ၂၂,၃၅၂. ၀၃၈ | | | | ၆,၆၉၀. ၅၁၉ | | | | | ၂၉,၀၄၂. ၅၅၇ |
| ၃၁ | တိုင်းရင်းသားလူမျိုးများရေးရာ | ၎င်း | | | ၄၆၉. ၀၆၃ | | | | | | | | | ၄၆၉. ၀၆၃ |
| ၃၂ | အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး | ၎င်း | | | | | | | | | | | | |
| ၃၃ | ပင်စင်လစာငွေများနှင့်ဆုငွေများ | ၎င်း | | | ၃၇၀. ၀၀၀ | | | | | | | | | ၃၇၀. ၀၀၀ |
| ၃၄ | ဆုငွေများနှင့်တစ်လုံးတည်းပင်စင်ငွေများ | ၎င်း | | | | | | | | | | | | |
| | **ပေါင်း** | | **၇,၉၆၉,၃၂၀. ၃၆၁** | **၁,၃၃၁,၀၄၈. ၈၇၀** | **၆၇၀,၈၃၈. ၀၈၉** | **၈၈,၈၇၄. ၉၁၄** | **၇၅,၈၈၀. ၈၀၂** | **၆၆၅. ၈၀၀** | **၅၆၈,၄၀၀. ၈၇၂** | **၃၅၆,၁၃၃. ၆၈၁** | **၁,၂၉၃,၉၅၇. ၅၄၆** | **၁၁,၆၈၇. ၆၀၀** | | **၁၂,၃၆၆,၀၀၈. ၅၃၅** |

## ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား (၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အရေးပေါ်ရန်ပုံငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | နိုင်ငံခြားရေး | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၅၄,၇၉၆. ၈၀၀ | ၆၀၀. ၀၀၀ | | ၄,၇၂၅. ၀၀၀ | ၄,၁၁၄. ၉၀၅ | | | | | ၆၄,၂၃၆. ၇၀၅ |
| ၂ | သမ္မတရုံး | ၎င်း | | | | | | | | | | |
| ၃ | ပြည်ထဲရေး | ၎င်း | ၃၉၉,၅၂၄. ၂၆၇ | ၅,၀၀၀. ၀၀၀ | ၂,၆၆၈. ၉၇၅ | ၈၈. ၇၉၅ | ၁၃၂,၀၈၅. ၅၉၃ | | | | | ၅၃၉,၃၆၇. ၆၃၀ |
| ၄ | ကာကွယ်ရေး | ၎င်း | ၁,၉၂၈,၂၂၁. ၅၉၁ | ၄,၀၀၀. ၀၀၀ | ၅,၃၁၆. ၁၇၉ | | ၁,၄၃၃,၂၄၀. ၅၂၃ | | ၁၅,၀၄၃. ၀၁၁ | | | ၃,၃၈၅,၈၂၁. ၃၀၄ |
| ၅ | နယ်စပ်ရေးရာ | ၎င်း | ၂၂,၀၃၇. ၂၈၈ | ၁,၀၀၀. ၀၀၀ | | ၁၁,၁၇၅. ၀၀၀ | ၈၂,၀၈၀. ၀၈၄ | | | | | ၁၁၆,၂၉၂. ၃၇၂ |
| ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး | ၎င်း | ၁,၅၃၁. ၂၆၁ | ၅၀၀. ၀၀၀ | | | ၇၇. ၈၃၉ | | | | | ၂,၁၀၉. ၁၀၀ |
| ၇ | ပြန်ကြားရေး | ၎င်း | ၆၁,၈၃၂. ၂၅၄ | ၁၀၀. ၀၀၀ | ၁၉. ၀၃၇ | ၂၂၆. ၆၇၂ | ၈,၉၅၅. ၀၀၅ | | ၃၂၅. ၉၃၁ | | | ၇၁,၄၅၈. ၈၉၉ |
| ၈ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၎င်း | ၆,၇၉၈. ၅၁၀ | ၅၀၀. ၀၀၀ | | | ၁,၀၅၁. ၂၀၉ | | | | | ၈,၃၄၉. ၇၁၉ |
| ၉ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၎င်း | ၂၀,၉၁၀. ၉၁၆ | ၁၀၀. ၀၀၀ | | ၇,၁၇၈. ၇၆၈ | ၅၀,၂၁၂. ၈၇၀ | | | | | ၇၈,၄၀၂. ၅၅၄ |
| ၁၀ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း | ၎င်း | ၂၈၁,၂၉၄. ၉၉၃ | ၅,၀၀၀. ၀၀၀ | ၂၄,၂၉၉. ၅၄၇ | ၈၂,၇၉၄. ၄၈၀ | ၅၃၃,၂၀၃. ၃၆၉ | | ၁၀၆,၉၃၇. ၁၅၀ | | | ၁,၀၃၃,၅၂၉. ၅၃၉ |
| ၁၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၎င်း | ၆၅,၈၃၂. ၅၆၀ | ၅,၀၀၀. ၀၀၀ | ၁၅,၉၀၉. ၀၆၄ | ၇၆၄. ၅၅၀ | ၂၆၉,၅၂၄. ၆၉၀ | | ၆၆,၃၆၁. ၅၃၅ | | | ၄၂၃,၃၉၂. ၃၉၉ |
| ၁၂ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၎င်း | ၃၇,၁၇၅. ၉၆၈ | ၁၀၀. ၀၀၀ | | ၄၇၆. ၀၇၈ | ၃၀,၅၄၉. ၄၇၁ | | | | | ၆၈,၃၀၁. ၅၁၇ |
| ၁၃ | လျှပ်စစ်နှင့်စွမ်းအင် | ၎င်း | ၃၃,၈၇၄. ၅၁၇ | ၅,၀၀၀. ၀၀၀ | ၁၁,၃၀၄. ၉၄၇ | ၇. ၆၂၅ | ၇၆၈,၉၃၆. ၆၉၇ | | ၅၇,၇၂၃. ၉၀၄ | | | ၈၇၆,၈၄၇. ၆၉၀ |
| ၁၄ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၎င်း | ၃၇,၃၁၈. ၂၃၄ | ၁၀၀. ၀၀၀ | | ၇၂. ၄၈၁ | ၄,၅၀၅. ၅၈၂ | | | | | ၄၁,၉၉၆. ၂၉၇ |
| ၁၅ | စက်မှု | ၎င်း | ၉,၅၀၀. ၁၁၈ | ၁၀၀. ၀၀၀ | | | ၁၅,၉၁၈. ၉၂၄ | | | | | ၂၅,၅၁၉. ၀၄၂ |
| ၁၆ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၎င်း | ၁၄,၇၅၈. ၅၁၆ | ၁၀၀. ၀၀၀ | ၄. ၀၀၈ | ၁၈၄. ၃၈၂ | ၇,၉၂၆. ၉၆၇ | | | ၅၀. ၀၀၀ | | ၂၃,၀၂၃. ၈၇၃ |
| ၁၇ | ပညာရေး | ၎င်း | ၁,၉၂၂,၄၀၀. ၇၉၅ | ၅၀၀. ၀၀၀ | ၉၁၅. ၁၆၂ | ၇,၂၁၇. ၁၆၂ | ၇၅၄,၉၃၄. ၀၂၂ | | | | | ၂,၆၈၅,၉၆၇. ၁၄၁ |
| ၁၈ | ကျန်းမာရေးနှင့်အားကစား | ၎င်း | ၇၀၂,၆၆၉. ၄၆၁ | ၃၀၀. ၀၀၀ | ၈၇၆. ၄၆၂ | ၃,၈၆၈. ၆၉၆ | ၄၆၄,၃၇၄. ၂၅၄ | | | | | ၁,၁၇၂,၀၈၈. ၈၇၃ |
| ၁၉ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၎င်း | ၄၁၀,၁၄၆. ၅၃၉ | ၅၀,၀၀၀. ၀၀၀ | ၂,၃၆၄,၀၀၆. ၂၇၀ | ၁၀၄,၉၅၆. ၂၆၆ | ၄၅,၉၄၆. ၁၉၅ | ၆၄,၉၂၅. ၁၃၀ | ၃၀၃,၃၁၇. ၅၅၅ | ၅၈,၉၇၂. ၇၁၂ | | ၃,၄၀၂,၂၇၀. ၆၆၇ |
| ၂၀ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး | ၎င်း | ၃,၅၈၁. ၂၂၁ | ၁၀၀. ၀၀၀ | | ၁၂၅. ၇၀၃ | ၂,၅၃၉. ၃၆၄ | | | | | ၆,၃၄၆. ၂၈၈ |
| ၂၁ | ဆောက်လုပ်ရေး | ၎င်း | ၁၁၇,၄၀၂. ၀၂၃ | ၅,၀၀၀. ၀၀၀ | ၈၃၅. ၈၆၉ | ၂၀. ၃၉၅ | ၉၄၁,၇၈၀. ၄၈၈ | | | | | ၁,၀၆၅,၀၃၈. ၇၇၅ |
| ၂၂ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | ၎င်း | ၁၀၀,၇၄၀. ၇၅၄ | ၂,၂၀၀. ၀၀၀ | | ၇,၇၁၄. ၆၀၉ | ၁၀,၂၃၅. ၅၄၀ | | | | | ၁၂၀,၈၉၀. ၉၀၃ |
| ၂၃ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၎င်း | ၁၁,၅၀၁. ၃၂၇ | ၁၀၀. ၀၀၀ | | ၅၉၂. ၂၀၅ | ၂၉၇. ၃၀၂ | | | | | ၁၂,၄၉၀. ၈၄၄ |
| ၂၄ | တိုင်းရင်းသားလူမျိုးများရေးရာ | ၎င်း | ၂,၅၆၅. ၄၇၉ | ၁၀၀. ၀၀၀ | | ၂၀၀. ၀၀၀ | ၁,၄၅၅. ၇၂၂ | | | | | ၄,၃၂၀. ၂၀၁ |
| ၂၅ | အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး | ၎င်း | | | | | | | | | | |
| ၂၆ | ပင်စင်လစာငွေများနှင့်ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်ငွေများ | ၎င်း | ၇၁၇,၀၀၀. ၀၀၀ | | | | | | | | | ၇၁၇,၀၀၀. ၀၀၀ |
| ၂၇ | ဆုငွေများနှင့်တစ်လုံးတည်းပင်စင်ငွေများ | ၎င်း | ၁၂၀,၀၀၀. ၀၀၀ | | | | | | | | | ၁၂၀,၀၀၀. ၀၀၀ |

## ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား (၄)။ ။ အသုံး
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အရေးပေါ် ရန်ပုံငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်း များတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၂၈ | ကချင်ပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ ချေးငွေ/အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | ၁,၀၀၀. ၀၀၀ | | ၁၇၄,၉၄၁. ၄၈၆ | | | | | | ၁၇၅,၉၄၁. ၄၈၆ |
| ၂၉ | ကယားပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ ချေးငွေ/အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၁,၀၀၀. ၀၀၀ | | ၆၅,၀၁၉. ၈၅၂ | | | | | | ၆၆,၀၁၉. ၈၅၂ |
| ၃၀ | ကရင်ပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ ချေးငွေ/အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၁,၀၀၀. ၀၀၀ | | ၉၆,၅၃၅. ၅၃၆ | | | | | | ၉၇,၅၃၅. ၅၃၆ |
| ၃၁ | ချင်းပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ ချေးငွေ/အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၁,၀၀၀. ၀၀၀ | | ၁၅၅,၇၆၆. ၅၂၁ | | | | | | ၁၅၆,၇၆၆. ၅၂၁ |
| ၃၂ | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ/အရေးပေါ်ရန်ပုံငွေ အတွက် ခွင့်ပြုငွေ | ၎င်း | | ၁,၀၀၀. ၀၀၀ | | ၂၀၉,၉၁၄. ၁၉၈ | | | | | | ၂၁၀,၉၁၄. ၁၉၈ |
| ၃၃ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ/အရေးပေါ်ရန်ပုံငွေ အတွက် ခွင့်ပြုငွေ | ၎င်း | | ၁,၀၀၀. ၀၀၀ | | ၁၅၉,၅၇၅. ၆၄၇ | | | | | | ၁၆၀,၅၇၅. ၆၄၇ |
| ၃၄ | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ/အရေးပေါ်ရန်ပုံငွေ အတွက် ခွင့်ပြုငွေ | ၎င်း | | ၁,၀၀၀. ၀၀၀ | | ၁၄၈,၅၃၁. ၆၆၃ | | | | | | ၁၄၉,၅၃၁. ၆၆၃ |
| ၃၅ | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ/အရေးပေါ်ရန်ပုံငွေ အတွက် ခွင့်ပြုငွေ | ၎င်း | | ၁,၀၀၀. ၀၀၀ | | ၁၇၇,၅၅၂. ၉၄၉ | | | | | | ၁၇၈,၅၅၂. ၉၄၉ |
| ၃၆ | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ/အရေးပေါ်ရန်ပုံငွေ အတွက် ခွင့်ပြုငွေ | ၎င်း | | ၁,၀၀၀. ၀၀၀ | | ၁၃၇,၀၇၇. ၇၈၉ | | | | | | ၁၃၈,၀၇၇. ၇၈၉ |
| ၃၇ | မွန်ပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ ချေးငွေ/အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၁,၀၀၀. ၀၀၀ | | ၉၉,၆၅၇. ၈၄၉ | | | | | | ၁၀၀,၆၅၇. ၈၄၉ |
| ၃၈ | ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ ချေးငွေ/အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၁,၀၀၀. ၀၀၀ | | ၁၆၉,၇၂၇. ၈၇၆ | | | | | | ၁၇၀,၇၂၇. ၈၇၆ |
| ၃၉ | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ/အရေးပေါ်ရန်ပုံငွေ အတွက် ခွင့်ပြုငွေ | ၎င်း | | ၁,၀၀၀. ၀၀၀ | | ၁၂၆,၄၃၂. ၀၆၂ | | | | | | ၁၂၇,၄၃၂. ၀၆၂ |
| ၄၀ | ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ ချေးငွေ/အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၁,၀၀၀. ၀၀၀ | | ၂၅၀,၆၈၉. ၇၅၇ | | | | | | ၂၅၁,၆၈၉. ၇၅၇ |
| ၄၁ | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ/အရေးပေါ်ရန်ပုံငွေ အတွက် ခွင့်ပြုငွေ | ၎င်း | | ၁,၀၀၀. ၀၀၀ | | ၁၄၂,၉၆၂. ၇၇၇ | | | | | | ၁၄၃,၉၆၂. ၇၇၇ |
| ၄၂ | ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေး ရန်ပုံငွေအတွက် တိုင်းဒေသကြီး/ပြည်နယ် များသို့ ထောက်ပံ့ငွေ | ၎င်း | | | | ၃၁,၇၀၀. ၀၀၀ | | | | | | ၃၁,၇၀၀. ၀၀၀ |
| | **ပေါင်း** | | **၇,၀၈၃,၄၁၅. ၃၉၂** | **၉၉,၅၀၀. ၀၀၀** | **၂,၄၂၆,၁၅၅. ၅၂၀** | **၂,၃၇၈,၄၇၄. ၈၂၉** | **၅,၆၀၃,၉၄၆. ၆၂၅** | **၆၄,၉၂၅. ၁၃၀** | **၅၄၉,၇၀၉. ၀၈၆** | **၅၉,၀၂၂. ၇၁၂** | | **၁၈,၂၆၅,၁၄၉. ၂၉၄** |

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား (၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနလက်အောက်ရှိ လူမှုဖူလုံရေးအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၁၂၅,၀၀၀. ၀၀၀ | | | | | | | | | ၁၂၅,၀၀၀. ၀၀၀ |
| | **ပေါင်း** | | | | **၁၂၅,၀၀၀. ၀၀၀** | | | | | | | | | **၁၂၅,၀၀၀. ၀၀၀** |

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား (၆)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနလက်အောက်ရှိ လူမှုဖူလုံရေးအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၃၄,၈၈၅. ၄၄၂ | | | ၇,၀၈၅. ၂၃၃ | | | | | ၄၁,၉၇၀. ၆၇၅ |
| | **ပေါင်း** | | **၃၄,၈၈၅. ၄၄၂** | | | **၇,၀၈၅. ၂၃၃** | | | | | **၄၁,၉၇၀. ၆၇၅** |

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၇)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၂၀,၂၄၆. ၀၀၀ | | | | | | | | | ၂၀,၂၄၆. ၀၀၀ |
| ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၃၁၇,၆၇၂. ၈၇၇ | | | | ၂၂,၇၆၀. ၈၉၇ | | ၆၅၆,၁၈၀. ၄၃၇ | | | ၉၉၆,၆၁၅. ၂၁၁ |
| ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၄၉၆,၉၁၁. ၁၅၆ | | | | | | | | | ၄၉၆,၉၁၁. ၁၅၆ |
| ၄ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၆,၃၇၂,၃၇၈. ၂၀၁ | | | | ၂၀,၉၄၂. ၂၉၉ | | ၂၈၉,၉၁၃. ၄၀၁ | ၅,၂၈၈. ၇၀၀ | | ၆,၆၈၉,၅၂၂. ၆၀၁ |
| ၅ | စက်မှုဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | ၉၆,၈၅၇. ၇၇၈ | | | | | | | | | ၉၆,၈၅၇. ၇၇၈ |
| ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | ၎င်း | | | ၇၇၀,၆၀၈. ၁၄၈ | | | | ၄,၂၆၀. ၄၁၆ | | ၁၅၁,၇၈၅. ၆၁၅ | ၂၀,၀၀၀. ၀၀၀ | | ၉၄၆,၆၅၄. ၁၇၉ |
| | **ပေါင်း** | | | | **၈,၀၇၅,၆၇၄. ၁၆၀** | | | | **၄၈,၉၆၃. ၆၁၂** | | **၁,၀၉၇,၈၈၀. ၄၅၃** | **၂၅,၂၈၈. ၇၀၀** | | **၉,၂၄၇,၈၀၆. ၉၂၅** |

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၈)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၂၀,၃၁၃. ၃၄၁ | | | ၆၅၇. ၈၉၀ | | | | | ၂၀,၉၇၁. ၂၃၁ |
| ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၂၇၉,၅၆၆. ၁၄၈ | | | ၈၃၈,၀၂၆. ၃၉၄ | | ၁၂၈,၅၉၇. ၀၅၈ | | | ၁,၂၄၆,၁၈၉. ၆၀၀ |
| ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၄၄၈,၉၀၅. ၄၆၆ | | | ၂,၉၉၁. ၉၇၁ | | | | | ၄၅၁,၈၉၇. ၄၃၇ |
| ၄ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၆,၃၈၉,၆၄၄. ၉၆၁ | | | ၅၃၁,၃၅၄. ၇၁၂ | | ၂၉၄,၀၆၂. ၂၂၂ | | | ၇,၂၁၅,၀၆၁. ၈၉၅ |
| ၅ | စက်မှုဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၁၅၈,၇၇၉. ၀၈၃ | | | ၇၇,၄၈၆. ၂၂၂ | | ၁၄၈,၂၅၈. ၉၀၂ | | | ၃၈၄,၅၂၄. ၂၀၇ |
| ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | ၎င်း | ၇၃၄,၂၇၂. ၇၉၄ | | | ၂၆,၆၈၁. ၈၀၂ | ၁၃၉,၇၂၂. ၂၄၀ | | | | ၉၀၀,၆၇၆. ၈၃၆ |
| | ပေါင်း | | **၈,၀၃၁,၄၈၁. ၇၉၃** | | | **၁,၄၇၇,၁၉၈. ၉၉၁** | **၁၃၉,၇၂၂. ၂၄၀** | **၅၇၀,၉၁၈. ၁၈၂** | | | **၁၀,၂၁၉,၃၂၁. ၂၀၆** |

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၉)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၂၈၃,၀၈၆. ၃၅၅ | | | | ၃,၀၇၈. ၂၁၃ | | ၅၇,၉၄၂. ၃၇၅ | | | ၃၄၄,၁၀၆. ၉၄၃ |
| ၂ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အား ပေးရေး ကော်ပိုရေးရှင်း | ၎င်း | | | ၁,၄၁၅,၅၉၈. ၄၇၂ | | | | | | ၂၈,၅၂၈. ၉၈၀ | | | ၁,၄၄၄,၁၂၇. ၄၅၂ |
| ၃ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ မန္တလေးလျှပ်စစ်ဓာတ်အား ပေးရေး ကော်ပိုရေးရှင်း | ၎င်း | | | ၆၃၃,၇၀၉. ၀၈၂ | | | | | | ၃၇,၇၈၆. ၄၉၀ | | | ၆၇၁,၄၉၅. ၅၇၂ |
| | **ပေါင်း** | | | | **၂,၃၃၂,၃၉၃. ၉၀၉** | | | | **၃,၀၇၈. ၂၁၃** | | **၁၂၄,၂၅၇. ၈၄၅** | | | **၂,၄၅၉,၇၂၉. ၉၆၇** |

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၁၀)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၂၄၄,၅၄၄. ၆၂၃ | | | ၆၄,၈၃၉. ၆၀၁ | ၂၂,၈၇၅. ၀၀၀ | ၁၃,၀၆၇. ၇၂၅ | | | ၃၄၅,၃၂၆. ၉၄၉ |
| ၂ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အား ပေးရေး ကော်ပိုရေးရှင်း | ၎င်း | ၁,၃၇၂,၂၉၄. ၉၃၁ | | | ၅၃,၃၆၃. ၉၂၈ | | | | | ၁,၄၂၅,၆၅၈. ၈၅၉ |
| ၃ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ မန္တလေးလျှပ်စစ်ဓာတ်အား ပေးရေး ကော်ပိုရေးရှင်း | ၎င်း | ၆၂၀,၁၀၀. ၀၄၄ | | | ၄၆,၆၇၆. ၉၃၉ | | | | | ၆၆၆,၇၇၆. ၉၈၃ |
| | **ပေါင်း** | | **၂,၂၃၆,၉၃၉. ၅၉၈** | | | **၁၆၄,၈၈၀. ၄၆၈** | **၂၂,၈၇၅. ၀၀၀** | **၁၃,၀၆၇. ၇၂၅** | | | **၂,၄၃၇,၇၆၂. ၇၉၁** |

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၁၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၉. ၁၆၇ | | ၁,၅၁၅. ၄၂၇ | | | | | | | | | ၁,၅၂၄. ၅၉၄ |
| | **ပေါင်း** | | **၉. ၁၆၇** | | **၁,၅၁၅. ၄၂၇** | | | | | | | | | **၁,၅၂၄. ၅၉၄** |

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၁၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁,၃၅၉. ၃၂၇ | | | | | | | | ၁,၃၅၉. ၃၂၇ |
| | **ပေါင်း** | | **၁,၃၅၉. ၃၂၇** | | | | | | | | **၁,၃၅၉. ၃၂၇** |

# နေပြည်တော်ကောင်စီ

ဇယား (၁၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၇၇. ၅၂၃ | | ၃၅. ၇၀၀ | | | | | | | | | ၁၁၃. ၂၂၃ |
| | **ပေါင်း** | | **၇၇. ၅၂၃** | | **၃၅. ၇၀၀** | | | | | | | | | **၁၁၃. ၂၂၃** |

# နေပြည်တော်ကောင်စီ

ဇယား (၁၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၆၁၇. ၁၂၄ | | ၈၀၀. ၀၀၀ | ၁၁၂,၂၆၆. ၅၅၄ | | | | | ၁၁၃,၆၈၃. ၆၇၈ |
| | **ပေါင်း** | | **၆၁၇. ၁၂၄** | | **၈၀၀. ၀၀၀** | **၁၁၂,၂၆၆. ၅၅၄** | | | | | **၁၁၃,၆၈၃. ၆၇၈** |

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇယား (၁၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁,၀၉၄. ၆၉၀ | | ၃၁,၂၃၆. ၈၃၈ | | ၁၅,၀၇၂. ၄၂၉ | ၄၆. ၇၅၆ | | | | | | ၄၇,၄၅၀. ၇၁၃ |
| | **ပေါင်း** | | **၁,၀၉၄. ၆၉၀** | | **၃၁,၂၃၆. ၈၃၈** | | **၁၅,၀၇၂. ၄၂၉** | **၄၆. ၇၅၆** | | | | | | **၄၇,၄၅၀. ၇၁၃** |

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇယား (၁၆)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌက တာဝန်ပေးသူ | ၂၂,၆၀၅. ၄၁၆ | | ၁၅,၀၇၂. ၄၂၉ | ၇,၉၇၆. ၉၁၁ | | | | | ၄၅,၆၅၄. ၇၅၆ |
| | ပေါင်း | | ၂၂,၆၀၅. ၄၁၆ | | ၁၅,၀၇၂. ၄၂၉ | ၇,၉၇၆. ၉၁၁ | | | | | ၄၅,၆၅၄. ၇၅၆ |

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဇယား (၁၇)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ: ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၈၈၈,၀၁၆. ၀၀၀ | | | | ၅၁,၂၁၇. ၀၉၆ | | ၁၁,၀၇၁. ၅၀၀ | | | ၉၅၀,၃၀၄. ၅၉၆ |
| | **ပေါင်း** | | | | **၈၈၈,၀၁၆. ၀၀၀** | | | | **၅၁,၂၁၇. ၀၉၆** | | **၁၁,၀၇၁. ၅၀၀** | | | **၉၅၀,၃၀၄. ၅၉၆** |

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဇယား (၁၈)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၅၈၄,၂၈၃.၂၂၆ | | | ၆၀,၄၁၅.၅၉၂ | | | | | ၆၄၄,၆၉၈.၈၁၈ |
| | ပေါင်း | | ၅၈၄,၂၈၃.၂၂၆ | | | ၆၀,၄၁၅.၅၉၂ | | | | | ၆၄၄,၆၉၈.၈၁၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၂/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)

**ကိုယ်စားပြုပါတီပြောင်းလဲသတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၉) ဖြင့် ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီမှ အဖွဲ့ဝင် ဦးလမာနော်အောင်၊ အင်ဂျန်းယန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့် ဦးနိုင်သီဟ၊ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၇) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တို့၏ ယခင်ကိုယ်စားပြုပါတီများဖြစ်သော ကချင်ပြည်နယ်ဒီမိုကရေစီပါတီနှင့် မွန်အမျိုးသားပါတီတို့ကို ဖျက်သိမ်းလိုက်ပြီး ကချင်ပြည်နယ်ပြည်သူ့ပါတီနှင့် မွန်ညီညွတ်ရေးပါတီတို့အဖြစ် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး၏ ကြေညာချက်အမှတ် (၈၆/၂၀၁၉) နှင့် (၁၂၁/၂၀၁၉) တို့ဖြင့် ပြောင်းလဲမှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

၂။ သို့ဖြစ်၍ ဦးလမာနော်အောင်၊ အင်ဂျန်းယန်မဲဆန္ဒနယ်အား ကချင်ပြည်နယ်ပြည်သူ့ပါတီကိုယ်စားပြု အဖြစ်လည်းကောင်း၊ ဦးနိုင်သီဟ၊ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၇) အား မွန်ညီညွတ်ရေးပါတီ ကိုယ်စားပြု အဖြစ်လည်းကောင်း ပြောင်းလဲသတ်မှတ်လိုက်သည်။

(ပုံ) တီခွန်မြတ်
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၃/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

**ပင်လယ်ငါးလုပ်ငန်းဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **ပင်လယ်ငါးလုပ်ငန်း ဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန် ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**ပင်လယ်ငါးလုပ်ငန်းဥပဒေ (မူကြမ်း)**

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

၁၃၈၁ ခုနှစ်၊ လ ရက်

(၂၀၁၉ ခုနှစ်၊ လ ရက်

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ပင်လယ်ငါးလုပ်ငန်းဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အခြေခံမျဉ်း၊ ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ရေတိမ်ပိုင်း**ဆိုသည့် စကားရပ်များသည် မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေတွင် ပြဋ္ဌာန်းထားသည့် အတိုင်းဖြစ်သည်။

(ဂ) **ပင်လယ်ကမ်းနီးရေပြင်**ဆိုသည်မှာ နိုင်ငံတော်ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ဒီရေတက်ရာဘက် ရေပြင်၊ မြစ်ဝများ၊ ချောင်းဝများ၌ အဝ၏တစ်ဖက်ကမ်း အစွန်ဆုံးမှ အခြားတစ်ဖက်ကမ်း အစွန်ဆုံးအထိ ဆွဲထားသည့်မျဉ်းဖြောင့်၏ ဒီရေတက်ရာဘက်ရေပြင်မှ ပိုင်နက်ပင်လယ်အတွင်း ဦးစီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားရှိသည့် ရေပြင်ကို ဆိုသည်။

(ဃ) **ပင်လယ်ကမ်းဝေးရေပြင်**ဆိုသည်မှာ ပင်လယ်ကမ်းနီးရေပြင်နယ်နိမိတ် အပြင်ဘက်မှပိုင်နက် ပင်လယ်၊ ဆက်စပ်ဇုန်နှင့် သီးသန့်စီးပွားရေးဇုန်အပါအဝင် ကမ်းလွန်ရေတိမ်ပိုင်းအထိ ကျယ်ဝန်းသည့်ရေပြင်အတွင်း ဦးစီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားရှိသည့် ရေပြင်ကို ဆိုသည်။

(င) **ပင်လယ်ငါးလုပ်ငန်းရေပြင်**ဆိုသည်မှာ ပင်လယ်ကမ်းနီးရေပြင်၊ ပင်လယ်ကမ်းဝေးရေပြင်နှင့် ယင်းတို့၏ သဲသောင်များကိုဆိုသည်။

(စ) **ငါး**ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်းတစ်ပိုင်းတွင်သော်လည်းကောင်း ရေထဲ၌နေထိုင်ကျက်စားသည့် ရေသတ္တဝါများအားလုံး၊ ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကိုဆိုသည်။ ယင်းစကားရပ်တွင် ရေတွင်ပေါက်ပွားသည့်အပင်များနှင့် ယင်းတို့၏အပင်ပေါက်များ၊ မျိုးစေ့များလည်းပါဝင်သည်။

(ဆ) **ငါးလုပ်ငန်း**ဆိုသည်မှာ ငါးနှင့်ပတ်သက်သောလုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်း၊ သားဖောက်ခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းဝယ်ခြင်းစသည့် လုပ်ငန်းများလည်း ပါဝင်သည်။

(ဇ) **ငါးဖမ်းခြင်း**ဆိုသည်မှာ ပင်လယ်ငါးလုပ်ငန်းရေပြင်တွင် ငါးများအား ဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မူးမေ့စေခြင်း သို့မဟုတ် သေစေခြင်းတို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်းလုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်း၊ ပြင်ဆင်ခြင်းလုပ်ငန်းနှင့် သယ်ယူခြင်းလုပ်ငန်းများ စသည်တို့ပါဝင်သည်။

(ဈ) **ငါးဖမ်းကိရိယာ**ဆိုသည်မှာ ငါးဖမ်းရာတွင်အသုံးပြုသော ပစ္စည်းကိရိယာကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းရာ၌အထောက်အကူပြုသော ပစ္စည်းကိရိယာများလည်းပါဝင်သည်။

(ည) **ငါးဖမ်းကွက်**ဆိုသည်မှာ ပင်လယ်ငါးလုပ်ငန်းရေပြင်တွင် ဦးစီးဌာနက ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ရန် သတ်မှတ်ပေးသည့် ရေပြင်ကိုဆိုသည်။

(ဋ) **ပြုပြင်မွမ်းမံခြင်း**ဆိုသည်မှာ ငါးများကိုတစ်နည်းနည်းဖြင့် ပြင်ဆင်ပြောင်းလဲခြင်း၊ ပြုပြင်မွမ်းမံခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် သန့်ရှင်းစင်ကြယ်စေခြင်း၊ ဖြတ်တောက်ခြင်း၊ ရေခဲရိုက်ခြင်း၊

အေးခဲခြင်း၊ ကျပ်တိုက်ခြင်း၊ အခြောက်ခံခြင်း၊ ဆားနယ်ခြင်း၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငံပြာရည်၊ ငါးချဉ်၊ ပုစွန်ချဉ်၊ ငါးကြေမှုန့်ပြုလုပ်ခြင်း၊ စည်သွတ်ခြင်း၊ ငါးမှစားသုံးကုန်နှင့် အခြားကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းစသည့် လုပ်ငန်းများလည်းပါဝင်သည်။

(ဌ) **ရေထွက်ပစ္စည်း**ဆိုသည်မှာ ငါး၊ ငါးကိုပြုပြင်မွမ်းမံထားသည့်ပစ္စည်းများ၊ ဘေးထွက်နှင့်စွန့်ပစ်ပစ္စည်းများ၊ အခွံများ၊ အရိုးများ၊ အရေခွံများကိုဆိုသည်။ ယင်းစကားရပ်တွင် ပက်ကျိ၊ မျှော့၊ လိပ်နှင့်ဥများ၊ မိကျောင်းနှင့်ဥများ၊ ကဏန်း၊ ရေခူ၊ ငါးကြီးအန်ဖတ်၊ ကမာခွံ၊ ခရုခွံ၊ ပုစွန်ခွံနှင့်ယောက်သွား၊ သန္တာကျောက်ခက်၊ ပင်လယ်ရေမြှုပ်၊ ကျောက်ပွင့်၊ ရေညှိ၊ ရေမြက်နှင့် ရေမှော်စသည့်ပစ္စည်းများလည်း ပါဝင်သည်။

(ဍ) **ငါးဖမ်းရေယာဉ်**ဆိုသည်မှာ ငါးလုပ်ငန်းလုပ်ကိုင်သည့် စက်တပ် သို့မဟုတ် စက်မဲ့ရေယာဉ်များ၊ ငါးဖမ်းရေယာဉ်ကို အထောက်အကူပြုသောရေယာဉ်များနှင့် ငါးသယ်ရေယာဉ်များကို ဆိုသည်။

(ဎ) **ပြည်တွင်းငါးဖမ်းရေယာဉ်**ဆိုသည်မှာ နိုင်ငံသားတစ်ဦးဦးကပိုင်ဆိုင်၍ ပြည်တွင်းတွင် မှတ်ပုံတင်ထားသောရေယာဉ်ကို ဆိုသည်။

(ဏ) **နိုင်ငံခြားငါးဖမ်းရေယာဉ်**ဆိုသည်မှာ နိုင်ငံခြားသားပိုင်ဖြစ်ပြီး နိုင်ငံခြားတိုင်းပြည်တစ်ခုခုတွင် မှတ်ပုံတင်ထားသောရေယာဉ် သို့မဟုတ် နိုင်ငံခြားသားပိုင်ဖြစ်ပြီး ပြည်တွင်းတွင် မှတ်ပုံတင်ထားသော ရေယာဉ်များ သို့မဟုတ် နိုင်ငံခြားသားကငှားရမ်းလုပ်ကိုင်သည့် ပြည်တွင်းငါးဖမ်းရေယာဉ်ကို ဆိုသည်။

(တ) **လိုင်စင်**ဆိုသည်မှာ ဤဥပဒေအရ လိုင်စင်ရယူရန်သတ်မှတ်ထားသော ငါးလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ရန် သက်ဆိုင်ရာဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနကထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။

(ထ) **ခွင့်ပြုမိန့်**ဆိုသည်မှာ သတ်မှတ်ထားသော ငါးလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ရန်ဦးစီးဌာနက ဤဥပဒေအရထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

(ဒ) **ထောက်ခံချက်**ဆိုသည်မှာ သတ်မှတ်ထားသောပစ္စည်းတစ်ခုခုကို ပြည်ပသို့တင်ပို့ခြင်း သို့မဟုတ် ပြည်တွင်းသို့တင်သွင်းခြင်းပြုနိုင်ရန် ဦးစီးဌာနက ဤဥပဒေအရ ထုတ်ပေးသည့်အထောက်အထား လက်မှတ်ကို ဆိုသည်။

(ဓ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(န) **ဦးစီးဌာန**ဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်။

(ပ) **ဦးစီးဌာနမှူး**ဆိုသည်မှာ ဦးစီးဌာန၏ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးတို့ကို ဆိုသည်။

(ဖ) **စစ်ဆေးရေးမှူး**ဆိုသည်မှာ ဦးစီးဌာန၏ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးများကိုလည်းကောင်း၊ ဦးစီးဌာနက စစ်ဆေးရေးမှူးအဖြစ် တာဝန်ပေးအပ်သော ဦးစီးဌာန၏ ဝန်ထမ်းတစ်ဦးဦးကိုလည်းကောင်း၊ ဝန်ကြီးဌာနက စစ်ဆေးရေးမှူးအဖြစ် အခါအားလျော်စွာ တာဝန်ပေးအပ်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုမှ ပုဂ္ဂိုလ်တစ်ဦးဦးကို လည်းကောင်း ဆိုသည်။

(ဗ) **စစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ ငါးဖမ်းရေယာဉ်၊ ယင်းရေယာဉ်ပေါ်ရှိ လိုက်ပါလာသူများနှင့်ပစ္စည်းများကို ဥပဒေနှင့်အညီစစ်ဆေးနိုင်ရန် ဝန်ကြီးဌာနကဖွဲ့စည်းပေးသည့် အဖွဲ့ကိုဆိုသည်။

(ဘ) **နိုင်ငံသား**ဆိုသည်မှာ မြန်မာနိုင်ငံသားကိုဆိုသည်။ ယင်းစကားရပ်တွင် ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူတို့လည်းပါဝင်သည်။

(မ) **နိုင်ငံခြားသား**ဆိုသည်မှာ နိုင်ငံသားမဟုတ်သော သူ သို့မဟုတ် ဧည့်နိုင်ငံသားမဟုတ်သော သူ သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ မဟုတ်သော သူကို ဆိုသည်။

(ယ) **ငါးလုပ်ငန်းရှင်**ဆိုသည်မှာ ငါးလုပ်ငန်းတစ်ရပ်ရပ်ကိုလုပ်ကိုင်ရန် လိုင်စင်ရရှိသူ သို့မဟုတ် ခွင့်ပြုမိန့် ရရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးလုပ်ငန်းရှင်၏လုပ်ငန်းကို ကြီးကြပ်အုပ်ချုပ်သူနှင့် ကိုယ်စားလှယ်တို့လည်း ပါဝင်သည်။

(ရ) **ရေယာဉ်မှူး**ဆိုသည်မှာ ငါးဖမ်းရေယာဉ်ကို အမြဲတမ်းဖြစ်စေ၊ အခိုက်အတန့်ဖြစ်စေ ကြီးကြပ် အုပ်ချုပ်သူ၊ ဦးစီးသူ သို့မဟုတ် ထိန်းသိမ်းသူကို ဆိုသည်။ ယင်းစကားရပ်တွင် ရေကြောင်းပြ မပါဝင်။

(လ) **ရေလုပ်သား**ဆိုသည်မှာ ငါးဖမ်းခြင်းလုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်လုပ်ကိုင်သူကို ဆိုသည်။

(ဝ) **ဒေသခံရေလုပ်သားအစုအဖွဲ့**ဆိုသည်မှာ ပင်လယ်ငါးလုပ်ငန်းရေပြင်ရှိ ဒေသခံရေလုပ်သားများက ငါးဖမ်းခြင်းလုပ်ငန်းကို အစုအဖွဲ့ဖြင့် ပူးပေါင်း၍ လုပ်ကိုင်ရန်နှင့် စီမံခန့်ခွဲရန် ဖွဲ့စည်းထားသော အဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငါးလုပ်ငန်းများ ရေရှည်တည်တံ့စေရန်နှင့် စနစ်တကျပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ငါးသယံဇာတအရင်းအမြစ်များ လျော့နည်းပြုန်းတီးမှုမှ ထိန်းသိမ်းကာကွယ်ရန်နှင့် ငါးသယံဇာတ များ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဂ) ငါးများ၏ဇီဝဂေဟစနစ်များ ပျက်စီးမှုမရှိစေဘဲ ရေရှည်တည်တံ့စေရန်နှင့် ရေထုညစ်ညမ်းမှုမရှိ စေရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် ကာကွယ်ထိန်းသိမ်းရန်၊

(ဃ) ငါးလုပ်ငန်းကို စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ခွင့်ပြုရန်နှင့် တရားမဝင်ငါးလုပ်ငန်းလုပ်ကိုင် ခြင်းကို ကာကွယ်တားဆီး အရေးယူနိုင်ရန်၊

(င) ငါးလုပ်ငန်းဆိုင်ရာ သုတေသနပြုရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊

(စ) ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန်။

## အခန်း (၃)
## ငါးသယံဇာတလျော့နည်းပြုန်းတီးမှုထိန်းသိမ်းကာကွယ်ရေး၊ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေး

၄။ ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် -

(က) ငါးသယံဇာတအရင်းအမြစ်များ ရေရှည်သုံးစွဲနိုင်ရေး၊ မျိုးသုဉ်းမည့်အန္တရာယ်ကျရောက်နေသည့် ငါးမျိုးများ ပေါက်ဖွားပြန့်ပွားနိုင်ရေးနှင့် ငါးမျိုးနေရင်းဒေသများ၊ ငါးများ၏ဇီဝဂေဟစနစ်များ ရေရှည်တည်တံ့စေရန်နှင့် ထိန်းသိမ်းကာကွယ်ရန် ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း အောက်ပါ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး ရေပြင်များတွင် စည်းကမ်းချက်များသတ်မှတ်ခြင်း၊ နယ်နိမိတ်နှင့်အချိန်ကာလတို့ကို သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း ပြုနိုင်သည် -

(၁) အဏ္ဏဝါဥယျာဉ်များ၊

(၂) ငါးဖမ်းခြင်းကိုတားမြစ်သည့် ရေပြင်ဧရိယာများ၊

(၃) ငါးသယံဇာတထိန်းသိမ်းကာကွယ်သည့် ရေပြင်ဧရိယာများ၊

(၄) ငါးများ ခိုအောင်းပြီး မျိုးပွားနိုင်သည့် ဒီရေတောများ၊ ဒေသများ၊ ပင်လယ်ကမ်းခြေများ၊ ပင်လယ်မြက်ခင်းများ၊ သန္တာကျောက်တန်းများ၊ ကျင်းများနှင့်ချိုင့်များ၊

(၅) ငါးများသွားလာသည့် လမ်းကြောင်းများ။

(ခ) ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးရေပြင်များကို လိုအပ်သလိုသတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း ပြုနိုင်သည်။

၅။ ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်-

(က) ငါးလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး၊ ငါးသယံဇာတအရင်းအမြစ်များလျော့နည်းပြုန်းတီးမှုမှ ထိန်းသိမ်းကာကွယ်ရန်နှင့် ငါးများ၏ဇီဝဂေဟစနစ်များ ပျက်စီးမှုမရှိစေဘဲ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့အတွက် မူဝါဒများနှင့် လမ်းညွှန်ချက်များ ချမှတ်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုရမည်။

(ခ) ငါးလုပ်ငန်းများဆောင်ရွက်ရာတွင် ရေထုညစ်ညမ်းမှုမရှိစေရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

၆။ ဦးစီးဌာနသည် သတ်မှတ်ချက်များနှင့်အညီ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) ပင်လယ်ကမ်းနီးရေပြင်နှင့် ပင်လယ်ကမ်းဝေးရေပြင်တို့ကို သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ပေးခြင်း၊

(ခ) ခွင့်ပြုသည့် သို့မဟုတ် တားမြစ်သည့် ငါးလုပ်ငန်းအမျိုးအစား၊ ငါးဖမ်းရာသီ၊ ငါးဖမ်းကွက်နှင့်နေရာဒေသ၊ ငါးဖမ်းနည်းစနစ်၊ ငါးဖမ်းရက်၊ ငါးဖမ်းရေယာဉ်စီးရေနှင့် အရွယ်အစား၊ ငါးဖမ်းကိရိယာအမျိုးအစား၊ အရွယ်အစားနှင့် အရေအတွက်၊ ငါးအမျိုးအစား၊ အရွယ်အစားနှင့် ပမာဏတို့ကို သတ်မှတ်ခြင်း၊ ကန့်သတ်ခြင်း၊

(ဂ) ငါးလုပ်ငန်း၌သုံးစွဲရန် သင့်လျော်သောအစာများ၊ ဖြည့်စွက်အစာပစ္စည်းများ၊ ဆေးဝါးများ၊ ဟော်မုန်းများ၊ ဓာတုပစ္စည်းများသတ်မှတ်ခြင်းနှင့် မသင့်လျော်သည်များကို တားမြစ်ပိတ်ပင်ခြင်း၊

(ဃ) ငါးတင်ငါးချဆိပ်ခံတံတားများ၊ ငါးလေလံဈေးများ၊ ရေထွက်ပစ္စည်းပြုပြင်မွမ်းမံသည့်စက်ရုံ၊ အလုပ်ရုံများ၊ အစာစက်ရုံနှင့် ရေခဲစက်များတွင် ထုတ်လုပ်မှုစနစ်များ၊ ရေထွက်ပစ္စည်းများ၏ စံချိန်စံညွှန်းများ၊ အရည်အသွေးများ၊ စီမံခန့်ခွဲမှုစနစ်များသတ်မှတ်ခြင်း၊ အသိပေးခြင်း၊ ညွှန်ကြားခြင်း၊ လိုက်နာဆောင်ရွက်စေခြင်း၊ စစ်ဆေးခြင်းနှင့် အရေးယူခြင်း၊

(င) ငါးဖမ်းရေယာဉ်များတွင် တပ်ဆင်ရမည့် ဆက်သွယ်ရေး၊ စောင့်ကြည့်ထိန်းချုပ်ရေးနှင့် ငါးဖမ်းနည်းစနစ်များဆိုင်ရာ ကိရိယာများကို သတ်မှတ်ခြင်း၊

(စ) ငါးလုပ်ငန်းဆိုင်ရာစံချိန်စံညွှန်းများ၊ အရည်အသွေးများ၊ စီမံခန့်ခွဲမှုစနစ်များကို အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာသဘောတူညီချက်များနှင့်အညီသတ်မှတ်ခြင်း၊ အသိပေးခြင်း၊ ညွှန်ကြားခြင်းနှင့် ဆောင်ရွက်ချက်များကို စောင့်ကြည့်ခြင်း၊ စစ်ဆေးခြင်းနှင့်ကြီးကြပ်ခြင်း၊

(ဆ) ရေထွက်ပစ္စည်းများကို ပြည်ပသို့တင်ပို့ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်းပြုရာတွင် အရည်အသွေးပြည့်ဝရေး၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးကင်းလုံခြုံရေးတို့အတွက် လိုက်နာရမည့်စည်းကမ်းချက်များသတ်မှတ်ခြင်း၊ အသိပေးခြင်းနှင့်စစ်ဆေးခြင်း၊

(ဇ) ပြည်ပသို့တင်ပို့ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်းအတွက် ခွင့်ပြုသည့်ငါးအမျိုးအစား၊ ပမာဏနှင့် အရွယ်အစားသတ်မှတ်ခြင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးစေပြီး အရည်အသွေးပြည့်ဝ၍ ကျန်းမာရေးနှင့် ညီညွတ်ပြီး ဘေးကင်းလုံခြုံမှုရှိသော ငါးများကိုသာ ခွင့်ပြုခြင်းနှင့် တင်ပို့ခွင့်၊ တင်သွင်းခွင့်မပြုသည့် ငါးအမျိုးအစားများ သတ်မှတ်ခြင်း၊

(ဈ) ငါးလုပ်ငန်းတွင်အသုံးပြုမည့် အစာ၊ ဆေးဝါးနှင့်ပစ္စည်း၊ ဖြည့်စွက်အစာပစ္စည်းများ၊ ကုန်ကြမ်းများ၊ ရေထွက်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းတို့နှင့်စပ်လျဉ်း၍ ဓာတ်ခွဲစမ်းသပ်စစ်ဆေးပြီး သက်သေခံလက်မှတ်ထုတ်ပေးခြင်း။

(ည) ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုလိုအပ်သော ငါးလုပ်ငန်းရှင်များက ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများတွင် ငွေချေးယူခြင်း သို့မဟုတ် ပေါင်နှံခြင်းပြုရာတွင် လိုအပ်သလိုဆောင်ရွက်ပေးခြင်း၊

(ဠ) ဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သော ငါးလုပ်ငန်းဆိုင်ရာအခြားကိစ္စများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

၇။ ဦးစီးဌာနသည် ပင်လယ်ငါးလုပ်ငန်းရေပြင်တွင်ရှိသော ငါးသယံဇာတများကို သိပ္ပံနည်းကျသုတေသနပြုလုပ်ပြီး ရရှိသောသတင်းအချက်အလက်များကိုအခြေခံ၍ ငါးသယံဇာတများထိန်းသိမ်းကာကွယ်ရေး၊ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်စဉ်ဆက်မပြတ်လုပ်ကိုင်နိုင်ရေး၊ ငါးများကိုအလွန်အကျွံဖမ်းဆီးခြင်းမှရှောင်ရှားရေးတို့အတွက် ငါးလုပ်ငန်းစီမံကိန်းများနှင့် စီမံချက်များကို ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ရေးဆွဲချမှတ်ခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ ပြုရမည်။

၈။ ဦးစီးဌာနသည် မိမိ၏တာဝန်များကို ဆောင်ရွက်ရန် လိုအပ်ပါက ဦးစီးဌာန၏ ပြန်တမ်းဝင်အရာရှိအဆင့်အောက်မနိမ့်သော ငါးလုပ်ငန်းအရာရှိတစ်ဦးဦးကိုဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးတစ်ဦးဦးကိုဖြစ်စေ လွှဲအပ်နိုင်သည်။

## အခန်း (၄)
## ငါးဖမ်းကွက်သတ်မှတ်ခြင်း

၉။ ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် -

(က) ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး ပင်လယ်ရေပြင်များမှအပ ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းကွက်များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်သည့်ငါးဖမ်းကွက်များတွင် ဒေသခံရေလုပ်သားအစုအဖွဲ့များ၊ နိုင်ငံသားများ၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်မှတ်ပုံတင်ထားသည့် မြန်မာကုမ္ပဏီနှင့် သမဝါယမအသင်းဥပဒေအရ ဖွဲ့စည်းထားသော သမဝါယမအသင်းများကို လုပ်ကိုင်ခွင့်ပြုရမည်။ ထိုသို့ လုပ်ကိုင်ခွင့်ပြုရာတွင် ပင်လယ်ကမ်းနီးရေပြင်၌ ဒေသခံရေလုပ်သားအစုအဖွဲ့များကို ဦးစားပေးရမည်။

၁၀။ ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ပုဒ်မ ၉ (က) အရ သတ်မှတ်ထားသော ပင်လယ်ကမ်းဝေးရေပြင်ရှိ ငါးဖမ်းကွက်များတွင် နိုင်ငံခြားသားငါးလုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် နိုင်ငံခြားကုမ္ပဏီများ ငါးဖမ်းခြင်းလုပ်ငန်းလုပ်ကိုင်ရန် ငါးဖမ်းကွက်များကို အမိန့်ကြော်ငြာစာထုတ်ပြန်နိုင်သည်။

## အခန်း (၅)
## ငါးလုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်ထားခြင်းနှင့် ခွင့်ပြုခြင်း

၁၁။ (က) ပင်လယ်ကမ်းနီးရေပြင်တွင် ငါးဖမ်းခြင်း သို့မဟုတ် ငါးသယ်ယူပို့ဆောင်ခြင်းလုပ်ငန်းလုပ်ကိုင်လိုသူသည် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံသို့ လျှောက်ထားရမည်။

(ခ) ရေထွက်ပစ္စည်းများကို ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းနှင့် သိုလှောင်ခြင်းလုပ်ငန်းလုပ်ကိုင်လိုသူသည် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးထံသို့ လျှောက်ထားရမည်။

(ဂ) ပင်လယ်ကမ်းဝေးရေပြင်တွင် ငါးဖမ်းခြင်း သို့မဟုတ် ငါးသယ်ယူပို့ဆောင်ခြင်းလုပ်ငန်းလုပ်ကိုင်လိုသော နိုင်ငံသား၊ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်မှတ်ပုံတင်ထားသည့် မြန်မာကုမ္ပဏီနှင့် သမဝါယမအသင်းဥပဒေအရ ဖွဲ့စည်းထားသော သမဝါယမအသင်းသည် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနမှူးထံသို့ လျှောက်ထားရမည်။

၁၂။ အောက်ဖော်ပြပါ ငါးလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသူသည် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည် -

(က) ပုဒ်မ ၁၀ အရ သတ်မှတ်ထားသော ငါးဖမ်းကွက်တွင် နိုင်ငံခြားသား၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် နိုင်ငံခြားကုမ္ပဏီက လုပ်ကိုင်သည့် ငါးဖမ်းခြင်း သို့မဟုတ် ငါးသယ်ယူပို့ဆောင်ခြင်းလုပ်ငန်း၊

(ခ) သတ်မှတ်ထားသည့် ငါးဖမ်းကိရိယာထုတ်လုပ်သည့်လုပ်ငန်း၊

(ဂ) ငါးလုပ်ငန်းတစ်ရပ်ရပ်တွင် အသုံးပြုမည့်အစာ၊ ဆေးဝါးနှင့် ပစ္စည်းများကို ပြည်တွင်းတွင်ထုတ်လုပ်ခြင်း သို့မဟုတ် ရောင်းချခြင်းလုပ်ငန်း၊

(ဃ) ငါးတင်ငါးချ ဆိပ်ခံတံတားလုပ်ငန်း သို့မဟုတ် ငါးလေလံဈေးလုပ်ငန်း၊

(င) ရေထွက်ပစ္စည်း ဓာတ်ခွဲစစ်ဆေးရေးလုပ်ငန်း၊

(စ) ငါးအအေးခန်းလုပ်ငန်း သို့မဟုတ် ရေထွက်ပစ္စည်းအတွက် ရေခဲစက်လုပ်ငန်း၊

(ဆ) လိုင်စင်ရယူရန် ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် ငါးလုပ်ငန်းဆိုင်ရာ အခြားလုပ်ငန်းများ။

၁၃။ အောက်ဖော်ပြပါ ငါးလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသူသည် ခွင့်ပြုမိန့်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည် -

(က) သတ်မှတ်ထားသည့် ငါးဖမ်းကိရိယာများ ရောင်းဝယ်ခြင်း၊ ဖြန့်ဖြူးခြင်း၊

(ခ) ပင်လယ်ကမ်းဝေးငါးဖမ်းရေယာဉ်ကို ပြည်တွင်းတွင် အသစ်တည်ဆောက်ခြင်း၊ အရွယ်အစားပြုပြင်ခြင်း၊ ပြည်တွင်းဆိပ်ကမ်းသင်္ဘောကျင်းတစ်ခုခုတွင် ပြုပြင်ခြင်း၊

(ဂ) ငါးလုပ်ငန်းဆိုင်ရာ သုတေသနပြုလုပ်ခြင်း၊

(ဃ) ပင်လယ်ငါးလုပ်ငန်းရေပြင်တွင် အပျော်တမ်းငါးဖမ်းခြင်းလုပ်ငန်း လုပ်ကိုင်ခြင်း၊

(င) ရေထွက်ပစ္စည်းများကို ပြုပြင်မွမ်းမံခြင်းလုပ်ငန်းလုပ်ကိုင်သည့် စက်ရုံ၊ အလုပ်ရုံ တည်ဆောက်ခြင်း၊

(စ) ငါးလုပ်ငန်းနှင့်သက်ဆိုင်သည့် စက်ရုံတည်ဆောက်ခြင်း၊

(ဆ) ခွင့်ပြုမိန့်ရယူရန် ဝန်ကြီးဌာနက သတ်မှတ်သည့် ငါးလုပ်ငန်းဆိုင်ရာ အခြားလုပ်ငန်းများ။

၁၄။ အောက်ဖော်ပြပါ ပစ္စည်းတစ်ခုခုကို ပြည်ပသို့တင်ပို့ခြင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းခြင်းလုပ်ငန်းကိုလုပ်ကိုင်လိုသူသည် ထောက်ခံချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည် -

(က) ရေထွက်ပစ္စည်း၊

(ခ) ငါးလုပ်ငန်းတစ်ရပ်ရပ်တွင် အသုံးပြုမည့် **ငါးအစာ၊ ဆေးဝါး၊ ကုန်ကြမ်းပစ္စည်းနှင့် ငါးလုပ်ငန်းသုံးပစ္စည်းကိရိယာများ၊**

(ဂ) ပင်လယ်ကမ်းနီး၊ ပင်လယ်ကမ်းဝေး ငါးဖမ်းရေယာဉ်။

၁၅။ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူး၊ ခရိုင်ဦးစီးဌာနမှူးနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနမှူးတို့သည် -

(က) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက သတ်မှတ်ထားသော အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား လုပ်ငန်းလုပ်ကိုင်ခွင့်သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ လိုင်စင်ထုတ်ပေးရမည်။

(ဂ) လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၆။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ) မှ (ဆ) အရလည်းကောင်း၊ ပုဒ်မ ၁၃ နှင့် ၁၄ တို့အရလည်းကောင်း လိုင်စင်၊ ခွင့်ပြုမိန့် သို့မဟုတ် ထောက်ခံချက်ထုတ်ပေးရန် နိုင်ငံသားတစ်ဦးဦး၊ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင် မှတ်ပုံတင်ထားသည့် မြန်မာကုမ္ပဏီနှင့် သမဝါယမအသင်း ဥပဒေအရ ဖွဲ့စည်းထားသော သမဝါယမအသင်း၏ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက သတ်မှတ်ထားသော အခကြေးငွေကိုပေးသွင်းစေပြီး လျှောက်ထားသူအား လုပ်ငန်းလုပ်ကိုင်ခွင့်သက်တမ်းနှင့် စည်းကမ်းချက်များသတ်မှတ်၍ လိုင်စင်၊ ခွင့်ပြုမိန့် သို့မဟုတ် ထောက်ခံချက် ထုတ်ပေးရမည်။

(ဂ) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၇။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၁၂၊ ၁၃ နှင့် ၁၄ တို့အရ လိုင်စင်၊ ခွင့်ပြုမိန့် သို့မဟုတ် ထောက်ခံချက်ထုတ်ပေးရန် နိုင်ငံခြားသား ငါးလုပ်ငန်းရှင်၊ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် နိုင်ငံခြားကုမ္ပဏီများ၏ လျှောက်ထားချက်ကို စိစစ်ပြီး ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ငါးဖမ်းခြင်းလုပ်ငန်းအတွက် လိုင်စင်ထုတ်ပေးရန်ခွင့်ပြုပါက နိုင်ငံခြားသားငါးလုပ်ငန်းရှင်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် နိုင်ငံခြားကုမ္ပဏီများသည် ငါးဖမ်းခြင်းသဘောတူစာချုပ်ချုပ်ဆို၍ သတ်မှတ်ထားသော အခကြေးငွေကိုပေးသွင်းစေပြီး လုပ်ငန်းလုပ်ကိုင်ခွင့်သက်တမ်းနှင့် စည်းကမ်းချက်များသတ်မှတ်၍ လိုင်စင်ထုတ်ပေးရမည်။

(ဂ) ငါးဖမ်းခြင်းလုပ်ငန်းမှအပ ကျန်ငါးလုပ်ငန်းများအတွက် အခကြေးငွေကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပေးသွင်းစေပြီး လျှောက်ထားသူအား လုပ်ငန်းလုပ်ကိုင်ခွင့်သက်တမ်းနှင့် စည်းကမ်းချက်များသတ်မှတ်၍ လိုင်စင်၊ ခွင့်ပြုမိန့် သို့မဟုတ် ထောက်ခံချက် ထုတ်ပေးရမည်။

(ဃ) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## **အခန်း (၆)**
## **ရေလုပ်သားကျွမ်းကျင်မှုသင်တန်းပေးခြင်း၊ ခန့်ထားခြင်းနှင့် ရေလုပ်သားအသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း**

၁၈။ ဦးစီးဌာနသည် -

(က) ပြည်ပပင်လယ်ကူးငါးဖမ်းသင်္ဘောများတွင် အလုပ်လုပ်ကိုင်မည့် ရေလုပ်သားများကို ပင်လယ်ပြင် အသက်အန္တရာယ်ကင်းရှင်းရန်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်က ပြဋ္ဌာန်းထားသည့် ၁၉၉၅ ခုနှစ်၊ ငါးဖမ်းသင်္ဘောသားများအား သင်တန်းပေးရေး၊ ကျွမ်းကျင်မှုလက်မှတ်နှင့် အလှည့်ကျစောင့်ကြပ်စစ်ဆေးရေးတာဝန်ထမ်းဆောင်ရာတွင် စံသတ်မှတ်ခြင်းဆိုင်ရာ ကွန်ဗင်းရှင်း (Standards of Training, Certification and Watchkeeping for Fishing Vessel Personnel, 1995) နှင့်အညီဖြစ်စေရန်လည်းကောင်း လိုအပ်သောကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးပြီး ကျွမ်းကျင်မှုလက်မှတ်များ ထုတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ သင်တန်းများဖွင့်လှစ်ရာတွင် သတ်မှတ်ချက်များနှင့်အညီ နိုင်ငံသား၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်မှတ်ပုံတင်ထားသည့် မြန်မာကုမ္ပဏီနှင့် သမဝါယမအသင်းဥပဒေအရ ဖွဲ့စည်းထားသော သမဝါယမအသင်းကိုသာ ခွင့်ပြုရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ သင်တန်းဖွင့်လှစ်ခွင့်ရရှိသော နိုင်ငံသား၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်မှတ်ပုံတင်ထားသည့် မြန်မာကုမ္ပဏီနှင့် သမဝါယမအသင်းဥပဒေအရ ဖွဲ့စည်းထားသော သမဝါယမအသင်းက လေ့ကျင့်သင်ကြားပေးပြီးသော သင်တန်းသားများကို ကျွမ်းကျင်မှုလက်မှတ်ထုတ်ပေးရာတွင် ထပ်ဆင့် ထောက်ခံချက်ပေးရမည်။

(ဃ) သင်တန်းများကထုတ်ပေးသော ကျွမ်းကျင်မှုလက်မှတ်များကို သက်ဆိုင်ရာပြည်ပနိုင်ငံက အသိအမှတ်ပြုရေးနှင့် ယင်းပြည်ပနိုင်ငံက ငါးဖမ်းခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ထုတ်ပေးသော ကျွမ်းကျင်မှုလက်မှတ်ကို နိုင်ငံတော်က အပြန်အလှန် အသိအမှတ်ပြုရေးတို့အတွက် သက်ဆိုင်ရာ ပြည်ပနိုင်ငံနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(င) ကျွမ်းကျင်မှုသင်တန်းများ လေ့ကျင့်သင်ကြားပေးခြင်းနှင့်စပ်လျဉ်း၍ လိုအပ်ပါက ဦးစီးဌာန၏ဝန်ထမ်းများကိုဖြစ်စေ၊ ရေလုပ်သားများကိုဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ ပြည်ပနိုင်ငံများသို့ လုပ်ငန်းခွင်သင်တန်း စေလွှတ်နိုင်သည်။

၁၉။ (က) ကျွမ်းကျင်မှုသင်တန်းများဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးလိုသည့် နိုင်ငံသား၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်မှတ်ပုံတင်ထားသည့် မြန်မာကုမ္ပဏီနှင့် သမဝါယမအသင်းဥပဒေအရ ဖွဲ့စည်းထားသော သမဝါယမအသင်းသည် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ လိုင်စင်လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ခွင့်ပြုပါက သတ်မှတ်ထားသော လိုင်စင်ခပေးသွင်းစေပြီး လျှောက်ထားသူအား လိုင်စင်သက်တမ်းနှင့် စည်းကမ်းချက်များသတ်မှတ်၍ လိုင်စင်ထုတ်ပေးရမည်။

(ဃ) လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၀။ (က) ငါးဖမ်းလုပ်ငန်း၌ ရေလုပ်သားအဖြစ် လုပ်ကိုင်လိုသူသည် ပြည်တွင်းငါးဖမ်းရေယာဉ်တွင် လုပ်ကိုင်မည်ဆိုပါက သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးထံသို့လည်းကောင်း၊ ပြည်ပနိုင်ငံများရှိ ငါးဖမ်းရေယာဉ်တွင်လုပ်ကိုင်မည်ဆိုပါက ဦးစီးဌာနထံသို့လည်းကောင်း အောက်ပါအချက်များနှင့် ပြည့်စုံပါက သတ်မှတ်ချက်များနှင့်အညီ ရေလုပ်သားမှတ်ပုံတင်လက်မှတ်လျှောက်ထားရမည်-

(၁) နိုင်ငံသားဖြစ်ခြင်း၊

(၂) အသက် ၁၈ နှစ်ပြည့်ပြီး ကျန်းမာကြောင်းဆေးစစ်ချက်လက်မှတ် တင်ပြနိုင်သူဖြစ်ခြင်း၊

(၃) ဦးစီးဌာနတွင် ဖွင့်လှစ်သော ကျွမ်းကျင်မှုသင်တန်းကျောင်းတွင်ဖြစ်စေ၊ ဦးစီးဌာနက ထုတ်ပေးသည့် လိုင်စင်ရရှိသောကျွမ်းကျင်မှုသင်တန်းကျောင်းတွင်ဖြစ်စေ သင်တန်းတက်ရောက်ပြီး သက်ဆိုင်ရာ ကျွမ်းကျင်မှုလက်မှတ်ရရှိသူဖြစ်ခြင်း။

(ခ) သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး သတ်မှတ်ချက်များနှင့်ညီညွတ်ပါက လျှောက်ထားသူအား ရေလုပ်သားမှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

၂၁။ နိုင်ငံခြားငါးဖမ်းရေယာဉ်ဖြင့် ငါးဖမ်းသည့်ရေယာဉ်ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းရှင်သည် -

(က) နိုင်ငံခြားသားရေလုပ်သားများ၏စာရင်းကို ဦးစီးဌာနသို့ကြိုတင်၍တင်ပြပြီး သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုမိန့်ရယူရမည်။

( ခ ) နိုင်ငံသားရေလုပ်သား အနည်းဆုံး ၂၅ ရာခိုင်နှုန်း သို့မဟုတ် နိုင်ငံသားရေလုပ်သား ၂၅ ရာခိုင်နှုန်းမှ ဦးစီးဌာနကသတ်မှတ်သော အများဆုံးဦးရေ ရာခိုင်နှုန်းအထိ ဦးစီးဌာနက ထုတ်ပေးသော ရေလုပ်သားမှတ်ပုံတင်လက်မှတ်ရရှိပြီးသူများကို ခန့်ထားရမည်။

( ဂ ) ပုဒ်မခွဲ (ခ) အရ ခန့်ထားရာတွင် ဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ရေယာဉ်မှူးနှင့် ရေလုပ်သားများသည် ကျွမ်းကျင်မှုလက်မှတ်ရရှိပြီးသူများ ဖြစ်ရမည်။

## အခန်း (၇)
## အခကြေးငွေများပေးဆောင်ခြင်း

၂၂။ ဦးစီးဌာနသည် ငါးလုပ်ငန်းနှင့်စပ်လျဉ်း၍ လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခ၊ ခွင့်ပြုမိန့်နှင့် ထောက်ခံချက်တို့အတွက် အခကြေးငွေများကိုလည်းကောင်း၊ မှတ်ပုံတင်ခ၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခ၊ ဖမ်းယူခွင့်ပြုသော ငါးပမာဏအတွက် ပေးဆောင်ရသည့်ငါးစိုအခ၊ ငါးဖမ်းရေယာဉ်၏ တန်ချိန်အလိုက် ပေးဆောင်ရသည့် ရေယာဉ်ခ၊ ရေလုပ်သားမှတ်ပုံတင်ကြေး၊ အာမခံကြေး၊ ရက်လွန်ကြေး၊ ဒဏ်ကြေးစသည့် အခကြေးငွေများကိုလည်းကောင်း ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်။

၂၃။ <u>ပုဒ်မ ၂၂ အရ သတ်မှတ်ထားသော အခကြေးငွေများကို နိုင်ငံသား၊ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်မှတ်ပုံတင်ထားသည့် မြန်မာကုမ္ပဏီနှင့် နိုင်ငံခြားကုမ္ပဏီ၊ သမဝါယမအသင်းဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော သမဝါယမအသင်းတို့ဖြစ်ပါက မြန်မာကျပ်ငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားသား၊ နိုင်ငံခြားဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသည့်ကုမ္ပဏီ၊ အသင်းအဖွဲ့ဖြစ်ပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းရန်အတွက် ခွင့်ပြုထားသော နိုင်ငံခြားငွေအမျိုးအစားများဖြင့် စာရင်းလွှဲပြောင်းနည်းကို အသုံးပြု၍လည်းကောင်း နိုင်ငံတော်၏ တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပေးဆောင်ရမည်။</u>

၂၄။ သက်ဆိုင်ရာဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနသည် ပင်လယ်ကမ်းနီးရေပြင်တွင် ငါးဖမ်းခြင်းလုပ်ငန်းအပါအဝင် စည်းကြပ်ကောက်ခံသည့်အခကြေးငွေကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာငွေအရအသုံးငွေစာရင်းသို့လည်းကောင်း၊ ပင်လယ်ကမ်းဝေးရေပြင်တွင် ငါးဖမ်းခြင်းလုပ်ငန်းများနှင့် အခြားငါးလုပ်ငန်းတစ်ရပ်ရပ်အပေါ် စည်းကြပ်ကောက်ခံသည့် အခကြေးငွေကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းသို့လည်းကောင်း ပေးသွင်းရမည်။

၂၅။ ပုဒ်မ ၂၃ နှင့် ၂၄ တို့ပါ ပြဋ္ဌာန်းချက်များသည် အောက်ပါလုပ်ငန်းများနှင့် မသက်ဆိုင်စေရ -

( က ) ဦးစီးဌာနကဆောင်ရွက်သော ငါးလုပ်ငန်းများ၊ ဓာတ်ခွဲစစ်ဆေးရေးလုပ်ငန်းများနှင့် ငါးရောဂါစစ်ဆေးရေးလုပ်ငန်းများ၊

( ခ ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့က ဆောင်ရွက်သော ငါးလုပ်ငန်းဆိုင်ရာ စူးစမ်းရှာဖွေခြင်းနှင့် သုတေသနလုပ်ငန်းများ၊

( ဂ ) ငါးသယံဇာတနှင့် ဂေဟစနစ် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ။

## အခန်း (၈)
## ငါးလုပ်ငန်းရှင်၏တာဝန်များ

၂၆။ ငါးလုပ်ငန်းရှင်သည် -

( က ) ငါးလုပ်ငန်းတွင် ကြီးကြပ်အုပ်ချုပ်သူနှင့် ကိုယ်စားလှယ်နှစ်ဦးလုံးကိုဖြစ်စေ၊ တစ်ဦးဦးကိုဖြစ်စေ မိမိ၏တာဝန်ကို လွှဲအပ်ထားပါက ထိုသို့လွှဲအပ်ထားသည့် အထောက်အထားကို သက်ဆိုင်ရာဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနသို့ ကြိုတင်၍ တင်ပြရမည်။

( ခ ) သတ်မှတ်ထားသည့် ကန့်သတ်ချက်များ၊ တားမြစ်ချက်များနှင့် လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ပါစည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

(ဂ) စစ်ဆေးရေးမှူး၏ စစ်ဆေးခြင်းကို ခံယူရမည်။

(ဃ) မိမိ၏ ငါးလုပ်ငန်းတွင် ဦးစီးဌာနက သုတေသနပြုရန် တာဝန်ပေးအပ်ခြင်းခံရသူများ၊ လေ့လာသူများ၊ သင်တန်းသားများအား ဥပဒေနှင့်အညီ သတ်မှတ်ထားသောကိစ္စရပ်များကို ဆောင်ရွက်ပေးရမည်။

(င) မိမိလုပ်ကိုင်နေသော ငါးလုပ်ငန်းတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်းများနှင့် စာရင်းများကိုပြုစုထားရှိပြီး သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနသို့ ပုံမှန်အစီရင်ခံတင်ပြရမည်။

(စ) ရေလုပ်သားများ အလုပ်ခွင်နာမကျန်းမှု၊ ဒဏ်ရာရမှု သို့မဟုတ် သေဆုံးမှုတို့အတွက် လျော်ကြေးပေးနိုင်ရန် သက်ဆိုင်ရာအာမခံများ ထားပေးရမည်။

(ဆ) အကြောင်းတစ်စုံတစ်ရာကြောင့် လုပ်ငန်းဆက်လက်လုပ်ကိုင်နိုင်မှု မရှိလျှင်သော်လည်းကောင်း၊ အခြားသူတစ်ဦးကို လွှဲပြောင်းလိုလျှင်သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ စာဖြင့် သက်ဆိုင်ရာဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနထံသို့ တင်ပြ၍ခွင့်ပြုချက်ရယူရမည်။

(ဇ) ငါးလုပ်ငန်းနှင့်စပ်လျဉ်း၍ ဦးစီးဌာနက သတ်မှတ်ထားသည့် အာမခံငွေကို ကြိုတင်ပေးသွင်းထားရမည်။

၂၇။ ငါးဖမ်းခြင်းလုပ်ငန်းလိုင်စင်ရရှိသော ငါးလုပ်ငန်းရှင်သည် -

(က) ပြည်တွင်းငါးဖမ်းရေယာဉ်ဖြင့် ငါးဖမ်းခြင်းလုပ်ငန်းတွင် သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးက ထုတ်ပေးသော ရေလုပ်သားမှတ်ပုံတင်လက်မှတ်ရရှိထားသည့် ရေလုပ်သားကိုသာ ခန့်ထားရမည်။

(ခ) ငါးဖမ်းခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် သတ်မှတ်ချက်များနှင့်အညီ မှတ်တမ်းများပြုစုထားရှိခြင်း၊ ဦးစီးဌာနကသတ်မှတ်ထားသည့် ဆက်သွယ်ရေးစနစ်၊ နည်းလမ်းများဖြင့် သတင်းပေးပို့ခြင်းများ ပြုလုပ်ရမည်။

(ဂ) ငါးဖမ်းခြင်းလုပ်ငန်းတွင် သက်ဆိုင်ရာဌာနက အသိအမှတ်ပြုလက်မှတ်ထုတ်ပေးထားသော ငါးဖမ်းရေယာဉ်ကိုသာ အသုံးပြုရမည်။

## အခန်း (၉)
## ငါးဖမ်းရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်မှူး၏တာဝန်များ

၂၈။ ငါးဖမ်းရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်မှူးတို့သည် -

(က) သတ်မှတ်ချက်များနှင့်အညီ ငါးဖမ်းရေယာဉ်၏အမည်၊ ငါးဖမ်းလိုင်စင်အမှတ်၊ ရေစူးအမှတ်အသားစသည့်အမှတ်အသားများကို မြင်သာအောင်ရေးသားထားရမည်။

(ခ) ဦးစီးဌာနကသတ်မှတ်ပေးထားသည့်အတိုင်း ငါးဖမ်းရေယာဉ်မှတ်တမ်း၊ အသုံးပြုသည့်ငါးဖမ်းကိရိယာနှင့် နေ့စဉ်ငါးဖမ်းခြင်းလုပ်ငန်းမှတ်တမ်းတို့ကို ပြုစုထိန်းသိမ်းထားရှိရမည်။ ထိုမှတ်တမ်းများကို စစ်ဆေးရေးမှူးက စစ်ဆေးပါက ပြသရမည်။

(ဂ) ငါးဖမ်းရေယာဉ်တွင် ဦးစီးဌာနက သတ်မှတ်ထားသော ဆက်သွယ်ရေးပစ္စည်းကိရိယာများနှင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသော ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်ရရှိသည့် ရေဒီယို၊ တဲလက်စ် သို့မဟုတ် အီလက်ထရောနစ် ဆက်သွယ်ရေးပစ္စည်းကိရိယာတစ်ခုခုကို တပ်ဆင်ထားရမည်။

(ဃ) ရေကြောင်းလမ်းပြကိရိယာများ၊ အချက်ပြဆက်သွယ်ရေးကိရိယာများ၊ အသက်အန္တရာယ်ကယ်ဆယ်ရေးနှင့် လုံခြုံရေးပစ္စည်းကိရိယာများ၊ မီးသတ်ကိရိယာများ၊ အစားအသောက်၊ အသုံးအဆောင်ပစ္စည်းများနှင့် ဆေးပစ္စည်းများကို အစဉ်အမြဲအသုံးပြုနိုင်ရန် စီစဉ်ထားရှိရမည်။

( င ) စစ်ဆေးရေးမှူး၏ စစ်ဆေးမှုကိုခံယူရန် ငါးဖမ်းရေယာဉ်ကို သက်ဆိုင်ရာဆိပ်ကမ်း သို့မဟုတ် နေရာဒေသသို့ သွားရောက်ဆိုက်ကပ်ပေးပြီး ရေယာဉ်၊ ရေလုပ်သား၊ ငါးဖမ်းကိရိယာနှင့် ဆက်သွယ်ရေးပစ္စည်းကိရိယာစသည်တို့ဆိုင်ရာ အထောက်အထားများကို တင်ပြရမည်။ ထို့အပြင် တာဝန်အရ စစ်ဆေးမှု အဆင်ပြေစေရန် စစ်ဆေးရေးမှူးကို အကူအညီပေးရမည်။

( စ ) ဦးစီးဌာနက သတ်မှတ်သည့် ဆိပ်ကမ်းသို့ သွားရောက်စစ်ဆေးမှုခံယူပြီးမှသာ ဖမ်းဆီးရမိသော ငါးများကို တရားဝင်ရောင်းဝယ်ခြင်း၊ သယ်ယူခြင်း ပြုရမည်။

(ဆ) ပေါက်ကွဲစေတတ်သည့်ပစ္စည်းများ၊ အဆိပ်အတောက်များ၊ ဓာတုပစ္စည်းများ၊ ဘေးဖြစ်စေသော ပစ္စည်းများ၊ ရေနေသတ္တဝါများနှင့် သန္တာကျောက်တန်းများကို ပျက်စီးစေနိုင်သည့် ပစ္စည်းများဖြင့် လည်းကောင်း၊ လျှပ်စစ်ဓာတ်လွှတ်၍လည်းကောင်း ငါးဖမ်းခြင်း၊ ယင်းပစ္စည်းများကို ငါးဖမ်း ရေယာဉ်ပေါ်တွင် ထားရှိခြင်းနှင့် တားမြစ်ထားသောရာသီနှင့် ပင်လယ်ရေပြင်တို့တွင် ငါးများကို ဖမ်းဆီးခြင်းမပြုရေးတို့အတွက် ရေလုပ်သားများလိုက်နာကြစေရန် ညွှန်ကြားခြင်းနှင့် ကြီးကြပ်ခြင်း ပြုရမည်။

( ဇ ) တားမြစ်ထားသည့် ငါးအမျိုးအစားကို မလွှဲမရှောင်သာဖမ်းမိပါက ထိုငါးအမျိုးအစားကို ချက်ချင်း ပြန်လွှတ်ရမည်။

(ဈ) ခွင့်ပြုထားသည့် ငါးဖမ်းကွက်တွင် ခွင့်ပြုထားသည့်ကာလအတွင်း၌ လိုင်စင်တွင် ခွင့်ပြုထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာအမျိုးအစားနှင့် အရေအတွက်၊ အထောက်အကူပြုပစ္စည်းများဖြင့်သာ ငါးလုပ်ငန်းကို လုပ်ကိုင်ရမည်။

(ည) ငါးဖမ်းကွက်တွင် ရောက်ရှိနေစဉ် ရာသီဥတုဆိုးရွားသည့်အခါ ဦးစီးဌာနက သတ်မှတ်ပေးသော ခိုလှုံရာနေရာသို့ စည်းကမ်းချက်များနှင့်အညီ သွားရောက်ခိုလှုံရမည်ဖြစ်ပြီး ထိုနေရာ၌ ငါးဖမ်းခြင်းကို ရှောင်ကြဉ်ရမည်။

( ဋ ) ငါးဖမ်းခြင်းလုပ်ငန်း လုပ်ကိုင်ရာတွင် ပင်လယ်ရေကြောင်းသွားလာသော သင်္ဘောများနှင့် ရေကြောင်းလမ်းတို့အား အနှောင့်အယှက်မဖြစ်စေရန် ဆောင်ရွက်ရမည်။

၂၉။ ငါးဖမ်းရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်မှူးတို့သည် လိုင်စင်၌သတ်မှတ်ခွင့်ပြုထားသည့် ငါးဖမ်းကွက်ပြင်ပ၌ ငါးဖမ်းရေယာဉ် ဖြတ်သန်းမောင်းနှင်သည့်အခါ -

(က) ငါးဖမ်းကိရိယာများကို ငါးဖမ်းရေယာဉ်၏ ကုန်းပတ်အောက်တွင်ဖြစ်စေ၊ ငါးဖမ်းရန် အသုံးမပြု နိုင်သော နေရာသို့ရွှေ့ပြောင်း၍ဖြစ်စေ သိမ်းဆည်းထားပြီး ဖြစ်ရမည်။

( ခ ) ငါးဖမ်းပိုက်များ၊ ပိုက်ဖွင့်တံခါးများ၊ အလေးများ၊ ငါးမျှားချိတ်များ၊ ကြိုးများကိုငါးဖမ်းကိရိယာနှင့် တွဲ၍ အသုံးပြုသည့်စက်များ၊ ပင်မကြိုးများမှဖြုတ်၍ သိမ်းဆည်းထားပြီး ဖြစ်ရမည်။

( ဂ ) ငါးဖမ်းရေယာဉ်ကုန်းပတ်ပေါ်တွင်ရှိသည့် အထောက်အကူပြုငါးဖမ်းကိရိယာများကိုဖြုတ်ထားခြင်း သို့မဟုတ် လုပ်ငန်းမလုပ်နိုင်အောင် ငါးဖမ်းရေယာဉ်ကိုယ်ထည်နှင့် ခိုင်မြဲစွာချည်နှောင်ထားပြီး ဖြစ်ရမည်။

၃၀။ နိုင်ငံခြားငါးဖမ်းရေယာဉ်၏ ပိုင်ရှင် သို့မဟုတ် ရေယာဉ်မှူးသည် -

(က) မိမိ၏ငါးဖမ်းရေယာဉ်ကို ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်းသို့ ဝင်ရောက်လိုလျှင်ဖြစ်စေ၊ ဖြတ်သန်း သွားလိုလျှင်ဖြစ်စေ၊ သတ်မှတ်သည့်အချိန်ကာလအတွင်း ငါးဖမ်းရေယာဉ်နှင့်သက်ဆိုင်သည့် အချက်အလက်များ၊ ဆက်သွယ်မည့်နည်းလမ်းများ၊ ငါးဖမ်းရေယာဉ်ဝင်ရောက်မည့် သို့မဟုတ် ဖြတ်သန်းမည့်လမ်းကြောင်း၊ နေ့ရက်နှင့်အချိန်၊ သယ်ဆောင်လာသည့်ပစ္စည်းနှင့် ငါးဖမ်းကိရိယာများ၊ ငါးဖမ်းရေယာဉ်ပါ ရေလုပ်သားစာရင်းတို့ကို ဦးစီးဌာနသို့ ဆက်သွယ်ရေးနည်းတစ်နည်းနည်းဖြင့် ကြိုတင်၍ အကြောင်းကြားရမည်။

(ခ) ပုဒ်မခွဲ (က) အရ အကြောင်းကြားရာတွင် ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်းသို့ ဝင်ရောက်မည့် နိုင်ငံခြားငါးဖမ်းရေယာဉ်မှာ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ရရှိပြီးဖြစ်ပါက ထိုသို့ ရရှိပြီးဖြစ်ကြောင်းကိုပါ ထည့်သွင်းအကြောင်းကြားရမည်။

(ဂ) နိုင်ငံခြားငါးဖမ်းရေယာဉ်အတွက် ငါးဖမ်းခြင်းလိုင်စင်ရရှိရန် ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်းသို့ ဝင်ရောက်လိုပါက ဦးစီးဌာန၏ကြိုတင်ခွင့်ပြုမိန့်ယူရမည်။ အဆိုပါ ခွင့်ပြုမိန့်ရရှိပါက ခွင့်ပြုမိန့်တွင် သတ်မှတ်ထားသည့် နေ့ရက်၊ အချိန်နှင့် ဆိပ်ကမ်း သို့မဟုတ် နေရာတွင် ငါးဖမ်းရေယာဉ်ကို စစ်ဆေးခံရမည်။

(ဃ) နိုင်ငံခြားငါးဖမ်းရေယာဉ်အတွက် သက်ဆိုင်ရာနိုင်ငံကထုတ်ပေးသည့် ပင်လယ်ပြင်တွင် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချမှုရှိကြောင်း သက်သေခံလက်မှတ်ရှိရမည့်အပြင် ထိုလက်မှတ်အပေါ် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကစစ်ဆေးပြီး ထပ်ဆင့်ထောက်ခံချက်လက်မှတ် ရရှိပြီးဖြစ်ရမည်။

(င) ငါးဖမ်းခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စများကို ဦးစီးဌာနသို့ ဆက်သွယ်၍ ကြိုတင်အကြောင်းကြားရမည် -

(၁) မိမိ၏ငါးဖမ်းရေယာဉ်နှင့် ငါးဖမ်းခြင်းလုပ်ငန်းကို အထောက်အကူပြုသည့်ရေယာဉ်၏အမည်၊ ငါးဖမ်းရေယာဉ်အမှတ်၊ လိုင်စင်အမှတ်၊ ရောက်ရှိသည့်နေရာများနှင့် ငါးဖမ်းခြင်းလုပ်ငန်း လှုပ်ရှားမှုအခြေအနေများ၊

(၂) ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးများ၊ ငါးဖမ်းကိရိယာများလွှဲပြောင်းခြင်း၊ ပေးပို့ခြင်း၊ လက်ခံခြင်းနှင့် ပြုပြင်မွမ်းမံခြင်း၊

(၃) ပြည်တွင်းဆိပ်ကမ်းတစ်ခုခုတွင် ငါးနှင့် ငါးဖမ်းကိရိယာများကိုတင်ခြင်း၊ ချခြင်း၊ လွှဲပြောင်းခြင်း၊

(၄) ပြည်တွင်းဆိပ်ကမ်းတစ်ခုခုတွင် ငါးဖမ်းရေယာဉ် ပြင်ဆင်ခြင်း။

(စ) ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းခြင်းလုပ်ငန်းလုပ်ကိုင်သည့် နိုင်ငံခြားငါးဖမ်းရေယာဉ်တွင် နိုင်ငံတော်အလံနှင့် နိုင်ငံခြားငါးဖမ်းရေယာဉ်မှတ်ပုံတင်ထားသည့် နိုင်ငံ၏အလံတို့ကို ငါးဖမ်းရေယာဉ်တွင် သတ်မှတ်ချက်များနှင့်အညီ လွှင့်တင်ထားရမည်။

(ဆ) မိမိ၏ငါးဖမ်းရေယာဉ်ပေါ်တွင် လိုက်ပါလာကြသော စစ်ဆေးရေးမှူးနှင့် ဦးစီးဌာနက သုတေသနပြုရန်တာဝန်ပေးအပ်ခြင်းခံရသူများ၊ လေ့လာသူများ၊ သင်တန်းသားများအား ဥပဒေနှင့်အညီ သတ်မှတ်ထားသောကိစ္စရပ်များကို ဆောင်ရွက်ပေးရမည့်အပြင် အန္တရာယ်ကင်းရှင်းရေးနှင့် နေထိုင်စားသောက်ရေးတို့အတွက်လည်း တာဝန်ယူဆောင်ရွက်ရမည်။

(ဇ) နိုင်ငံတော်၏တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်မှုကြောင့် ဖမ်းဆီးထိန်းသိမ်းခံရခြင်းမှအပ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံး၍ဖြစ်စေ၊ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကို ယာယီ ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသည့်အခါဖြစ်စေ နိုင်ငံခြားငါးဖမ်းရေယာဉ်သည် သတ်မှတ်ရက်အတွင်း ပင်လယ်ငါးလုပ်ငန်းရေပြင်မှ ထွက်ခွာရမည်။ ထိုသို့ ထွက်ခွာသည့်အခါ စစ်ဆေးခံရန် သတ်မှတ်သည့်နေရာ သို့မဟုတ် သတ်မှတ်သည့်ဆိပ်ကမ်းသို့ ကြိုတင်၍သွားရောက် စစ်ဆေးခံရမည်။ စစ်ဆေးမှုများပြုလုပ်ပြီးပါက ငါးများကိုဖမ်းဆီးခြင်းမပြုဘဲ သတ်မှတ်ချက်များနှင့်အညီ ပင်လယ်ငါးလုပ်ငန်းရေပြင်မှ ထွက်ခွာသွားရမည်။

၃၁။ နိုင်ငံခြားငါးဖမ်းရေယာဉ်၏ ရေယာဉ်မှူးသည် -

(က) ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း အောက်ပါအကြောင်းတစ်ရပ်ရပ်ဖြစ်ပေါ်သည့်အခါ ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီအကြောင်းကြားပြီး အပြည်ပြည်ဆိုင်ရာပင်လယ်ပြင် ကွန်ဗင်းရှင်းနှင့်အညီ ဖြတ်သန်းသွားလာခြင်း၊ ရပ်နားခြင်း သို့မဟုတ် ကျောက်ချရပ်နားခြင်း ပြုနိုင်သည်-

(၁) ငါးဖမ်းရေယာဉ်နှင့် ရေလုပ်သားများကို ကျရောက်အံ့ဆဲဆဲ ဘေးအန္တရာယ်မှ လွတ်မြောက်စေရန်နှင့် လုံခြုံမှုရှိစေရန် ဝင်ရောက်နားခိုခြင်း၊

(၂) ဘေးအန္တရာယ်ကျရောက်နေသည့် လူများ၊ သင်္ဘော၊ ရေယာဉ် သို့မဟုတ် လေယာဉ်ကို အကူအညီပေးခြင်း၊

(၃) ငါးဖမ်းရေယာဉ်၏ ရေလုပ်သားများအတွက် အရေးပေါ်ဆေးဝါးကုသမှုရယူခြင်း၊

(၄) အပြည်ပြည်ဆိုင်ရာ ပင်လယ်ပြင်ဥပဒေနှင့်အညီ မမျှော်မှန်းနိုင်သောဖြစ်ရပ်အပါအဝင် အခြားအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်ခြင်း။

(ခ) ပုဒ်မခွဲ (က) အရ ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်းသို့ ဖြတ်သန်းသွားလာခြင်း၊ ရပ်နားခြင်း သို့မဟုတ် ကျောက်ချခြင်းအတွက် ခွင့်ပြုမိန့်ရယူရန်မလို၊ သို့ရာတွင် ထိုသို့ဆောင်ရွက်ရသည့် အကြောင်းရင်းကို ဆက်သွယ်အကြောင်းကြားခြင်း၊ ဆောင်ရွက်နေမှုအခြေအနေများအား အသိပေးခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စည်းမျဉ်းများနှင့် စည်းကမ်းချက်များအတိုင်း လိုက်နာရမည်။

(ဂ) ပုဒ်မခွဲ (က) ပါ ပေါ်ပေါက်သည့်အခြေအနေများကိုဆောင်ရွက်ပြီးပါက ထိုသို့ ဆောင်ရွက်ပြီးကြောင်း ဦးစီးဌာနသို့ အကြောင်းကြားပြီး ပင်လယ်ငါးလုပ်ငန်းရေပြင်၏ ပြင်ပသို့ ချက်ချင်းထွက်ခွာရမည်။

## အခန်း (၁၀)
## ဒေသခံရေလုပ်သားအစုအဖွဲ့များနှင့် ငါးလုပ်ငန်းများပူးပေါင်းဆောင်ရွက်ခြင်း

၃၂။ နိုင်ငံတော်၏ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ရှိ ဒေသခံရေလုပ်သားများသည် ငါးဖမ်းခြင်းလုပ်ငန်းများကို စည်းကမ်းချက်များနှင့်အညီ အစုအဖွဲ့ဖြင့် ဖွဲ့စည်းလုပ်ကိုင်ဆောင်ရွက်ရာတွင် ပူးပေါင်းစီမံခန့်ခွဲနိုင်ရေးအတွက် ဒေသခံရေလုပ်သားအစုအဖွဲ့ကိုမှတ်ပုံတင်၍ ဖွဲ့စည်းခွင့်ပြုရန် သတ်မှတ်ထားသော မှတ်ပုံတင်ခကို ပေးသွင်းပြီး သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးထံသို့ မိမိတို့အစုအဖွဲ့၏ ဖွဲ့စည်းပုံ စည်းမျဉ်း ပူးတွဲ၍ လျှောက်ထားနိုင်သည်။

၃၃။ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးသည် -

(က) ပုဒ်မ ၃၂ အရ လျှောက်ထားချက်ကို စိစစ်၍ ဒေသခံရေလုပ်သားအစုအဖွဲ့ကို သက်ဆိုင်ရာခရိုင် ဦးစီးဌာနမှူး၏ သဘောတူညီချက်ဖြင့် စည်းကမ်းချက်များသတ်မှတ်ပြီး ဖွဲ့စည်းခွင့်ပြုနိုင်သည်။

(ခ) ဒေသခံရေလုပ်သားအစုအဖွဲ့၏ ဖွဲ့စည်းပုံစည်းမျဉ်းကို စိစစ်ပြီး ယင်းအစုအဖွဲ့၏ အလုပ်အမှုဆောင် အဖွဲ့ကို အသိအမှတ်ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရန်ခွင့်ပြုပါက ဒေသခံရေလုပ်သားအစုအဖွဲ့ကို သတ်မှတ်ထားသော မှတ်ပုံတင်ခပေးသွင်းစေပြီး မှတ်ပုံတင်၍လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ် ထုတ်ပေး ရမည်။

၃၄။ ဒေသခံရေလုပ်သားအစုအဖွဲ့၏ အလုပ်အမှုဆောင်အဖွဲ့သည် -

(က) သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးက ငါးဖမ်းခွင့်ပြုသော ပင်လယ်ကမ်းနီးရေပြင်ရှိ ငါးဖမ်းကွက် များတွင် ငါးဖမ်းခြင်းလုပ်ငန်းကို သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ စုပေါင်း၍ လုပ်ကိုင်ခွင့်နှင့် ပူးပေါင်း၍ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) ပါ ငါးဖမ်းခွင့်ပြုသော ပင်လယ်ကမ်းနီးရေပြင်ရှိ ငါးဖမ်းကွက်များတွင် မိမိအစုအဖွဲ့က သတ်မှတ်ထားသောအခကြေးငွေပေးသွင်းစေပြီး အဖွဲ့ဝင်တစ်ဦးဦးအား စည်းကမ်းချက်များ သတ်မှတ်၍ ငါးဖမ်းခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုနိုင်သည်။

၃၅။ ဒေသခံရေလုပ်သားအစုအဖွဲ့တစ်ခုခုသည် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးက စည်းကမ်းချက်များနှင့် အညီ ငါးဖမ်းခွင့်ပြုသော ပင်လယ်ကမ်းနီးရေပြင်ရှိ ငါးဖမ်းကွက်များ၌ ငါးလုပ်ငန်းများလုပ်ကိုင်ရာတွင် ငါးသယံဇာတထိန်းသိမ်းကာကွယ်ရေး၊ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေထုညစ်ညမ်းမှုမရှိစေရေးတို့ အတွက် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်ရမည်။

၃၆။ (က) ဒေသခံရေလုပ်သားအစုအဖွဲ့၏ အလုပ်အမှုဆောင်အဖွဲ့သည် ပင်လယ်ကမ်းနီးရေပြင်တွင် ငါးဖမ်းခြင်း သို့မဟုတ် ငါးသယ်ယူပို့ဆောင်ခြင်းလုပ်ငန်းကိုလုပ်ကိုင်လိုပါက သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံသို့ သတ်မှတ်ချက်များနှင့်အညီ လိုင်စင်ထုတ်ပေးရန် လျှောက်ထားရမည်။

(ခ) ဒေသခံရေလုပ်သားအစုအဖွဲ့တစ်ခုခု သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးသည် ပင်လယ်ကမ်းဝေးရေပြင်တွင် ငါးဖမ်းခြင်း သို့မဟုတ် ငါးသယ်ယူပို့ဆောင်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနမှူးထံသို့ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် လျှောက်ထားရယူပြီး သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်နိုင်သည်။

၃၇။ ဒေသခံရေလုပ်သားအစုအဖွဲ့များသည် -

(က) မိမိတို့အဖွဲ့ဝင်များ၏ ငါးလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ပုံငွေတစ်ရပ်ထူထောင်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ထူထောင်သည့် ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းတို့ဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများကိုရေးဆွဲပြီး သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံသို့ တင်ပြရမည်။

(ဂ) ရေးဆွဲထားသော ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းတို့ပြုရမည်။

၃၈။ ဦးစီးဌာနသည် ဒေသခံရေလုပ်သားအစုအဖွဲ့ဝင်များ ရန်ပုံငွေဖွံ့ဖြိုးရေး၊ အဖွဲ့ဝင်များ၏ အရင်းအနှီးရရှိရေးနှင့် သိပ္ပံနည်းကျနည်းပညာများရရှိရေးတို့အတွက် လိုအပ်ပါက ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ သက်ဆိုင်ရာဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း ပြုနိုင်သည်။

## အခန်း (၁၁)
## စစ်ဆေးခြင်းနှင့် အရေးယူခြင်း

၃၉။ စစ်ဆေးရေးမှူးနှင့် စစ်ဆေးရေးအဖွဲ့တို့သည် ငါးဖမ်းခြင်းလုပ်ငန်းတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများရေယာဉ်ပေါ်ပါအခြားပစ္စည်းများနှင့် ရေလုပ်သားများကို သတ်မှတ်ချက်များနှင့်အညီ ဝရမ်းမပါဘဲအချက်ပြဆက်သွယ်၍ ဤဥပဒေပါ တားမြစ်ချက် သို့မဟုတ် လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်ခြင်း ရှိ မရှိ စစ်ဆေးရန်ချဉ်းကပ်ခြင်း၊ ရပ်တန့်ခြင်း၊ တက်ရောက်စစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ မှတ်တမ်းမှတ်ရာများရယူခြင်း၊ သက်သေခံပစ္စည်းများကို သတ်မှတ်ပုံစံဖြင့်သိမ်းဆည်းခြင်း၊ သက်သေခံချက်ရယူခြင်း၊ စစ်ဆေးပြီးနောက် ဝန်ခံကတိရယူခြင်းနှင့် အရေးယူခြင်း၊

(ခ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ဖောက်ဖျက်ကျူးလွန်ပြီး နိုင်ငံတကာပင်လယ်ပြင်သို့ ခုတ်မောင်းထွက်ပြေးသော နိုင်ငံခြားငါးဖမ်းရေယာဉ်ကို အပြည်ပြည်ဆိုင်ရာ ပင်လယ်ပြင်ဥပဒေနှင့်အညီ ထပ်ကြပ်မကွာ လိုက်လံဖမ်းဆီး၍ အရေးယူခြင်း၊

(ဂ) ငါးဖမ်းခြင်းလုပ်ငန်းလုပ်ကိုင်ရာတွင် သုံးစွဲခွင့်မရှိသည့် ပေါက်ကွဲစေတတ်သောပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ အဆိပ်အတောက်များ၊ ဓာတုပစ္စည်းများ၊ ဆေးဝါးများနှင့် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေသော အခြားပစ္စည်းများ၊ လက်နက်စသည့်အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ငြိစွန်းသည့်ပစ္စည်းများကို သတ်မှတ်ပုံစံဖြင့် သိမ်းဆည်းခြင်း၊

(ဃ) ငါးဖမ်းခြင်းလုပ်ငန်းလုပ်ကိုင်ရာတွင် ရှိရမည့် လိုင်စင်၊ ခွင့်ပြုမိန့် သို့မဟုတ် မှတ်ပုံတင်လက်မှတ်၊ မှတ်တမ်းနှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းများကို တောင်းယူစစ်ဆေးခြင်း၊ ကူးယူခြင်း၊ သိမ်းဆည်းခြင်း၊

(င) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနသို့ သတင်းပို့ခြင်း၊ ထို့ပြင် သတ်မှတ်ထားသော ဆိပ်ကမ်းတစ်ခုခုသို့ ငါးဖမ်းရေယာဉ်ကို ခေါ်ဆောင်သွားပြီး သက်ဆိုင်ရာဦးစီးဌာနမှူးထံသို့ အပ်နှံခြင်း၊ ပြစ်မှုကျူးလွန်သော ငါးလုပ်ငန်းရှင်၊ ရေယာဉ်မှူးနှင့် ရေလုပ်သားများကို အရေးယူဆောင်ရွက်ရန် သက်ဆိုင်ရာ ရဲစခန်းတွင် သတင်းပေးတိုင်တန်းချက် ရေးဖွင့်ခြင်း၊

(စ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်၍ဖြစ်စေ၊ လိုင်စင်စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်၍ဖြစ်စေ သိမ်းဆည်းရမိသည့်ငါးများနှင့် ရေထွက်ပစ္စည်းများမှာ ပုပ်သိုးပျက်စီးလွယ်ပါက အမြန်ဆုံးထုခွဲရောင်းချနိုင်ရန် သက်ဆိုင်ရာဦးစီးဌာနမှူးထံသို့ လွှဲပြောင်းပေးခြင်း၊

(ဆ) ငါးလုပ်ငန်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့က အခါအားလျော်စွာပေးအပ်သော တာဝန်များကို ဆောင်ရွက်ခြင်း။

၄၀။ စစ်ဆေးရေးမှူးများသည် ငါးလုပ်ငန်းတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) မိမိတာဝန်ယူဆောင်ရွက်ရသည့် ပင်လယ်ငါးလုပ်ငန်းရေပြင် သို့မဟုတ် နယ်မြေဒေသအတွင်း၌ဖြစ်စေ၊ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနက သီးခြားတာဝန်ပေးအပ်သည့် ပင်လယ်ငါးလုပ်ငန်းရေပြင် သို့မဟုတ် နယ်မြေဒေသအတွင်း၌ဖြစ်စေ ငါးလုပ်ငန်းလုပ်ကိုင်သည့် စက်ရုံ၊ အလုပ်ရုံ၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခန်း၊ ငါးတင်ငါးချဆိပ်ခံတံတားများ၊ ငါးလေလံဈေးများ စသည့် ငါးလုပ်ငန်းဆိုင်ရာနေရာများနှင့် အဆောက်အအုံများကို သတ်မှတ်ချက်များနှင့်အညီ ဝရမ်းမပါဘဲဝင်ရောက်ရှာဖွေခြင်း၊ စစ်ဆေးခြင်း၊ သတ်မှတ်ပုံစံဖြင့် သိမ်းဆည်းခြင်းနှင့် သက်သေခံချက်ရယူခြင်း၊

(ခ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဦးစီးဌာနသို့ သတင်းပို့ခြင်း၊

(ဂ) ငါးလုပ်ငန်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့က အခါအားလျော်စွာပေးအပ်သော တာဝန်များကို ဆောင်ရွက်ခြင်း။

၄၁။ သက်ဆိုင်ရာဦးစီးဌာနမှူးသည် စစ်ဆေးရေးမှူးနှင့် စစ်ဆေးရေးအဖွဲ့ထံမှ သတ်မှတ်ပုံစံဖြင့် လွှဲပြောင်းရရှိသည့် သက်သေခံပစ္စည်းများအနက် ပုပ်သိုးပျက်စီးလွယ်သောငါးများကို ဦးစီးဌာနက ဖွဲ့စည်းပေးသည့် ထုခွဲရောင်းချရေးအဖွဲ့ဖြင့် ထုခွဲရောင်းချပြီး ရရှိသောငွေများနှင့် သိမ်းဆည်းရမိသောငွေများကို သက်ဆိုင်ရာငွေစာရင်းသို့ ပေးသွင်းရမည်။

၄၂။ တည်ဆဲဥပဒေများတွင် မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် အရေးယူသည့်ကိစ္စတွင် ဦးစီးဌာနသည် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ငါးဖမ်းရေယာဉ်၊ ငါးသယ်ရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများ၊ ငါးလုပ်ငန်းနှင့်သက်ဆိုင်သည့် အခြားပစ္စည်းများနှင့် ငွေများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ ထုခွဲရောင်းချခြင်း၊ လိုအပ်သလို စီမံခန့်ခွဲခြင်း၊

(ခ) ပုဒ်မခွဲ (က) အရ သက်သေခံပစ္စည်းများကို ထုခွဲရောင်းချရာတွင် လိုအပ်ပါက သက်သေခံပစ္စည်းထုခွဲရောင်းချရေးအဖွဲ့ကိုဖွဲ့စည်းပြီး တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးခြင်း၊

(ဂ) ငါးဖမ်းရေယာဉ်၊ ငါးသယ်ရေယာဉ်နှင့် ငါးဖမ်းကိရိယာများကို လိုင်စင်ရရှိသူ သို့မဟုတ် ပိုင်ရှင်အား လုံလောက်သောခံဝန်ဖြင့် ပြန်လည်ပေးအပ်ထားခြင်း၊ ပြန်လည်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဃ) ငါးဖမ်းရေယာဉ်နှင့် ငါးဖမ်းကိရိယာများကို သင့်လျော်သော ဒဏ်ကြေးပေးဆောင်စေ၍ လိုင်စင်ရရှိသူ သို့မဟုတ် ပိုင်ရှင်အား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

(င) ထုခွဲရောင်းချရငွေ၊ ဒဏ်ကြေးငွေနှင့် ခံဝန်ချုပ်ဆို၍ပေးသွင်းသည့် အာမခံငွေများကို ဘဏ်တွင် အပ်ငွေအဖြစ် ပေးသွင်းစေခြင်း၊

(စ) ပုဒ်မခွဲ (ဂ) အရ ခံဝန်ချုပ်ချုပ်ဆို၍ ပြန်လည်ပေးအပ်ထားခြင်းမပြုဘဲ သက်ဆိုင်ရာဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနက ထိန်းသိမ်းထားရသည့်အခါ ထိုသို့ ထိန်းသိမ်းထားစဉ်အတွင်း ကုန်ကျစရိတ်များကို ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်းရှင်က ဦးစီးဌာနသို့ ပြန်လည်ပေးသွင်းရမည်၊

(ဆ) ပြစ်မှုနှင့်သက်ဆိုင်သော အတားအဆီးများ၊ အခိုင်အမာစိုက်ထူထားသော သို့မဟုတ် ချထားသော ပစ္စည်းများ၊ ငါးဖမ်းကိရိယာများကို သက်ဆိုင်ရာဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနက ဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်းအတွက် ကုန်ကျစရိတ်များကို ပြစ်မှုကျူးလွန်သည့် ငါးလုပ်ငန်းရှင်နှင့် ရေယာဉ်မှူးတို့အား ဦးစီးဌာနသို့ ပေးသွင်းစေရန် ညွှန်ကြားနိုင်သည်။

## အခန်း (၁၂)
## စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခြင်း

၄၃။ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ရရှိသူက လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကို မမှန်မကန်လိမ်လည်လျှောက်ထားလျှင်သော်လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုလိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း သက်ဆိုင်ရာဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနသည် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) စာဖြင့်သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသော ဒဏ်ကြေးကိုပေးဆောင်စေခြင်း၊

(ဂ) ပေးသွင်းထားသော အာမခံငွေကို သိမ်းယူခြင်း၊

(ဃ) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊

(င) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း။

၄၄။ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ရရှိသူ မည်သူမဆို လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကို ယာယီရပ်ဆိုင်းကြောင်း အမိန့်ချမှတ်ထားသည့် ကာလအတွင်းဖြစ်စေ၊ ပယ်ဖျက်ကြောင်း အမိန့်ချမှတ်ထားလျှင်ဖြစ်စေ ခွင့်ပြုထားသည့် လုပ်ငန်းတစ်ရပ်ရပ်ကိုလုပ်ကိုင်ခြင်းမပြုဘဲ ရပ်ဆိုင်းထားရမည်။ ရပ်ဆိုင်းခြင်းမပြုဘဲ လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်မရှိဘဲ လုပ်ငန်းလုပ်ကိုင်ခြင်းဖြစ်သည်ဟု မှတ်ယူခြင်းခံရမည်။

## အခန်း (၁၃)
## အယူခံခြင်း

၄၅။ (က) ပုဒ်မ ၄၃ အရ ချမှတ်သည့် သက်ဆိုင်ရာဦးစီးဌာနမှူး၏ အမိန့်ကို မကျေနပ်သူသည် ယင်းအမိန့်လက်ခံရရှိသောနေ့မှ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ အယူခံမှုကို စိစစ်ပြီး သက်ဆိုင်ရာဦးစီးဌာနမှူးက ချမှတ်ထားသည့်အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၄၆။ (က) ပုဒ်မ ၄၂ သို့မဟုတ် ၄၃ အရ ချမှတ်သည့် ဦးစီးဌာန၏အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုလည်းကောင်း၊ ပုဒ်မ ၄၅၊ ပုဒ်မခွဲ (ခ) အရ အယူခံမှုတွင်ချမှတ်သည့် ဦးစီးဌာန၏ အမိန့်ကိုလည်းကောင်း မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်လက်ခံရရှိသောနေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

(ခ) ဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) အရ အယူခံမှုကိုစိစစ်ပြီး ဦးစီးဌာနက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးနည်းလမ်းအရ ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၄၇။　ဤအခန်းပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ အယူခံရာတွင် ဒဏ်ကြေးငွေပေးဆောင်စေရန် ချမှတ်သည့် အမိန့်ကို အယူခံခြင်းဖြစ်ပါက ထိုငွေကိုသတ်မှတ်ချက်များနှင့်အညီ ပေးသွင်းပြီးမှသာ အယူခံခွင့်ရှိသည်။ အယူခံရာတွင် အနိုင်ရရှိပါက လျှောက်ထားသူပေးသွင်းထားသော ဒဏ်ကြေးငွေကို သတ်မှတ်ချက်များနှင့် အညီ ပြန်လည်ထုတ်ပေးရမည်။

## အခန်း (၁၄)
## လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် ပျယ်ပြယ်ခြင်း

၄၈။　(က) အောက်ပါ အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ပျက်ပြယ်သည်-

(၁) သက်တမ်းကုန်ဆုံးခြင်း၊

(၂) ပယ်ဖျက်ခံရခြင်း၊

(၃) လုပ်ငန်းကို ဆက်လက်မလုပ်ကိုင်လို၍ ပြန်လည်အပ်နှံခြင်း။

(ခ) ပုဒ်မခွဲ (က) အရ ပျက်ပြယ်သောနေ့ရက်မှ ၁၅ ရက်အတွင်း အဆိုပါလိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကိုထုတ်ပေးသည့် သက်ဆိုင်ရာဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ပြန်လည်အပ်နှံခြင်းမပြုဘဲ ဆက်လက်လုပ်ကိုင်ပါက လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်မရှိဘဲ ငါးလုပ်ငန်းကို လုပ်ကိုင်သူအဖြစ် အရေးယူခြင်းခံရမည်။

၄၉။　(က) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ရရှိသူသည် လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်မူရင်းမှာ ပျက်စီးပျောက်ဆုံးသဖြင့် မိတ္တူထုတ်ပေးထားပြီးဖြစ်ပါက ထိုပျက်စီးပျောက်ဆုံးသွားသည်ဟု ဆိုသော မူရင်းလိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကို ဆက်လက်သုံးစွဲခြင်း မပြုရ။

(ခ) ပုဒ်မခွဲ (က) အရ ပျက်စီးပျောက်ဆုံးသွားသည်ဟုဆိုသော မူရင်းလိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကို ဆက်လက်သုံးစွဲပါက လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်မရှိဘဲ ငါးလုပ်ငန်းကို လုပ်ကိုင်သူအဖြစ် အရေးယူခြင်း ခံရမည်။

(ဂ) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ရရှိသူသည် ၎င်း၏လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် ပျက်စီးပျောက်ဆုံးပါက ပျက်စီးပျောက်ဆုံးသည့်နေ့မှစ၍ ၁၅ ရက်အတွင်း သက်ဆိုင်ရာ ဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနသို့ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်မိတ္တူထုတ်ပေးရန် ခိုင်လုံသောအထောက်အထားဖြင့် ပြန်လည်လျှောက်ထားရမည်။ သက်ဆိုင်ရာဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနက မိတ္တူထုတ်ပေးသည့်အခါ သတ်မှတ်ထားသည့် ဒဏ်ကြေးကို ပေးဆောင်ရမည်။

## အခန်း (၁၅)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၅၀။　မည်သူမဆို ပင်လယ်ကမ်းနီးရေပြင်တွင် ငါးဖမ်းခြင်း သို့မဟုတ် ငါးသယ်ယူပို့ဆောင်ခြင်းလုပ်ငန်း လိုင်စင်မရှိဘဲ လုပ်ငန်းလုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ၆ လမှ အများဆုံး ၃ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် ငါးသိန်းမှ အများဆုံး ကျပ် သိန်း ၅၀ အထိ ငွေဒဏ်ချမှတ်ခြင်း ခံရမည်။

၅၁။　ပင်လယ်ကမ်းဝေးရေပြင်တွင် -

(က) နိုင်ငံသား၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်မှတ်ပုံတင်ထားသည့် မြန်မာကုမ္ပဏီနှင့် သမဝါယမအသင်းဥပဒေအရ ဖွဲ့စည်းထားသော သမဝါယမအသင်းဖြစ်သူ မည်သူမဆို

ငါးဖမ်းခြင်း သို့မဟုတ် ငါးသယ်ယူပို့ဆောင်ခြင်းလုပ်ငန်းလိုင်စင်မရှိဘဲ လုပ်ငန်းလုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ၁ နှစ်မှ အများဆုံး ၃ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ် သိန်း ၁၀၀ အထိ ငွေဒဏ်ချမှတ်ခြင်း ခံရမည်။

(ခ) မည်သည့်နိုင်ငံခြားသား၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် နိုင်ငံခြားကုမ္ပဏီမဆို ငါးဖမ်းခြင်း သို့မဟုတ် ငါးသယ်ယူပို့ဆောင်ခြင်း လုပ်ငန်းလိုင်စင်မရှိဘဲ လုပ်ငန်းလုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ၂ နှစ်မှ အများဆုံး ၅ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် သိန်း ၅၀ မှ အများဆုံး ကျပ် သိန်း ၅၀၀ အထိ ငွေဒဏ်ချမှတ်ခြင်း ခံရမည်။

၅၂။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ၆ လမှအများဆုံး ၃ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ် သိန်း ၁၀၀ အထိ ငွေဒဏ်ချမှတ်ခြင်း ခံရမည် -

(က) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) ပါ လုပ်ငန်းတစ်ရပ်ရပ်ကို လိုင်စင်မရှိဘဲ လုပ်ကိုင်ခြင်း၊

(ခ) ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ) မှ (ဆ) အထိပါ လုပ်ငန်းတစ်ရပ်ရပ်ကို လိုင်စင်မရှိဘဲလုပ်ကိုင်ခြင်း၊

(ဂ) ပုဒ်မ ၁၃ ပါ လုပ်ငန်းတစ်ရပ်ရပ်ကို ခွင့်ပြုမိန့်မရှိဘဲ လုပ်ကိုင်ခြင်း၊

(ဃ) သက်ဆိုင်ရာဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာန၏ ခွင့်ပြုမိန့်မရှိဘဲ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား လွှဲပြောင်းလုပ်ကိုင်စေခြင်း။

၅၃။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ၃ လမှ အများဆုံး ၁ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် ၅ သိန်းမှ အများဆုံး ကျပ် သိန်း ၅၀ အထိ ငွေဒဏ်ချမှတ်ခြင်း ခံရမည် -

(က) ပုဒ်မ ၁၄ ပါ လုပ်ငန်းတစ်ရပ်ရပ်ကို ထောက်ခံချက်မရှိဘဲ လုပ်ကိုင်ခြင်း၊

(ခ) ရေလုပ်သားများအား ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) အရ ထုတ်ပေးသည့် လိုင်စင်မရှိဘဲ ကျွမ်းကျင်မှု သင်တန်းများဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးခြင်း၊

(ဂ) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပေးသည့် ရေလုပ်သားအသိအမှတ်ပြုလက်မှတ်မရှိဘဲ ရေလုပ်သား အဖြစ် လုပ်ကိုင်ခြင်း။

၅၄။ မည်သူမဆို ပုဒ်မ ၄ ပါ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး ပင်လယ်ရေပြင်များတွင် အောက်ပါ ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ၁ နှစ်မှ အများဆုံး ၅ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် သိန်း ၂၀ မှ အများဆုံး ကျပ် သိန်း ၂၀၀ အထိ ငွေဒဏ်ချမှတ်ခြင်း ခံရမည်။

(က) ငါးဖမ်းခြင်း၊

(ခ) ပင်လယ်ကြမ်းပြင်မှ သဲ၊ ရွှံ့၊ ကျောက်စရစ်တူးဖော်ခြင်း၊ သယံဇာတများကိုထုတ်ယူခြင်း၊ အသုံး မလိုသည့်ပစ္စည်းများ၊ ရေထုညစ်ညမ်းစေသည့်အရာများ စွန့်ပစ်ခြင်း၊

(ဂ) ငါးသယံဇာတအရင်းအမြစ်များ၊ ငါးမျိုးနေရင်းဒေသများ၊ ရေတွင်ပေါက်ပွားသောအပင်များ၊ ယင်းတို့၏ အပင်ပေါက်များ၊ မျိုးစေ့များ၊ ငါးမျိုးပေါက်ဖွားရာနေရာများနှင့် ဇီဝမျိုးစုံမျိုးကွဲနှင့် ၎င်းတို့၏ဂေဟစနစ်များအား ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်း သို့မဟုတ် အသစ် ထည့်ခြင်း၊

(ဃ) ရေနေသတ္တဝါများ၊ ငါးသယံဇာတအရင်းအမြစ်များနှင့် သန္တာကျောက်တန်းများကို ပေါက်ကွဲ စေတတ်သည့်ပစ္စည်းများ၊ အဆိပ်အတောက်များ၊ ဓာတုပစ္စည်းများ သို့မဟုတ် ဘေးဖြစ်စေသော ပစ္စည်းများဖြင့် ပျက်စီးစေခြင်း သို့မဟုတ် ထိုပစ္စည်းတစ်ခုခုကို အသုံးပြုခြင်း၊

(င) ငါးဖမ်းရေယာဉ်ပေါ်တွင် ပေါက်ကွဲစေတတ်သည့်ပစ္စည်းများ၊ အဆိပ်အတောက်များ၊ ဓာတုပစ္စည်းများ သို့မဟုတ် ဘေးဖြစ်စေသောပစ္စည်းများကို ငါးဖမ်းရေယာဉ်ပေါ်က စွန့်ပစ်ခြင်း၊

(စ) ငါးဖမ်းရေယာဉ်ပေါ်တွင် တားမြစ်ထားသော ငါးဖမ်းကိရိယာကို တင်ဆောင်ထားခြင်း၊ သယ်ယူခြင်း သို့မဟုတ် ငါးဖမ်းရေယာဉ်ပေါ်က စွန့်ပစ်ခြင်း၊

(ဆ) အဆောက်အအုံများ၊ အခြားအရာဝတ္ထုများ ဆောက်လုပ်ခြင်း သို့မဟုတ် စိုက်ထူခြင်း၊

(ဇ) ခွင့်ပြုမိန့်မရှိဘဲ သုတေသနလုပ်ခြင်း၊ ငါးသယံဇာတအရင်းအမြစ် နမူနာ ထုတ်ယူခြင်း၊

(ဈ) သင်္ဘောကျောက်ချခြင်း၊

(ည) ရေဆိုးများ စွန့်ထုတ်ခြင်း။

၅၅။ မည်သူမဆို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး ပင်လယ်ရေပြင်များမှအပ ပင်လယ်ငါးလုပ်ငန်းရေပြင်တွင် အောက်ဖော်ပြပါ ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ၆ လမှ အများဆုံး ၃ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ် သိန်း ၁၀၀ အထိ ငွေဒဏ်ချမှတ်ခြင်း ခံရမည် -

(က) တားမြစ်ထားသည့် ပေါက်ကွဲစေတတ်သော ပစ္စည်း၊ အဆိပ်အတောက်၊ ဓာတုပစ္စည်း၊ ဘေးဖြစ်စေသော ပစ္စည်းကိရိယာ၊ ရေနေသတ္တဝါများနှင့် သန္တာကျောက်တန်းများကို ပျက်စီးစေနိုင်သည့် ပစ္စည်းများဖြင့်လည်းကောင်း၊ လျှပ်စစ်ဓာတ်လွှတ်၍လည်းကောင်း ငါးဖမ်းခြင်းသို့မဟုတ် ထိုပစ္စည်းကိရိယာတစ်ခုခုကို ငါးဖမ်းရေယာဉ်ပေါ်တွင်ဖြစ်စေ၊ ၎င်း၏စီမံခန့်ခွဲမှုအောက်တွင်ဖြစ်စေထားရှိခြင်း၊

(ခ) မမှန်ကန်သော ငါးဖမ်းရေယာဉ်ဖြင့် ငါးဖမ်းခြင်းလုပ်ငန်း လုပ်ကိုင်ခြင်းနှင့် ငါးဖမ်းရေယာဉ်၏ မမှန်ကန်သောအမည်၊ နိုင်ငံအလံဖြင့် သို့မဟုတ် လိုင်စင်အတုဖြင့် ငါးဖမ်းခြင်းလုပ်ငန်း လုပ်ကိုင်ခြင်း၊

(ဂ) ငါးဖမ်းရေယာဉ်အမည်၊ မှတ်ပုံတင်အမှတ်နှင့် လိုင်စင်အမှတ်များကို ဖုံးအုပ်၍ ငါးများကို ဖမ်းဆီးခြင်း၊

(ဃ) ဤဥပဒေအရ အခါအားလျော်စွာ သတ်မှတ်ထားသော မျိုးသုဉ်းမည့်အန္တရာယ်မှ ကာကွယ်ထားသည့် ရှားပါးငါးနှင့် ရေထွက်ပစ္စည်းများကို ကူးသန်းရောင်းဝယ်ခြင်း၊

(င) ပင်လယ်ငါးလုပ်ငန်းရေပြင်တွင် ရေနေသတ္တဝါများ၊ ငါးသယံဇာတအရင်းအမြစ်များ၊ သန္တာကျောက်တန်းများ၊ ငါးမျိုးနေရင်းတည်ရာများ၊ ငါးမျိုးပေါက်ဖွားရာနေရာများနှင့် ဇီဝဂေဟစနစ်များကို ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်း သို့မဟုတ် ရေထုညစ်ညမ်းစေခြင်း၊

(စ) တားမြစ်ထားသည့် ငါးဖမ်းကိရိယာ၊ ငါးဖမ်းပိုက်အရွယ်အစား သို့မဟုတ် အခြားပစ္စည်းကိရိယာတစ်ခုခုဖြင့် ငါးများကိုဖမ်းဆီးခြင်း သို့မဟုတ် တားမြစ်ထားသည့် ငါးဖမ်းနည်းဖြင့်ဖမ်းဆီးခြင်း သို့မဟုတ် တားမြစ်ထားသည့် ငါးဖမ်းရာသီနှင့်နေရာဒေသတွင် ဖမ်းဆီးခြင်း၊

(ဆ) တားမြစ်ထားသည့် ငါးအမျိုးအစား သို့မဟုတ် အရွယ်အစားကိုဖြစ်စေ၊ နို့တိုက်ရေနေသတ္တဝါကို ဖြစ်စေ ဖမ်းဆီးခြင်း၊

(ဇ) ဖမ်းဆီးရန်သတ်မှတ်ထားသော ငါးပမာဏထက်ပို၍ ဖမ်းဆီးခြင်း။

၅၆။ မည်သူမဆို ငါးလုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါတစ်ခုခုကို ကျူးလွန်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ၆ လမှ အများဆုံး ၃ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ် သိန်း ၁၀၀ အထိ ငွေဒဏ်ချမှတ်ခြင်း ခံရမည် -

(က) တားမြစ်ထားသည့် ငါးအမျိုးအစားကို ရောင်းဝယ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊

(ခ) စားသုံးသူ၏ ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သော သို့မဟုတ် ပတ်ဝန်းကျင်အား ထိခိုက်စေနိုင်သော ရေထွက်ပစ္စည်းကို ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊

(ဂ) ရေထွက်ပစ္စည်းများတွင် အလေးချိန်တိုးစေရန် သတ္တုနှင့် ပြင်ပပစ္စည်းများ ထည့်သွင်းပြုလုပ်ခြင်း၊

(ဃ) သက်ဆိုင်ရာဦးစီးဌာနမှူး၊ စစ်ဆေးရေးမှူး သို့မဟုတ် စစ်ဆေးရေးအဖွဲ့ဝင်များက စစ်ဆေးနေစဉ် ငါးများ၊ ငါးဖမ်းကိရိယာများနှင့် အခြားသက်သေခံပစ္စည်းတစ်စုံတစ်ရာကို အရေးယူခြင်းမပြုနိုင်ရန် ကွယ်ဝှက်ခြင်း၊ ဖျောက်ဖျက်ခြင်း သို့မဟုတ် စွန့်ပစ်ခြင်း။

၅၇။ မည်သည့်ငါးလုပ်ငန်းရှင်မဆို အောက်ဖော်ပြပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ၆ လမှ အများဆုံး ၃ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ် သိန်း ၁၀၀ အထိ ငွေဒဏ်ချမှတ်ခြင်း ခံရမည် -

(က) ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က) မှ (စ) အထိပါ ငါးလုပ်ငန်းရှင်၏ တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်း၊

(ခ) ပုဒ်မ ၂၇ ပါ ငါးဖမ်းခြင်းလုပ်ငန်းလိုင်စင်ရရှိသော ငါးလုပ်ငန်းရှင်၏ တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်း။

၅၈။ မည်သည့်ငါးဖမ်းရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်မှူးမဆို ပုဒ်မ ၂၈ နှင့် ၂၉ တို့ပါ လိုက်နာရမည့်တာဝန်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ၆ လမှ အများဆုံး ၃ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ် သိန်း ၁၀၀ အထိ ငွေဒဏ်ချမှတ်ခြင်း ခံရမည်။

၅၉။ မည်သည့်နိုင်ငံခြား ငါးဖမ်းရေယာဉ်၏ ပိုင်ရှင် သို့မဟုတ် ရေယာဉ်မှူးမဆို ပိုင်နက်ပင်လယ်ပြင်ပမှ ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ရေတိမ်ပိုင်းအတွင်း ပုဒ်မ ၃၀ ပါ လိုက်နာရမည့်တာဝန်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ၆ လမှ အများဆုံး ၃ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ချမှတ်ခြင်း ခံရမည်။

၆၀။ <u>နိုင်ငံခြားသား၊ နိုင်ငံခြားဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီ၊ အသင်းအဖွဲ့သည် ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ပြီး တရားရုံးက ငွေဒဏ်ချမှတ်ခြင်းခံရလျှင်သော်လည်းကောင်း၊ ဦးစီးဌာနက စီမံခန့်ခွဲရေးအမိန့်အရ ဒဏ်ကြေးငွေပေးဆောင်စေရန် အမိန့်ချမှတ်ခြင်းခံရလျှင်သော်လည်းကောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းရန်အတွက်ခွင့်ပြုထားသော နိုင်ငံခြားငွေအမျိုးအစားများဖြင့် စာရင်းလွှဲပြောင်းနည်းကိုအသုံးပြု၍ နိုင်ငံတော်၏ တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပေးဆောင်ရမည်။</u>

၆၁။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန်အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ရမည်။

## အခန်း (၁၆)

## အထွေထွေ

၆၂။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့် နိုင်ငံခြားငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ (ဥပဒေအမှတ် ၁၁/၁၉၈၉) နှင့် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ (ဥပဒေအမှတ် ၉/၁၉၉၀) တို့အရ ထုတ်ပေးခဲ့သည့် လိုင်စင်နှင့် မှတ်ပုံတင်တို့သည် ခွင့်ပြုသက်တမ်းပြည့်သည်အထိ ဆက်လက်လုပ်ကိုင်ခွင့်ရှိပြီး အဆိုပါ ခွင့်ပြုသက်တမ်းကုန်ဆုံးပြီးနောက် ပင်လယ်ငါးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက ဤဥပဒေနှင့်အညီ လိုအပ်သောလိုင်စင်၊ ခွင့်ပြုမိန့်နှင့် ထောက်ခံချက်တို့ကို လျှောက်ထားရယူရမည်။

၆၃။ ဤဥပဒေအရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူဆောင်ရွက်သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မည်သည့်တရားရုံးတွင်မျှ တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တရားစွဲဆို အရေးယူခွင့် မရှိစေရ။

၆၄။ ဤဥပဒေအရ ပေးအပ်သောတာဝန်ကို သဘောရိုးဖြင့်ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးအား တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း သို့မဟုတ် အခြားနည်းဖြင့် အရေးယူခြင်း မပြုရ။

၆၅။ (က) ဤဥပဒေအရ ဦးစီးဌာနကရရန်ရှိသော အခကြေးငွေနှင့် ဒဏ်ကြေးငွေများကို ဝင်ငွေခွန်မပြေ ကျန်ငွေဖြစ်သကဲ့သို့မှတ်ယူ၍ အရကောက်ခံရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ကိစ္စအလို့ငှာ ဦးစီးဌာနက တာဝန်ပေးအပ်သူ သို့မဟုတ် သက်ဆိုင်ရာ ဦးစီးဌာနမှူးသည် တည်ဆဲဥပဒေများအရ အခွန်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံး ဆောင်ရွက်ခွင့် ရှိစေရမည်။

၆၆။ စစ်ဆေးရေးမှူး သို့မဟုတ် စစ်ဆေးရေးအဖွဲ့က စစ်ဆေးတွေ့ရှိသည့် မှတ်တမ်းအရ ငါးဖမ်းရေယာဉ်က ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ကြောင်း စွပ်စွဲထားသည့် အမှုတွင် စွပ်စွဲခြင်းခံရသူက ငါးဖမ်းရေယာဉ်မှာ ထိုနေရာတွင်မရှိကြောင်း ငြင်းဆိုသည့်ကိစ္စ၌ သက်သေ ထင်ရှားပြသနိုင်ခြင်းမရှိလျှင် ငါးဖမ်းရေယာဉ်မှာ ထိုကျူးလွန်သည့် နေရာတွင်ရှိသည်ဟု မှတ်ယူရမည်။

၆၇။ (က) ပုဒ်မ ၂၉ နှင့်အညီ ငါးဖမ်းကိရိယာများကို ထားသိုခြင်း၊ သိမ်းဆည်းထားခြင်း မပြုပါက ငါးဖမ်းခြင်းပြုသည်ဟု မှတ်ယူခြင်းခံရမည်။

(ခ) ပင်လယ်ငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းခြင်းလိုင်စင်နှင့် ငါးသယ်ယူပို့ဆောင်ခြင်းလိုင်စင်မရှိဘဲ ငါးဖမ်းရေယာဉ် သို့မဟုတ် ငါးသယ်ယူပို့ဆောင်ရေးရေယာဉ်ပေါ်တွင် ငါးများတွေ့ရှိပါက ထိုငါးများကို တရားမဝင်ဖမ်းဆီးသည်ဟု မှတ်ယူခြင်းခံရမည်။

၆၈။ ဦးစီးဌာနသည် ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း၌ ရေထုညစ်ညမ်းမှုအန္တရာယ် ကျရောက်နေကြောင်း စိစစ်တွေ့ရှိလျှင် ယင်းရေပြင်ရှိ သက်ဆိုင်ရာငါးလုပ်ငန်းများကို သင့်လျော်သည့်အချိန်ကာလအထိ ဆိုင်းငံ့ခြင်း၊ ရပ်ဆိုင်းခြင်း သို့မဟုတ် လိုအပ်သောအမိန့်ထုတ်ပြန်ခြင်း ပြုနိုင်သည်။

၆၉။ (က) ငါးလုပ်ငန်းများအား စီမံခန့်ခွဲခြင်း၊ ငါးသယံဇာတအရင်းအမြစ်များ ထိန်းသိမ်းခြင်း၊ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေးဆောင်ရွက်ခြင်း တို့ကို ဦးစီးဌာနက ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ငါးလုပ်ငန်းဆိုင်ရာ သုတေသနနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများကို ဦးစီးဌာန၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်ခွင့်ရှိသည်။

၇၀။ ဦးစီးဌာနသည် နိုင်ငံတော်အကျိုးငှာ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်အတွက် အခကြေးငွေပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ရှိသည့် ငါးလုပ်ငန်းအမျိုးအစား၊ အရေအတွက်နှင့် ပမာဏတို့ကိုလည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခု အကျိုးသက်ရောက်စေခြင်းမှ စည်းကမ်းချက်ထား၍ဖြစ်စေ၊ စည်းကမ်းချက်မထားဘဲ ဖြစ်စေ၊ ကင်းလွတ်ခွင့်ပြုခြင်းတို့ကိုလည်းကောင်း ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်နိုင်သည်။

၇၁။ စစ်ဆေးရေးမှူးများသည် ငါးလုပ်ငန်းတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ မိမိတို့၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် လိုအပ်ပါက မြန်မာနိုင်ငံရေတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။

၇၂။ တရားရုံးသည် ပုဒ်မ ၅၀၊ ၅၁၊ ၅၂၊ ၅၃၊ ၅၄၊ ၅၅၊ ၅၆၊ ၅၇၊ ၅၈ သို့မဟုတ် ပုဒ်မ ၅၉ အရ ပြစ်မှု ထင်ရှားတွေ့ရှိလျှင် တရားရုံးရှေ့မှောက်သို့ တင်ပြသည့် သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းခြင်းပြုနိုင်သည်။

၇၃။ ဤဥပဒေအရ ဦးစီးဌာနက အရေးယူဆောင်ရွက်ပြီးသော သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ မည်သို့စီမံဆောင်ရွက်ထားကြောင်းကို အစီရင်ခံစာဖြင့် တရားရုံးသို့ တင်ပြရမည်။

၇၄။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ တရားရုံးတစ်ရုံးရုံးက ဤဥပဒေအရ ချမှတ်သောအမိန့်သည် ဤဥပဒေအရ ဦးစီးဌာန၏ အရေးယူဆောင်ရွက်ခြင်းအပေါ် ထိခိုက်မှုမရှိစေရ။

၇၅။ ဤဥပဒေဖြင့်ရုပ်သိမ်းသည့် နိုင်ငံခြားငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ (ဥပဒေမှတ် ၁၁/ ၁၉၈၉) နှင့် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ (ဥပဒေအမှတ် ၉/၁၉၉၀) တို့အရ ထုတ်ပြန်သည့် လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။

၇၆။ ဤဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည်လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၇၇။ နိုင်ငံခြား ငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ ဥပဒေအမှတ် ၁၁/၁၉၈၉) နှင့် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၉/၁၉၉၀) တို့ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

## ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေမူကြမ်း လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ ဖွဲ့စည်းခြင်း

၁။ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်စန်းချစ် က ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်စွဲဖြင့် လက်မှတ်ရေးထိုးပြီး တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၉၄ ဦး၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅၀ ဦး၊ စုစုပေါင်း တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ၁၄၄ ဦး လက်မှတ်ရေးထိုးတင်ပြလာသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်တွင် လက်ခံရရှိခဲ့ပါသည်။

၂။ **ဖွဲ့စည်းခြင်း။** ပြည်ထောင်စုလွှတ်တော်နာယကသည် အထက်ပါဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်နိုင်ရန် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင်အားလုံးပါဝင်သော “ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယ

အကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ” ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၅ နှင့်အညီ အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးခင်မောင်ဝင်း | လမ်းမတော်မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးဇော်မင်း | စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၆) | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးစတီဖန် | ကျိုင်းတုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဒေါ်မာမာခိုင် | သထုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဒေါက်တာဝေဖြိုးအောင် | သာကေတမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးဝေလှိုင်ထွန်း | ပုသိမ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးပါထန်း | မတူပီမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးအောင်စိန် | ထားဝယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးဘရှိန် | ကျောက်ဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးမင်းသိန်း | တောင်တွင်းကြီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးဌေးဌေ | မြောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးဇော်ဝင်း | ထန်းတပင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဗိုလ်မှူးချုပ်မောင်မောင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဎ) | ဦးနေမျိုးထွန်း | ထန်းတပင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဏ) | ဦးစိုင်းဝင်းအေး (ခ) စိုင်းထွန်းအေး | မိုင်းရှူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (တ) | ဦးအောင်ကြည်ညွန့် | မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| (ထ) | ဦးသိန်းလွင် | ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁၀) | အဖွဲ့ဝင် |
| (ဒ) | ဒေါ်နန်းနီနီအေး | ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| (ဓ) | ဒေါ်ကျိန်ငိုက်မန် | ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၇) | အဖွဲ့ဝင် |
| (န) | ဦးလားလ်မင်းထန် | ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁၀) | အဖွဲ့ဝင် |
| (ပ) | ဒေါက်တာမျိုးအောင် | ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁၀) | အဖွဲ့ဝင် |
| (ဖ) | ဒေါ်နွယ်နွယ်အောင် | မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| (ဗ) | ဒေါ်လှဌေး (ခ) ဒေါ်အုန်းကြည် | မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| (ဘ) | ဦးစိုင်းထွန်းအောင် | ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| (မ) | ဦးကျော်ကျော် | ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| (ယ) | ဦးအောင်သိန်း | ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁၂) | အဖွဲ့ဝင် |
| (ရ) | ဦးစိုးမိုး | ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| (လ) | ဗိုလ်မှူးချုပ်တင့်လွင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဝ) | ဦးကျော်စိုးလင်း | ပြည်ကြီးတံခွန်မဲဆန္ဒနယ် | တွဲဖက်အတွင်းရေးမှူး |
| (သ) | ဒေါက်တာမြတ်ဉာဏစိုး | ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၃) | အတွင်းရေးမှူး |

၃။ **တာဝန်နှင့် လုပ်ပိုင်ခွင့်များ။** ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ကော်မတီသည် အထက်အပိုဒ် ၁ ပါ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လေ့လာစိစစ်ပြီး လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီသည် ဆွေးနွေးဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံစာ မတင်ပြမီ အချိန်အထိ ပေါက်ကြားမှုမရှိစေရန် လျှို့ဝှက်အဆင့် သတ်မှတ်ဆောင်ရွက်ရမည်။

(ဂ) ကော်မတီ အစည်းအဝေးတွင် ဆွေးနွေးမှုအားလုံးကို အသေးစိတ်မှတ်တမ်းတင်အတည်ပြုထားရမည်။ သို့သော် ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။

(ဃ) ဥက္ကဋ္ဌသည် ကော်မတီအစည်းအဝေးကို သင့်လျော်သလို ခေါ်ယူကျင်းပနိုင်သည်။

(င) ကော်မတီအစည်းအဝေးများတွင် အဖွဲ့ဝင်ဦးရေထက်ဝက်ကျော်တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

(စ) ကော်မတီအစည်းအဝေးများတွင် အခြားပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို မထိခိုက်စေဘဲ လွတ်လပ်စွာ ပြောဆိုဆွေးနွေးမှုများအတွက် လွှတ်တော်ဆိုင်ရာဥပဒေများမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဆ) ကော်မတီအစည်းအဝေးများတွင် အတည်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရန် လိုအပ်ပါက ယင်းအစည်းအဝေးသို့ တက်ရောက်သည့်ကော်မတီဝင်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။ သဘောကွဲလွဲမှုများကို အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရမည်။

၄။ **အစီရင်ခံစာတင်ပြခြင်း။** ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ ကော်မတီတွင် ဆွေးနွေးဆုံးဖြတ်ပြီးပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာမူကြမ်းကို ပြုစု၍ ကော်မတီအစည်းအဝေးတွင် တင်ပြရမည်။

(ခ) အစီရင်ခံစာမူကြမ်းကို ကော်မတီက သဘောတူလျှင် ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ နာယကထံ တင်ပြရမည်။

(ဂ) ကော်မတီဥက္ကဋ္ဌမရှိလျှင် သဘာပတိတာဝန်ထမ်းဆောင်သော ကော်မတီဝင်တစ်ဦးက လက်မှတ်ရေးထိုးတင်ပြနိုင်သည်။

(ဃ) ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် နောက်ဆုံးထား၍ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံ တင်ပြရမည်။

၅။ **သက်တမ်း။** ကော်မတီ၏သက်တမ်းသည် ကော်မတီ၏လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာအပေါ် လွှတ်တော်၏အဆုံးအဖြတ်ရယူပြီးသည့်အချိန်ထိ ဖြစ်သည်။

၆။ ကော်မတီသည် အစီရင်ခံစာတင်သွင်းနိုင်ရေး အစည်းအဝေးခေါ်ယူကျင်းပရာတွင် လိုအပ်ပါက ဥပဒေမူကြမ်း တင်သွင်းထားသော လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြားဆွေးနွေးနိုင်သည်။

၇။ ကော်မတီသည် အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီးပါက ဆွေးနွေးဆုံးဖြတ်ချက်နှင့် အစီရင်ခံစာမှတ်တမ်းများ၊ စာရွက်စာတမ်းအထောက်အထားများ အားလုံးကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ စနစ်တကျ လွှဲပြောင်းအပ်နှံရမည်။

(ပုံ) တီခွန်မြတ်
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၇၅/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

## ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေမူကြမ်း လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်စွဲဖြင့် လက်မှတ်ရေးထိုးပြီး ရွေးကောက်ခံပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၃၅ ဦး၊ တပ်မတော်သားပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၁၀ ဦး၊ စုစုပေါင်း ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၄၅ ဦး လက်မှတ်ရေးထိုးတင်ပြလာသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်တွင် လက်ခံရရှိခဲ့ပါသည်။

၂။ **ဖွဲ့စည်းခြင်း။** ပြည်ထောင်စုလွှတ်တော်နာယကသည် အထက်ပါဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်နိုင်ရန် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင်အားလုံးပါဝင်သော “ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေမူကြမ်း လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ” ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၅ နှင့်အညီ အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးခင်မောင်ဝင်း | လမ်းမတော်မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးဇော်မင်း | စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၆) | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးစတီဖန် | ကျိုင်းတုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဒေါ်မာမာခိုင် | သထုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဒေါက်တာဝေဖြိုးအောင် | သာကေတမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးဝေလှိုင်ထွန်း | ပုသိမ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးပါထန်း | မတူပီမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးအောင်စိန် | ထားဝယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးဘရှိန် | ကျောက်ဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးမင်းသိန်း | တောင်တွင်းကြီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးဌေးငွေ | မြောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးဇော်ဝင်း | ထန်းတပင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဗိုလ်မှူးချုပ်မောင်မောင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဎ) | ဦးနေမျိုးထွန်း | ထန်းတပင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဏ) | ဦးစိုင်းဝင်းအေး (ခ) စိုင်းထွန်းအေး | မိုင်းရှူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (တ) | ဦးအောင်ကြည်ညွန့် | မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| (ထ) | ဦးသိန်းလွင် | ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁၀) | အဖွဲ့ဝင် |
| (ဒ) | ဒေါ်နန်းနီနီအေး | ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဓ) | ဒေါ်ကျိန်ငိုက်မန် | ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၇) | အဖွဲ့ဝင် |
| (န) | ဦးလားလ်မင်းထန် | ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁၀) | အဖွဲ့ဝင် |
| (ပ) | ဒေါက်တာမျိုးအောင် | ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၁၀) | အဖွဲ့ဝင် |
| (ဖ) | ဒေါ်နွယ်နွယ်အောင် | မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| (ဗ) | ဒေါ်လှဌေး (ခ) ဒေါ်အုန်းကြည် | မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| (ဘ) | ဦးစိုင်းထွန်းအောင် | ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| (မ) | ဦးကျော်ကျော် | ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| (ယ) | ဦးအောင်သိန်း | ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁၂) | အဖွဲ့ဝင် |
| (ရ) | ဦးစိုးမိုး | ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| (လ) | ဗိုလ်မှူးချုပ်တင့်လွင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဝ) | ဦးကျော်စိုးလင်း | ပြည်ကြီးတံခွန်မဲဆန္ဒနယ် | တွဲဖက်အတွင်းရေးမှူး |
| (သ) | ဒေါက်တာမြတ်ဉာဏစိုး | ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၃) | အတွင်းရေးမှူး |

၃။ **တာဝန်နှင့် လုပ်ပိုင်ခွင့်များ။** ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ကော်မတီသည် အထက်အပိုဒ် ၁ ပါ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လေ့လာ စိစစ်ပြီး လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီသည် ဆွေးနွေးဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံစာ မတင်ပြမီ အချိန်အထိ ပေါက်ကြားမှုမရှိစေရန် လျှို့ဝှက်အဆင့် သတ်မှတ်ဆောင်ရွက်ရမည်။

(ဂ) ကော်မတီ အစည်းအဝေးတွင် ဆွေးနွေးမှုအားလုံးကို အသေးစိတ်မှတ်တမ်းတင်အတည်ပြုထားရမည်။ သို့သော် ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။

(ဃ) ဥက္ကဋ္ဌသည် ကော်မတီအစည်းအဝေးကို သင့်လျော်သလို ခေါ်ယူကျင်းပနိုင်သည်။

(င) ကော်မတီအစည်းအဝေးများတွင် အဖွဲ့ဝင်ဦးရေထက်ဝက်ကျော်တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

(စ) ကော်မတီအစည်းအဝေးများတွင် အခြားပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို မထိခိုက်စေဘဲ လွတ်လပ်စွာ ပြောဆိုဆွေးနွေးမှုများအတွက် လွှတ်တော်ဆိုင်ရာဥပဒေများမှအပ အခြားဥပဒေအရ အရေးယူ ခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဆ) ကော်မတီအစည်းအဝေးများတွင် အတည်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့်စပ်လျဉ်း၍ မဲခွဲ ဆုံးဖြတ်ရန် လိုအပ်ပါက ယင်းအစည်းအဝေးသို့ တက်ရောက်သည့်ကော်မတီဝင်များ၏ များရာ ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။ သဘောကွဲလွဲမှုများကို အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရမည်။

၄။ **အစီရင်ခံစာတင်ပြခြင်း။** ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ ကော်မတီတွင် ဆွေးနွေးဆုံးဖြတ်ပြီးပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာမူကြမ်းကို ပြုစု၍ ကော်မတီအစည်းအဝေးတွင် တင်ပြရမည်။

(ခ) အစီရင်ခံစာမူကြမ်းကို ကော်မတီက သဘောတူလျှင် ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ နာယကထံ တင်ပြရမည်။

(ဂ) ကော်မတီဥက္ကဋ္ဌမရှိလျှင် သဘာပတိတာဝန်ထမ်းဆောင်သော ကော်မတီဝင်တစ်ဦးက လက်မှတ် ရေးထိုးတင်ပြနိုင်သည်။

(ဃ) ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက် နောက်ဆုံးထား၍ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံ တင်ပြရမည်။

၅။ **သက်တမ်း။** ကော်မတီ၏သက်တမ်းသည် ကော်မတီ၏လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာအပေါ် လွှတ်တော်၏အဆုံးအဖြတ်ရယူပြီးသည့်အချိန်ထိ ဖြစ်သည်။

၆။ ကော်မတီသည် အစီရင်ခံစာတင်သွင်းနိုင်ရေး အစည်းအဝေးခေါ်ယူကျင်းပရာတွင် လိုအပ်ပါက ဥပဒေမူကြမ်း တင်သွင်းထားသော လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြားဆွေးနွေးနိုင်သည်။

၇။ ကော်မတီသည် အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီးပါက ဆွေးနွေးဆုံးဖြတ်ချက်နှင့် အစီရင်ခံစာမှတ်တမ်းများ၊ စာရွက်စာတမ်းအထောက်အထားများ အားလုံးကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ စနစ်တကျ လွှဲပြောင်းအပ်နှံရမည်။

(ပုံ) တီခွန်မြတ်
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၆/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ (မူကြမ်း)

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်　။)**

၁၃၈၁ ခုနှစ်၊　　လဆန်း/လပြည့်ကျော်　ရက်
(၂၀၁၉ ခုနှစ်၊　　လ　　ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၄ တွင် -

(က) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄)၊ ပုဒ်မခွဲငယ်စိတ် (ဂဂ) ၏ နောက်တွင် ပုဒ်မခွဲငယ်စိတ် (ဃဃ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**"သို့မဟုတ်**

(ဃဃ) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူ။"

(ခ) ပုဒ်မခွဲ (ခ) ကို ပယ်ဖျက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၀၉၃/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်)

### လုပ်ပိုင်ခွင့်အပ်နှင်းခြင်း

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) နှင့် (ခ) ပါ ပြဋ္ဌာန်းချက်များနှင့် ဇယား (၁/၂) တို့အရ အမျိုးသားလွှတ်တော်၏ ရငွေသုံးငွေများနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို အမျိုးသားလွှတ်တော်ရုံး၊ အမြဲတမ်းအတွင်းဝန်အား လွှဲအပ်ဆောင်ရွက်စေလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၇၆၈/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ သာစည်မြို့နယ်တရားရုံးမှ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီး ဦးကျော်ဇင်နိုင် (တ/၂၈၀၂) အား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၇၆၉/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီးများအား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည် -

| အမှတ်စဉ် | အမည်နှင့်ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့်မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဒေါ်ခင်သန္တာညွန့် တ/၃၂၁၄ | ဒေးဒရဲ ဧရာဝတီတိုင်းဒေသကြီး |

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၂။ | ဒေါ်ပပဇင်<br>တ/၃၃၆၅ | ပုလဲ<br>စစ်ကိုင်းတိုင်းဒေသကြီး |
| ၃။ | ဒေါ်ဖြူသင်းခိုင်<br>တ/၃၃၆၇ | ပဲခူး<br>ပဲခူးတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၈၂၂/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)

### ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၊ အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၁၀၁၈/၂၀၁၇) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခဲ့သော ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန် တက္ကသိုလ်၊ ဥပဒေပညာဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာခင်မာရီ **အစား** ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်တက္ကသိုလ်၊ ဥပဒေပညာဌာနမှ ပါမောက္ခ ဒေါက်တာခင်ခင်ဦးဖြင့် ပြင်ဆင် ဖွဲ့စည်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၇၉/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးဉာဏ်လှိုင် ကို ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၂) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့် နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၈၀/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဒေါ်ကြည်ကြည်မြ ကို မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၃) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့် နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၈၁/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးအောင်ကြိုင် ကို မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၅) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့် နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၈၂/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဒေါ်သင်းသင်း ကို မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၄) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့် နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၈၃/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးစန်းမြင့် ကို မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီး မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၃) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၈၄/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

**ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးလွင်ဦး ကို ရှမ်းပြည်နယ်၊ မိုင်းဆတ်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၃) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၈၅/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးတင်ရှိန် ကို ရှမ်းပြည်နယ်၊ မိုင်းတုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၃) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၁၈၆/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

**နာဂအမျိုးသားပါတီ [Naga National Party (NNP)]ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့၊ ဇီးဖြူကုန်းရပ်ကွက်တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **နာဂအမျိုးသားပါတီ [Naga National Party (NNP)]** ကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**နာဂအမျိုးသားပါတီ [Naga National Party (NNP)]** ၏ မှတ်ပုံတင်အမှတ်သည် (၁၂၀) ဖြစ်ပါသည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၁၈၇/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

**ပြည်သူ့အင်အားပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့၊ အမှတ် (၆) ရပ်ကွက်၊ စစ်တောင်းလမ်း၊ အမှတ် (၁၄၃/က) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပြည်သူ့အင်အားပါတီ** ကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပြည်သူ့အင်အားပါတီ** ၏ မှတ်ပုံတင်အမှတ်သည် (၁၂၁) ဖြစ်ပါသည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ကြေညာချက်အမှတ် (၁၈၈/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

**ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးတင်ဆင့် ကို မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၄) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၈၉/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးတင်မောင်အေး ကို မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၁) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့် နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၉၀/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးကျော်ခင် ကို မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၅) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့် နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်)

**ဦးစီးအရာရှိရာထူးတိုးမြှင့်ခန့်ထားခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး၊ လစာနှုန်း(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၄၅) ဦးတို့အား ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၉) ၏ သဘောတူညီချက်အရ ယင်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြထားသည့် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန၊ ကော်ခွဲရုံး | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန၊ ကော်ခွဲရုံး |
|---|---|---|
| (၁) | ဒေါ်အေးအေးအောင်<br>ဒုတိယဦးစီးမှူး<br>မကွေးတိုင်းဒေသကြီး | <br>ဦးစီးအရာရှိ<br>မကွေးတိုင်းဒေသကြီး |

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန၊ ကော်ခွဲရုံး | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန၊ ကော်ခွဲရုံး |
|---|---|---|
| (၂) | ဦးထွန်းထွန်းလှိုင်<br>ဒုတိယဦးစီးမှူး<br>ပဲခူးတိုင်းဒေသကြီး | <br>ဦးစီးအရာရှိ<br>ပဲခူးတိုင်းဒေသကြီး |
| (၃) | ဒေါ်တင်တင်မြ<br>ဒုတိယဦးစီးမှူး<br>ကြည့်မြင်တိုင်မြို့နယ် | <br>ဦးစီးအရာရှိ<br>ကြည့်မြင်တိုင်မြို့နယ် |
| (၄) | ဒေါ်အိအိမိုး<br>ဒုတိယဦးစီးမှူး<br>ရမည်းသင်းခရိုင် | <br>ဦးစီးအရာရှိ<br>ဝမ်းတွင်းမြို့နယ် |
| (၅) | ဒေါ်ဆုမြတ်ပန်<br>ဒုတိယဦးစီးမှူး<br>သနပ်ပင်မြို့နယ် | <br>ဦးစီးအရာရှိ<br>ပဲခူးခရိုင် |
| (၆) | ဦးစောအယ်ထူးကျော်<br>ဒုတိယဦးစီးမှူး<br>ရှမ်းပြည်နယ် (မြောက်ပိုင်း) ရုံးခွဲ | <br>ဦးစီးအရာရှိ<br>ရှမ်းပြည်နယ် |
| (၇) | ဒေါ်သိန်းသိန်းဝင်း<br>ဒုတိယဦးစီးမှူး<br>ပြည်သူ့လွှတ်တော်ဌာနခွဲ | <br>ဦးစီးအရာရှိ<br>ပြည်သူ့လွှတ်တော်ဌာနခွဲ<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး |
| (၈) | ဦးအောင်ဇေယျာဖြိုး<br>ဒုတိယဦးစီးမှူး<br>နတ်တလင်းမြို့နယ် | <br>ဦးစီးအရာရှိ<br>ပေါင်းတည်မြို့နယ် |
| (၉) | ဦးစိုင်းညီညီ<br>ဒုတိယဦးစီးမှူး<br>မိုးကောင်းမြို့နယ် | <br>ဦးစီးအရာရှိ<br>ဗန်းမော်မြို့နယ် |
| (၁၀) | ဒေါ်နိုင်နိုင်ဝင်း<br>ဒုတိယဦးစီးမှူး<br>လပွတ္တာမြို့နယ် | <br>ဦးစီးအရာရှိ<br>ဖျာပုံခရိုင် |
| (၁၁) | ဦးဟိန်းဇော်မြင့်<br>ဒုတိယဦးစီးမှူး<br>ကော့သောင်းမြို့နယ် | <br>ဦးစီးအရာရှိ<br>ကော့သောင်းမြို့နယ် |
| (၁၂) | ဒေါ်အေးစိတာ<br>ဒုတိယဦးစီးမှူး<br>ဖောင်းပြင်မြို့နယ် | <br>ဦးစီးအရာရှိ<br>မော်လိုက်ခရိုင် |
| (၁၃) | ဒေါ်ဝင်းဝင်းထက်<br>ဒုတိယဦးစီးမှူး<br>ဘုတ်ပြင်းမြို့နယ် | <br>ဦးစီးအရာရှိ<br>လောင်းလုံးမြို့နယ် |

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန၊ ကော်ခွဲရုံး | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန၊ ကော်ခွဲရုံး |
|---|---|---|
| (၁၄) | ဒေါ်ဇင်နွယ်ခိုင်<br>ဒုတိယဦးစီးမှူး<br>မင်းလှမြို့နယ် | <br>ဦးစီးအရာရှိ<br>သာယာဝတီခရိုင် |
| (၁၅) | ဒေါ်ဝင်းသန္တာထွေး<br>ဒုတိယဦးစီးမှူး<br>ချောင်းဆုံမြို့နယ် | <br>ဦးစီးအရာရှိ<br>ချောင်းဆုံမြို့နယ် |
| (၁၆) | ဒေါ်ဝေဝေဦး<br>ဒုတိယဦးစီးမှူး<br>ပျော်ဘွယ်မြို့နယ် | <br>ဦးစီးအရာရှိ<br>တောင်ငူခရိုင် |
| (၁၇) | ဦးပြည့်မောင်<br>ဒုတိယဦးစီးမှူး<br>မကွေးခရိုင် | <br>ဦးစီးအရာရှိ<br>မင်းတပ်ခရိုင် |
| (၁၈) | ဒေါ်သန္တာသိမ့်<br>ဒုတိယဦးစီးမှူး<br>ရန်ကင်းမြို့နယ် | <br>ဦးစီးအရာရှိ<br>ရန်ကုန် (အရှေ့ပိုင်း) ခရိုင် |
| (၁၉) | ဦးနေအောင်ကျော်<br>ဒုတိယဦးစီးမှူး<br>ဟိုပန်ခရိုင် | <br>ဦးစီးအရာရှိ<br>ဟိုပန်ခရိုင် |
| (၂၀) | ဒေါ်လဲ့လဲ့မွန်<br>ဒုတိယဦးစီးမှူး<br>ကျွန်းလှမြို့နယ် | <br>ဦးစီးအရာရှိ<br>ကျွန်းလှမြို့နယ် |
| (၂၁) | ဒေါ်လှကေခိုင်<br>ဒုတိယဦးစီးမှူး<br>နွားထိုးကြီးမြို့နယ် | <br>ဦးစီးအရာရှိ<br>ကယားပြည်နယ် |
| (၂၂) | ဒေါ်နှင်းယုအောင်<br>ဒုတိယဦးစီးမှူး<br>ထန်းတပင်မြို့နယ် | <br>ဦးစီးအရာရှိ<br>လှိုင်လင်ခရိုင် |
| (၂၃) | ဦးကျော်မင်းမောင်<br>ဒုတိယဦးစီးမှူး<br>မြင်းမူမြို့နယ် | <br>ဦးစီးအရာရှိ<br>မြောင်မြို့နယ် |
| (၂၄) | ဒေါ်ဝါဝါချို<br>ဒုတိယဦးစီးမှူး<br>ထားဝယ်မြို့နယ် | <br>ဦးစီးအရာရှိ<br>ရေးမြို့နယ် |
| (၂၅) | ဒေါ်ချယ်ရီ<br>ဒုတိယဦးစီးမှူး<br>လယ်ဝေးမြို့နယ် | <br>ဦးစီးအရာရှိ<br>လက်ပံတန်းမြို့နယ် |
| (၂၆) | ဦးကျော်စွာထွန်း<br>ဒုတိယဦးစီးမှူး<br>သပိတ်ကျင်းမြို့နယ် | <br>ဦးစီးအရာရှိ<br>ထီးချိုင့်မြို့နယ် |

| **စဉ်** | **အမည်၊ လက်ရှိရာထူး၊ ဌာန၊ ကော်ခွဲရုံး** | **တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန၊ ကော်ခွဲရုံး** |
|---|---|---|
| (၂၇) | ဒေါ်သီရိလွင်<br>ဒုတိယဦးစီးမှူး<br>ဆင်ပေါင်ဝဲမြို့နယ် | ဦးစီးအရာရှိ<br>တမူးခရိုင် |
| (၂၈) | ဒေါ်နန်းဆွယ်ငင်း<br>ဒုတိယဦးစီးမှူး<br>လင်းခေးမြို့နယ် | ဦးစီးအရာရှိ<br>နမ့်စန်မြို့နယ် |
| (၂၉) | ဦးမြတ်သူ<br>ဒုတိယဦးစီးမှူး<br>စစ်ကိုင်းမြို့နယ် | ဦးစီးအရာရှိ<br>စစ်ကိုင်းခရိုင် |
| (၃၀) | ဦးဇေယျာနိုင်<br>ဒုတိယဦးစီးမှူး<br>ပေါက်မြို့နယ် | ဦးစီးအရာရှိ<br>ကျေးသီးမြို့နယ် |
| (၃၁) | ဒေါ်ပိုးဒါလီ<br>ဒုတိယဦးစီးမှူး<br>မိုးညှင်းခရိုင် | ဦးစီးအရာရှိ<br>ဘိုကလေးမြို့နယ် |
| (၃၂) | ဒေါ်အေးသီတာထွန်း<br>ဒုတိယဦးစီးမှူး<br>တောင်ကြီးခရိုင် | ဦးစီးအရာရှိ<br>ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ |
| (၃၃) | ဦးသက်အောင်<br>ဒုတိယဦးစီးမှူး<br>ကန့်ဘလူမြို့နယ် | ဦးစီးအရာရှိ<br>ကမာရွတ်မြို့နယ် |
| (၃၄) | ဒေါ်အိသဇင်ကျော်<br>ဒုတိယဦးစီးမှူး<br>ရွှေတောင်မြို့နယ် | ဦးစီးအရာရှိ<br>တောင်ကုတ်မြို့နယ် |
| (၃၅) | ဒေါ်မြတ်စုမွန်<br>ဒုတိယဦးစီးမှူး<br>မိုးကုတ်မြို့နယ် | ဦးစီးအရာရှိ<br>မိုင်းရှူးမြို့နယ် |
| (၃၆) | ဦးအောင်ဖြိုးဝင်း<br>ဒုတိယဦးစီးမှူး<br>ရွှေကူမြို့နယ် | ဦးစီးအရာရှိ<br>မိုင်းကိုင်မြို့နယ် |
| (၃၇) | ဒေါ်သန်းသန်းအေး<br>ဒုတိယဦးစီးမှူး<br>ရှမ်းပြည်နယ် | ဦးစီးအရာရှိ<br>မိုင်းဆတ်ခရိုင် |
| (၃၈) | ဒေါ်မေသူဖြိုး<br>ဒုတိယဦးစီးမှူး<br>ပင်လည်ဘူးမြို့နယ် | ဦးစီးအရာရှိ<br>မက်မန်းခရိုင် |
| (၃၉) | ဦးသူရိန်ထွန်း<br>ဒုတိယဦးစီးမှူး<br>မုံရွာမြို့နယ် | ဦးစီးအရာရှိ<br>အမ်းမြို့နယ် |

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန၊ ကော်ခွဲရုံး | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန၊ ကော်ခွဲရုံး |
|---|---|---|
| (၄၀) | ဒေါ်မျိုးမျိုးအောင်<br>ဒုတိယဦးစီးမှူး<br>ဟိုပုံးမြို့နယ် | <br>ဦးစီးအရာရှိ<br>နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ |
| (၄၁) | ဒေါ်ခိုင်ဆွေသက်<br>ဒုတိယဦးစီးမှူး<br>အိမ်မဲမြို့နယ် | <br>ဦးစီးအရာရှိ<br>အိမ်မဲမြို့နယ် |
| (၄၂) | ဦးရှိုင်းအောင်<br>ဒုတိယဦးစီးမှူး<br>စီမံ/ဝန်ထမ်းဌာနစု | <br>ဦးစီးအရာရှိ<br>ပုဗ္ဗသီရိမြို့နယ် |
| (၄၃) | ဦးစိုင်းသန်းနိုင်<br>ဒုတိယဦးစီးမှူး<br>မံစီမြို့နယ် | <br>ဦးစီးအရာရှိ<br>ကသာမြို့နယ် |
| (၄၄) | ဒေါ်သီတာခိုင်<br>ဒုတိယဦးစီးမှူး<br>ကျောင်းကုန်းမြို့နယ် | <br>ဦးစီးအရာရှိ<br>မြောက်ဦးမြို့နယ် |
| (၄၅) | ဦးပြည့်ဖြိုးကျော်<br>ဒုတိယဦးစီးမှူး<br>မြဝတီမြို့နယ် | <br>ဦးစီးအရာရှိ<br>မြေပုံမြို့နယ် |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဖွဲ့စည်းပုံ တိုးချဲ့ဖွဲ့စည်းခြင်း

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၉) ၏ သဘောတူညီချက်အရ ကန့်ဘလူ ခရိုင်နှင့် မတူပီခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး (၂) ရုံးအား တိုးချဲ့ဖွဲ့စည်းခွင့်ပြုပါသဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၏ဖွဲ့စည်းပုံကို အရာထမ်းရာထူး (၆၁၅) နေရာ၊ အမှုထမ်းရာထူး (၁၉၅၁) နေရာ၊ စုစုပေါင်းရာထူး (၂၅၆၆) နေရာဖြင့် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)

**ဆိုရှယ်မီဒီယာအသုံးပြုမှုဆိုင်ရာ ကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ပြည်သူလူထုအသိပညာပေးလုပ်ငန်းများ (Civic Education) နှင့် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများ (Voter Education) ဆောင်ရွက်ရာတွင် ထိရောက်မှုရှိရန်နှင့် သတင်းအချက်အလက်များ ပြည်သူလူထုထံ အမြန်ဆုံးရောက်ရှိနိုင်မည့် ဆိုရှယ်မီဒီယာကိုလည်း နည်းလမ်းတစ်ရပ်အနေဖြင့် အသုံးပြုဆောင်ရွက်မည် ဖြစ်ပါသည်။

၂။ ဆိုရှယ်မီဒီယာအသုံးပြု၍ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျရှိစေရေးနှင့် ထိရောက်မှုရှိစေရေးတို့အတွက် အောက်ဖော်ပြပါ ကြီးကြပ်ရေးကော်မတီအား ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (က) | ဦးသက်ထွန်း | အဖွဲ့ဝင်<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ဥက္ကဋ္ဌ |
| (ခ) | ဦးခင်မောင်ဦး | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးလှထွန်း | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရွေးကောက်ပွဲခုံရုံးဆိုင်ရာ | အဖွဲ့ဝင် |
| (ဃ) | ဦးဝင်းဦးခိုင် | ညွှန်ကြားရေးမှူး<br>ရွေးကောက်ပွဲဌာန | အဖွဲ့ဝင် |
| (င) | ဦးစိုင်းကျော်သူ | ညွှန်ကြားရေးမှူး<br>ရွေးကောက်ပွဲခုံရုံးဌာန | အဖွဲ့ဝင် |
| (စ) | ဦးနန္ဒနေလင်း | ဒုတိယညွှန်ကြားရေးမှူး<br>နိုင်ငံရေးပါတီဌာနခွဲ | အဖွဲ့ဝင် |
| (ဆ) | ဦးသန့်ဇင်အောင် | ဒုတိယညွှန်ကြားရေးမှူး<br>သုတေသနနှင့် မှတ်တမ်းဌာနခွဲ | အဖွဲ့ဝင် |
| (ဇ) | ဦးဝင်းလွင်ဦး | လက်ထောက်ညွှန်ကြားရေးမှူး<br>သုတေသနနှင့် မှတ်တမ်းဌာနခွဲ | အဖွဲ့ဝင် |
| (ဈ) | ဒေါ်နယ်လီစန်း | လက်ထောက်ညွှန်ကြားရေးမှူး<br>ပြင်ပဆက်ဆံရေးအဖွဲ့ | အဖွဲ့ဝင် |
| (ည) | ဦးမြတ်ထွန်းဦး | ဒုတိယညွှန်ကြားရေးမှူး<br>သုတေသနနှင့် မှတ်တမ်းဌာနခွဲ | အတွင်းရေးမှူး |
| (ဋ) | ဒေါ်နေခြည်ကျော်မင်း | ဦးစီးအရာရှိ<br>သုတေသနနှင့် မှတ်တမ်းဌာနခွဲ | တွဲဖက်အတွင်းရေးမှူး |

၂။ ဆိုရှယ်မီဒီယာအသုံးပြုမှုဆိုင်ရာ ကြီးကြပ်ရေးကော်မတီသည် အောက်ပါလုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည် -

(က) ရွေးကောက်ပွဲဆိုင်ရာ၊ အသိပညာပေးခြင်းဆိုင်ရာအချက်အလက်များကို ရွေးကောက်ပွဲလုပ်ငန်းစဉ်ကာလအလိုက် ကော်မရှင်၏ Facebook စာမျက်နှာတွင် အချိန်နှင့်တစ်ပြေးညီလွှင့်တင်ခြင်း၊

(ခ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်စပ်လျဉ်းသည့် ဆိုရှယ်မီဒီယာပေါ်မှ သတင်းအမှားများ၊ သတင်းအတုအယောင်များ၊ အမုန်းစကားများ၊ အပြုသဘောမဆောင်သည့်မှတ်ချက်များကို စောင့်ကြည့်နိုင်ရေးအတွက် ဆိုရှယ်မီဒီယာစောင့်ကြည့်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ရေးဆောင်ရွက်ခြင်း၊

(ဂ) ဆိုရှယ်မီဒီယာစောင့်ကြည့်ရေးအဖွဲ့မှ ပေးပို့လာသည့် အချက်အလက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ ပြုစုတင်ပြခြင်း၊

(ဃ) တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လမ်းညွှန်ချက်နှင့်အညီ တုံ့ပြန်နိုင်ရေးဆောင်ရွက်ခြင်း၊

(င) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆိုရှယ်မီဒီယာသတင်းစာမျက်နှာ (Facebook Page) ၏ လုံခြုံရေးအား သတိပြုဆောင်ရွက်ခြင်း၊

(စ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆိုရှယ်မီဒီယာသတင်းစာမျက်နှာ (Facebook Page) ပေါ်တွင် လွှင့်တင်မည့်အချက်အလက်များကို ကော်မရှင်၏ခွင့်ပြုချက်ရယူ၍ လွှင့်တင်ခြင်း။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားပညာရေးမူဝါဒကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၉)**

ရန်ကုန်မြို့၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်)

**အဆင့်မြင့်ပညာပုဂ္ဂလိကကျောင်းများ လုပ်ငန်းညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေး ဦးစီးကော်မတီနှင့် ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်းများ၏ ပညာအရည်အသွေးစစ်ဆေးအကဲဖြတ်ရေးကော်မတီ ဖွဲ့စည်းခြင်း**

အမျိုးသားပညာရေးဥပဒေပုဒ်မ ၆ (ခ) အရ အမျိုးသားပညာရေး ရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်သော အဆင့်မြင့်ပညာ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများဆိုင်ရာ လုပ်ငန်းများအတွက် ကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

**(က) အဆင့်မြင့်ပညာပုဂ္ဂလိကကျောင်းများ လုပ်ငန်းညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေး ဦးစီးကော်မတီ**

| **စဉ်** | **အမည်** | **ရာထူး** | **တာဝန်** |
|---|---|---|---|
| ၁။ | ဒေါက်တာမျိုးကြွယ် | ဥက္ကဋ္ဌ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင် | ဥက္ကဋ္ဌ |
| ၂။ | ဒေါက်တာဦးညီလှငယ် | ဒုတိယဥက္ကဋ္ဌ<br>အမျိုးသားပညာရေးမူဝါဒကော်မရှင် | ဒုတိယဥက္ကဋ္ဌ(၁) |
| ၃။ | ဒေါက်တာမောင်မောင်ဝင့် | ဥက္ကဋ္ဌ၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့်<br>အရည်အသွေးအာမခံမှုအကဲဖြတ်ရေးကော်မတီ | ဒုတိယဥက္ကဋ္ဌ(၂) |
| ၄။ | ဒေါက်တာမြင့်ဆွေ | ဥက္ကဋ္ဌ၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ | ဒုတိယဥက္ကဋ္ဌ(၃) |
| ၅။ | ဒေါက်တာဇော်ဝေစိုး | ဥက္ကဋ္ဌ၊ ပါမောက္ခချုပ်များကော်မတီ | ဒုတိယဥက္ကဋ္ဌ(၄) |
| ၆။ | ဒေါက်တာသိန်းဝင်း | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ(၅) |

| စဉ် | အမည် | ရာထူး | တာဝန် |
|---|---|---|---|
| ၇။ | ဦးသန်းနွယ် | အဖွဲ့ဝင်၊ အမျိုးသားပညာရေးမူဝါဒကော်မရှင် | အဖွဲ့ဝင် |
| ၈။ | ဒေါက်တာမျိုးဝင်း | အဖွဲ့ဝင်၊ အမျိုးသားပညာရေးမူဝါဒကော်မရှင် | အဖွဲ့ဝင် |
| ၉။ | ဦးမောင်မောင်အေး | အဖွဲ့ဝင်၊ အမျိုးသားပညာရေးမူဝါဒကော်မရှင် | အဖွဲ့ဝင် |
| ၁၀။ | ဦးထွန်းနိုင် | အဖွဲ့ဝင်၊ အမျိုးသားပညာရေးမူဝါဒကော်မရှင် | အဖွဲ့ဝင် |
| ၁၁။ | ဒေါက်တာမြင့်သောင်း | အဖွဲ့ဝင်၊ အမျိုးသားပညာရေးမူဝါဒကော်မရှင် | အဖွဲ့ဝင် |
| ၁၂။ | ဒေါက်တာဝင်းအောင် | အဖွဲ့ဝင်၊ အမျိုးသားပညာရေးမူဝါဒကော်မရှင် | အဖွဲ့ဝင် |
| ၁၃။ | ဒေါက်တာခင်မာရီ | အဖွဲ့ဝင်၊ အမျိုးသားပညာရေးမူဝါဒကော်မရှင် | အဖွဲ့ဝင် |
| ၁၄။ | ဦးမဲအောင် | အဖွဲ့ဝင်၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီ | အဖွဲ့ဝင် |
| ၁၅။ | ဒေါက်တာသန်းထွဋ်ဦး | အဖွဲ့ဝင်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ | အဖွဲ့ဝင် |
| ၁၆။ | ဒေါက်တာအေးမြင့် | ညွှန်ကြားရေးမှူးချုပ်၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၇။ | ကိုယ်စားလှယ်တစ်ဦး | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် | အဖွဲ့ဝင် |
| ၁၈။ | ဒေါက်တာနေဝင်းဦး | တွဲဖက်အတွင်းရေးမှူး အမျိုးသားပညာရေးမူဝါဒကော်မရှင် | အဖွဲ့ဝင် |
| ၁၉။ | ဒေါက်တာကြည်ရွှင် | အဖွဲ့ဝင်၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီ | အဖွဲ့ဝင် |
| ၂၀။ | ဒေါက်တာကျော်ကျော်ခေါင် | ဥက္ကဋ္ဌ၊ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက ကျောင်းများကြီးကြပ်ရေးအဖွဲ့ | အဖွဲ့ဝင် |
| ၂၁။ | ဒေါက်တာသန့်စင်အေး | ဒုတိယညွှန်ကြားရေးမှူးချုပ် အမျိုးသားပညာရေးမူဝါဒကော်မရှင် | အတွင်းရေးမှူး |
| ၂၂။ | ဦးသာညို | ညွှန်ကြားရေးမှူး အမျိုးသားပညာရေးမူဝါဒကော်မရှင် | တွဲဖက် အတွင်းရေးမှူး |

## (က-၁) ရည်ရွယ်ချက်

(က) အဆင့်မြင့်ပညာရေးလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းဆောင်ရွက်မှုကို အားပေးမြှင့်တင်ရန်၊

( ခ ) နိုင်ငံတကာအသိအမှတ်ပြု အရည်အသွေးအာမခံချက်ရှိသည့် အဆင့်မြင့်ပညာပုဂ္ဂလိကကျောင်းများ စနစ်တကျ ဖွံ့ဖြိုးလာစေရန်၊

( ဂ ) သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိန်းညှိဆောင်ရွက်ခြင်းဖြင့် အဆင့်မြင့်ပညာပုဂ္ဂလိကကျောင်းများအပေါ် ပြည်သူများ၏ ယုံကြည်ကိုးစားမှုကို မြှင့်တင်ရန်။

## (က-၂) လုပ်ငန်းတာဝန်များ

(၁) အဆင့်မြင့်ပညာ ပုဂ္ဂလိကကျောင်းများကို အမျိုးသားပညာရေးဥပဒေပါ ရည်မှန်းချက်များ၊ ပညာရေးဆိုင်ရာမူဝါဒများ၊ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်တည်ထောင်နိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီများ၊ အဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၂) အဆင့်မြင့်ပညာပုဂ္ဂလိကကျောင်းများ၏ အသိအမှတ်ပြုခြင်း၊ အသိအမှတ်မပြုခြင်း၊ တည်ထောင်ဖွင့်လှစ်ခြင်း၊ ပိတ်သိမ်းခြင်းနှင့်စပ်လျဉ်းသည့် မူဝါဒလမ်းညွှန်များ ချမှတ်ပေးခြင်း၊

(၃) အစိုးရအဆင့်မြင့်ပညာကျောင်းများနှင့် အဆင့်မြင့်ပညာပုဂ္ဂလိကကျောင်းများအကြား ပူးပေါင်းဆောင်ရွက်နိုင်ရန် မူဝါဒလမ်းညွှန်များ ချမှတ်ခြင်း၊

(၄) အခါအားလျော်စွာ ပုဂ္ဂလိကကဏ္ဍမှ အဆင့်မြင့်ပညာရေးဝန်ဆောင်မှုပေးသူများ၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများထံမှ တင်ပြချက်များ၊ အကြံပြုချက်များကို ရယူခြင်း၊

(၅) အဆင့်မြင့်ပညာရေးလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို စောင့်ကြည့်လေ့လာ စိစစ်အကဲဖြတ်ခြင်း၊

(၆) အဆင့်မြင့်ပညာ ပုဂ္ဂလိကကျောင်းများ တည်ထောင်ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်းသည့် အခြေအနေများကို သက်ဆိုင်ရာများသို့ တစ်နှစ်လျှင် (၁) ကြိမ် အစီရင်ခံခြင်း။

## (ခ) ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်းများ၏ ပညာအရည်အသွေးစစ်ဆေးအကဲဖြတ်ရေးကော်မတီ

| စဉ် | အမည် | ရာထူး | တာဝန် |
|---|---|---|---|
| ၁။ | ဒေါက်တာကြည်ရွှင် | အဖွဲ့ဝင်၊ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီ | အဖွဲ့ခေါင်းဆောင် |
| ၂။ | ဒေါက်တာစိုးရင် | အဖွဲ့ဝင်၊ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီ | ဒုတိယအဖွဲ့ခေါင်းဆောင်(၁) |
| ၃။ | ဒေါက်တာဇော်ဝင်း | အတွင်းရေးမှူး၊ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေး အာမခံမှုအကဲဖြတ်ရေးကော်မတီ | ဒုတိယအဖွဲ့ခေါင်းဆောင်(၂) |
| ၄။ | ဒေါက်တာခင်မောင်အေး | အဖွဲ့ဝင်၊ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီ | အဖွဲ့ဝင် |
| ၅။ | ဒေါက်တာမြတ်သန္တာ | အဖွဲ့ဝင်၊ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီ | အဖွဲ့ဝင် |
| ၆။ | ဒေါ်ခိုင်ခိုင်နွယ် | အဖွဲ့ဝင်၊ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီ | အဖွဲ့ဝင် |
| ၇။ | ဒေါက်တာချာလီသန်း | အဖွဲ့ဝင်၊ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီ | အဖွဲ့ဝင် |
| ၈။ | ဒေါက်တာမမလေး | အဖွဲ့ဝင်၊ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီ | အဖွဲ့ဝင် |
| ၉။ | ဦးမဲအောင် | အဖွဲ့ဝင်၊ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီ | အတွင်းရေးမှူး |
| ၁၀။ | ဒေါက်တာခင်နိုင်ဦး | အဖွဲ့ဝင်၊ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီ | တွဲဖက်အတွင်းရေးမှူး(၁) |
| ၁၁။ | ဒေါ်ခင်မာထွေး | အဖွဲ့ဝင်၊ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီ | တွဲဖက်အတွင်းရေးမှူး(၂) |
| ၁၂။ | ဦးစံထွန်း | ဒုတိယညွှန်ကြားရေးမှူး အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ် ရေးကော်မတီ | တွဲဖက်အတွင်းရေးမှူး(၃) |

## (ခ-၁) ရည်ရွယ်ချက်

(၁) မှန်ကန်၍ စည်းကမ်းပြည့်ဝသော ပြည်သူ့အကျိုးပြု ပုဂ္ဂလိကပညာရေးစနစ် ဖြစ်ထွန်းလာစေရန်၊

(၂) ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်းများ၏ ပညာအရည်အသွေး ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(၃) ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်းများ၏ ပညာအရည်အသွေးအဆင့်အတန်းနှင့် အာမခံမှုတို့ကို စစ်ဆေးအကဲဖြတ်ရန်၊

(၄) ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်းများ၏ ပညာအရည်အသွေးအဆင့်အတန်းကို အများပြည်သူတို့ ယုံကြည်ကိုးစားလာစေရန်။

## (ခ-၂) လုပ်ငန်းတာဝန်များ

(၁) နိုင်ငံတကာတက္ကသိုလ်များနှင့် အဖွဲ့အစည်းများမှ လာရောက်ဖွင့်လှစ်ထားသော ပညာရေးအဆင့် အသီးသီးရှိ ကျောင်းများ၊ သင်တန်းများ၏ သက်ဆိုင်ရာ နိုင်ငံတကာကွန်ရက်များနှင့်ချိတ်ဆက်၍ ဆောင်ရွက်နေသည့် အခြေအနေများကို သိရှိရန်နှင့် မှန်ကန်မှု ရှိ မရှိ စိစစ်ရန်၊

(၂) ကျောင်းတွင်းအရည်အသွေး (Internal Quality Assurance) စနစ် ရှိ မရှိနှင့် ဆောင်ရွက်ထား သည့် အခြေအနေကို စိစစ်ရန်၊

(၃) ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်းများ၏ သင်ရိုးညွှန်းတမ်းနှင့်သင်ရိုးမာတိကာများ မှန်ကန်မှုနှင့် ခိုင်မာမှု ရှိ မရှိ စိစစ်ရန်၊

(၄) ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်းများတွင် ပညာသင်ကြားပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ လုံလောက်မှု ရှိ မရှိ၊ ၎င်းတို့၏ ပညာအရည်အချင်း/သင်ကြားရေးအတွေ့အကြုံများစိစစ်ရန်၊

(၅) သင်ကြား၊ စီမံဝန်ထမ်းများ၏ အရည်အသွေး၊ ကျွမ်းကျင်မှုနှင့် စဉ်ဆက်မပြတ် တိုးတက်စေရေး ဆောင်ရွက်မည့် အစီအစဉ်များ ရှိ မရှိကို စိစစ်အကဲဖြတ်ရန်၊

(၆) ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်းများတွင် သင်ကြား/သင်ယူမှုနည်းလမ်းများနှင့် စစ်ဆေး အကဲဖြတ်ခြင်းစနစ်ကို စိစစ်ရန်၊

(၇) ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်းများ၏ အခြေခံအဆောက်အဦပြည့်စုံမှု ရှိ မရှိ၊ သန့်ရှင်းလုံခြုံ၍ သင့်တင့်လျောက်ပတ်သော ကျောင်းပရိဝုဏ် ရှိ မရှိ၊ သင်ကြား/သင်ယူမှု အထောက်အကူပြု ပစ္စည်းလုံလောက်မှု ရှိ မရှိ စိစစ်ရန်၊

(၈) ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်းများနှင့် သင်တန်းအစီအစဉ်များကို အရည်အသွေးအကဲဖြတ် ဆန်းစစ်သောလုပ်ငန်းကို ဆောင်ရွက်ရန်၊

(၉) ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်း အမျိုးအစားအလိုက်အပ်နှင်းသည့် သင်တန်းဆင်းလက်မှတ်၊ အောင်လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့ဒီဂရီ၊ ဘွဲ့လွန်ဒီဂရီများကို စိစစ်ရန်၊

(၁၀) ဘွဲ့အမျိုးအစားအလိုက် သုတေသနဆောင်ရွက်မှုများ၊ စာတမ်းရေးသားတင်သွင်းမှုများ စနစ်တကျ ဆောင်ရွက်မှု ရှိ မရှိ စိစစ်ရန်၊

(၁၁) ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်းများ၏ အရည်အသွေးများကို စိစစ်ရန်အတွက် နိုင်ငံတကာ ကွန်ရက်များ၊ အဖွဲ့အစည်းများနှင့် လိုအပ်သလို ချိတ်ဆက်ဆောင်ရွက်ရန်၊

(၁၂) စစ်ဆေးတွေ့ရှိချက်များကို အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီမှတစ်ဆင့် ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်းများဆိုင်ရာ လုပ်ငန်းညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရေး ဦးစီးကော်မတီသို့ တင်ပြရန်။

ဥက္ကဋ္ဌ
အမျိုးသားပညာရေးမူဝါဒကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)

**ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ ဆပ်ကော်မတီများဖွဲ့စည်းခြင်း**

၁။ ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုလမ်းပြမြေပုံပါ မဟာဗျူဟာ အခြေခံမူဘောင်များနှင့် ကာလတို၊ ကာလရှည်လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် **ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီ၏ ဆပ်ကော်မတီ (၅) ခုကို** အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန် ပေးလိုက်သည် -

**(က) ကြီးကြပ်ကွပ်ကဲမှုဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) | ဦးဆက်အောင်<br>ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးသာဦး<br>ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဦးအောင်ထူး<br>ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးရဲမင်းဦး<br>ဒုတိယမြို့တော်ဝန်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၅) | ဦးထွန်းထွန်းနိုင်<br>အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးစိုးသိန်း<br>အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးသောင်းတင်<br>နာယက၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် | အဖွဲ့ဝင် |
| (၈) | ဦးဝေဖြိုး<br>ဒုတိယဥက္ကဋ္ဌ<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (၉) | ဦးမြမိုးအောင်<br>Managing Director<br>Kinetic Myanmar Technology Co., Ltd | အဖွဲ့ဝင် |
| (၁၀) | ဦးနိုင်ဝင်း<br>လက်ထောက်အတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

(၁၁) ဒေါက်တာထွန်းသူရသက် — တွဲဖက်အတွင်းရေးမှူး
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်

(ခ) ကြီးကြပ်ကွပ်ကဲမှုဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီက ချမှတ်သည့်မူဝါဒနှင့် လမ်းပြမြေပုံပါ လုပ်ငန်းစဉ်များနှင့်အညီ ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကွပ်ကဲကြပ်မတ်ခြင်း၊

(၂) ဒီဂျစ်တယ်စီးပွားရေးစနစ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်နှင့် အသစ်ပြဋ္ဌာန်းရန်လိုအပ်သည့် ဥပဒေများအတွက် အကြံပြုပေးရန်၊

(၃) e-Government ဦးဆောင်ကော်မတီ၊ e-ID စနစ် လုပ်ငန်းကော်မတီတို့က ဆောင်ရွက်လျက် ရှိသည့် လုပ်ငန်းများနှင့် Overlap မဖြစ်စေရေး ထိန်းကျောင်းပေးရန်။

(ဂ) **Digital Trade နှင့် e-Commerce ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ**

(၁) ဦးအောင်ထူး — ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(၂) ဦးမင်းမင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(၃) ဒေါ်မြင့်မြင့်ကြည် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
စာရင်းအင်းဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
နိုင်ငံတော်ငွေပေးချေမှုစနစ်ကြီးကြပ်မှုကော်မတီ

(၄) ဦးဝင်းသန့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အကောက်ခွန်ဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(၅) ဦးဝေဖြိုး — အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(၆) ဦးကျော်လင်း — အဖွဲ့ဝင်
ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်
မြန်မာနိုင်ငံဘဏ်များအသင်း

(၇) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(၈) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်

(၉) ဦးအောင်သူရ — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဃ) Digital Trade နှင့် e-Commerce ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) Digital Trade နှင့် e-Commerce အောင်မြင်ဖြစ်ထွန်းစေရန် မူဝါဒရေးဆွဲ၍ အားပေးရန်၊

(၂) ဒီဂျစ်တယ်ငွေပေးချေမှုစနစ်အောင်မြင်ရန်နှင့် ဒီဂျစ်တယ်ငွေပေးချေမှုစနစ်များအချင်းချင်း ချိတ်ဆက် ငွေပေးနိုင်ရန် မူဝါဒရေးဆွဲ၍ အားပေးရန်၊

(၃) ဒီဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံပါ သက်ဆိုင်ရာ Action Plan များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်။

**(င) SME လုပ်ငန်းများနှင့် ဦးစားပေးကဏ္ဍများ ဒီဂျစ်တယ် အသွင်ကူးပြောင်းရေး ဆပ်ကော်မတီ**

(၁) ဒေါက်တာထွန်းသူရသက် — ဥက္ကဋ္ဌ
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်

(၂) ဦးလှထွန်း — အဖွဲ့ဝင်
ဒုတိယအမြဲတမ်းအတွင်းဝန်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၃) ဒေါ်ရီရီခိုင် — အဖွဲ့ဝင်
အထွေထွေမန်နေဂျာ
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(၄) ဒေါ်အေးအေးစိန် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(၅) ဦးမြင့်ထွေး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(၆) ဒေါ်အေးအေးချစ် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(၇) ဒေါ်ညိမ်းညိမ်းမော် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ဗဟိုစာရင်းအင်းအဖွဲ့
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(၈) ဦးတင်မောင်သန့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပြည်တွင်းအခွန်များဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(၉) ဦးကျော်ဝင်းထွန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၁၀) ဦးမြမိုးအောင် — အဖွဲ့ဝင်
Managing Director
Kinetic Myanmar Technology Co., Ltd

(၁၁) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(၁၂) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်

(၁၃) ဦးသာထက် — အတွင်းရေးမှူး
နည်းပညာအကြံပေး
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(စ) SME လုပ်ငန်းများနှင့် ဦးစားပေးကဏ္ဍများ ဒီဂျစ်တယ် အသွင်ကူးပြောင်းရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် SME ထုတ်ကုန်များကို Digital Platform ပေါ်မှ နိုင်ငံတကာ ဈေးကွက် ရှာဖွေနိုင်ရေး စီစဉ်ပေးရန်၊

(၂) လက်ရှိစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ၊ အသေးစားအလတ်စားလုပ်ငန်းများနှင့် ဦးစားပေးကဏ္ဍကြီး (၉) ခုကို ဒီဂျစ်တယ် နည်းပညာများ ထိရောက်စွာ အသုံးပြုလာနိုင်စေရန် စီမံဆောင်ရွက်ရန်၊

(၃) ဒီဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံပါ သက်ဆိုင်ရာ Action Plan များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(ဆ) **ဒီဂျစ်တယ် စီးပွားရေးအခြေခံအဆောက်အအုံနှင့် ဆိုက်ဘာလုံခြုံရေး ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ**

(၁) ဦးသာဦး — ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၂) ဦးဟန်မျိုးအောင် — အဖွဲ့ဝင်
ဒုတိယအမြဲတမ်းအတွင်းဝန်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(၃) ဒေါ်ခိုင်ရွှေဝါ — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
စာရင်းဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(၄) ရဲမှူးကြီးညွန့်ဝေ — အဖွဲ့ဝင်
နည်းပညာမှုခင်းဌာန၊ မှုခင်းရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(၅) ဦးရဲနိုင်မိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(၆) ဦးမောင်မောင်သန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပြည်သူ့အင်အားဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၇) ဦးကျော်သီဟ — အဖွဲ့ဝင်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

(၈) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(၉) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်

(၁၀) ဦးစိုးနိုင် — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဃ) ဒီဂျစ်တယ်စီးပွားရေး အခြေခံအဆောက်အအုံနှင့် ဆိုက်ဘာလုံခြုံရေး ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ဒီဂျစ်တယ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သော အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက် အကောင်အထည်ဖော်ရန်၊

(၂) ဒီဂျစ်တယ်နည်းပညာများ အသုံးပြုရာတွင် သတင်းအချက်အလက်လုံခြုံရေး၊ ဆိုက်ဘာလုံခြုံရေးအစီအမံများ ချမှတ်ဆောင်ရွက်ရန်၊

(၃) ဒီဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံပါ သက်ဆိုင်ရာ Action Plan များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။

## (စ၂) ဆန်းသစ်တီထွင်မှုနှင့် ဒီဂျစ်တယ်အတတ်ပညာ မြှင့်တင်ရေး ဆပ်ကော်မတီ

(၁) ဦးရဲမင်းဦး — ဥက္ကဋ္ဌ
ဒုတိယမြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၂) ဦးဟန်လင်းအောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (သတင်း)
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန

(၃) ဒေါက်တာအေးအေးဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(၄) ဒေါက်တာသန့်သော်ကောင်း အဖွဲ့ဝင်
Executive Director
Myanmar Book Aid and Preservation
Foundation (MBAPF)

(၅) ဦးမြမိုးအောင် အဖွဲ့ဝင်
Managing Director
Kinetic Myanmar Technology Co., Ltd

(၆) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(၇) ကိုယ်စားလှယ် (၁) ဦး အတွင်းရေးမှူး
မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်

(ည) ဆန်းသစ်တီထွင်မှုနှင့် ဒီဂျစ်တယ်အတတ်ပညာ ကျွမ်းကျင်မှု မြင့်တင်ရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) နည်းပညာတီထွင်ဖန်တီးနိုင်မှု (Innovation) နှင့် စွန့်ဦးတီထွင်နိုင်မှု (Entrepreneurship) များ မြင့်တက်လာစေရန် စီမံဆောင်ရွက်ရန်၊

(၂) လူ့စွမ်းအားအရင်းအမြစ်များမှ ဒီဂျစ်တယ်နည်းပညာများ ကျွမ်းကျင်စွာတတ်မြောက်လာစေရန်နှင့် သုံးစွဲသူပြည်သူများမှ ဒီဂျစ်တယ်နည်းပညာများကို ထိရောက်စွာ အသုံးပြုနိုင်စွမ်းရှိစေရန် စီမံဆောင်ရွက်ရန်၊

(၃) ဒီဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံပါ သက်ဆိုင်ရာ Action Plan များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။

စိုးဝင်း
ဥက္ကဋ္ဌ
ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

### အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ ထပ်မံဖြည့်စွက်ဖွဲ့စည်းခြင်း

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၈) ဖြင့် ဖွဲ့စည်းခဲ့သော "အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ" တွင် အောက်ဖော်ပြပါပုဂ္ဂိုလ်အား **တွဲဖက်ဥက္ကဋ္ဌ** အဖြစ် ထပ်မံဖြည့်စွက်ဖွဲ့စည်းလိုက်သည် -

ဒေါက်တာမင်းရဲပိုင်ဟိန်း တွဲဖက်ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
စက်မှုဝန်ကြီးဌာန

ဥက္ကဋ္ဌ
အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ
ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ**

**ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်အား ထပ်မံဖြည့်စွက်ဖွဲ့စည်းခြင်း**

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၇) ဖြင့် ဖွဲ့စည်းခဲ့သော "အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ" အဖွဲ့ဝင်အဖြစ် **စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဒေါက်တာ မင်းရဲပိုင်ဟိန်း** အား ထပ်မံဖြည့်စွက် ဖွဲ့စည်းလိုက်သည်။

ဥက္ကဋ္ဌ
အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ
ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၆၄၃/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ် များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ်၊ ၂၃/၂၀၁၅ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၅၁/၂၀၁၉ ဖြင့် နိုင်ငံရေးရာဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဦးစိုးဟန် အား အမြဲတမ်းအတွင်းဝန်နှင့် ဆိုင်ရာဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်ခဲ့ပြီး နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၉၉/၂၀၁၉ အရ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် ပြောင်းရွှေ့ခန့်အပ်ခဲ့ရာ ယင်းအား ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၅၆/၂၀၁၉ အရ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့် ဦးစိုးဟန် သည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့်တာဝန်များအပြင် ဝန်ကြီးဌာန၏ တာဝန်များကို တာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ် ကျပ်ငွေ ၂၀၀,၀၀၀ (ကျပ်နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့် စရိတ်အပြင် ချီးမြှင့်ငွေ အဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်ဆန်းစုကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၄၃/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

### မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရှိ ရဲချုပ်ရုံးအဖွဲ့၊ ဒုတိယရဲချုပ်များရုံးအဖွဲ့နှင့် ဌာနကြီးမှူးများ၏ ရုံးအဖွဲ့များအား ပြင်ဆင်တိုးချဲ့ဖွဲ့စည်းခွင့်ပြုခြင်း

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် (ကြာသပတေး) နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၉) မှ သဘောတူခွင့်ပြုချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရှိ ရဲချုပ်ရုံးအဖွဲ့၊ ဒုတိယရဲချုပ်များရုံးအဖွဲ့နှင့် ဌာနကြီးမှူးများ၏ ရုံးအဖွဲ့တို့ကို အရာထမ်း ၁၈ နေရာ၊ အမှုထမ်း ၂၇ နေရာ၊ စုစုပေါင်း ၄၅ နေရာဖြင့် ဖွဲ့စည်းထားရှိရာမှ အရာထမ်း ၁ နေရာ၊ အမှုထမ်း ၁၂ နေရာ၊ စုစုပေါင်း ၁၃ နေရာ ထပ်မံတိုးချဲ့၍ အရာထမ်း ၁၉ နေရာ၊ အမှုထမ်း ၃၉ နေရာ၊ စုစုပေါင်း ၅၈ နေရာဖြင့် ပြင်ဆင်တိုးချဲ့ဖွဲ့စည်းခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၄၄/၂၀၁၉)

### မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲရေးဌာနကြီးအား ပြင်ဆင်တိုးချဲ့ဖွဲ့စည်းခွင့်ပြုခြင်း

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် (ကြာသပတေး) နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၉) မှ သဘောတူခွင့်ပြုချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲရေးဌာနကြီးကို အရာထမ်း ၄၃ နေရာ၊ အမှုထမ်း ၂၇၇ နေရာ၊ စုစုပေါင်း ၃၂၀ နေရာဖြင့် ဖွဲ့စည်းထားရှိရာမှ အရာထမ်း ၁၀ နေရာ၊ အမှုထမ်း ၁၂၈ နေရာ၊ စုစုပေါင်း ၁၃၈ နေရာ ထပ်မံတိုးချဲ့၍ အရာထမ်း ၅၃ နေရာ၊ အမှုထမ်း ၄၀၅ နေရာ၊ စုစုပေါင်း ၄၅၈ နေရာဖြင့် ပြင်ဆင်တိုးချဲ့ဖွဲ့စည်းခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၄၅/၂၀၁၉)

### မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲထောက်ပံ့ရေးဌာနကြီးအား ပြင်ဆင်တိုးချဲ့ဖွဲ့စည်းခွင့်ပြုခြင်း

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် (ကြာသပတေး) နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၉) မှ သဘောတူခွင့်ပြုချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲထောက်ပံ့ရေးဌာနကြီးကို အရာထမ်း ၅၈ နေရာ၊ အမှုထမ်း ၉၅၁ နေရာ၊ စုစုပေါင်း ၁,၀၀၉ နေရာဖြင့် ဖွဲ့စည်းထားရှိရာမှ အရာထမ်း ၁၆ နေရာ၊ အမှုထမ်း ၁၀၁ နေရာ၊ စုစုပေါင်း ၁၁၇ နေရာထပ်မံတိုးချဲ့၍ အရာထမ်း ၇၄ နေရာ၊ အမှုထမ်း ၁,၀၅၂ နေရာ၊ စုစုပေါင်း ၁,၁၂၆ နေရာဖြင့် ပြင်ဆင်တိုးချဲ့ဖွဲ့စည်းခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၄၆/၂၀၁၉)

### မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်းအား ပြင်ဆင်တိုးချဲ့ဖွဲ့စည်းခွင့်ပြုခြင်း

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် (ကြာသပတေး) နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၉) မှ သဘောတူခွင့်ပြုချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်းကို အရာထမ်း ၆၉ နေရာ၊ အမှုထမ်း ၄၆၂ နေရာ၊ စုစုပေါင်း ၅၃၁ နေရာဖြင့် ကျောင်းအုပ်ကြီးအား ရဲမှူးကြီးအဆင့်ဖြင့်လည်းကောင်း၊ ဒုတိယကျောင်းအုပ်ကြီးနှင့် နည်းပြမှူးချုပ်တို့အား ဒုတိယရဲမှူးကြီးအဆင့်ဖြင့်လည်းကောင်း ဖွဲ့စည်းထားရှိရာမှ

ကျောင်းအုပ်ကြီးအား ရဲမှူးချုပ်အဆင့်ဖြင့်လည်းကောင်း၊ ဒုတိယကျောင်းအုပ်ကြီးနှင့် နည်းပြမှူးချုပ်တို့အား ရဲမှူးကြီးအဆင့်ဖြင့်လည်းကောင်း၊ အရာထမ်း ၄ နေရာ၊ အမှုထမ်း ၁၄ နေရာ၊ စုစုပေါင်း ၁၈ နေရာ ထပ်မံတိုးချဲ့၍ အရာထမ်း ၇၃ နေရာ၊ အမှုထမ်း ၄၇၆ နေရာ၊ စုစုပေါင်း ၅၄၉ နေရာဖြင့် ပြင်ဆင်တိုးချဲ့ ဖွဲ့စည်းခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၄၇/၂၀၁၉)

### စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး အသစ်တိုးချဲ့ဖွဲ့စည်းခွင့်ပြုခြင်း

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် (ကြာသပတေး) နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၉) မှ သဘောတူခွင့်ပြုချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးအား အရာထမ်း ၇ နေရာ၊ အမှုထမ်း ၁၅၉ နေရာ၊ စုစုပေါင်း ၁၆၆ နေရာဖြင့် အသစ်တိုးချဲ့ဖွဲ့စည်းခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၄၈/၂၀၁၉)

### အကျဉ်းဦးစီးဌာန၊ ဖွဲ့စည်းပုံအား ပြင်ဆင်တိုးချဲ့ဖွဲ့စည်းခွင့်ပြုခြင်း

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် (ကြာသပတေး) နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၉) မှ သဘောတူခွင့်ပြုချက်အရ အကျဉ်းဦးစီးဌာနရှိ ရုံး၊ အကျဉ်းထောင်၊ အချုပ်ထောင်၊ ကုန်ထုတ်စခန်း၊ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းများကို အရာထမ်း ၃၅၀ နေရာ၊ အမှုထမ်း ၁၀,၁၈၉ နေရာ၊ စုစုပေါင်း ၁၀,၅၃၉ နေရာဖြင့် ဖွဲ့စည်းထားရှိရာမှ အရာထမ်း ၈၃ နေရာ၊ အမှုထမ်း ၉၂၄ နေရာ၊ စုစုပေါင်း ၁,၀၀၇ နေရာထပ်မံတိုးချဲ့၍ အရာထမ်း ၄၃၃ နေရာ၊ အမှုထမ်း ၁၁,၁၁၃ နေရာ၊ စုစုပေါင်း ၁၁,၅၄၆ နေရာဖြင့် ပြင်ဆင်တိုးချဲ့ဖွဲ့စည်းပြီး အကျဉ်းဦးစီးဌာနရှိ အောက်ဖော်ပြပါ "ခ" အဆင့် တိုင်းဒေသကြီး/ပြည်နယ် ညွှန်ကြားရေးမှူးရုံး ၅ ရုံးအား "က" အဆင့် ညွှန်ကြားရေးမှူးရုံးသို့လည်းကောင်း၊ "က" အဆင့် အကျဉ်းထောင် ၃၂ ခုအနက် အကျဉ်းထောင် ၅ ခုအား ဗဟိုအဆင့်အကျဉ်းထောင်သို့လည်းကောင်း အဆင့်တိုးမြှင့်ဖွဲ့စည်းခွင့်ပြုလိုက်သည် -

| စဉ် | ရုံး၊ အကျဉ်းထောင်အမည် | မူလအဆင့် | ပြင်ဆင်သည့်အဆင့် |
|---|---|---|---|
| (က) | ကယားပြည်နယ်ဦးစီးမှူးရုံး | "ခ" | "က" |
| (ခ) | ကရင်ပြည်နယ်ဦးစီးမှူးရုံး | "ခ" | "က" |
| (ဂ) | ချင်းပြည်နယ်ဦးစီးမှူးရုံး | "ခ" | "က" |
| (ဃ) | မွန်ပြည်နယ်ဦးစီးမှူးရုံး | "ခ" | "က" |
| (င) | မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး | "ခ" | "က" |
| (စ) | မြင်းခြံအကျဉ်းထောင် | "က" | ဗဟို |
| (ဆ) | မကွေးအကျဉ်းထောင် | "က" | ဗဟို |
| (ဇ) | မိုးညှင်းအကျဉ်းထောင် | "က" | ဗဟို |
| (ဈ) | ဒိုက်ဦးအကျဉ်းထောင် | "က" | ဗဟို |
| (ည) | ကျိုက်မရောအကျဉ်းထောင် | "က" | ဗဟို |

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

အမှတ် ၁၁၉ ။ ။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၉) ၏ သဘောတူညီချက်အရ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ရုပ်မြင်သံကြားဌာနခွဲ၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းမှ လက်ထောက်ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ဒေါ်H.Pရွယ်ဆိုင်း အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) အရ ၂၀၂၀ ပြည့်နှစ်၊ ဇီဇင်ဘာလ ၂၇ ရက်နေ့မှစတင်ခံစားမည့် အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို ငြင်းပယ်၍ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၇ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့အထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပါသဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့နံနက်ပိုင်းမှစ၍ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်)

အမှတ် ၁၂၀ ။ ။ ဤဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၅) ဖြင့် ဖွဲ့စည်းခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီတွင် အတွင်းရေးမှူး ဦးတင်ကိုဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန **အစား** ဒေါ်အေးအေးသွယ်၊ ဦးစီးအရာရှိ၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်။

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာ (၂၉၃/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ (ယခင်) ၏ ခွင့်ပြုချက်အရ ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၅၆၇/၂၀၁၆) ဖြင့် ကာကွယ်ရေးဝန်ကြီးဌာနက အသုံးပြုရန်မရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ အမှတ် (၉၃) ရပ်ကွက်၊ ရန်ကုန် တောင်ပိုင်းခရိုင်၊ သုံးခွမြို့နယ်၊ အိဿယျကျေးရွာအုပ်စု၊ ကွမ်းခြံကုန်းမြို့နယ်၊ သောင်ခုန်ကျေးရွာအုပ်စု၊ ကော့မှူးမြို့နယ်၊ လက်ခိုက်ကျေးရွာအုပ်စု၊ ကြာကန်ကျေးရွာအုပ်စု၊ ကန်သုံးကန်ကျေးရွာအုပ်စု၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ကျွန်းကုန်းကျေးရွာအုပ်စု၊ တင်ဆိပ်ကျေးရွာအုပ်စုနှင့် မှော်ဘီ မြို့နယ်၊ ပက်တန်းကျေးရွာအုပ်စုတို့ရှိ **စုစုပေါင်းမြေဧရိယာ (၂၄၃၃. ၅၂) ဧက** ကို နိုင်ငံတော်ပိုင်မြေ (State Land) အဖြစ် သတ်မှတ်ခဲ့ပါသည်။

၂။ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ (၁၂) ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်အမှတ်စဉ် ၇ (င) အရ နိုင်ငံတော်ပိုင်မြေ (State Land) အဖြစ် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ (၁၅၆၇/၂၀၁၆) ပါ မြေဧရိယာ (၂၄၃၃. ၅၂) ဧကအနက် ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ကျွန်းကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၀၂၉/မီးခိုးကန်ကွင်း)၊ ဦးပိုင်အမှတ် (-) ရှိ မြေဧရိယာ (၆၀၇. ၇၅) ဧကအား နိုင်ငံတော်ပိုင်မြေအဖြစ်မှ ပယ်ဖျက်ကြောင်းနှင့် ကျန်ရှိမြေဧရိယာ (၁၈၂၅. ၇၇) ဧကအား နိုင်ငံတော်ပိုင်မြေ (State Land) အဖြစ် အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာ (၂၉၆/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)

၁။ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့မှ ပိုလျှံသဖြင့် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရှင်တော်ကုန်း/ရေကြည်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၅၀၇/ရွေးစုမြောက်ကွင်း၊ ၅၀၉/ရွေးစုကွင်း၊ ၅၄၈/ရေကြည်ကွင်း)၊ မြေအမျိုးအစား - OA၊ အဆောက်အဦမြေ၊ ဦးပိုင်ပေါင်း (၁၅ ခု) ရှိ **မြေဧရိယာ ၆၀. ၀၀ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်စွဲပါ စာအမှတ်၊ ၁၄၀၆/၁-ကော်မတီ/မြေ (ဗဟို)/ ၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့မှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၆၀. ၀၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၂၉၇/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့၊ ဆန်းချီရပ်ကွက်၊ အကွက်အမှတ်/အမည်- ၂၄/တိုးချဲ့မြို့ကွက်သစ်၊ ဦးပိုင်အမှတ် (၉၅) မှ မြေဧရိယာ ၀. ၀၅၅ ဧကနှင့် ဦးပိုင်အမှတ် (၉၆) မှ မြေဧရိယာ ၀. ၀၅၅ ဧက၊ **စုစုပေါင်းမြေဧရိယာ ၀. ၁၁၀ ဧက** အား **သတ္တုတွင်းဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့် မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက** အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၂၉၈/၂၀၁၉)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့၊ ဆန်းချီရပ်ကွက်၊ အကွက်အမှတ်/အမည်- ၂၄/မြို့ကွက်သစ်၊ ဦးပိုင်အမှတ် (၁၅၈) မှ မြေဧရိယာ ၀. ၀၅၅ ဧက၊ ဦးပိုင်အမှတ် (၁၅၉) မှ မြေဧရိယာ ၀. ၀၅၅ ဧက၊ ဦးပိုင်အမှတ် (၁၆၀) မှ မြေဧရိယာ ၀. ၀၅၅ ဧက၊ ဦးပိုင်အမှတ် (၁၆၁) မှ မြေဧရိယာ ၀. ၀၅၅ ဧက၊ ဦးပိုင်အမှတ် (၁၆၂) မှ မြေဧရိယာ ၀. ၀၅၅ ဧက၊ ဦးပိုင်အမှတ် (၁၆၃) မှ မြေဧရိယာ ၀. ၀၅၅ ဧက၊ ဦးပိုင်အမှတ် (၁၆၄) မှ မြေဧရိယာ ၀. ၀၅၅ ဧက၊ ဦးပိုင်အမှတ် (၁၆၅) မှ မြေဧရိယာ ၀. ၀၅၅ ဧက၊ ဦးပိုင်အမှတ် (၁၆၆) မှ မြေဧရိယာ ၀. ၀၅၅ ဧက၊ ဦးပိုင်အမှတ် (၁၆၇) မှ မြေဧရိယာ

၀. ၀၅၅ ဧက၊ ဦးပိုင်အမှတ် (၂၀၈) မှ မြေဧရိယာ ၀. ၀၅၅ ဧက၊ ဦးပိုင်အမှတ် (၂၀၉) မှ မြေဧရိယာ ၀. ၀၅၅ ဧက၊ ဦးပိုင်အမှတ် (၂၁၀) မှ မြေဧရိယာ ၀. ၀၅၅ ဧက၊ ဦးပိုင်အမှတ် (၂၁၁) မှ မြေဧရိယာ ၀. ၀၅၅ ဧက၊ ဦးပိုင်အမှတ် (၂၁၂) မှ မြေဧရိယာ ၀. ၀၅၅ ဧက၊ ဦးပိုင်အမှတ် (၂၁၃) မှ မြေဧရိယာ ၀. ၀၅၅ ဧက၊ ဦးပိုင်အမှတ် (၂၁၄) မှ မြေဧရိယာ ၀. ၀၅၅ ဧက၊ ဦးပိုင်အမှတ် (၂၁၅) မှ မြေဧရိယာ ၀. ၀၅၅ ဧက၊ ဦးပိုင်အမှတ် (၂၁၆) မှ မြေဧရိယာ ၀. ၀၅၅ ဧကနှင့် ဦးပိုင်အမှတ် (၂၁၇) မှ မြေဧရိယာ ၀. ၀၅၅ ဧက၊ **စုစုပေါင်းမြေဧရိယာ ၁. ၁၀၀ ဧက** အား **အကောက်ခွန်ဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့် မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၂၉၉/၂၀၁၉)

၁။ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ဝဲဒေါင့်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၃၆၅/ဝဲဒေါင့်ကွင်း၊ ဦးပိုင်အမှတ် (၁၀၃) မှ မြေဧရိယာ ၀. ၄၇ ဧက၊ ဦးပိုင်အမှတ် (၁၀၅) မှ မြေဧရိယာ ၁. ၅၅ ဧက၊ ဦးပိုင်အမှတ် (၁၀၇) မှ မြေဧရိယာ ၀. ၅၀ ဧက၊ ဦးပိုင်အမှတ် (၁၀၈) မှ မြေဧရိယာ ၁. ၆၄ ဧက၊ ဦးပိုင်အမှတ် (၁၀၉) မှ မြေဧရိယာ ၀. ၄၆ ဧက၊ ဦးပိုင်အမှတ် (၁၁၀) မှ မြေဧရိယာ ၉. ၂၀ ဧက၊ ဦးပိုင်အမှတ် (၁၁၁) မှ မြေဧရိယာ ၅. ၁၅ ဧက၊ ဦးပိုင်အမှတ် (၁၃၀) မှ မြေဧရိယာ ၀. ၂၀ ဧက၊ ဦးပိုင်အမှတ် (၁၃၁) မှ မြေဧရိယာ ၀. ၁၈ ဧကနှင့် ဦးပိုင်အမှတ် (၁၃၂) မှ မြေဧရိယာ ၀. ၀၉ ဧက၊ **စုစုပေါင်းမြေဧရိယာ ၁၉. ၄၄ ဧက** အား **လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ တောင်ငူ (ဟင်းငုတ်ပင်) ပင်မဓာတ်အားခွဲရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသည့် မြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၃၀၀/၂၀၁၉)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့ အမှတ် (၃) ရပ်ကွက်၊ ကွင်း/ အကွက်အမှတ်နှင့် အမည် (၁၃/ယူကလစ်မြိုင်)၊ ဦးပိုင်အမှတ် (၁၂၄)၊ မြေဧရိယာ (၉. ၁၃၆) ဧကရှိ မြေအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန **မြို့နယ်ပြည်သူ့အားကစားကွင်း (အရာတော်)** မြေနေရာအဖြစ်အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၃၀၁/၂၀၁၉)

၁။ ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့နယ်၊ မိုင်းပွန်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆)၊ မြို့မကွင်း၊ ဦးပိုင်အမှတ် (၃၃-ခ)၊ မြေဧရိယာ (၀. ၁၄၉) ဧကအား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်း၊ **မြန်မာ့စာတိုက်လုပ်ငန်း (မိုင်းပွန်)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၅ အရ **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၃၀၂/၂၀၁၉)

၁။ ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဘောလခဲမြို့၊ ရှမ်းပိုင်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် [၁ (ခ) စုစည်းတောင်] ဦးပိုင်အမှတ် (၁၄၇)၊ မြေဧရိယာ (၀. ၂၉၃) ဧကရှိမြေအား နယ်စပ်ရေးရာဝန်ကြီးဌာန **ဘောလခဲခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ဝန်ထမ်းအိမ်ရာ)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ နယ်စပ်ရေးရာဝန်ကြီးဌာနသို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **နယ်စပ်ရေးရာဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

မင်းသူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၂၁၉/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ဆည်မြောင်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **ဆည်မြောင်းနည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ဆည်မြောင်းဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **ဥပဒေ**ဆိုသည်မှာ **ဆည်မြောင်းဥပဒေ** ကို ဆိုသည်။

(ခ) **မြောင်းပေါင်**ဆိုသည်မှာ တူးမြောင်း၊ ရေသွင်းမြောင်း၊ ရေလွှဲမြောင်း၊ ရေနုတ်မြောင်းတို့၏ ဘေးနှစ်ဖက်ရှိ ဘောင်များကိုဆိုသည်။ ယင်းစကားရပ်တွင် ရေဘေးကာကွယ်ရေး တာပေါင် များလည်း ပါဝင်သည်။

(ဂ) **ရေပေးမြောင်း**ဆိုသည်မှာ ဆည်ရေအသုံးပြုမည့်လုပ်ငန်းများသို့ ရေရောက်ရှိစေရန် သယ်ဆောင် ပေးသည့် ရေမြောင်းကို ဆိုသည်။

(ဃ) **မြောင်းမကြီး**ဆိုသည်မှာ ရေလှောင်တမံ သို့မဟုတ် ရေလွှဲဆည် သို့မဟုတ် မြစ်ရေတင်လုပ်ငန်းဖြင့် ရေကိုတိုက်ရိုက်ရယူပြီး ရေစီးပမာဏအများဆုံး သယ်ယူစီးဆင်းနိုင်သော အကြီးဆုံးရေပေးမြောင်းကို ဆိုသည်။

(င) **မြောင်းမခွဲ**ဆိုသည်မှာ မြောင်းမကြီးမှ ခွဲထွက်၍ ရေကိုရယူပြီး မြောင်းမကြီးရေစီးပမာဏအောက် လျော့နည်းသော ရေပေးမြောင်းကို ဆိုသည်။

(စ) **လက်တံမြောင်း**ဆိုသည်မှာ မြောင်းမကြီး သို့မဟုတ် မြောင်းမခွဲမှ ခွဲထွက်၍ ရေကိုရယူပြီး မြောင်းမခွဲရေစီးနှုန်း ပမာဏအောက် လျော့နည်းသော ရေပေးမြောင်းကို ဆိုသည်။

(ဆ) **လက်တံခွဲမြောင်း**ဆိုသည်မှာ လက်တံမြောင်းမှခွဲထွက်၍ ရေကိုရယူပေးဝေသော ရေပေးမြောင်းကို ဆိုသည်။

(ဇ) **ရေပေးပြွန်**ဆိုသည်မှာ ရေပေးမြောင်းတစ်ခုခုမှ ဆည်ရေကို ထုတ်ယူသုံးစွဲရန်အတွက် တပ်ဆင်ပေးသည့် ရေပြွန်ကိုဆိုသည်။

(ဈ) **ဆည်ရေ**ဆိုသည်မှာ ဆည်မြောင်း သို့မဟုတ် လယ်ကြားမြောင်းတို့မှပေးဝေသော ရေကိုဆိုသည်။

(ည) **တောင်သူများစိုက်ပျိုးရေရယူသုံးစွဲရေးအဖွဲ့**ဆိုသည်မှာ မြောင်းမခွဲ၊ လက်တံမြောင်း၊ လက်တံခွဲမြောင်းနှင့် ရေပေးပြွန်များအလိုက် တောင်သူများ စိုက်ပျိုးရေရယူသုံးစွဲရေးအဖွဲ့ငယ်များကို စုပေါင်းဖွဲ့စည်းထားသည့် အဖွဲ့ကို ဆိုသည်။

(ဋ) **တောင်သူများ စိုက်ပျိုးရေ ရယူသုံးစွဲရေးအဖွဲ့ငယ်**ဆိုသည်မှာ လယ်ကြားမြောင်းတစ်ခုချင်းအလိုက် ဆည်ရေအသုံးပြုသူ တောင်သူများအားလုံးဖြင့် ဖွဲ့စည်းထားသည့်အဖွဲ့ကို ဆိုသည်။

(ဌ) **ရေတင်လုပ်ငန်းနှင့် မြေအောက်ရေလုပ်ငန်း**ဆိုသည်မှာ စွမ်းအင်တစ်မျိုးမျိုးကို အသုံးပြု၍ဖြစ်စေ၊ မြေအနိမ့်အမြင့်သဘာဝအလျောက်ဖြစ်စေ၊ အလိုအလျောက်ဖြစ်စေ မြေပေါ်ရေနှင့် မြေအောက်ရေများကို ရယူအသုံးပြုသော လုပ်ငန်းကို ဆိုသည်။

## အခန်း (၂)
## ဆည်မြောင်းတည်ဆောက်ခြင်း

၃။ ဝန်ကြီးဌာနသည် အောက်ပါ ဆည်မြောင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်ပါက ဥပဒေပုဒ်မ ၄ အရ အမိန့်ကြော်ငြာစာထုတ်ပြန်ရမည် -

(က) ရေပေးဝေရန်နှင့် ရေသိုလှောင်ရန်အတွက် ဆည်မြောင်းနှင့်ဆက်စပ်အဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်း၊

(ခ) ရေကြီး၊ ရေနစ်၊ ရေနက်ကွင်းများအတွက် ရေနုတ်မြောင်းများတူးဖော်ခြင်းလုပ်ငန်း၊

(ဂ) စိုက်ပျိုးမွေးမြူရေးအတွက် ရေချိုသိုလှောင်နိုင်ရန် ရေငန်တားတမံ၊ ရေဘေးကာကွယ်ရေးတာတမံနှင့် ရေတံခါးတည်ဆောက်ခြင်းလုပ်ငန်း။

၄။ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဆည်မြောင်းအရာရှိ သို့မဟုတ် ယင်းကတာဝန်ပေးအပ်ခြင်းခံရသော ဦးစီးဌာနက အရာရှိသည် -

(က) ကြိုတင်စူးစမ်းလေ့လာတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(၁) လုပ်ငန်းတည်နေရာကို အနီးစပ်ဆုံး ၁ လက်မ = ၁ မိုင် မြေပုံပေါ်တွင် ဖော်ပြ၍ စူးစမ်းလေ့လာခြင်း၊

(၂) မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာအချက်အလက်များ ခန့်မှန်းတွက်ချက်ခြင်း၊

(၃) မြေပြင်တိုင်းတာမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၄) သီးနှံဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးရေလိုအပ်မှုနှင့် ကျေးရွာသောက်သုံးရေ လိုအပ်မှုများ လေ့လာခြင်း။

(ခ) အထက်အပိုဒ် (က) ပါ ကြိုတင်စူးစမ်းလေ့လာခြင်းလုပ်ငန်းများမှ ရရှိသော အချက်အလက်များအရ အကြိုဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာကိုရေးဆွဲပြီး စတင်ဆောင်ရွက်သည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း ဦးစီးဌာနသို့ တင်ပြရမည်။

(ဂ) အကြိုဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာအရ ဆည်မြောင်းတည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်နိုင်သည့် အခြေအနေရှိပါက ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (က) ပါ ဆည်မြောင်းတည်ဆောက်မည့် နယ်နိမိတ်လျာထားခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာကို ဦးစီးဌာနသို့ တင်ပြနိုင်ရန် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(၁) တောင်သူလယ်သမားများနှင့် သက်ဆိုင်သော စိုက်ပျိုးသီးနှံနှင့် လက်ရှိစိုက်ဧကများစသည့် အချက်အလက်များစုဆောင်းခြင်း၊

(၂) သဘာဝပတ်ဝန်းကျင်ဂေဟစနစ်နှင့် လူမှုစီးပွားဆိုင်ရာ ထိခိုက်မှု ရှိ မရှိ လေ့လာဆန်းစစ်ခြင်း၊

(၃) စီးပွားရေးတွက်ခြေကိုက်မှုဆိုင်ရာ လေ့လာဆန်းစစ်ခြင်း၊

(၄) ဇလဗေဒနှင့် ဘူမိဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်းနှင့် မြေပြင်အသေးစိတ် တိုင်းတာခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၅) မြေဆီလွှာစမ်းသပ်မှုများဆောင်ရွက်ခြင်း၊

(၆) ရေပေးဝေနိုင်မှုနှင့် မြေဆီလွှာအမျိုးအစားအခြေအနေပေါ်မူတည်၍ သီးနှံပုံစံများရေးဆွဲခြင်း။

၅။ ဦးစီးဌာနသည် သက်ဆိုင်ရာ ဆည်မြောင်းအရာရှိက တင်ပြလာသော ဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာကို သုံးသပ်ချက်နှင့်အတူ ဝန်ကြီးဌာနသို့ ဆက်လက်တင်ပြရမည်။

၆။ ဝန်ကြီးဌာနသည် ဦးစီးဌာနက တင်ပြလာချက်အပေါ်စိစစ်၍ ဆည်မြောင်းတည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်သင့်တော်သည်ဟု ထင်မြင်ယူဆပါက လိုအပ်သည့် မြေသိမ်းဆည်းခြင်းလုပ်ငန်းကို ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) အရ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၇။ ဆည်မြောင်းတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြေယာသိမ်းယူခြင်းကြောင့် ပေါ်ပေါက်လာသော ဆက်စပ်သည့် ပျက်စီးဆုံးရှုံးနစ်နာသူသည် ခရိုင်အုပ်ချုပ်ရေးမှူးထံ တည်ဆဲဥပဒေများနှင့်အညီ လျော်ကြေးကို တောင်းခံနိုင်သည်။

၈။ (က) ခရိုင်အုပ်ချုပ်ရေးမှူးသည် လျော်ကြေးသတ်မှတ်ချက်ကို သက်ဆိုင်ရာ လျော်ကြေးတောင်းခံသူထံ အကြောင်းကြားပြီး မိတ္တူတစ်စောင်ကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသို့ ပေးပို့ရမည်။

(ခ) ဦးစီးဌာနသည် နည်းဥပဒေခွဲ (က) အရ ပေးပို့သည့် အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ၁၄ ရက်အတွင်း လျော်ကြေးတောင်းခံသူက အယူခံဝင်ရောက်ခြင်း ရှိ မရှိ စောင့်ဆိုင်းရမည်။

(ဂ) သတ်မှတ်ကာလကုန်ဆုံးချိန်အထိ လျော်ကြေးတောင်းခံသူက အယူခံဝင်ရောက်ခြင်း မရှိလျှင်ဖြစ်စေ၊ အယူခံဝင်ရောက်သည့်အပေါ် တိုင်းဒေသကြီးအစိုးရ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက အတည်ပြုသည့် လျော်ကြေးငွေကို အကြောင်းကြားခဲ့လျှင်ဖြစ်စေ လျော်ကြေးငွေ ပေးချေနိုင်ရန် ဦးစီးဌာနသည် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ရေးဆွဲသည့် ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေ ငွေစာရင်းတွင် ထည့်သွင်းလျာထားတောင်းခံနိုင်ရန် ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဃ) ဝန်ကြီးဌာနက အနီးဆုံးဘဏ္ဍာရေးနှစ်တွင် ခွဲဝေချထားသည့် လျော်ကြေးငွေများကို ဘဏ္ဍာငွေ ရရှိသည့်အချိန်မှ ရက်ပေါင်း ၆၀ အတွင်း လျော်ကြေးတောင်းခံသူထံ ပေးရမည်။

၉။ လျော်ကြေးပေးသည့်ကိစ္စရပ်များ ပြီးပြတ်သည့်အခါ ခရိုင်ဆည်မြောင်းအရာရှိသည် ဆည်မြောင်း နယ်နိမိတ်သတ်မှတ်ကျောက်တိုင်များစိုက်ထူ၍ ဆည်မြောင်းတည်ဆောက်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ရမည်။

## အခန်း (၃)
## ဆည်မြောင်းများ ပြုပြင်ထိန်းသိမ်းခြင်း

၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆည်မြောင်းအရာရှိ၊ ခရိုင်ဆည်မြောင်းအရာရှိနှင့် မြို့နယ်ဆည်မြောင်းအရာရှိတို့က တည်ဆောက်ပြီးစီးသောဆည်မြောင်းလုပ်ငန်း တစ်ခုချင်းအလိုက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် နယ်နိမိတ်သတ်မှတ်ချက် တင်ပြလာသည့်အခါ ဦးစီးဌာနသည် ဆည်မြောင်းနယ်နိမိတ်သတ်မှတ်ခြင်းကို **ပုံစံ - ၁** ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်ရမည်။

၁၁။ တာဝန်ပေးအပ်ခြင်းခံရသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆည်မြောင်းအရာရှိ၊ ခရိုင်ဆည်မြောင်းအရာရှိနှင့် မြို့နယ်ဆည်မြောင်းအရာရှိတို့သည် မိမိတို့အုပ်ချုပ်မှုအောက်ရှိ ရေလှောင်တမံနှင့် ဆက်စပ်အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ -

(က) ပုံမှန်ထိန်းသိမ်းခြင်းနှင့် အရေးပေါ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ရေလှောင်တမံအဝင်လမ်း၊ အထွက်လမ်းများကို ပုံမှန်ပြုပြင်ထိန်းသိမ်းရမည်။

(ခ) ရေလှောင်တမံ၏ အပြင်ဘက်ဆင်ခြေလျှောနှင့် အောက်ခြေမှ အနည်းဆုံးပေ ၁၀၀ ခန့်အထိ မြက်ချုံရှင်းလင်းခြင်းလုပ်ငန်း ပုံမှန်ဆောင်ရွက်ရမည်။

(ဂ) ရေလှောင်တမံထိပ်နှင့် ဆင်ခြေလျှောဘေးများရှိ ရေမြောင်းငယ်များပိတ်ဆို့မှု မရှိစေရန် ရှင်းလင်းဆောင်ရွက်ရမည်။

(ဃ) ရေလှောင်တမံနှင့် ဆက်စပ်တည်ဆောက်ထားသော ကုန်းကြောတမံထိပ်မျက်နှာပြင် နိမ့်ကျနေပါက ရေကျော်၍ ကျိုးပေါက်ပျက်စီးမှု ဖြစ်နိုင်သဖြင့် နိမ့်ကျနေခြင်း ရှိ မရှိ အထူးစစ်ဆေးရမည်။

(င) ရေလှောင်တမံ၏ ရေဝေရေလဲဧရိယာအတွင်း သစ်၊ ဝါးများ တရားမဝင် ထုတ်ယူသယ်ဆောင်မှုကြောင့် တမံကိုယ်ထည်ထိခိုက်ပျက်စီးနိုင်သဖြင့် အထူးတားမြစ်ရမည်။

(စ) ရေထိန်းမျှော်စင်ရှိ ရေထုတ်ပိုက် သို့မဟုတ် ရေထုတ်ဥမင်တွင် သစ်တုံး၊ မြက်ချုံများ ပိတ်ဆို့မှု မရှိစေရန် ပုံမှန်စောင့်ကြည့်၍ ပိတ်ဆို့မှုရှိပါက ချက်ချင်းဖယ်ရှားရမည်။

(ဆ) ရေထိန်းမျှော်စင်တွင် ဒဏ်ခံဖိအားသက်ရောက်မှုမရှိစေရန် ရေဘား သို့မဟုတ် ရေထိန်းတံခါးဖွင့်ထား၍ ကန်ရေပြင်နှင့်အညီ ရေသွင်းထားရမည်။

(ဇ) ရေသွင်း၊ ရေထုတ်၊ ရေတံခါး အဖွင့်၊ အပိတ်လုပ်ငန်းများ မှားယွင်း၊ လွဲချော်မှု မရှိစေရန် အတွေ့အကြုံရှိသည့် ဝန်ထမ်းများကို ရွေးချယ်တာဝန်ပေးရမည်။

(စျ) ရေထိန်းမျှော်စင်ရှိ ရေသွင်း၊ ရေထုတ်တံခါးများ ချောဆီထည့်ခြင်း၊ ရေတံခါးရွက်များ လွယ်ကူစွာဖွင့်နိုင်ပိတ်နိုင်ခြင်း ရှိ မရှိ ကြိုတင်စစ်ဆေးခြင်း၊ လိုအပ်ပါက ရေသွင်းရေထုတ် တံခါးများနှင့် ရေတံခါးရွက်များတို့ကို ပြုပြင်ခြင်း ဆောင်ရွက်ရမည်။ အဆိုပါ ရေတံခါး အဖွင့်၊ အပိတ်လုပ်ငန်းများတွင် လျှပ်စစ်ဓာတ်အားသုံးစနစ်များ ပါဝင်ပါက လျှပ်စစ်ဂျန်နရေတာနှင့် ဘက်ထရီများ၊ စက်သုံးဆီ အဆင်သင့် ရှိ မရှိ စစ်ဆေးခြင်း၊ မရှိပါက အဆင်သင့်ရှိနေစေရန် ဆောင်ရွက်ရမည်။

(ည) ရေလှောင်တမံထိပ်မျက်နှာပြင် အစဉ်အမြဲညီအောင် ပြုပြင်ထိန်းသိမ်းရန်နှင့် ဦးစီးဌာနမှ လုပ်ငန်းစစ်ဆေးသော မော်တော်ယာဉ်ငယ်မှအပ အခြားယာဉ်များ ဖြတ်သန်းခြင်းကို စိစစ်ကြပ်မတ်ထိန်းသိမ်းရမည်။

(ဋ) ရေပိုလွှဲ၏ ရေဝင်လမ်းကြောင်းနှင့် ရေဆင်းလမ်းကြောင်းတစ်လျှောက် သစ်ပင်၊ သစ်တုံး၊ ဝါး၊ မြက်ချုံစသည်များကြောင့် ရေစီးရေလာပိတ်ဆို့မှုမရှိစေရန် ပုံမှန်စောင့်ကြည့်ခြင်း၊ ရေစီးရေလာပိတ်ဆို့မှုရှိပါက ဖယ်ရှားခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဌ) ရေပိုလွှဲမှ ထွက်လာသောရေများကြောင့် ရေပိုလွှဲအောက်ခြေကွန်ကရစ် ကြမ်းခင်းများ ကျိုးပေါက်ပျက်စီးခြင်း ရှိ မရှိ စစ်ဆေးရမည်။ ရှိပါက ပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရမည်။

(ဍ) ရေလှောင်တမံတွင် ခြတောင်ပို့များ၊ ကြွက်တွင်းများနှင့် ထူးပေါက်များ ရှိ မရှိ စစ်ဆေးရမည်။ ရှိပါက ချက်ချင်းပြုပြင်ရမည်။

(ပ) မြစ်ရေတိုး၍ ရေလှောင်တမံရေမြင့်နေသည့်အခါ ရေလှောင်တမံ၏ ဆင်ခြေလျှောနှင့်အောက်ခြေမှ ရေစိမ့်ယိုခြင်း ရှိ မရှိ စစ်ဆေးရမည်။ တွေ့ရှိပါက ချက်ချင်း အရေးပေါ်ပြုပြင်ရမည်။

(ဏ) တမံများ ဘေးကင်းလုံခြုံမှုကို မျက်မြင်အရ စောင့်ကြည့်သည့် ရေလှောင်တမံစစ်ဆေးမှုအစီရင်ခံစာ (Dam Surveillance Report) ပါ စစ်ဆေးရမည့် လုပ်ငန်းစဉ်များအတိုင်း ပုံမှန်ကြပ်မတ်စစ်ဆေး၍ ဦးစီးဌာနသို့ တင်ပြရမည်။

၁၂။ တာဝန်ပေးအပ်ခြင်းခံရသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆည်မြောင်းအရာရှိ၊ ခရိုင်ဆည်မြောင်းအရာရှိနှင့် မြို့နယ်ဆည်မြောင်းအရာရှိတို့သည် မိမိတို့အုပ်ချုပ်မှုအောက်ရှိ ရေလွှဲဆည်နှင့်ဆက်စပ်အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ -

(က) မိုးရာသီကုန်ဆုံးပါက ရေလွှဲဆည် အောက်ပိုင်းကြမ်းခင်းများ ရေတိုက်စားမှု ရှိ မရှိ တိုင်းတာစစ်ဆေးရမည်။

(ခ) မူလသတ်မှတ်သည့် ကြမ်းပြင်မျက်နှာပြင် အမြင့်ပေထက်လျော့နည်းနိမ့်ကျမှုရှိပါက ကြမ်းပြင်ဖြတ်ပိုင်းပုံစံဖြင့် တိုင်းတာစစ်ဆေးပြီး လိုအပ်သော အစိတ်အပိုင်းများကို မူလသတ်မှတ်ဒီဇိုင်းပုံစံအတိုင်း အမြင့်ပေရောက်ရှိစေရန် ပြန်လည်ပြုပြင် ဆောင်ရွက်ရမည်။

(ဂ) ရေလွှဲဆည်ထိပ်မှ အောက်ခြေကြမ်းခင်းတစ်လျှောက် မိုးရာသီရေကြီးမှုကြောင့် ဖြစ်ပေါ်လာသော ကွဲအက်နိမ့်ကျခြင်း၊ ရေစိမ့်ယိုခြင်း၊ ရေမလုံခြင်းများ ရှိ မရှိ စစ်ဆေး၍ လိုအပ်ပါက ပြုပြင်ရမည်။

(ဃ) ရေလွှဲဆည်အထက်ဘက်နှင့် အောက်ဘက် ဝဲ၊ ယာ ရေထိန်းတာရိုးတစ်လျှောက်နံရံများ၊ ကြမ်းခင်းများ မြစ်ရေတိုက်စားခံရ၍ ပျက်စီးပါက ပြုပြင်ရမည်။

(င) သဲထုတ်ရေတံခါးရှိပါက ၎င်းမှထွက်ရှိသော ရေအားကြောင့် ရေတိုက်စားနိုင်သည့် အဆိုပါသဲထုတ်ရေတံခါးနှင့်ကပ်လျက် ရေထိန်းတာပေါင်အောက်ရှိ ကြမ်းခင်းနှင့်တာပေါင်တစ်လျှောက် ရေတိုက်စားမှုများ ရှိ မရှိ စစ်ဆေးပြီးတွေ့ရှိက ပြုပြင်ရမည်။

(စ) ရေလွှဲဆည်အထက်ပိုင်း ရေပေးမြောင်းထိပ်ရေတံခါး၏ ဂီယာအစိတ်အပိုင်း၊ ရေတံခါးရွက်၊ သဲထုတ်ရေတံခါးနှင့် မြောင်းထိပ်ရေတံခါးအောက်ခြေများ ရေတိုက်စားမှုကြောင့် ချွတ်ယွင်းမှုရှိက ပြုပြင်ရမည်။

(ဆ) ရေလွှဲဆည်အထက်ပိုင်းတွင် ပုံမှန်ထက်ရေစီးနှုန်း လျော့နည်းပါက သဲနုန်းများပို့ချပြီး ရေစီးရေလာကို အနှောင့်အယှက်ဖြစ်စေနိုင်သဖြင့် ရေစီးရေလာနှောင့်ယှက်ခြင်းမဖြစ်စေရန် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းကို ပုံမှန်ဆောင်ရွက်ရမည်။

(ဇ) ရေမှတ်တိုင်များ ပြုပြင်ထိန်းသိမ်းရာတွင် -

(၁) ရေလွှဲဆည်နှင့်ရေပေးမြောင်းအနီးတပ်ဆင်ထားသော အထက်ရေမှတ်တိုင်နှင့် အောက်ဘက်ရှိ ရေမှတ်တိုင်ကို နှစ်စဉ်သတ်မှတ်အနိမ့်၊ အမြင့်ပေ ရှိ မရှိ တိုင်းတာရေးကိရိယာဖြင့် စစ်ဆေးရမည်။

(၂) ရေမှတ်တိုင်အမှတ်အသားများ အသစ်ဖြစ်စေရန် နှစ်စဉ်ဆေးသုတ်ရမည်။

(၃) သစ်သားရေမှတ်တိုင်များ ဆွေးမြည့်နေပါက အသစ်လဲလှယ်ရမည်။

၁၃။ မြို့နယ်ဆည်မြောင်းအရာရှိသည် ရေပေးမြောင်းများ၊ ရေတင်လုပ်ငန်းများ၊ မြေအောက်ရေရရှိရေးလုပ်ငန်းများနှင့် ဆက်စပ်ရေပေးအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) ရေပေးမြောင်းတိုင်းတာခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ -

(၁) မိမိအုပ်ချုပ်မှုအောက်ရှိ ရေပေးတူးမြောင်းများ၏ အောက်ခြေအကျယ်၊ ရေပေးနိုင်သောအမြင့်၊ ရေမှတ်တိုင်များ၏ကြမ်းပြင်ရေမှတ်၊ ရေပေးမြောင်း၊ ရေစီးနှုန်းပမာဏအချက်အလက်များကို ဌာနဆိုင်ရာ တရားဝင်ထုတ်ပေးထားသော မှတ်စုစာအုပ်တွင်ရေးသွင်းထိန်းသိမ်းထားရမည်။

(၂) ရေပေးမြောင်းအလိုက် မိုးရာသီတွင် ရေပြည့်ရေမှတ်အထိ ရေပေးဝေသည့်အခါ သတ်မှတ် အမြင့်ပေထက် လျော့နည်းနိမ့်ကျမှုရှိသော ဝဲ၊ ယာရေမြောင်းပေါင် အတိုင်းအတာများကို မှတ်စုစာအုပ်တွင် ရေးသားထားရမည်။

(၃) ရေပေးရာသီကုန်သည့်အခါ ရေပေးမြောင်းအောက်ခြေတစ်လျှောက် သဲနုန်းများပို့ချမှု ရှိ မရှိ၊ ရေပေးမြောင်းတိုက်စားမှု ရှိ မရှိ စစ်ဆေးရမည်။ ရှိပါက ရေပေးမြောင်းတစ်လျှောက်နှင့် ဝဲ၊ ယာဘောင်များကို တိုင်းတာရေးကိရိယာဖြင့် တိုင်းတာခြင်းနှင့် ဖြတ်ပိုင်းပုံအလျား လိုက် ပုံစံများထုတ်၍ ရေးဆွဲရမည်။

(၄) အထက်အပိုဒ် (၃) ပါ စစ်ဆေးမှုများကို နောက်ဆုံးသတ်မှတ်ထားသော ဒီဇိုင်းပုံစံများဖြင့် တိုက်ဆိုင်စစ်ဆေးရမည်။

(ခ) ရေပေးရာသီမတိုင်မီ ရေပေးမြောင်းများ ပြုပြင်ထိန်းသိမ်းခြင်းဆောင်ရွက်ရာတွင် တိုင်းတာ ရရှိသော ဖြတ်ပိုင်းပုံစံအရ တူးမြောင်းအခြေအနေနှင့် ဒီဇိုင်းပုံစံနှိုင်းယှဉ်စစ်ဆေး၍ -

(၁) သတ်မှတ်ရေလွတ်တာပေါင် နိမ့်ကျနေပါက ဝဲ၊ ယာမြောင်းပေါင်ဆင့်ခြင်းလုပ်ငန်း ဆောင်ရွက် ရမည်။

(၂) သတ်မှတ်မြောင်းအောက်ခြေအကျယ်မရှိပါက အောက်ခြေအကျယ်ချဲ့ထွင်ခြင်း လုပ်ငန်း ဆောင်ရွက်ရမည်။

(၃) ရေပေးမြောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရန် သဲနုန်းများ တူးဖော်ခြင်း၊ ဒိုက်၊ အမှိုက်များဖယ်ရှားခြင်း ဆောင်ရွက်ရမည်။

(၄) မြောင်းပေါင်ဖြတ်၍ တည်ဆောက်ထားသော တံတား၊ ရေထိန်းအဆောက်အအုံနှင့် လက်တံခွဲ မြောင်းထိပ်ရေတံခါးများသည် မူလသတ်မှတ်ချက်ပုံစံအတိုင်းမရှိက ပြုပြင်ဆောင်ရွက်ရမည်။

(ဂ) ရေပေးပြွန်များ ပြုပြင်ခြင်းနှင့်စပ်လျဉ်း၍ -

(၁) မြောင်းမကြီး၊ လက်တံမြောင်း၊ လက်တံခွဲမြောင်းများ၏ဘောင်များကိုဖြတ်၍ တည်ဆောက် ထားသော ရေပေးပြွန်များရေစိမ့်ယိုမှု ရှိ မရှိ၊ မူလအခြေအနေ ရှိ မရှိ နှစ်စဉ်စစ်ဆေးရမည်။

(၂) ပုံစံ-၂ ပါ သတ်မှတ်သော တူးမြောင်းပေါင်နေရာတွင် ရေပေးပြွန်အကျယ် ရှိ မရှိ စစ်ဆေး၍ မူလသတ်မှတ်ပုံစံမရှိက ပြုပြင်ရမည်။

(ဃ) ရေတင်လုပ်ငန်းနှင့် မြေအောက်ရေလုပ်ငန်းများ ပြုပြင်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ သဘာဝ ရေလျှံတွင်း၊ စိမ့်စမ်းရေတွင်းနှင့် စွမ်းအင်တစ်မျိုးမျိုးဖြင့် ဆည်ရေပေးဝေသော လုပ်ငန်းများကို ဦးစီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၄။ တာဝန်ပေးအပ်ခြင်းခံရသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆည်မြောင်းအရာရှိ၊ ခရိုင် ဆည်မြောင်းအရာရှိနှင့် မြို့နယ်ဆည်မြောင်းအရာရှိတို့သည် မိမိတို့အုပ်ချုပ်မှုအောက်ရှိ ရေပေးမြောင်းအတွင်း ရေမှတ်တိုင်စိုက်ထူခြင်းနှင့်စပ်လျဉ်း၍-

(က) ရေပေးမြောင်းမကြီးရှိ ရေပေးမြောင်းရေတံခါးမှအထွက် ပုံမှန်အားဖြင့် ရေတည်ငြိမ်သောနေရာတွင် သတ်မှတ်ဒီဇိုင်းအရ မြောင်းအောက်ခြေကြမ်းပြင်အမှတ်ကို သုညထား၍ ရေမှတ်တိုင်စိုက်ထူရမည်။

(ခ) ရေပေးမြောင်းမကြီး၏ လက်တံမြောင်းခွဲရှိသောနေရာတွင် သတ်မှတ်ဒီဇိုင်းမြောင်းအောက်ခြေ ကြမ်းပြင်အမှတ်ကို သုညထား၍ ရေမှတ်တိုင်စိုက်ထူရမည်။

(ဂ) လက်တံမြောင်းအထွက်ဘက် ရေတည်ငြိမ်စွာစီးဆင်းသောနေရာတွင် ရေမှတ်တိုင်စိုက်ထူရမည်။

(ဃ) ရေပေးမြောင်းမကြီး၊ မြောင်းမခွဲ၊ လက်တံမြောင်း၊ ရေထိန်းနှင့်ရေကျော်ရှိ အထက်ဘက်နှင့် အောက်ဘက်နေရာများတွင် ရေမှတ်တိုင် စိုက်ထူရမည်။

(င) ရေပေးမြောင်းကိုဖြတ်၍ တည်ဆောက်ထားသော ရေငုပ်ပြွန်အထက်ဘက်နှင့် အောက်ဘက်နေရာများတွင် ရေမှတ်တိုင် စိုက်ထူရမည်။

(စ) ကြီးမားသော မြောင်းကူးတံတားရှိသောနေရာများတွင် ရေမှတ်တိုင်စိုက်ထူရမည်။

(ဆ) ရေပေးမြောင်းမကြီး၊ မြောင်းမခွဲ၊ လက်တံမြောင်းအဖျားတွင် ရေရောက်မှု ရှိ မရှိသိရှိနိုင်ရန် ရေမှတ်တိုင်စိုက်ထူရမည်။

(ဇ) ချောင်း၊ လျှို၊ ရိုးနှင့် မြေနိမ့်ပိုင်းကိုဖြတ်၍ တည်ဆောက်ထားသော ရေတံလျှောက်အဝင်ပိုင်းနှင့် အထွက်ပိုင်း ရေတည်ငြိမ်သောနေရာများတွင် ရေမှတ်တိုင်စိုက်ထူရမည်။ ရေတံလျှောက်အထွက်ပိုင်းနေရာတွင် သဲနုန်းစုပုံခြင်း၊ ရေတိုက်စားခြင်းဖြစ်ပေါ်ပါက ဖယ်ရှားပြုပြင်ပြီးမှသာ ရေမှတ်တိုင်စိုက်ထူရမည်။

၁၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆည်မြောင်းအရာရှိ၊ ခရိုင်ဆည်မြောင်းအရာရှိနှင့် မြို့နယ်ဆည်မြောင်းအရာရှိတို့က တည်ဆောက်ပြီးဆည်မြောင်းနှင့်ဆက်စပ်သော အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် တင်ပြလာသည့်အခါ ဦးစီးဌာနသည် ပုံစံ-၃ သို့မဟုတ် ပုံစံ-၄ ပါ လုပ်ထုံးလုပ်နည်းများကိုသတ်မှတ်ရေးဆွဲ၍ ဆောင်ရွက်စေရမည်။

၁၆။ ဥပဒေပုဒ်မ ၁၁ ပါ ဆည်မြောင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ပါအတိုင်း လုပ်ငန်းအဆင့်သတ်မှတ်၍ ဆောင်ရွက်ရမည် -

(က) နှစ်စဉ်ထိန်းသိမ်းပြုပြင်ရသော လုပ်ငန်းငယ်များကို သာမန်ပြုပြင်ခြင်းလုပ်ငန်း၊

(ခ) တစ်ခါတစ်ရံမှ ပြင်ဆင်ဆောင်ရွက်ရသော တူးမြောင်းပေါင်ဆင့်ခြင်း၊ သဲနုန်းတူးဖော်ခြင်းစသည့်လုပ်ငန်းများကို အထူးပြင်ဆင်ခြင်းလုပ်ငန်း၊

(ဂ) အထက်ပါ သာမန်ပြုပြင်ခြင်း သို့မဟုတ် အထူးပြင်ဆင်ခြင်းလုပ်ငန်းများဖြင့် မဆောင်ရွက်နိုင်သောလုပ်ငန်းပမာဏနှင့် ငွေတန်ဖိုးပမာဏများပြားသည့်လုပ်ငန်းများကို အကြီးစားပြင်ဆင်ခြင်းလုပ်ငန်း။

## အခန်း (၄)
## ဆည်မြောင်းမှရေကိုရယူသုံးစွဲခြင်း

၁၇။ ဆည်မြောင်းမှရေကိုရယူသုံးစွဲရန် လယ်ကြားမြောင်းဖောက်လိုသူ၊ လက်ရှိလယ်ကြားမြောင်းအား ပြုပြင်မွမ်းမံလိုသူ သို့မဟုတ် လက်ရှိလယ်ကြားမြောင်းကို လွှဲပြောင်းရယူလိုသူသည် သက်ဆိုင်ရာ မြို့နယ်ဆည်မြောင်းအရာရှိထံ လျှောက်ထားရာတွင် အောက်ပါအချက်များပါဝင်ရမည် -

(က) ဆောင်ရွက်မည့် လုပ်ငန်းတည်နေရာနှင့် အမျိုးအမည်၊

(ခ) လုပ်ငန်းပမာဏနှင့် ခန့်မှန်းကုန်ကျစရိတ်၊

(ဂ) ဦးစီးဌာနကဆုံးဖြတ်သော ကုန်ကျစရိတ်ကို ပေးချေမည့်နည်းလမ်းနှင့် ပေးချေမည့်ကတိပြုချက်၊

(ဃ) လယ်ကြားမြောင်းဖြတ်သန်းရန် လိုအပ်သည့်မြေ ရှိ မရှိ၊

(င) ဌာနကလိုအပ်သည်ဟု ယူဆသည့် သတ်မှတ်ချက်များ။

၁၈။ မြို့နယ်ဆည်မြောင်းအရာရှိသည် နည်းဥပဒေ ၁၇ အရ လျှောက်ထားလွှာကိုရရှိသည့်အခါ အောက်ပါအချက်များကိုစိစစ်ပြီး မိမိသဘောထားမှတ်ချက်နှင့်အတူ အကျိုးဆက်နွယ်သော တောင်သူလယ်သမားများ၏ သဘောထားမှတ်ချက်များ စုစည်းဖော်ပြ၍ ခရိုင်ဆည်မြောင်းအရာရှိထံ အဆုံးအဖြတ်ပေးနိုင်ရန် တင်ပြရမည် -

(က) လယ်ကြားမြောင်းဖောက်လုပ်ခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်းသည် အသုံးဝင်ခြင်း သို့မဟုတ် လိုအပ်ခြင်း ရှိ မရှိ၊

(ခ) လက်ရှိလယ်ကြားမြောင်းကို လွှဲပြောင်းရယူခြင်းသည် ပိုမိုကောင်းမွန်သော ရေစီမံခန့်ခွဲမှု ရရှိနိုင်ခြင်း ရှိ မရှိ၊

(ဂ) လျှောက်လွှာပါ အချက်အလက်များသည် မှန်ကန်မှု ရှိ မရှိ၊

(ဃ) လယ်ကြားမြောင်းဖြတ်သန်းသည့်အတွက် ကန့်ကွက်ထားခြင်း ရှိ မရှိ။

၁၉။ ခရိုင်ဆည်မြောင်းအရာရှိသည် နည်းဥပဒေ ၁၈ အရ မြို့နယ်ဆည်မြောင်းအရာရှိက တင်ပြလာသည့် လယ်ကြားမြောင်းဖောက်လုပ်ခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်းလျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ သို့သော် အောက်ပါကိစ္စရပ်များကို စိစစ်တွေ့ရှိပါက ခွင့်မပြုရ။

(က) လယ်ကြားမြောင်း၏ အလျားသည် မြောင်းရင်းရေဝင်ပေါက်မှ မြေကွက်အထိ မျဉ်းဖြောင့်အတိုင်း နှစ်မိုင်ထက် ပိုရှည်နေခြင်း၊

(ခ) ဆည်မြောင်း သို့မဟုတ် လယ်ကြားမြောင်းမှပေးဝေသည့်ရေကို အပြည့်အဝရယူပြီးဖြစ်သော စိုက်ပျိုးမြေများအတွက် နောက်ထပ်လယ်ကြားမြောင်း ဖောက်လုပ်ခြင်း။

၂၀။ လယ်ကြားမြောင်း သို့မဟုတ် လယ်ကြားမြောင်းဖြတ်သန်းရာ တစ်ဖက်တစ်ချက်ရှိမြေနှင့် အကျိုး သက်ဆိုင်သူသည် လယ်ကြားမြောင်းအသစ် တူးဖော်ဖောက်လုပ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက အောက်ပါအချက်များဖော်ပြ၍ ရက်ပေါင်း ၃၀ အတွင်း ခရိုင်အုပ်ချုပ်ရေးမှူးထံ တင်ပြ နိုင်သည် -

(က) လယ်ကြားမြောင်းဖြတ်သန်းခွင့်ပြုလိုသည့် မြေနေရာအပေါ် ကျိုးကြောင်းဖော်ပြ၍ ကန့်ကွက်ခြင်း၊

(ခ) လယ်ကြားမြောင်းဖြတ်သန်းသည့် မြေနေရာပေါ်မူတည်၍ အချိုးကျထည့်ဝင်လိုသည့် ငွေပမာဏ များခြင်း၊ နည်းခြင်း၊

(ဂ) လျော်ကြေးခံစားခွင့်နှင့်စပ်လျဉ်း၍ ကျေနပ်မှုမရှိပါက ကျိုးကြောင်းဖော်ပြ၍ ကန့်ကွက်ခြင်း။

၂၁။ ရာသီဥတုကြောင့်သော်လည်းကောင်း၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့်သော်လည်းကောင်း ဝန်ကြီးဌာနက စီမံခန့်ခွဲသော ဆည်မြောင်း သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲသော ဆည်မြောင်းမှပေးဝေသော ရေပမာဏသည် ရာသီအလိုက် စိုက်ပျိုးသည့်သီးနှံများအတွက် လုံလောက်မှုမရှိ ပါက ဆည်မြောင်းအရာရှိသည် အောက်ပါနည်းလမ်းများဖြင့် ဆောင်ရွက်ရမည် -

(က) မြေပြင်အနေအထားအရ ရေရရှိရန်သေချာသည့် စိုက်ပျိုးမြေများကို ဦးစားပေး၍ ဆည်ရေရယူ သုံးစွဲစေခြင်း၊

(ခ) မြောင်းထိပ်မှ မြောင်းဆုံးအထိ ရေရောက်ရန် ခက်ခဲသော အမြင့်ပိုင်းကျရောက်သည့် လယ်ယာ မြေများအတွက် ရေလှည့်ဇယားရေးဆွဲ၍ အလှည့်ကျ ရေပေးဝေစေခြင်း။

## အခန်း (၅)

## ရေပေးဝေမှုရပ်ဆိုင်းခြင်း

၂၂။ ဝန်ကြီးဌာန သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆည်မြောင်းအရာရှိသည် အောက်ပါ အကြောင်းတစ်ရပ်ရပ် သို့မဟုတ် တစ်ရပ်ထက်ပိုသောအကြောင်းများ ပေါ်ပေါက်လာပါက ခရိုင်ဆည်မြောင်း အရာရှိအား ဆည်မြောင်းမှရေပေးဝေမှုကို ရပ်ဆိုင်းရန် ညွှန်ကြားနိုင်သည် -

(က) တပ်နယ်နိမိတ် သို့မဟုတ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကျရောက်သွားသော ဆည်ရေသောက် ဧရိယာကို ရေပေးဝေခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတပ် သို့မဟုတ် စည်ပင်သာယာရေးကော်မတီက ရေပေးဝေမှုရပ်ဆိုင်းပေးရန် ခိုင်လုံသောအကျိုးအကြောင်းဖြင့် တင်ပြလာခြင်း၊

(ခ) လုပ်ငန်းတစ်ခုခုဆောင်ရွက်ရန် လိုအပ်သည့်ကာလအတွင်း ရေပေးဝေမှုရပ်ဆိုင်းပေးရန် အခြား ဌာန၊ အဖွဲ့အစည်းများမှ အကြောင်းကြားလာခြင်း။

၂၃။ ခရိုင်ဆည်မြောင်းအရာရှိသည် ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (ဂ) ပါ ရေပေးဝေမှုရပ်ဆိုင်းခြင်းနှင့် စပ်လျဉ်း၍ -

(က) ပင်မလယ်ကြားမြောင်းမှရေကို လယ်ကွင်းသို့သွယ်ယူရန် ရေမြောင်းငယ်များ အသင့်မဖြစ်သေးကြောင်း စစ်ဆေးတွေ့ရှိရပါက အဆိုပါ လယ်ကွင်းသို့ ရေပေးဝေမှုကိုထိန်းထားခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်း ပြုနိုင်သည်။

(ခ) အလှည့်ကျစနစ်နှင့် ရေပေးဝေမှုကို ကျင့်သုံးသည့်အခါ ရေထွက်ပေါက်များကို အလှည့်ကျပိတ်၍ ရေပေးဝေမှု ရပ်ဆိုင်းနိုင်သည်။

(ဂ) လက်ရှိစိုက်ပျိုးရေးအတွက် သုံးစွဲနေသည့်ရေပမာဏကို မထိခိုက်ပါက ကျေးရွာအိမ်သုံးနှင့် ကျွဲ၊ နွား သောက်သုံးရေအဖြစ်သုံးစွဲရန် မြောင်းမကြီး၊ လက်တံမြောင်း သို့မဟုတ် လက်တံခွဲမြောင်းမှ ဆည်ရေများကို ကျေးရွာကန်များအတွင်း ရေဖြည့်သွင်းနိုင်သော်လည်း စိုက်ပျိုးရေးသုံးစွဲရေပမာဏကို လျော့နည်းစေပါက ကန်အတွင်း ရေပေးဝေမှုကို ရပ်ဆိုင်းနိုင်သည်။

(ဃ) ရေပေးဝေမှုကို ထိန်းသိမ်းခြင်းအနေဖြင့် စိုက်ပျိုးမြေဧရိယာကို ရေပြည့်အောင် ရေပေးဝေပြီးပါက ရေထွက်ပေါက်များကို ယာယီပိတ်၍ ရေပေးဝေမှု ရပ်ဆိုင်းရမည်။

(င) မြစ်ရေကြီးမှုကြောင့် ရေလွှဲဆည်၊ ရေတံခါးများပိတ်သည့်အခါ ရေပေးဝေမှု ရပ်ဆိုင်းရမည်။

(စ) သဘာဝစိမ့်စမ်းရေနှင့် ရေလျှံတွင်းများ အကြောင်းတစ်ရပ်ရပ်ကြောင့် ရေထွက်ရှိမှုလျော့နည်းလာသည့်အခါ ရေပေးဝေမှုကို ရပ်ဆိုင်းနိုင်သည်။

(ဆ) ရေတင်ခြင်းလုပ်ငန်းနှင့် မြေအောက်ရေလုပ်ငန်းများမှ စွမ်းအင်တစ်မျိုးမျိုးဖြင့် ဆည်ရေပေးဝေသည့်အခါ စွမ်းအင်လုံလောက်စွာ မရရှိခြင်းကြောင့်ဖြစ်စေ၊ စွမ်းအင်လည်ပတ်ရန် စက်ယန္တရားများ ချို့ယွင်းခြင်းကြောင့်ဖြစ်စေ ရေပေးဝေမှုကို ရပ်ဆိုင်းနိုင်သည်။

(ဇ) တစ်စုံတစ်ခုသော အကြောင်းကြောင့် ရေပေးမြောင်းများ ပျက်စီးမှုဖြစ်ပေါ်ပါက ရေပေးဝေမှုကို ရပ်ဆိုင်းနိုင်သည်။

၂၄။ (က) ခရိုင်ဆည်မြောင်းအရာရှိသည် မည်သည့်ရေပေးမြောင်း သို့မဟုတ် လယ်ကြားမြောင်းမဆို စီမံခန့်ခွဲရေး၊ ပြုပြင်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် တစ်ဆက်တည်း ၁၀ ရက်ထက် မပိုသောကာလအတွင်း ရေပေးဝေမှုရပ်ဆိုင်းနိုင်သည်။ အဆိုပါ ကာလထက်ပို၍ ရပ်ဆိုင်းရန်လိုအပ်ပါက ကျိုးကြောင်းဖော်ပြချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆည်မြောင်းအရာရှိထံ တင်ပြ၍ခွင့်ပြုချက်ယူရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ခရိုင်ဆည်မြောင်းအရာရှိသည် ရေပေးဝေမှုရပ်ဆိုင်းရာတွင် မြို့နယ်ဆည်မြောင်းအရာရှိမှတစ်ဆင့် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရေသုံးစွဲသူများထံ အနည်းဆုံး သုံးရက် ကြိုတင်အသိပေးရမည်။

၂၅။ ခရိုင်ဆည်မြောင်းအရာရှိသည် ဥပဒေပုဒ်မ ၁၆ အရ လယ်ကြားမြောင်းများပူးတွဲခြင်း သို့မဟုတ် အစားထိုးပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ပါက လယ်ကြားမြောင်းတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော လယ်ကြားမြောင်းများမှ ရေပေးဝေမှုကို အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးသည်အထိ ရပ်ဆိုင်းမည်ဖြစ်ကြောင်း သက်ဆိုင်ရာ ဆည်ရေအသုံးပြုသူ တောင်သူလယ်သမားများသို့ အနည်းဆုံး သုံးရက်ကြိုတင်အသိပေးရမည်။

## အခန်း (၆)

## ဆည်မြောင်းရေသုံးစွဲသူများ၏ အခွင့်အရေးနှင့် တာဝန်များ

၂၆။ ဆည်မြောင်းရေသုံးစွဲသူများသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားရေသုံးစွဲမှုများအတွက် ဆည်ရေကို ရယူလိုပါက တည်ဆဲရေခွန်နှင့် တာတမံခွန်ဥပဒေပါ ရေခွန်ရေခနှုန်းထားများအတိုင်း ပေးဆောင်၍ ရယူသုံးစွဲနိုင်သည်။

၂၇။ ဥပဒေပုဒ်မ ၃၀ ပါ ပြဋ္ဌာန်းချက်အရ ဆည်ရေကို အကျိုးရှိထိရောက်စွာသုံးစွဲနိုင်ရန်နှင့် တောင်သူလယ်သမားများ ထိန်းသိမ်းရမည့် လယ်ကြားမြောင်းပြုပြင်ခြင်း၊ ရေပေးဝေခြင်း၊ အငြင်းပွားခြင်းကိစ္စရပ်များကို ကြီးကြပ်ရန် ဦးစီးဌာနသည် တောင်သူများ စိုက်ပျိုးရေရယူသုံးစွဲရေးအဖွဲ့နှင့် အဖွဲ့ငယ်များကို အောက်ပါအတိုင်း ဖွဲ့စည်းပေးရမည် -

(က) တောင်သူများစိုက်ပျိုးရေရယူသုံးစွဲရေးအဖွဲ့ကို မြောင်းမခွဲ၊ လက်တံမြောင်း၊ လက်တံခွဲမြောင်းနှင့် ရေပေးပြွန်များအလိုက် တောင်သူများ စိုက်ပျိုးရေရယူသုံးစွဲရေး အဖွဲ့ငယ်များ၏ခေါင်းဆောင်မြောင်းခေါင်းတစ်ဦးစီပါဝင်၍ ဖွဲ့စည်းရန်နှင့် အဆိုပါ အဖွဲ့၏ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်ကို အဖွဲ့ဝင်မြောင်းခေါင်းအများစု၏ သဘောဆန္ဒဖြင့် ရွေးချယ်ရန်၊

(ခ) တောင်သူများစိုက်ပျိုးရေ ရယူသုံးစွဲရေးအဖွဲ့ငယ်ကို လယ်ကြားမြောင်းတစ်ခုချင်းအလိုက် ဆည်ရေအသုံးပြုသူ တောင်သူများအားလုံးပါဝင်ဖွဲ့စည်းရန်နှင့် အဆိုပါအဖွဲ့ငယ်တစ်ဖွဲ့စီတွင် အဖွဲ့ခေါင်းဆောင် မြောင်းခေါင်းတစ်ဦးစီကို အများစု၏ သဘောဆန္ဒဖြင့် ရွေးချယ်ရန်၊

(ဂ) နည်းဥပဒေခွဲ (က) အရ တောင်သူများစိုက်ပျိုးရေရယူသုံးစွဲရေးအဖွဲ့တွင် ပါဝင်သော အဖွဲ့ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်အမည်၊ ကျေးရွာအုပ်စု၊ ကျေးရွာနှင့်မြောင်းမခွဲ၊ လက်တံမြောင်း၊ လက်တံခွဲမြောင်းနှင့် ရေပေးပြွန်အမည်တို့ကို ခရိုင်ဦးစီးဌာနရုံး မှတ်ပုံတင်စာအုပ်တွင် စာရင်းရေးသွင်းထားရန်၊

(ဃ) နည်းဥပဒေခွဲ (ခ) အရ တောင်သူများစိုက်ပျိုးရေရယူသုံးစွဲရေးအဖွဲ့ငယ်တွင် ပါဝင်သော မြောင်းခေါင်းအမည်၊ ကျေးရွာအုပ်စု၊ ကျေးရွာနှင့် မြောင်းခွဲအမည်တို့ကို ခရိုင်ဦးစီးဌာနရုံး မှတ်ပုံတင်စာအုပ်တွင် စာရင်းရေးသွင်းထားရန်။

၂၈။ တောင်သူများစိုက်ပျိုးရေရယူသုံးစွဲရေးအဖွဲ့နှင့် အဖွဲ့ငယ်တို့သည် ဆည်ရေစီမံခန့်ခွဲခြင်းနှင့် ရေဖြန့်ဝေစနစ်များ ပြုပြင်ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ဦးစီးဌာနက ဥပဒေနှင့်အညီ ထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၇)

## ကျေးရွာဆည်မြောင်းနှင့် ကျေးရွာရေနုတ်မြောင်းလုပ်ငန်းများ

၂၉။ ကျေးရွာဆည်မြောင်း၊ တာတမံနှင့် ကျေးရွာရေနုတ်မြောင်းလုပ်ငန်းငယ်များ တည်ဆောက်ခြင်းနှင့် အထူးပြင်ဆင်ခြင်းလုပ်ငန်းများကို နည်းပညာလိုအပ်ချက်အရ ကျေးရွာလူထုလုပ်အားဖြင့် ဆောင်ရွက်ခြင်း မပြုနိုင်သဖြင့် ခရိုင်အုပ်ချုပ်ရေးမှူးမှ အကူအညီတောင်းခံလာလျှင် ခရိုင်ဆည်မြောင်းအရာရှိက နည်းပညာပိုင်းအရ ဆောင်ရွက်ပေးရမည်။

၃၀။ ခရိုင်ဆည်မြောင်းအရာရှိသည် နည်းဥပဒေ ၂၉ ပါ လုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏ ခွင့်ပြုချက်နှင့် ခွင့်ပြုသည့် ဘဏ္ဍာရန်ပုံငွေဖြင့် သတ်မှတ်ဦးစားပေးလုပ်ငန်းအလိုက် ဆောင်ရွက်နိုင်သည်။

၃၁။ ခရိုင်ဆည်မြောင်းအရာရှိသည် နည်းဥပဒေ ၂၉ ပါ လုပ်ငန်းများ ဆောင်ရွက်ပြီးပါက အဆိုပါကျေးရွာဆည်မြောင်း၊ တာတမံနှင့် ကျေးရွာရေနုတ်မြောင်းများကို ဆက်လက်လည်ပတ်၊ ပြုပြင်၊ ထိန်းသိမ်းခြင်း ဆောင်ရွက်နိုင်ရန် ခရိုင်အုပ်ချုပ်ရေးမှူး သို့မဟုတ် တောင်သူများ စိုက်ပျိုးရေရယူသုံးစွဲရေးအဖွဲ့ထံသို့ စာရင်းဇယားနှင့်တကွ လွှဲပြောင်းပေးရမည်။

## အခန်း (၈)

## ရေနုတ်မြောင်းအဖြစ်ကြေညာခြင်း၊ ပိတ်ဆို့မှုကို ဖယ်ရှားခြင်းနှင့် လျော်ကြေး

၃၂။ (က) ဝန်ကြီးဌာနသည် မြစ်၊ ချောင်း၊ အင်းအိုင် သို့မဟုတ် ရေမြောင်းတစ်ခုခုတွင် အောက်ပါ အခြေအနေများကြောင့် ရေစီးရေလာတားဆီး ပိတ်ဆို့ခြင်း ဖြစ်ပေါ်၍ အများပြည်သူ ကျန်းမာရေး၊ သွားလာရေး၊ လယ်ယာမြေများ ပျက်စီးမှု သို့မဟုတ် အများပြည်သူ အကျိုးတစ်ခုခု ထိခိုက်နစ်နာနိုင်သည်ဟု ယူဆလျှင် အဆိုပါ မြစ်၊ ချောင်း၊ အင်းအိုင် သို့မဟုတ် ရေမြောင်း၏

မည်သည့်အစိတ်အပိုင်းသည် ရေနုတ်မြောင်းဖြစ်ကြောင်း ဥပဒေပုဒ်မ ၃၂ အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေးအတွက် စိစစ်တင်ပြရန် ဦးစီးဌာနကို တာဝန်ပေးအပ်နိုင်သည် -

(၁) သဘာဝဘေးအန္တရာယ်ကြောင့် ရေတိုက်စား၍ ကမ်းတစ်လျှောက်ရှိ ဒိုက်၊ အမှိုက်၊ ချုံနွယ်၊ သစ်ပင်နှင့် သဲနုန်းများသည် မြစ်၊ ချောင်း၊ အင်းအိုင် သို့မဟုတ် ရေမြောင်းအတွင်း စုပုံနေသဖြင့် ရေစီးရေလာ တားဆီးပိတ်ဆို့ခြင်း၊

(၂) ရေနုတ်မြောင်းအဖြစ် သတ်မှတ်မည့်နေရာတစ်လျှောက်ရှိ အနီးအနားတွင် နေထိုင်သူများမှ အဆိုပါ မြစ်၊ ချောင်း၊ အင်းအိုင် သို့မဟုတ် ရေမြောင်းကိုဖြတ်၍ ယာယီရေတားတမံပြုလုပ်ပြီး ခြံချငါးဖမ်းခြင်း၊ ပိုက်တန်းချ၍ငါးဖမ်းခြင်း၊ တုတ်ရိုက်ခြင်း၊ ယင်းလိပ်ဖြင့် ကျားထောင်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ရေစီးရေလာတားဆီးပိတ်ဆို့ခြင်း။

(ခ) အထက်ပိုဒ် (က) အရ အမိန့်ကြော်ငြာစာထုတ်ပြန်ရာတွင် အောက်ပါအချက်များ ပါဝင်စေရမည် -

(၁) ရေနုတ်မြောင်းဖြစ်ကြောင်း ကြော်ငြာရသည့် အကြောင်းအရာဖော်ပြချက်၊

(၂) မြစ်၊ ချောင်း၊ အင်းအိုင် သို့မဟုတ် ရေမြောင်းတည်ရှိရာ ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်စုအမည်၊

(၃) မြစ်၊ ချောင်း၊ အင်းအိုင် သို့မဟုတ် ရေမြောင်းအမည်၊

(၄) ရေနုတ်မြောင်းအဖြစ်ကြော်ငြာလိုသည့် အစိတ်အပိုင်းနှင့် နယ်နိမိတ်ဖော်ပြချက်၊

(၅) အခြားထည့်သွင်းရန် လိုအပ်သည်ဟု ယူဆသည့်အချက်များ။

၃၃။ ခရိုင်ဆည်မြောင်းအရာရှိ သို့မဟုတ် ယင်းကိစ္စအတွက် ဝန်ကြီးဌာနက အခွင့်အာဏာအပ်နှင်းခြင်းခံရသူသည် နည်းဥပဒေ ၃၂ အရ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာကို ရရှိသည့်အခါ တားဆီးပိတ်ဆို့နေသည့် အရာကိုဖယ်ရှားရန် အမိန့်ထုတ်ပြန်ရာတွင် အောက်ပါသတ်မှတ်ချက်များကို ထည့်သွင်းဖော်ပြရမည် -

(က) ရေနုတ်မြောင်းတွင် တားဆီးပိတ်ဆို့နေသည့်အရာကို အမိန့်ထုတ်ပြန်သည့် နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဖယ်ရှားရန်၊

(ခ) ရေနုတ်မြောင်းလုပ်ငန်းတွင် တားဆီးပိတ်ဆို့နေသည့်အရာကို ဖယ်ရှားရာတွင် -

(၁) နည်းဥပဒေ ၃၂၊ နည်းဥပဒေခွဲ (က) (၁) အရ ဖြစ်ပေါ်လာသော ရေစီးရေလာပိတ်ဆို့မှုများနှင့်စပ်လျဉ်း၍ ဦးစီးဌာနအစီအစဉ်ဖြင့် ဆောင်ရွက်ပြီး မူလ မြစ်၊ ချောင်း၊ အင်းအိုင် သို့မဟုတ် ရေမြောင်း ပုံစံအတိုင်း ပြန်လည်ပြုပြင်ရန်၊

(၂) နည်းဥပဒေ ၃၂၊ နည်းဥပဒေခွဲ (က) (၂) အရ ဖြစ်ပေါ်လာသော ရေစီးရေလာပိတ်ဆို့မှုများနှင့်စပ်လျဉ်း၍ -
ယာယီပိတ်ဆို့ထားသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ အစီအစဉ်ဖြင့် ရေနုတ်မြောင်းအဖြစ် သတ်မှတ်လိုက်သည့် အစိတ်အပိုင်းကို မူလပုံစံအတိုင်း လာမည့်မိုးရာသီမတိုင်မီ အပြီး ပြန်လည်ပြုပြင်စေရန်။

၃၄။ ဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ (ခ) အရ တားဆီးပိတ်ဆို့နေသောအရာကို ဖယ်ရှားခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် အဆိုပါလုပ်ငန်းများကိုဆောင်ရွက်ရာတွင် ကုန်ကျစရိတ်များနှင့်စပ်လျဉ်း၍ -

(က) သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ရေစီးရေလာပိတ်ဆို့ခြင်းအတွက် သက်ဆိုင်ရာ ဆည်မြောင်းအရာရှိသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်သည်။

(ခ) နည်းဥပဒေ ၃၃၊ နည်းဥပဒေခွဲ (ခ) (၂) အရ အမိန့်ချမှတ်ခြင်းခံရသူသည် သတ်မှတ်ကာလ အတွင်း ဆောင်ရွက်ရန် ပျက်ကွက်၍ အမိန့်ထုတ်သူကိုယ်တိုင် အတားအဆီးများကို ဖယ်ရှားခြင်း သို့မဟုတ် ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ရာတွင် ယင်းပြုပြင်ခြင်းအတွက် ကုန်ကျစရိတ်များကို တောင်းခံသည့်အခါ အမိန့်ထုတ်ပြန်ခြင်းခံရသူက ပေးဆောင်ရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) ပါ အမိန့်ထုတ်ပြန်ခြင်းခံရသူက ပေးဆောင်ခြင်းမပြုလျှင် အဆိုပါကုန်ကျစရိတ်ကို ထိုသူထံမှလည်းကောင်း၊ အကျိုးသက်ဆိုင်သူထံမှလည်းကောင်း အမိန့်ထုတ်ပြန်သူက မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံနိုင်သည်။

၃၅။ (က) နည်းဥပဒေ ၃၃ အရ ထုတ်ပြန်သည့်အမိန့်ကို လိုက်နာလျက် တားဆီးပိတ်ဆို့နေသည့် အရာတစ်ခုခုကို ဖယ်ရှားခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် အဆိုပါလုပ်ငန်းများကို ဆောင်ရွက်ခြင်းကြောင့် နစ်နာဆုံးရှုံးမှုနှင့်စပ်လျဉ်း၍ လျော်ကြေးတောင်းဆိုလိုသူသည် ခရိုင်အုပ်ချုပ်ရေးမှူးထံ -

(၁) သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးကတစ်ဆင့် တောင်းဆိုနိုင်သည်။

(၂) လျော်ကြေးတောင်းဆိုမှုသည် နစ်နာဆုံးရှုံးမှုဖြစ်ပွားသည့်မှစ၍ တစ်နှစ်အတွင်း တောင်းဆိုနိုင်သည်။

(၃) ထိုကာလအတွင်း တောင်းဆိုခြင်းမပြုခဲ့ပါက လုံလောက်သော အကြောင်းပြချက် ခိုင်လုံစွာတင်ပြ၍ တောင်းဆိုနိုင်သည်။

(ခ) နည်းဥပဒေ ၃၃၊ နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲငယ် (၁) အရ ဦးစီးဌာနကဆောင်ရွက်သည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ လျော်ကြေးကို ဦးစီးဌာနက ပေးလျော်ရမည်။

(ဂ) နည်းဥပဒေ ၃၃၊ နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲငယ် (၂) အရ ဖယ်ရှားခြင်းနှင့်စပ်လျဉ်း၍ လျော်ကြေးကို သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ပေးလျော်ရမည်။

(ဃ) သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ရေစီးရေလာပိတ်ဆို့မှုကို ဖယ်ရှားခြင်းနှင့် ပြုပြင်ခြင်းတို့အတွက် လျော်ကြေးပေးရန် မလိုပါ။

၃၆။ ခရိုင်ဆည်မြောင်းအရာရှိ သို့မဟုတ် ဝန်ကြီးဌာနက အခွင့်အာဏာအပ်နှင်းခြင်းခံရသူသည် အဆိုပါရေနုတ်မြောင်းနှင့် ဆက်စပ်သည့်လယ်ယာမြေများ တိုးတက်ကောင်းမွန်ရေး၊ စိုက်ပျိုးရေး၊ ရေဘေးကာကွယ်ရေး၊ ရေများစုအိုင်နေခြင်း သို့မဟုတ် ရေကြီးခြင်းမှကာကွယ်ရေးအတွက် ရေနုတ်မြောင်းလုပ်ငန်း ပြုပြင်ဆောင်ရွက်ရန်လိုအပ်ပါက အစီအစဉ်တစ်ရပ်ရေးဆွဲ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆည်မြောင်းအရာရှိကတစ်ဆင့် ဝန်ကြီးဌာနသို့ တင်ပြနိုင်သည်။

## အခန်း (၉)
## သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

၃၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆည်မြောင်းအရာရှိ၊ ခရိုင်ဆည်မြောင်းအရာရှိနှင့် မြို့နယ်ဆည်မြောင်းအရာရှိတို့သည် ဥပဒေပုဒ်မ ၃၅ ပါ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် -

(က) သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် အများပြည်သူအသက် အိုးအိမ်၊ ပစ္စည်းများ ပျက်စီးဆုံးရှုံးခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေးအဆောက်အအုံများ ပျက်စီးခြင်း၊ ဆိုးကျိုးများလျော့နည်းစေရေးအတွက် အောက်ပါလုပ်ငန်းစဉ်များကို ကြိုတင်စီမံချက်ရေးဆွဲဆောင်ရွက်ရမည် -

(၁) သဘာဝဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်းနှင့် ဘေးအန္တရာယ်လျော့ပါးရေး၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊

(၂) သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ အချိန်နှင့်တစ်ပြေးညီ အရေးပေါ် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများ၊

(၃) သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ထိခိုက်ပျက်စီးမှု လျော့ပါးသက်သာစေရေးလုပ်ငန်းများ။

(ခ) အထက်အပိုဒ် (က) ပါ စီမံချက်များကို တစ်နှစ်လျှင် အနည်းဆုံးနှစ်ကြိမ် ဦးစီးဌာနသို့ တင်ပြရမည်ဖြစ်ပြီး လိုအပ်ပါက ဦးစီးဌာန၏ အကူအညီရယူ ဆောင်ရွက်နိုင်သည်။

၃၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆည်မြောင်းအရာရှိ၊ ခရိုင်ဆည်မြောင်းအရာရှိနှင့် မြို့နယ်ဆည်မြောင်းအရာရှိတို့သည် -

(က) သဘာဝဘေးအန္တရာယ် ကျရောက်မည်ကို ကြိုတင်ခန့်မှန်းသိရှိနိုင်ပါက ဘေးအန္တရာယ်မလွတ်ကင်းနိုင်သော ဆည်မြောင်း၊ တာတမံဇရိယာအနီးပတ်ဝန်းကျင်တွင် နေထိုင်သူများသို့ တစ်နာရီလျှင် တစ်ကြိမ် ကြိုတင်သတိပေးရမည်။

(ခ) သဘာဝဘေးအန္တရာယ် ကျရောက်လာပါက တည်ဆောက်ပြီး ဆည်မြောင်းများ ပျက်စီးဆုံးရှုံးမှု လျော့ပါးစေရေးအတွက် ဆောင်ရွက်ရာတွင် လိုအပ်သော ကူညီပံ့ပိုးမှုများရရှိရန်သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့များနှင့် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည်။

## အခန်း (၁၀)

## ဆည်မြောင်းနှင့် ရေနုတ်မြောင်း အရေးပေါ် လုပ်ငန်းများဆောင်ရွက်ခြင်း

၃၉။ အောက်ဖော်ပြပါ အခြေအနေ တစ်ရပ်ရပ်ဖြစ်ပေါ်ပါက ဆည်မြောင်း သို့မဟုတ် ရေနုတ်မြောင်း တစ်ခုခုကျိုးပေါက်ပျက်စီးမှုအန္တရာယ်ကျရောက်နိုင်သည့် အရေးပေါ် လုပ်ငန်းများအဖြစ် သတ်မှတ်ရမည်-

(က) ရေလှောင်တမံအမြင့်ဆုံး ရေသိုလှောင်နိုင်သည့်ရေမှတ်ရောက်ရှိ၍ ရေလှောင်တမံဘေးပတ်လည်နှင့် အောက်ခြေမြေသားထိစပ်သောနေရာများတွင် ရေစိမ့်ယိုမှုဖြစ်ပွားခြင်း၊

(ခ) ရေလွှဲဆည်အောက်ဘက်ပိုင်းသည် ရေတိုက်စားမှုကြောင့် ကျိုးပေါက်ပျက်စီးမှုဖြစ်ပေါ်ခြင်း၊

(ဂ) အကြောင်းတစ်ရပ်ရပ်ကြောင့် ရေပေးမြောင်း သို့မဟုတ် ရေနုတ်မြောင်းပေါင် ကျိုးပေါက်ခြင်း၊

(ဃ) တည်ဆောက်ထိန်းသိမ်းထားသော ဆည်မြောင်းများရှိရာဒေသတွင် မြစ်ရေကြီးခြင်း၊ ရေဆင်း ဇရိယာများအတွင်း ထူးကဲမိုးရေချိန်များရွာသွန်းခြင်းနှင့် ရေပိုလွှဲအပေါ်တွင် တွက်ချက်အမြင့်ဆုံး ရေကျော်မှတ်သို့ ရောက်ရှိခြင်း။

၄၀။ နည်းဥပဒေ ၃၉ ပါ အရေးပေါ်အခြေအနေတစ်ရပ်ရပ်ကျရောက်လျှင် သက်ဆိုင်ရာခရိုင်ဆည်မြောင်း အရာရှိသည် ဦးစီးဌာနသို့ ချက်ချင်းတင်ပြ၍ လိုအပ်သည့်ပံ့ပိုးမှုများ ရရှိရေးဆောင်ရွက်ရမည့်အပြင် ဝန်ကြီး ဌာန၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ ချက်ချင်းသတင်းပို့ တင်ပြရမည်။

၄၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ဥပဒေပုဒ်မ ၃၆၊ ပုဒ်မခွဲ (ခ) အရ အရေးပေါ် အန္တရာယ်ကျရောက်သည့် သို့မဟုတ် အန္တရာယ်ကျရောက်နိုင်သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာများအတွက် အရေးပေါ် လုပ်သားစာရင်းပြုစုရာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဖြစ်စေ၊ မလုပ်ကိုင်သူဖြစ်စေ ကျန်းမာ သန်စွမ်း၍လုပ်အားပေးနိုင်သူအားလုံးကို စာရင်းကောက်ရမည်။ သို့ရာတွင် အောက်ပါပုဂ္ဂိုလ်များအား အရေးပေါ် လုပ်သားစာရင်းကောက်ယူခြင်းမှ ကင်းလွတ်ခွင့်ပြုရမည် -

(က) အမျိုးသမီးများအားလုံး၊

(ခ) အသက် (၁၈) နှစ်အောက် ကလေးသူငယ်များအားလုံး၊

(ဂ) အသက် (၆၀) နှစ်နှင့်အထက် အမျိုးသားများအားလုံး၊

(ဃ) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊

(င) ဗုဒ္ဓဘာသာဝင် ရဟန်းသံဃာတော်များ၊ ဘာသာရေးကိစ္စရပ်များ ဆောင်ရွက်နေသော အခြား ဘာသာဝင်ပုဂ္ဂိုလ်များ။

၄၂။ (က) သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးသည် နည်းဥပဒေ ၄၁ အရ ကောက်ခံ ရရှိသည့် အရေးပေါ် လုပ်သားစာရင်းကို သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် ခရိုင် အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်။

(ခ) သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးသည် နည်းဥပဒေခွဲ (က) အရ လက်ခံရရှိသည့် အရေးပေါ် လုပ်သားစာရင်းကို သက်ဆိုင်ရာ ခရိုင်ဆည်မြောင်းအရာရှိထံ ပေးပို့ရမည်။

(ဂ) သက်ဆိုင်ရာ ခရိုင်ဆည်မြောင်းအရာရှိသည် နည်းဥပဒေခွဲ (ခ) အရ လက်ခံရရှိသည့် အရေးပေါ် လုပ်သားစာရင်းပါ လုပ်သားများရရှိရေးအတွက် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးမှူးက ပေးပို့စေရန် တာဝန်ပေးအပ်ရမည်။

(ဃ) နည်းဥပဒေခွဲ (ဂ) အရ ပေးပို့သည့် အရေးပေါ် လုပ်သားများက ဆောင်ရွက်ရမည့် လုပ်ငန်းများကို ခရိုင်ဆည်မြောင်းအရာရှိက သတ်မှတ်ပေးပြီး အရေးပေါ် လုပ်သားများ လုပ်ငန်းဆောင်ရွက်မှု များကို မြို့နယ်ဆည်မြောင်းအရာရှိ သို့မဟုတ် တာဝန်ရှိသူက အနီးကပ်ကြီးကြပ်၍ လမ်းညွှန် ရမည်။

၄၃။ ခရိုင်ဆည်မြောင်းအရာရှိသည် နည်းဥပဒေ ၄၂ အရ အရေးပေါ် လုပ်ငန်းဆောင်ရွက်သည့် အရေးပေါ် လုပ်သားများအတွက် လုပ်အားခများပေးချေနိုင်ရန် အောက်ပါတို့ကို သတ်မှတ်ရမည် -

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်စာရင်း၊

(ခ) လုပ်သားအရေအတွက်၊

(ဂ) အရေးပေါ် လိုအပ်မည့်ကာလ၊

(ဃ) လုပ်သားများအတွက် လုပ်အားခဈေးနှုန်း။

၄၄။ ခရိုင်ဆည်မြောင်းအရာရှိ သို့မဟုတ် ယင်းက တာဝန်ပေးခြင်းခံရသော မြို့နယ်ဆည်မြောင်းအရာရှိသည် ဆည်မြောင်းနှင့် ရေနုတ်မြောင်းအရေးပေါ် လုပ်ငန်းများ ဆောင်ရွက်ရာတွင် မတော်တဆထိခိုက်မှု ဖြစ်ပေါ် လျှင်ဖြစ်စေ၊ ချက်ချင်းပြင်ဆင်ရန်လိုအပ်သည့် ကြီးမားသော ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ် လျှင်ဖြစ်စေ လိုအပ်သောပစ္စည်းများနှင့် သယ်ယူရန်ယာဉ်တို့ကို အနီးဆုံးကျေးရွာမှ ရယူအသုံးပြုရမည်။

၄၅။ ခရိုင်ဆည်မြောင်းအရာရှိသည် ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (က) အရ အသုံးပြုသော အရေးပေါ် လုပ်သားများ၊ ပစ္စည်းကိရိယာများ၊ သယ်ယူစရိတ်များနှင့် ပစ္စည်းများဖယ်ရှားရာတွင် ပျက်စီးဆုံးရှုံးမှုများအားလုံး အတွက် ကုန်ကျစရိတ်တွက်ချက်၍ ခရိုင်အုပ်ချုပ်ရေးမှူးကတစ်ဆင့် သက်ဆိုင်သူများထံသို့ ရက်ပေါင်း ၃၀ အတွင်း ထုတ်ပေးရမည်။

## အခန်း (၁၁)

## အထွေထွေ

၄၆။ ဥပဒေအခန်း (၁၂) ပါတားမြစ်ချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပိုသော တားမြစ်ချက်များကို ဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်း သတင်းပေးပို့ချက်ကို လက်ခံရရှိလျှင်သော်လည်းကောင်း၊ မိမိကိုယ်တိုင် သိရှိလျှင်သော်လည်းကောင်း သက်ဆိုင်ရာ ဆည်မြောင်းအရာရှိ သို့မဟုတ် ထိုအကြောင်းအရာကိုသိသူ မည်သူမဆိုသည် ဖောက်ဖျက်ကျူးလွန်သူကို ဥပဒေပုဒ်မ ၅၀ သို့မဟုတ် ပုဒ်မ ၅၁ အရ အရေးယူနိုင်ရေး အတွက် သက်ဆိုင်ရာရဲစခန်းတွင် ပထမသတင်းပေး တိုင်တန်းချက်ရေးဖွင့်၍ တရားစွဲဆိုရမည်။

၄၇။ ဦးစီးဌာနသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့်ဖြစ်စေ၊ မမျှော်မှန်းနိုင်သည့် အကြောင်း တစ်ရပ်ရပ်ကြောင့်ဖြစ်စေ ဆည်မြောင်းလုပ်ငန်းများပျက်စီးဆုံးရှုံးမှုဖြစ်ပေါ် လာပါက လိုအပ်သော စူးစမ်း လေ့လာတိုင်းတာခြင်း၊ ပြန်လည်တည်ဆောက်ခြင်းနှင့် အဆင့်မြင့်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဝန်ကြီး ဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၄၈။ The Canal Act (Burma Act II, 1905) အရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ (ဤဝန်ကြီးဌာန သာမက အခြားဆက်စပ်သော ဝန်ကြီးဌာနများကပါ ယနေ့တိုင်အောင် ကျင့်သုံးနေဆဲဖြစ်ပါသောကြောင့်) စည်းမျဉ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤနည်းဥပဒေများနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

ဒေါက်တာအောင်သူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

ပုံစံ - ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် - /၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ ရက်

(၂၀၁၉ ခုနှစ်၊ လ ရက်)

**-------------------------------------- ရေလှောင်တမံ/ရေလွှဲဆည်/ ရေပေးတူးမြောင်းနှင့် ရေနုတ်မြောင်းများ၏ နယ်နိမိတ်သတ်မှတ်ခြင်း**

၁။ ဆည်မြောင်းဥပဒေအခန်း (၁)၊ ပုဒ်မ ၂ (က) နှင့် အခန်း (၁၄)၊ ပုဒ်မ ၅၆ (ခ) အရ ------------------------ ဒေသကြီး၊ -------------- ခရိုင်၊ --------------------- မြို့နယ်အတွင်းတည်ဆောက်ပြီးစီးခဲ့သော --------------------------- ရေလှောင်တမံ/ရေလွှဲဆည်နှင့်ဆက်စပ်နေသော ရေပေးတူးမြောင်းများ၊ ရေတံခါးများ၊ ရေပေးပြွန်များနှင့် တူးမြောင်းပေါ်ရှိ တံတားများနှင့်ဆက်စပ်နေသော ရေနုတ်မြောင်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော အဆောက်အအုံများအဖြစ် သတ်မှတ်ကြော်ငြာလိုက်သည်။

၂။ **အတိုင်းအတာများ**

(က)

(ခ)

(ဂ)

(ဃ)

(င)

၃။ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ------------ ရေလှောင်တမံ/ရေလွှဲဆည်/ရေပေးတူးမြောင်း/ရေနုတ်မြောင်းများ၏ နယ်နိမိတ်များ၊ ရေဆင်းဧရိယာအတွင်းနှင့် ဆက်စပ်သော ချောင်းများ၏နယ်နိမိတ်အတွင်း ငါးဖမ်းရန်အတွက် နည်းလမ်းအမျိုးမျိုးဖြင့် ပိတ်ဆို့ခြင်း၊ ရေစီးရေလာ အနှောင့်အယှက် ဖြစ်စေသောလုပ်ငန်းများလုပ်ဆောင်ခြင်း၊ သောက်သုံးသူအန္တရာယ်ဖြစ်စေသော ဓာတုဆေး အသုံးပြု၍ ငါးဖမ်းခြင်းကြောင့် ရေများညစ်ညမ်းခြင်း၊ ကျူးကျော်နေထိုင်ခြင်းများကြောင့် ဆက်စပ်နေသော ဆည်မြောင်းအဆောက်အအုံများနှင့် လယ်ယာမြေများအပေါ်တွင် တစ်နည်းနည်းဖြင့် ထိခိုက်ပျက်စီးစေခြင်း၊ လွှမ်းမိုးခြင်း စသည့်အန္တရာယ်များမှ ကာကွယ်ရန်အတွက် ဤအမိန့်ကြော်ငြာချက်ကို ထုတ်ပြန်လိုက်ပါသည်။ ဆည်မြောင်းဥပဒေအခန်း (၁၂) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပိုသော တားမြစ်ချက်များကို ကျူးလွန်ပါက အခန်း (၁၃)၊ ပုဒ်မ ၅၀ နှင့် ပုဒ်မ ၅၁ တို့အရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ညွှန်ကြားရေးမှူးချုပ်**

စာအမှတ် -

ရက်စွဲ -

ပုံစံ-၂

## ရေပေးမြောင်းနှင့် ရေထုတ်ပေါက်များမှ ရေသောက်စာရင်း

စိုက်သောသီးနှံ
မုရင်း (သို့မဟုတ်) ကိုင်း
ကောက်ရင်
ကောက်ကြီး

မြောင်းမတော်အမည်

မြောင်းခွဲ
မြောင်းမ လက်တံမြောင်း၏အမည် (သို့မဟုတ်) အမှတ်။ ......... မြောင်းခွဲ၊ လက်တံ (သို့မဟုတ်) မိုင်နားတို့၏အမည် (သို့မဟုတ်) အမှတ်။ .........

| ရေပေးမြောင်း (သို့မဟုတ်) ရေထုတ်ပေါက် | | | ကွင်းအမှတ် | ရေသောက်နိုင်သောဧရိယာ (ဧက) | ရေထုတ်ပေါက် | | ရေပြည့်သည့်အခါရေနေစောက် | ၂၀ -၂၀ ခုနှစ် | | | ၂၀ -၂၀ ခုနှစ် | | | ၂၀ -၂၀ ခုနှစ် | | | ၂၀ -၂၀ ခုနှစ် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| အမှတ် | အကွာအဝေး | ဝဲယာ | | | အမျိုး | အရွယ် | | အောင် (ဧက) | မအောင် (ဧက) | စုစုပေါင်း (ဧက) | အောင် (ဧက) | မအောင် (ဧက) | စုစုပေါင်း (ဧက) | အောင် (ဧက) | မအောင် (ဧက) | စုစုပေါင်း (ဧက) | အောင် (ဧက) | မအောင် (ဧက) | စုစုပေါင်း (ဧက) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ |
| | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | | |

မှတ်ချက်။ ဆည်မြောင်းနည်းဥပဒေ ၁၂၊ နည်းဥပဒေခွဲ (ဂ)၊ အပိုဒ် (၂) တွင် ဖော်ပြပါရှိသော ဤပုံစံ (၂) သည် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတွင် လက်ရှိအသုံးပြုသည့် ရေသွင်းပုံစံ ဘီ-၁၁၃ ကို ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။

ပုံစံ - ၃

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

**-------------------------------- ရေလှောင်တမံ/ရေပိုလွှဲနှင့် တိုက်ရိုက်ရေပေးဝေသည့်**

**ရေသောက်စနစ်များ ထိန်းသိမ်းပြုပြင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ**

၁။ နိဒါန်း
စီမံကိန်းရည်ရွယ်ချက်
စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု

၂။ ရေလှောင်တမံထိပ်တွင် တာဝန်ထမ်းဆောင်ရန်လိုအပ်သော ဝန်ထမ်းအင်အား

၃။ သတ်မှတ်ထားသော ဝန်ထမ်းအမျိုးအစားအလိုက် တာဝန်နှင့်ဝတ္တရားများ ရေလှောင်တမံထိပ်နှင့် ဆည်ရေသောက်ဧရိယာအတွက် တာဝန်ချထားသော ဝန်ထမ်းများ၏ တာဝန်ဝတ္တရားများ

(က) ဦးစီးအရာရှိ (ရေလှောင်တမံ) ၏ တာဝန်ဝတ္တရားများ

(ခ) ဦးစီးအရာရှိ (ရေသောက်စနစ်) ၏ တာဝန်ဝတ္တရားများ

(ဂ) ဦးစီးမှူး (ရေလှောင်တမံ) ၏ တာဝန်ဝတ္တရားများ

(ဃ) ရေလှောင်တမံထိပ်တွင် တာဝန်ထမ်းဆောင်ရသော ရေမှတ်ကြည့်ဝန်ထမ်းများ၏ တာဝန်ဝတ္တရားများ

(င) လက်ထောက်အကောက်ခွန်မှူး (ဆည်)

(စ) လက်တံခွဲမြောင်း၊ ရေထိန်းတံခါးနေရာများတွင် တာဝန်ယူရသော ရေမှတ်သမား၏ တာဝန်ဝတ္တရားများ

(ဆ) ရေပေးမြောင်းများ ထိန်းသိမ်းပြုပြင်ရာတွင် တာဝန်ယူရသော အလုပ်သမားများ၏ တာဝန်ဝတ္တရားများ

၄။ ရေလှောင်တမံအတွက် လုပ်ထုံးလုပ်နည်းများ

(က) မြစ် ရေစီးရေလာထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

(ခ) ရေထုတ်ပြွန်နှင့် မြောင်းအတွက် ရေဖွင့်ခြင်း၊ ပိတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

(ဂ) ရေပိုလွှဲ၊ ရေထိန်းရေကျော်များဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

(ဃ) သစ်ဖောင်၊ သစ်လုံးများမျောခြင်း၊ ဖြတ်သန်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

၅။ အချက်အလက်များ

(က) စီမံကိန်းဆိုင်ရာအချက်အလက်များ
ရေလှောင်တမံ
ရေပိုလွှဲ

(ခ) ရေမှတ်တိုင်များတည်နေရာနှင့် Z.O.G အမှတ်များ

(ဂ) ရေလှောင်တမံထိပ်ရှိ နာရီစဉ်ရေမှတ် မှတ်တမ်းစာအုပ်ထိန်းသိမ်းခြင်း

(ဃ) ရေမှတ်စာရင်းမှတ်တမ်း

(င) မှတ်တမ်းစာအုပ်ထိန်းသိမ်းခြင်း

(စ) မိုးရေချိန်မှတ်တမ်းစာအုပ်များ

(ဆ) တာဝန်ခံများမှ လမ်းညွှန်ချက်များ

(ဇ) တူးမြောင်းအဆောက်အအုံများ

၆။ မြောင်းမကြီးထိန်းသိမ်းခြင်းလုပ်ထုံးလုပ်နည်းများ

၇။ ရေထိန်းအဆောက်အအုံအတွက် လုပ်ထုံးလုပ်နည်းများ

၈။ တူးမြောင်းမကြီးအတွင်း ရေပေးဝေရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ

၉။ နွေစပါးရေပေးရန် လိုက်နာရမည့်နည်းလမ်းများ

၁၀။ သီးနှံအမျိုးအစားအလိုက် ဆည်ရေရယူသုံးစွဲသော ရေအနက်ပေ (Delta) နှင့် Discharge-Curve ရေးဆွဲဆန်းစစ်ခြင်းနည်းလမ်းများ

ပုံစံ - ၄

## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## -------------------------------- ရေလှောင်ဆည်/သဲထုတ်ရေတံခါး/မြောင်းထိပ်ရေတံခါးနှင့် ရေသောက်စနစ်များ ထိန်းသိမ်းပြုပြင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

၁။ နိဒါန်း
စီမံကိန်းရည်ရွယ်ချက်
စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု

၂။ ရေလှောင်ဆည်ထိပ်တွင် တာဝန်ထမ်းဆောင်ရန်လိုအပ်သော ဝန်ထမ်းစာရင်း

၃။ သတ်မှတ်ထားသော ဝန်ထမ်းအမျိုးအစားအလိုက် တာဝန်နှင့် ဝတ္တရားများ

(က) ဦးစီးအရာရှိ (ရေလှောင်ဆည်) ၏ တာဝန်ဝတ္တရားများ

(ခ) ဦးစီးမှူး (ရေလှောင်ဆည်) ၏ တာဝန်ဝတ္တရားများ

(ဂ) ရေလှောင်ဆည်ထိပ်တွင် တာဝန်ထမ်းဆောင်ရသော ဘင်ခေါင်းနှင့်ရေမှတ်ကြည့်ဝန်ထမ်း၏ တာဝန်ဝတ္တရားများ

၄။ ရေမှတ်တိုင်များတည်နေရာနှင့် Z.O.G အမှတ်များ

၅။ ရေလှောင်ဆည်ထိပ်ရှိ ရေမှတ် မှတ်တမ်းစာအုပ်ထိန်းသိမ်းခြင်း

၆။ မှတ်တမ်းစာအုပ်ထိန်းသိမ်းခြင်း

၇။ မြောင်းမကြီးပေါ်ရှိ အဓိကကျသော လက်တံမြောင်း၊ တိုက်ရိုက်မြောင်းများ၏ မြောင်းထိပ် ရေထိန်းတံခါးများအား တာဝန်ယူရသော ဘင်သားများ၏ တာဝန်ဝတ္တရားများ

၈။ ရေပေးမြောင်းများထိန်းသိမ်းပြုပြင်ရာတွင် တာဝန်ယူရသော အလုပ်သမားများ၏ တာဝန်ဝတ္တရားများ

၉။ အချက်အလက်များ

- ရေလှောင်ဆည်
- သဲထုတ်ရေတံခါး
- သဲထုတ်ရေတံခါး လက်ဝဲဘက် မြောင်းထိပ်ရေတံခါး

၁၀။ ချောင်းရေစီးရေလာထိန်းသိမ်းရေးအတွက် လုပ်ထုံးလုပ်နည်းများ

၁၁။ ရေလှောင်ဆည်ထိန်းသိမ်းလည်ပတ်ရေးအတွက် လုပ်ထုံးလုပ်နည်းများ၊ မိုးရာသီမတိုင်မီကြိုတင် ပြင်ဆင်ရမည့်လုပ်ငန်းများ

၁၂။ မိုးရာသီအတွင်း သဲထုတ်ရေတံခါးများနှင့် တူးမြောင်းရေထိန်းတံခါးများအတွက် လုပ်ထုံးလုပ်နည်းများ

(က) တူးမြောင်းအတွက် ရေတံခါးအဖွင့်/အပိတ် လုပ်ထုံးလုပ်နည်းများ

(ခ) သဲထုတ်ရေတံခါးလုပ်ထုံးလုပ်နည်းများ

၁၃။ တူးမြောင်းရေပေးဝေခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

၁၄။ တူးမြောင်းဆိုင်ရာအချက်အလက်များ

၁၅။ သီးနှံအမျိုးအစားအလိုက် ဆည်ရေရယူသုံးစွဲသော ရေအနက်ပေ (Delta) နှင့် Discharge-Curve ရေးဆွဲဆန်းစစ်ခြင်းနည်းလမ်းများ

## ဆည်မြောင်းနယ်နိမိတ်သတ်မှတ်ခြင်း

**၁။ ရေလွှဲဆည်၊ ရေလှောင်ကန် (Weir/Tank) ၏ ရေဝပ်ဧရိယာ**

ရေလွှဲဆည်၏ ဒီဇိုင်းပြုသတ်မှတ်ထားသော အမြင့်ဆုံးရေကြီးမှတ် (Design Maximum High Flood Level) နှင့်အညီ ကွန်တို (Contour) ရစ်ပြီး ၎င်းကွန်တိုဧရိယာအတွင်း လူနေခြင်း၊ စိုက်ပျိုးခြင်း၊ ကျူးကျော်ခြင်း လုံးဝမပြုရ။ ဒီဇိုင်းပြုသတ်မှတ်ထားသော အမြင့်ဆုံးရေကြီးမှတ် (Design Maximum High Flood Level) နှင့် အထက်ပိုင်းအား လိုအပ်ချက်ရှိက ဒေသအာဏာပိုင်နှင့် ညှိနှိုင်းသတ်မှတ်ရန်။

**၂။ တမံ၏ရေဝပ်ဧရိယာ (Water Spread Area)**

ရေလှောင်တမံ၏ ဒီဇိုင်းပြုသတ်မှတ်ထားသော အမြင့်ဆုံးရေကြီးမှတ် (Design Maximum High Flood Level) နှင့်အညီ ကွန်တို (Contour) ရစ်ပြီး ၎င်းကွန်တိုဧရိယာအတွင်း လူနေခြင်း၊ စိုက်ပျိုးခြင်း၊ ကျူးကျော်ခြင်း လုံးဝမပြုရ။ ၎င်းအမြင့်အမှတ်ထက် ပိုမိုကျော်လွန်မြင့်တက်နိုင်ပါက ဒေသအာဏာပိုင်နှင့် ညှိနှိုင်းသတ်မှတ်ရန်။

**၃။ ရေလျှံတားပေါင် (Affluxbund)**

ရေလျှံတားပေါင်၏ အပြင်ဘက်တာအခြေမှ (၅၀) ပေအကွာတွင် ကျောက်တိုင်စိုက်ရန်အတွင်းဘက် တာခြေမှ (၁၀၀) ပေအကွာတွင် ကျောက်တိုင်စိုက်ရန်နှင့် ၎င်းဧရိယာအတွင်း လူနေခြင်း၊ စိုက်ပျိုးခြင်း၊ ကျူးကျော်ခြင်းလုံးဝမပြုရ။ ဌာန/အာဏာပိုင်မှ ခွင့်ပြု၍လည်း မရပါ။

**၄။ တူးမြောင်း (Canal)**

တူးမြောင်းများအတွက် ပုံသေသတ်မှတ်ခြင်းမရှိပါ။ မိမိတို့တူးမြောင်းပေါင်အမြင့်အလိုက် လိုအပ်သော အကွာအဝေးတွက်ချက်၍ အာဏာပိုင်နှင့် ညှိနှိုင်းသတ်မှတ်ရန်။

**၅။ တာနယ်နိမိတ် (Boundary Area of Embankment)**

တာ၏အပြင်ဘက် (မြစ်ဘက်) တွင် တာအခြေမှ (၁၀၀) ပေ၊ အတွင်းဘက် (ကုန်းဘက်) တွင်တာအခြေမှ (၅၀) ပေကို တာနယ်နိမိတ်အဖြစ်သတ်မှတ်ထားပြီး အဆိုပါ ဧရိယာအတွင်း အဆောက်အဦဆောက်လုပ်၍ ဝင်ရောက်နေထိုင်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ခြင်း အပါအဝင်တာ၏ကြံ့ခိုင်မှုနှင့် ရေရှည်ထိန်းသိမ်း စောင့်ရှောက်ရေးလုပ်ငန်းစဉ်များကို ထိခိုက်စေနိုင်မည့်ကိစ္စရပ်များ လုံးဝမပြုလုပ်ရ။

**၆။ ကျေးရွာရေလှောင်ကန်နယ်နိမိတ် (Boundary Area of Village Tank Embankment)**

ကျေးရွာရေလှောင်ကန်ပတ်လည်ကာထားသော တာပေါင်များ အတွင်း၊ အပြင် နယ်နိမိတ်ကျောက်တိုင်များ စိုက်ထူထားရမည်။ ရေလှောင်ကန်၏ အပြင်ဘက်တာခြေမှ ပုံမှန်အားဖြင့် (၅၀) ပေ သတ်မှတ်ရန်၊ ရေလှောင် ကန်ငယ်များအတွက် တာခြေမှ (၂၅) ပေ သတ်မှတ်ရန်၊ အရေးပါသော ကျေးရွာရေလှောင်ကန်အတွက် တာခြေမှ (၁၀၀) ထက်မပိုရ။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ

### အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)

### မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား ပြန်လည်သိမ်းဆည်းခြင်း

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ယခင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့မှ ခွင့်ပြုခဲ့ပြီး ဖော်ထုတ်သတ်မှတ်ကာလ (၄) နှစ်အတွင်း လုံးဝဖော်ထုတ်စိုက်ပျိုးခြင်းမရှိသော ပူးတွဲဇယား (၁) ပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာ (၅၀. ၀၀) ဧကအား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ (၂၁/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၂ (ဂ)၊ နည်းဥပဒေ ၅၁ (ခ) တို့နှင့်အညီ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှစ၍ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်များကို ရုပ်သိမ်းလိုက်ပြီး ပေးသွင်းထားသော အာမခံကြေးများကိုပါ နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းလိုက်သည်။

ဒေါက်တာအောင်သူ

ဥက္ကဋ္ဌ

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ

ဇယား (၁)

**သတ်မှတ်ကာလ (၄) နှစ်ကျော်လွန်သော်လည်း လုံးဝဖော်ထုတ်လုပ်ကိုင်မှုမရှိသဖြင့် ခွင့်ပြုမိန့်ရုပ်သိမ်း၍ ပြန်လည်သိမ်းဆည်းသည့်စာရင်း**
**(ဧရာဝတီတိုင်းဒေသကြီး)**

| စဉ် | ပုဂ္ဂိုလ်/အဖွဲ့အစည်းအမည် | ခွင့်ပြုမိန့်ချထားသည့် | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | မြို့နယ် | ကျေးရွာအုပ်စု | ခွင့်ပြုသည့် ရက်စွဲနှင့် စာအမှတ် | ခွင့်ပြုသည့် အကြောင်းအရာ | ခွင့်ပြု ဧရိယာ (ဧက) | |
| ၁ | ဒုဗိုလ်မှူးကြီး ကြီးစိန် | ပုသိမ် | ရှော်ပြာ | ၂၃၂၅/မယ (ဖ) (၁၁) ၂၀၀၅ (၁၁. ၄. ၂၀၀၅) | သီဟိုဠ်၊ ပဲစင်းငုံ၊ ပန်း၊ နှမ်း | ၅၀. ၀၀ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၉၈/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်)

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၉) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းက လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အောက်ဖော်ပြပါ စာရင်းကိုင်-၁ (၂) ဦးအား ယင်းဌာနတွင်လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) လက်ထောက်မန်နေဂျာ (ဘဏ္ဍာရေး) ရာထူးနေရာများသို့ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း |
|---|---|---|
| (က) | ဒေါ်မိုင်စံသီရင် | လက်ထောက်မန်နေဂျာ (ဘဏ္ဍာရေး)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ခ) | ဒေါ်လှလှဝင်း | လက်ထောက်မန်နေဂျာ (ဘဏ္ဍာရေး)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

သန့်စင်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်)

**ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ - (င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁,၃၁၈) ဧကရှိသော နယ်မြေကို "ကျောက်တစ်လုံးကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၉ ရက် (၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

## ၂။ နယ်နိမိတ်အလားအလာဖော်ပြချက်

မြောက်ဘက် ။ ။ အရှေ့ဘက်တဲကျေးရွာ ကိုးပင်စင်ကျေးရွာ သွားလမ်းနှင့် ခေါင်းပေါင်းဖွတ်အိုင်အဆုံ ခန့်မှန်းမြေပုံညွှန်း (P-၈၆၅၆၅၈) မှ အစပြု၍ အရှေ့တောင်ဘက်သို့ (၁) ဖာလုံခန့်လာရာ သဲတွင်းအိုင်အနီး ခန့်မှန်းမြေပုံညွှန်း (P-၈၆၇၆၅၇) အထိ။

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ဘက်သို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၆၈၆၄၉) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၆) ဖာလုံခန့်လာရာ ဆည်တောကျေးရွာ၊ ကျောက်တစ်လုံးကျေးရွာသွားလမ်းနှင့် ရေငံချောင်းရိုးဆုံရာ ခန့်မှန်းမြေပုံညွှန်း (P-၈၆၅၆၃၇) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၈) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၇၆၆၃၀) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၆) ဖာလုံခန့်လာရာ ဆည်တောကျေးရွာ-အရှေ့ဘက်တဲကျေးရွာသွားလမ်းနှင့် ကြက်ဆူရိုးဆုံရာ ခန့်မှန်းမြေပုံညွှန်း (P-၈၇၇၆၁၉) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၉) ဖာလုံခန့်လာရာ ဆည်တောကျေးရွာသွားလမ်းနှင့် နတ်ရေတွင်းသွားလမ်းဆုံ ခန့်မှန်းမြေပုံညွှန်း (P-၈၉၁၆၁၇) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၈) ဖာလုံခန့်လာရာ ကျောက်ရိုးကုန်းမြောက်ဘက်ရေလဲ ခန့်မှန်းမြေပုံညွှန်း (P-၉၀၂၆၁၂) အထိ။

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ (၁၀) ဖာလုံခန့်လာရာ လိပ်ဖိုတောင်ရိုးနှင့် ခတ်တာတောရိုးဆုံရာ ခန့်မှန်းမြေပုံညွှန်း (P-၈၉၅၅၉၂) အထိ။

အနောက်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်သို့ (၈) ဖာလုံခန့်လာရာ ဦးကံမြင့်လယ်ကျင်း အရှေ့ဘက်ထိပ် ခန့်မှန်းမြေပုံညွှန်း (P-၈၉၁၅၉၈) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၄) ဖာလုံခန့်လာရာ ရုံးတောကျေးရွာ-ဆည်တောကျေးရွာ အရှေ့ဘက်တဲ ကျေးရွာသွားလမ်းဆုံ ခန့်မှန်းမြေပုံညွှန်း (P-၈၈၆၆၀၆) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၇၉၆၁၄) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၄) ဖာလုံခန့်လာရာ တောက်တဲ့အိုင်ထိပ် ခန့်မှန်းမြေပုံညွှန်း (P-၈၇၆၆၁၈) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၆၇၆၁၉ အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၈) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၅၁၆၃၀) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၅၅၆၄၃) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း(P-၈၅၃၆၃၄) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၉) ဖာလုံခန့်လာရာ အရှေ့ဘက်တဲကျေးရွာ၊ ကိုးပင်စင်ကျေးရွာသွားလမ်းနှင့် ဂျိုးဂျိုးကျရိုးဆုံရာ ခန့်မှန်းမြေပုံညွှန်း (P-၈၆၃၆၅၃) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၄) ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (P-၈၆၅၆၅၈) အထိ။

## ချန်လှပ်ကွက် (၁)၊ (၁. ၀၀) ဧက၏ နယ်နိမိတ်အလားအလာ

မြောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း (P-၈၆၅၆၅၄) မှ အစပြု၍ အရှေ့မြောက်ဘက်သို့ (၀. ၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၆၆၆၅၄) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ဘက်သို့ (၀. ၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၆၆၆၅၃) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ (၀. ၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၆၅၆၅၃) အထိ၊

အနောက်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်သို့ (၀. ၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၆၅၆၅၄) အထိ။

## ချန်လှပ်ကွက် (၂)၊ (၁၈. ၂၀) ဧက၏ နယ်နိမိတ်အလားအလာ

မြောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း (P-၈၆၅၆၅၁) မှ အစပြု၍ အရှေ့ဘက်သို့ (၁. ၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၆၇၆၅၁) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ တောင်ဘက်သို့ (၁. ၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၆၇၆၄၉) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်ဘက်သို့ (၀. ၉) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၆၅၆၄၉) အထိ၊ ထိုမှ တောင်ဘက်သို့ (၁. ၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၆၅၆၄၆) အထိ၊ ထိုမှ အနောက်ဘက်သို့ (၀. ၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၆၄၆၄၆) အထိ၊

အနောက်ဘက် ။ ။ ထိုမှ မြောက်ဘက်သို့ (၁. ၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၆၄၆၄၉) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁. ၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၆၅၆၅၁) အထိ။

## ချန်လှပ်ကွက် (၃)၊ (၂၉) ဧက၏ နယ်နိမိတ်အလားအလာ

မြောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း (P-၈၅၇၆၃၉) မှ အစပြု၍ အရှေ့ဘက်သို့ (၀. ၉) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၅၉၆၃၉) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ဘက်သို့ ခန့်မှန်းမြေပုံညွှန်း (၀. ၉) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၆၁၆၃၈) အထိ၊ ထိုမှ တောင်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၆၁၆၃၆) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁. ၃) ဖာလုံခန့်လာရာ ခန့်မှန်း မြေပုံညွှန်း (P-၈၆၃၆၃၅) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၆၀၆၃၃) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၆၉၆၃၃) အထိ၊

အနောက်ဘက် ။ ။ ထိုမှ မြောက်ဘက်သို့ (၀. ၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၅၉၆၃၄) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၁. ၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၅၇၆၃၆) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁. ၈) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၆၀၆၃၅) အထိ၊ ထိုမှ မြောက်ဘက်သို့ (၀. ၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၆၀၆၃၇) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၁. ၇) ဖာလုံခန့်လာရာ ခန့်မှန်း မြေပုံညွှန်း (P-၈၅၇၆၃၉) အထိ။

## ချန်လှပ်ကွက် (၄)၊ (၁၅. ၄၀) ဧက၏ နယ်နိမိတ်အလားအလာ

မြောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း (P-၈၆၄၆၃၂) မှ အစပြု၍ အရှေ့မြောက်ဘက်သို့ (၀. ၂) ဖာလုံခန့် လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၆၅၆၃၃) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ဘက်သို့ (၁. ၉) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၆၆၆၂၉) အထိ၊ ထိုမှ တောင်ဘက်သို့ (၁. ၈) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၆၆၆၂၆) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်သို့ (၁. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၆၄၆၂၇) အထိ၊

အနောက်ဘက် ။ ။ ထိုမှ အရှေ့မြောက်ဘက်သို့ (၀. ၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၆၅၆၂၈) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၀. ၈) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၆၄၆၃၀) အထိ၊ ထိုမှ မြောက်ဘက်သို့ (၁. ၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၆၄၆၃၂) အထိ။

## ချန်လှပ်ကွက် (၅)၊ (၃၀. ၀၀) ဧက၏ နယ်နိမိတ်အလားအလာ

မြောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း (P-၈၆၉၆၃၃) မှ အစပြု၍ အရှေ့တောင်ဘက်သို့ (၁. ၃) ဖာလုံခန့် လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၇၁၆၃၂) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ဘက်သို့ (၂. ၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၇၄၆၂၉) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁. ၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၇၃၆၂၇) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်ဘက်သို့ (၁. ၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၇၁၆၂၇) အထိ၊

အနောက်ဘက် ။ ။ ထိုမှ မြောက်ဘက်သို့ (၁. ၈) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၇၁၆၂၉) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၁. ၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၆၉၆၃၁) အထိ၊ ထိုမှ မြောက်ဘက်သို့ (၁. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၆၉၆၃၃) အထိ။

## ချန်လှပ်ကွက် (၆)၊ (၄၁. ၈၀) ဧက၏ နယ်နိမိတ်အလားအလာ

မြောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း (P-၈၇၂၆၂၆) မှ အစပြု၍ အရှေ့တောင်ဘက်သို့ (၁. ၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၇၃၆၂၅) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၀. ၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၇၄၆၂၆) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၇၆၆၂၄) အထိ၊ ထိုမှ အနောက်ဘက်သို့ (၀. ၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၇၅၆၄၂) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁. ၈) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၇၆၆၂၂) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၇၄၆၂၁) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၁. ၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၇၁၆၂၂) အထိ၊

အနောက်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်သို့ (၁. ၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၇၀၆၂၄) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၀. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၇၁၆၂၄) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၀. ၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၇၂၆၂၅) အထိ၊ ထိုမှ အနောက်ဘက်သို့ (၀. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၇၁၆၂၅) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၀. ၉) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၇၂၆၂၆) အထိ။

## ချန်လှပ်ကွက် (၇)၊ (၂၈. ၆၀) ဧက၏ နယ်နိမိတ်အလားအလာ

မြောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း (P-၈၈၁၆၁၉) မှ အစပြု၍ အရှေ့တောင်ဘက်သို့ (၁. ၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၈၅၆၁၈) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ (၁. ၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၈၃၆၁၆) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁. ၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၈၅၆၁၅) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ (၀. ၉) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၈၄၆၁၄) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၂. ၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၈၀၆၁၆) အထိ၊

အနောက်ဘက် ။ ။ ထိုမှ အရှေ့တောင်ဘက်သို့ (၁. ၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၈၁၆၁၇) အထိ၊ ထိုမှ မြောက်ဘက်သို့ (၁. ၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၈၈၁၆၁၉) အထိ။

၃။ **တားမြစ်ချက်များ**

"ကျောက်တစ်လုံးကြီးပြင်ကာကွယ်တော" အတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည် -

(က) ကျူးကျော်ဝင်ရောက် အခြေချနေထိုင်ခြင်း၊ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်း၊

(ခ) မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များကို ခွင့်ပြုမိန့်မရရှိဘဲ စားကျက်ချခြင်း သို့မဟုတ် ဝင်ရောက်စေခြင်း၊

(ဂ) ခွင့်ပြုမိန့်မရရှိဘဲ ပျက်စီးစေရန် တမင်ရည်ရွယ်ချက်ဖြင့် ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်း၊

(ဃ) ရေစီးရေလာကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ပျက်စီးစေခြင်း၊

(င) ရေတွင် လျှပ်စစ်ဓာတ်အားကို ဖြတ်စီးစေခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သော အရာများ အသုံးပြုခြင်း၊ ရေတွင်အဆိပ်ခတ်ခြင်း၊

(စ) ခွင့်ပြုမိန့်မရရှိဘဲ မည်သည့်သစ်ပင်ကိုမဆို ပျက်စီးစေခြင်း၊ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊

(ဆ) သစ်တောများကို မီးဖြင့်ပျက်စီးစေခြင်း၊

(ဇ) တောရိုင်းတိရစ္ဆာန်များဖမ်းဆီးခြင်း သို့မဟုတ် အမဲလိုက်ပစ်ခတ်ခြင်း။

၄။ **ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| | မရှိပါ | မရှိပါ |

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန် ပျက်ကွက်ခြင်းများရှိပါက သစ်တောဥပဒေအရ အရေးယူခြင်းခံရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၈၅/ ၂၀၁၉)
## ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ - (င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၂၅) ဧကရှိသော နယ်မြေကို "ဇီးအိုကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၉ ရက် (၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ ညောင်ဦးမြို့နယ်၊ ဇီးအိုကျေးရွာ အရှေ့ဘက်ရှိ ရွာအဝင်လမ်း မန်ကျည်းလျှိုပင်ချောင်းစပ် ခန့်မှန်းမြေပုံညွှန်း (P-၃၇၂၆၃၃) မှ အစပြု၍ အရှေ့ဘက်သို့ (၀. ၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၃၇၃၆၃၃) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၃၇၅၆၃၂) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁. ၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၃၇၇၆၃၀) အထိ၊ ထိုမှ အရှေ့တောင်ဘက်ယွန်းယွန်းသို့ (၀. ၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၃၇၈၆၂၉) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ တောင်ဘက်သို့ (၀. ၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၃၇၇၆၂၈) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်ဘက်သို့ (၁. ၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၃၇၅၆၂၉) အထိ၊ ထိုမှ အနောက်ဘက်သို့ (၀. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၃၇၄၆၂၉) အထိ၊

အနောက်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်သို့ (၁. ၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (P-၃၇၂၆၃၂) အထိ၊ ထိုမှ မြောက်ဘက်သို့ (၀. ၇) ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (P-၃၇၂၆၃၃) အထိ။

၃။ **တားမြစ်ချက်များ**

"ဇီးအိုကြိုးပြင်ကာကွယ်တော" အတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည်-

(က) ကျူးကျော်ဝင်ရောက် အခြေချနေထိုင်ခြင်း၊ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်း၊

(ခ) မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များကို ခွင့်ပြုမိန့်မရရှိဘဲ စားကျက်ချခြင်း သို့မဟုတ် ဝင်ရောက်စေခြင်း၊

(ဂ) ခွင့်ပြုမိန့်မရရှိဘဲ ပျက်စီးစေရန် တမင်ရည်ရွယ်ချက်ဖြင့် ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်း၊

(ဃ) ရေစီးရေလာကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ပျက်စီးစေခြင်း၊

(င) ရေတွင် လျှပ်စစ်ဓာတ်အားကို ဖြတ်စီးစေခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သော အရာများ အသုံးပြုခြင်း၊ ရေတွင်အဆိပ်ခတ်ခြင်း၊

(စ) ခွင့်ပြုမိန့်မရရှိဘဲ မည်သည့်သစ်ပင်ကိုမဆို ပျက်စီးစေခြင်း၊ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊

(ဆ) သစ်တောများကို မီးဖြင့်ပျက်စီးစေခြင်း၊

(ဇ) တောရိုင်းတိရစ္ဆာန်များဖမ်းဆီးခြင်း သို့မဟုတ် အမဲလိုက်ပစ်ခတ်ခြင်း။

၄။ **ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| | မရှိပါ | မရှိပါ |

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန် ပျက်ကွက်ခြင်းများရှိပါက သစ်တောဥပဒေအရ အရေးယူခြင်းခံရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၈၆/၂၀၁၉)
## ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ - (င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ မြေပုံမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့်ဧရိယာအကျယ်အဝန်း(၂၄,၉၀၀)ဧကရှိသော နယ်မြေကို "ခြုံချောင်းကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၉ ရက် (၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

## ၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ ယောချောင်း၊ တင်းချောင်းနှင့် ယောချောင်းကြိုးပြင်ကာကွယ်တော နယ်နိမိတ်ဆုံသည့်နေရာ၏ အရှေ့တောင်ဘက် (၁) ဖာလုံခန့်အကွာရှိ တောင်ကုန်းထိပ် ခန့်မှန်းမြေပုံညွှန်း (S-၇၂၀၅၀၉) မှ အစပြု၍ အရှေ့တောင်ဘက်သို့ တင်းချောင်းလက်ယာတက်ချောင်း၏ အနောက်ဘက်ကမ်းရှိ တောင်ခြေရင်းအတိုင်း (၁) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၇၃၅၄၈၉) အထိ၊ ထိုမှ မြောက်ဘက်သို့ တင်းချောင်းလက်ယာတက်ချောင်း၏ အရှေ့ဘက်ရှိ တောင်ခြေများအတိုင်း (၁) မိုင် (၄) ဖာလုံခန့်လာရာ တင်းချောင်းမရောက်မီ (၁) ဖာလုံခန့် အလို ခန့်မှန်းမြေပုံညွှန်း (S-၇၂၉၅၁၄) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ တင်းချောင်း ချောင်း၏ တောင်ဘက် (၁) ဖာလုံခန့်အကွာမှ (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၇၃၅၅၂၄) အထိ၊ ထိုမှ တင်းချောင်း ချောင်း၏ တောင်ဘက် (၁) ဖာလုံခန့်အကွာမှ အရှေ့မြောက်ဘက်သို့ (၁) မိုင် (၄) ဖာလုံခန့်လာရာ တင်းချောင်းထဲသို့ စီးဝင်သည့်လျှိုနှင့် ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (S-၇၅၄၅၁၆) အထိ၊ ထိုမှ တင်းချောင်း ချောင်း၏ တောင်ဘက် (၁) ဖာလုံခန့်အကွာမှ အရှေ့မြောက်ယွန်းယွန်းသို့ (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၇၅၈၅၂၇) အထိ၊ ထိုမှ တင်းချောင်း ချောင်း၏ တောင်ဘက် (၁) ဖာလုံခန့်အကွာမှ အရှေ့ဘက်သို့ (၃) မိုင် (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၈၀၆၅၁၉) အထိ၊ ထိုမှ တင်းချောင်းချောင်း၏ တောင်ဘက် (၁) ဖာလုံခန့်အကွာမှ အရှေ့မြောက်ဘက်သို့ (၅) ဖာလုံခန့်လာရာ တင်းချောင်း ချောင်းခွဆုံနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (S-၈၁၆၅၂၆) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ယောချောင်းကြိုးပြင်ကာကွယ်တော နယ်နိမိတ်အတိုင်း (၅) ဖာလုံခန့်လာရာ အမ်း-မြေပုံမြို့နယ် နယ်နိမိတ်နှင့် ယောချောင်း ကြိုးပြင်ကာကွယ်တောဆုံသည့် ခန့်မှန်းမြေပုံညွှန်း (S-၈၂၁၅၃၃) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ဘက်သို့ အမ်း-မြေပုံမြို့နယ် နယ်နိမိတ်တောင်ကြောများအတိုင်း (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၈၂၆၅၂၅) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ အမ်း-မြေပုံမြို့နယ် နယ်နိမိတ်တောင်ကြောအတိုင်း (၁) မိုင် (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၈၀၄၅၀၈) အထိ၊ ထိုမှ တောင်ဘက်သို့ အမ်း-မြေပုံမြို့နယ် နယ်နိမိတ်တောင်ကြောအတိုင်း (၁) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၈၀၀၄၈၈) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ အမ်း-မြေပုံမြို့နယ် နယ်နိမိတ်အတိုင်း (၁) မိုင် (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၇၇၈၄၇၇) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ အမ်း-မြေပုံမြို့နယ် နယ်နိမိတ်အတိုင်း (၂) မိုင် (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၇၉၅၄၄၀) အထိ၊ ထိုမှ အမ်း-မြေပုံမြို့နယ် နယ်နိမိတ်တောင်ကြောအတိုင်း အရှေ့တောင်ဘက်သို့ (၂) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၈၁၀၄၀၁) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ အမ်း-မြေပုံမြို့နယ် နယ်နိမိတ်တောင်ကြောအတိုင်း (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၈၀၅၃၈၉) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်သို့ ရေယွန်တောင် တောင်ကြောအတိုင်း (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၇၉၃၃၉၇) အထိ၊ ထိုမှ အနောက်ဘက်သို့ ငစင်းလက်ယာတက်ချောင်းဖျားကိုဖြတ်၍ တောင်ကြောများအတိုင်း (၃) မိုင် (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၇၃၃၃၉၂) အထိ၊ ထိုမှ တောင်ဘက်သို့ တောင်ကြောအတိုင်း (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၇၃၄၃၈၇) အထိ၊ ထိုမှ အနောက်ဘက်သို့ တောင်ကုန်းနှင့်လျှိုများကိုဖြတ်၍ (၁) မိုင် (၆) ဖာလုံခန့်လာရာ ယောချောင်းချောင်း မရောက်မီ (၂) ဖာလုံခန့်လာရာ ယောချောင်း၏ အရှေ့ဘက်တောင်ကုန်း ခန့်မှန်းမြေပုံညွှန်း (S-၇၀၇၃၈၆) အထိ၊

အနောက်ဘက် ။ ။ ထိုမှ မြောက်ဘက်သို့ ယောချောင်းနှင့်အပြိုင် လျှိုများနှင့် ယောချောင်း၏ အရှေ့ဘက် တောင်စွယ်များကိုဖြတ်၍ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၇၀၆၄၀၂) အထိ၊ ထိုမှ မြောက်ဘက်သို့ ယောချောင်းချောင်းနှင့်အပြိုင် လျှိုများနှင့် ယောချောင်းချောင်း၏

အရှေ့ဘက် တောင်စွယ်များကိုဖြတ်၍ (၂) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၆၉၉၄၄၀) အထိ၊ ထိုမှ ယောချောင်းနှင့်အပြိုင် မြောက်ဘက်သို့ ယောချောင်း၏ အရှေ့ဘက်တောင်စွယ်များကိုဖြတ်၍ (၆) ဖာလုံခန့်လာရာ ကျောက်ပန်းဒူချောင်း ရောက်သည်အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ကျောက်ပန်းဒူချောင်းကိုဖြတ်ပြီး ယောချောင်း၏ အရှေ့ဘက်တောင်ကြောအတိုင်း (၁) မိုင် (၁) ဖာလုံခန့်လာရာ ယောချောင်းအနီး ခန့်မှန်းမြေပုံညွှန်း (S-၆၉၂၄၇၃) အထိ၊ ထိုမှ အရှေ့ဘက်တောင်ခြေ အတိုင်း (၁) မိုင် (၆) ဖာလုံခန့်လာရာ ငစင်းချောင်း၏ အနောက်ဘက်တောင်ခြေ ခန့်မှန်း မြေပုံညွှန်း (S-၇၂၂၄၇၁) အထိ၊ ထိုမှ တောင်ဘက်သို့ ငစင်းချောင်း၏ လက်တက်အတိုင်း (၁) ဖာလုံခန့်လာပြီးနောက် အရှေ့တောင်ဘက်သို့ တောင်ကြောကိုဖြတ်၍ (၃) ဖာလုံခန့် လာရာ ငစင်းလက်ယာတက်ချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (S-၇၂၇၄၅၉) အထိ၊ ထိုမှ မြောက်ဘက်သို့ ငစင်းလက်ယာတက်ချောင်းအတိုင်း (၃) ဖာလုံခန့် စုန်ဆင်းရာ ငစင်းချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (S-၇၂၆၄၆၇) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ တောင်ကြောအတိုင်း (၃) ဖာလုံခန့်လာပြီးနောက် အရှေ့ဘက်သို့လျှိုကိုဖြတ်၍ (၄) ဖာလုံခန့် လာရာ ခန့်မှန်းမြေပုံညွှန်း (S-၇၄၃၄၆၁) အထိ၊ ထိုမှ ငစင်းချောင်းကိုဖြတ်၍ အနောက် မြောက်ဘက်သို့ ငစင်းချောင်း၏ မြောက်ဘက်တောင်ခြေရင်းအတိုင်း (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၇၃၂၄၆၇) အထိ၊ ထိုမှ အရှေ့မြောက်ဘက် တောင်ထိပ်သို့ရောက်သည် အထိ (၂) ဖာလုံခန့်လာပြီး အနောက်မြောက်ဘက်သို့ တောင်ကြောနှင့် ငစင်းလက်ဝဲ တက်ချောင်းကိုဖြတ်၍ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၇၃၃၄၇၈) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ငစင်းလက်ဝဲတက်ချောင်း၏ အနောက်ဘက်တောင်ခြေ အတိုင်း (၂) ဖာလုံခန့်လာပြီး အနောက်ဘက်သို့ (၁) ဖာလုံခန့်အကွာ တောင်ကြောအထိ၊ ထိုမှ မြောက်ဘက်သို့ တောင်ကြောအတိုင်း (၂) ဖာလုံခန့်လာပြီး အနောက်ဘက်သို့ တောင်ကြောနှင့် လျှိုကိုဖြတ်၍ (၁) မိုင်ခန့်လာရာ ယောချောင်းနှင့်ငစင်းချောင်းဆုံသည့် ခန့်မှန်းမြေပုံညွှန်း (S-၇၀၈၄၇၉) အထိ၊ ထိုမှ မြောက်ဘက်သို့ ယောချောင်း၏ အရှေ့ဘက်ရှိ တောင်ခြေရင်းအတိုင်း (၅) ဖာလုံခန့်လာပြီး ထိုမှ အရှေ့ဘက်သို့ တောင်ကြောအတိုင်း (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၇၁၉၄၈၉) အထိ၊ ထိုမှ မြောက်ဘက်သို့ ယောချောင်းနှင့်အပြိုင် တောင်ခြေရင်းများအတိုင်း (၁) မိုင် (၁) ဖာလုံခန့်လာရာ မူလ စတင်သည့် ခန့်မှန်းမြေပုံညွှန်း (S-၇၂၀၅၀၉) အထိ။

၃။ **တားမြစ်ချက်များ**

"ခြုံချောင်းကြိုးပြင်ကာကွယ်တော" အတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည်-

(က) ကျူးကျော်ဝင်ရောက် အခြေချနေထိုင်ခြင်း၊ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်း၊

(ခ) မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များကို ခွင့်ပြုမိန့်မရရှိဘဲ စားကျက်ချခြင်း သို့မဟုတ် ဝင်ရောက် စေခြင်း၊

(ဂ) ခွင့်ပြုမိန့်မရရှိဘဲ ပျက်စီးစေရန် တမင်ရည်ရွယ်ချက်ဖြင့် ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်း၊

(ဃ) ရေစီးရေလာကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ပျက်စီးစေခြင်း၊

(င) ရေတွင် လျှပ်စစ်ဓာတ်အားကို ဖြတ်စီးစေခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သော အရာများ အသုံးပြုခြင်း၊ ရေတွင်အဆိပ်ခတ်ခြင်း၊

(စ) ခွင့်ပြုမိန့်မရရှိဘဲ မည်သည့်သစ်ပင်ကိုမဆို ပျက်စီးစေခြင်း၊ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊

(ဆ) သစ်တောများကို မီးဖြင့်ပျက်စီးစေခြင်း၊

(ဇ) တောရိုင်းတိရစ္ဆာန်များဖမ်းဆီးခြင်း သို့မဟုတ် အမဲလိုက်ပစ်ခတ်ခြင်း။

၄။ **ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| | မရှိပါ | မရှိပါ |

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန် ပျက်ကွက်ခြင်းများရှိပါက သစ်တောဥပဒေအရ အရေးယူခြင်းခံရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၈၇/၂၀၁၉)
## ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ-၆၊ ပုဒ်မခွဲ - (င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ မြေပုံမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၅၂,၄၅၄) ဧကရှိသော နယ်မြေကို “ကံ့ကော်ချောင်းကြိုးပြင်ကာကွယ်တော” အဖြစ် ၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၉ ရက် (၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ။ မြေပုံ-မင်းပြားမြို့နယ် နယ်နိမိတ်နှင့် ကျောင်းတောင်ကြိုးပြင်ကာကွယ်တောဆုံသည့် တောင်ထိပ်အမှတ် (1581)၊ ခန့်မှန်းမြေပုံညွှန်း (S-၅၅၄၅၈၅) မှ အစပြု၍ အရှေ့တောင်ဘက်သို့ ကျောင်းတောင်ကြိုးပြင်ကာကွယ်တော နယ်နိမိတ်အတိုင်း (၃) မိုင် (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၅၈၆၅၄၆) အထိ၊ ထိုမှ ကျောင်းတောင်ကြိုးပြင်ကာကွယ်တော နယ်နိမိတ်အတိုင်း မြောက်ဘက်သို့ (၅) မိုင် (၆) ဖာလုံခန့်လာရာ မြေပုံ-မင်းပြားမြို့နယ် နယ်နိမိတ်နှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (S-၅၈၈၆၂၇) အထိ၊ ထိုမှ မြေပုံ-မင်းပြားမြို့နယ် နယ်နိမိတ်အတိုင်း အရှေ့တောင်ဘက်သို့ (၁) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၆၁၄၆၁၈) အထိ၊ ထိုမှ မြေပုံ-မင်းပြား နယ်နိမိတ်အတိုင်း တောင်ဘက်သို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၆၁၅၆၀၈) ထိုမှ မြေပုံ-မင်းပြားမြို့နယ် နယ်နိမိတ်အတိုင်း အရှေ့မြောက်ဘက်သို့ (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၆၂၈၆၁၅) အထိ၊ ထိုမှ မြေပုံ-မင်းပြားမြို့နယ် နယ်နိမိတ်အတိုင်း အရှေ့တောင်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၆၃၁၆၁၁) အထိ၊ ထိုမှ မြေပုံ-မင်းပြားမြို့နယ် နယ်နိမိတ်အတိုင်း အရှေ့မြောက်ဘက်သို့ (၁) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၆၅၇၆၁၉) အထိ၊ ထိုမှ မြေပုံ-မင်းပြားမြို့နယ် နယ်နိမိတ်အတိုင်း မြောက်ဘက်သို့ (၆) ဖာလုံခန့်လာရာ ယိုးချောင်းကြိုးပြင်ကာကွယ်တောနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (S-၆၆၀၆၃၁) အထိ၊ ထိုမှ ယိုးချောင်းကြိုးပြင်ကာကွယ်တော နယ်နိမိတ်အတိုင်း အရှေ့တောင်ဘက်သို့ (၂) မိုင် (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၆၇၇၅၉၆) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ဘက်သို့ ယောချောင်း၏ အနောက်ဘက်ရှိ ဂေါ်တူတောင်၏ အနောက်ဘက် တောင်ခြေရင်းနှင့် ချောင်းကိုဖြတ်ပြီး (၂) မိုင်ခန့်လာရာ ယောချောင်းနှင့် လက်ယာချောင်း

ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (S-၆၉၀၅၇၀) အထိ၊ ထိုမှ ယောချောင်းအတိုင်း အရှေ့ဘက်သို့ (၂) ဖာလုံခန့်လာရာ အရှေ့တောင်ဘက်သို့ ယောချောင်း၏ အနောက်ဘက်ရှိ တောင်ကုန်းနှင့် ချောင်းမြောင်များကိုဖြတ်ပြီး (၂) မိုင် (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၇၀၇၅၂၆) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ချောင်းနှင့်တောင်ကုန်းကိုဖြတ်၍ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၇၁၄၅၂၂) အထိ၊ ထိုမှ ယောချောင်း၏ အနောက်ဘက် တောင်ကုန်းနှင့် ချောင်းများကိုဖြတ်၍ တောင်ဘက်သို့ (၂) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၆၉၆၄၈၉) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၇၀၃၄၈၀) အထိ၊ ထိုမှ ယောချောင်းနှင့်အပြိုင် အနောက်ဘက်သို့ တောင်ခြေရင်းအတိုင်း (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၆၉၃၄၈၄) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၄) ဖာလုံခန့်လာရာ ကောချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (S-၆၈၆၄၇၈) အထိ၊ ထိုမှ ကောချောင်းနှင့်အပြိုင် ကောချောင်း၏ မြောက်ဘက်တောင်ခြေရင်းအတိုင်း အနောက်မြောက်ဘက်သို့ (၁) မိုင် (၄) ဖာလုံခန့်လာရာ ကောချောင်းနှင့်လိပ်အိုင်ချောင်းဆုံသည့် ခန့်မှန်းမြေပုံညွှန်း (S-၆၆၈၄၉၀) အထိ၊ ထိုမှ ကောချောင်း၏ တောင်ဘက်ရှိ တောင်ကုန်းနှင့် လျှိုမြောင်များကိုဖြတ်၍ အရှေ့တောင်စူးစူးသို့ (၂) မိုင် (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၆၉၀၄၅၃) အထိ၊ ထိုမှ တောင်ဘက်သို့ ယောချောင်းနှင့်အပြိုင် ယောချောင်း၏ အနောက်ဘက်တောင်ကုန်းများကို ဖြတ်ကျော်၍ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၆၉၀၄၃၃) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ တောင်ကြောအတိုင်း (၁) မိုင်ခန့်လာရာ ပိန္နဲပင်တောင် ခန့်မှန်းမြေပုံညွှန်း (S-၆၈၀၄၂၅) အထိ၊ ထိုမှ ပိန္နဲပင်တောင်ချောင်းအတိုင်း အရှေ့ဘက်သို့ (၅) ဖာလုံခန့်စုန်ဆင်းလာရာ ခန့်မှန်းမြေပုံညွှန်း (S-၆၉၀၄၂၂) အထိ၊ ထိုမှ တောင်ဘက်သို့ ယောချောင်းနှင့်အပြိုင် ယောချောင်း၏ အနောက်ဘက်ရှိ တောင်ကုန်းနှင့် လျှိုမြောင်များကို ကျော်ဖြတ်၍ (၂) မိုင် (၆) ဖာလုံခန့်လာရာ ရွာသာယာကျေးရွာ၏ အနောက်ဘက် (၁) မိုင်ခန့်အကွာ ရွာသာယာချောင်းဖျားအနီး ခန့်မှန်းမြေပုံညွှန်း (S-၆၈၇၃၇၇) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ တောင်ကြောအတိုင်း (၁) မိုင်ခန့်လာရာ မောင်းချောင်းတောင်ထိပ် ခန့်မှန်းမြေပုံညွှန်း (S-၆၇၁၃၇၂) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ တောင်ကြောများ အတိုင်း (၁) မိုင် (၆) ဖာလုံခန့်လာရာ ဒဂ်ီးရချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (S-၆၄၈၃၉၀) အထိ၊ ထိုမှ ဒဂ်ီးရချောင်း၏ မြောက်ဘက်တောင်ကြောအတိုင်း အရှေ့မြောက်ဘက်သို့ (၄) ဖာလုံခန့်လာရာ ဒဂ်ီးရချောင်းဖျား ခန့်မှန်းမြေပုံညွှန်း (S-၆၅၃၃၉၇) အထိ၊ ထိုမှ ဒဂ်ီးရချောင်းအတိုင်း အနောက်ဘက်သို့ (၅) ဖာလုံခန့်စုန်ဆင်းလာရာ ဒဂ်ီးရချောင်း ခန့်မှန်းမြေပုံညွှန်း (S-၆၄၃၃၉၉) အထိ၊ ထိုမှ ကားလမ်းနှင့်အပြိုင် တောင်ခြေအတိုင်း မြောက်ဘက်သို့ (၆) ဖာလုံခန့်လာရာ ယိုးဆန္ဒင်းချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (S-၆၄၁၄၁၃) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ယိုးဆန္ဒင်းချောင်း၊ တောင်ကြီးချောင်းနှင့် တောင်ကုန်းများကိုဖြတ်၍ (၁) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၆၁၉၄၃၅) အထိ၊ ထိုမှ ကားလမ်းနှင့်အပြိုင် အနောက်မြောက်ဘက်သို့ လျှိုမြောင်များနှင့် တောင်ကုန်းများကိုဖြတ်၍ (၂) မိုင်ခန့်လာရာ ရက်ချောင်းချောင်းဖျားနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (S-၆၀၅၄၅၉) အထိ၊ ထိုမှ ရက်ချောင်းချောင်းကိုဖြတ်၍ အရှေ့မြောက်ဘက်သို့ (၄) ဖာလုံခန့်လာရာ တောင်ထိပ် ခန့်မှန်းမြေပုံညွှန်း (S-၆၀၉၄၆၇) အထိ၊ ထိုမှ ရက်ချောင်းချောင်းနှင့် တောင်ခြေများကို ဖြတ်၍ အနောက်မြောက်ဘက်သို့ (၁) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၅၉၇၄၈၀) အထိ၊ ထိုမှ ကားလမ်းနှင့် အပြိုင် အနောက်မြောက်ဘက်သို့ မိကျောင်းတက်ရွာ၏ အရှေ့မြောက်ဘက် တောင်ခြေရင်းများအတိုင်း (၂) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၅၆၆၅၀၅) အထိ၊ ထိုမှ ကားလမ်းကိုဖြတ်၍ အနောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း

(S-၅၆၁၅၀၄) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ တောင်ကြောများအတိုင်း (၂) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၅၇၄၄၇၄) အထိ၊ ထိုမှ အနောက်ဘက်သို့ လျှိုကိုဖြတ်၍ (၂) ဖာလုံခန့်လာရာ အနောက်မြောက်ဘက်သို့ တောင်ကြောအတိုင်း (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၅၂၂၄၉၂) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ တောင်ကုန်းနှင့် လျှိုကိုဖြတ်၍ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၅၅၇၄၇၈) အထိ၊ ထိုမှ အနောက်ဘက်သို့ လျှိုနှင့်တောင်ကုန်းများကိုဖြတ်၍ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၅၄၀၄၈၁) အထိ၊

အနောက်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်သို့ လူသွားလမ်းအတိုင်း (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၅၃၈၄၉၇) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၅၄၂၄၉၂) နေရာရှိတောင်ထိပ်အထိ၊ ထိုမှ မြောက်ဘက်သို့ တောင်ကြောအတိုင်း (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၅၄၂၄၉၉) အထိ၊ ထိုမှ အနောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၅၃၆၄၉၉) အထိ၊ ထိုမှ မြောက်ဘက်သို့ ကားလမ်းကိုဖြတ်၍ (၂. ၅) ဖာလုံခန့် လာရာ ခန့်မှန်းမြေပုံညွှန်း (S-၅၃၄၅၀၇) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၂) ဖာလုံခန့် လာရာ ခန့်မှန်းမြေပုံညွှန်း (S-၅၃၉၅၀၉) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ တောင်ကြားအတိုင်း ကားလမ်းဖြတ်၍ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၅၄၇၅၀၃) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ တောင်ကြားအတိုင်း (၁. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၅၅၀၅၀၇) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ တောင်ကြောများအတိုင်း (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၅၃၅၅၁၆) နေရာရှိ တောင်ထိပ်အထိ၊ ထိုမှ အနောက် တောင်ဘက်သို့ ကံ့ကော်ချောင်း၏ ချောင်းလက်တက်ကို ဖြတ်၍ (၃) ဖာလုံခန့်လာရာ ချောင်းကြီးရွာ၏ အရှေ့ဘက်တောင်ခြေ ခန့်မှန်းမြေပုံညွှန်း (S-၅၃၀၅၁၀) အထိ၊ ထိုမှ မြောက်ဘက်သို့ တောင်ခြေအတိုင်း (၂) ဖာလုံခန့်လာရာ ချောင်းကြီးချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (S-၅၃၀၅၁၆) အထိ၊ ထိုမှ ချောင်းကြီးချောင်းအတိုင်း အရှေ့မြောက်ဘက်သို့ (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၅၃၉၅၃၁) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ချောင်းကြီးချောင်း၏ မြောက်ဘက်ရှိ တောင်ကုန်းနှင့် ကျွဲခြံတောင် ချောင်းကိုဖြတ်၍ (၁) မိုင် (၁) ဖာလုံခန့်လာရာ ဂြန့်ဟင်းခါးချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (S-၅၂၆၅၄၇) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၅၂၉၅၅၂) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၅၂၆၅၅၄) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၅၂၈၅၅၆) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ဖုတ်တောချောင်းနှင့် တောင်ကြောများကိုဖြတ်၍ (၁) မိုင် (၅) ဖာလုံခန့်လာရာ မြေပုံ-မင်းပြားနယ်နိမိတ်ဖြစ်သော ရေခေါင်းချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (S-၅၂၀၅၇၁) အထိ၊ ထိုမှ အရှေ့ဘက်သို့ မြေပုံ-မင်းပြားမြို့နယ် နယ်နိမိတ်အတိုင်း (၁) မိုင် (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (S-၅၄၀၅၇၄) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ မြေပုံ-မင်းပြားမြို့နယ် နယ်နိမိတ်ဖြစ်သော ရေခေါင်းချောင်းများအတိုင်း (၁) မိုင် (၁) ဖာလုံခန့်လာရာ ကျောင်းတောင်ကြိုးပြင် ကာကွယ်တောနှင့်ဆုံသည့် မူလစတင်သည့် တောင်ထိပ်အမှတ် (1581) ခန့်မှန်းမြေပုံညွှန်း (S-၅၅၄၅၈၅) အထိ။

## ၃။ တားမြစ်ချက်များ

"ကံ့ကော်ချောင်းကြိုးပြင်ကာကွယ်တော" အတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည် -

(က) ကျူးကျော်ဝင်ရောက် အခြေချနေထိုင်ခြင်း၊ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်း၊

(ခ) မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များကို ခွင့်ပြုမိန့်မရရှိဘဲ စားကျက်ချခြင်း သို့မဟုတ် ဝင်ရောက်စေခြင်း၊

(ဂ) ခွင့်ပြုမိန့်မရရှိဘဲ ပျက်စီးစေရန် တမင်ရည်ရွယ်ချက်ဖြင့် ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်း၊

(ဃ) ရေစီးရေလာကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ပျက်စီးစေခြင်း၊

(င) ရေတွင် လျှပ်စစ်ဓာတ်အားကို ဖြတ်စီးစေခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သော အရာများ အသုံးပြုခြင်း၊ ရေတွင်အဆိပ်ခတ်ခြင်း၊

(စ) ခွင့်ပြုမိန့်မရရှိဘဲ မည်သည့်သစ်ပင်ကိုမဆို ပျက်စီးစေခြင်း၊ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊

(ဆ) သစ်တောများကို မီးဖြင့်ပျက်စီးစေခြင်း၊

(ဇ) တောရိုင်းတိရစ္ဆာန်များဖမ်းဆီးခြင်း သို့မဟုတ် အမဲလိုက်ပစ်ခတ်ခြင်း။

၄။ **ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| | မရှိပါ | မရှိပါ |

၅။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန် ပျက်ကွက်ခြင်းများရှိပါက သစ်တောဥပဒေအရ အရေးယူခြင်းခံရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၄၅/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်စွဲပါစာအမှတ်၊ ၁၀၂၇/ရအဖ-၁/၉/ ၁၁/၂၃/ရခ-၃/၂၀၁၈ ဖြင့် ရွေးချယ်ပေးခဲ့သော ဦးစီးအရာရှိ (၂) နေရာအား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူး (၂) နေရာသို့ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားပြီး ၎င်းတို့အမည်နှင့်ယှဉ်တွဲပါ ဌာနခွဲများတွင် တာဝန်ချထားလိုက်သည် -

| စဉ် | အမည် | နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် | အဘအမည် | တာဝန်ချထားသည့် ဌာနခွဲ |
|---|---|---|---|---|
| ၁ | ဒေါ်ဇင်မာသင်း | ၉/လဝန (နိုင်) ၂၃၁၉၇၅ | ဦးသိန်းဝင်း | ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ |
| ၂ | ဒေါ်ခင်ငွေးဦး | ၁၂/ကတန (နိုင်) ၀၈၀၂၂၅ | ဦးမြင့်ကျော် | မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်း စိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ |

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၅၀/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်)

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်ထွန်းလင်း အား ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၈၁ အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အုန်းဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၆၇/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်)

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၅) နှင့် ပုဒ်မ (၄၅) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို သုံးစွဲလျက် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအရ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့ရှိ ဧရာဝတီဘဏ်လီမိတက် (ကျောက်တံခါးဘဏ်ခွဲ) အား စတင်မှတ်ပုံတင်သည့်နေ့မှစ၍ လူမှုဖူလုံရေးအဖွဲ့နှင့်အကျုံးဝင်သက်ဆိုင်စေရမည်ဟု ကြေညာလိုက်သည်။ ထို့အပြင် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအလို့ငှာ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့ရှိ ဧရာဝတီဘဏ်လီမိတက် (ကျောက်တံခါးဘဏ်ခွဲ) အား ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ မြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ရမည်ဟု ကြေညာလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၇၁/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါ်ခင်စန်းဦး သည် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၉ ရက်နေ့တွင် အသက် (၆၀) နှစ်ပြည့်မည်ဖြစ်ပြီး သက်ပြည့်ပင်စင်မခံစားမီကြိုတင်ပြင်ဆင်ခွင့် (၄) လအား ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့မှ ၂၀၂၀

ပြည့်နှစ်၊ မတ်လ ၈ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးပြီးနောက်တစ်နေ့ဖြစ်သည့် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဦးသိန်းဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)

အမှတ် ၆၀ ။ ။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၉/၂၀၁၉) ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ ဆေးရုံအုပ်/လက်ထောက်ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀ိ) များအား အမည်နှင့် ယှဉ်တွဲပါ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀ိ) ရာထူး၊ ဌာနများသို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | ဆမ | အမည်၊ ရာထူး၊ ဌာန | ရာထူးတိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|---|
| ၁။ | ၁၇၂၅၉ | ဒေါက်တာစိုင်းသန့်ခိုင်<br>Dip.Med.Sc (HA)<br>ဆေးရုံအုပ်<br>ပြည်သူ့ဆေးရုံ၊ မိုးကုတ်မြို့<br>မန္တလေးတိုင်းဒေသကြီး | ဒုတိယညွှန်ကြားရေးမှူး<br>ဝယ်ယူ/ဖြန့်ဖြူးရေးဌာနခွဲ<br>ကုသရေးဦးစီးဌာန |
| ၂။ | ၁၆၃၁၁ | ဒေါက်တာအောင်နိုင်ဝင်း<br>Dip.Med.Sc (HA)<br>ဆေးရုံအုပ်<br>ပြည်သူ့ဆေးရုံ၊ ပူတာအိုမြို့<br>ကချင်ပြည်နယ် | ဒုတိယညွှန်ကြားရေးမှူး<br>ဝယ်ယူ/ဖြန့်ဖြူးရေးဌာနခွဲ<br>ကုသရေးဦးစီးဌာန |
| ၃။ | ၁၆၂၄၀ | ဒေါက်တာဝင့်စန္ဒာတင့်<br>Dip.Med.Sc (HA)<br>ဆေးရုံအုပ်<br>ပြည်သူ့ဆေးရုံကြီး၊ ပျဉ်းမနားမြို့<br>ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် | ဒုတိယညွှန်ကြားရေးမှူး<br>ဝယ်ယူ/ဖြန့်ဖြူးရေးဌာနခွဲ<br>ကုသရေးဦးစီးဌာန |
| ၄။ | ၁၇၁၉၃ | ဒေါက်တာမြတ်သန်းထိုက်<br>Dip.Med.Sc (HA)<br>M.Med.Sc (HA&HM)<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ကုသမှုအထောက်အကူပြုဌာနခွဲ<br>ကုသရေးဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူး<br>ဝယ်ယူ/ဖြန့်ဖြူးရေးဌာနခွဲ<br>ကုသရေးဦးစီးဌာန |

မှတ်ချက် (၁) ရာထူးတိုးမြှင့်ခြင်းခံရသည့် ဒုတိယညွှန်ကြားရေးမှူးများသည် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

(၂) ရာထူးတိုးမြှင့်ခြင်းခံရသည့် ဒုတိယညွှန်ကြားရေးမှူးများသည် ရာထူးတိုးမြှင့်ခန့်ထားသည့် ဌာနတွင် အသားတင်တာဝန်ထမ်းဆောင်ချိန်အနည်းဆုံး (၂) နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

အမှတ် ၆၁ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်စွဲပါ စာအမှတ်၊ ၅မက (ခ)၂၀၁၉/၁၅၆၇၇ ဖြင့် ခွင့်ပြုချက်အရ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဦးနှောက်နှင့် အာရုံကြောဆေးကုဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာဝင်းမင်းသစ် (ဆမ-၁၀၅၂၂) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းအား အများပြည်သူအကျိုးငှာ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေ အပိုဒ် (၈၁) အရ ငြင်းပယ်လိုက်သည်။

ထိုသို့ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့မှစတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၈ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ကုသရေးဦးစီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၇ ရက်စွဲပါ စာအမှတ်၊ ဝထရ-၄/သပ-၁ဃ/၁၉-၄၆ ဖြင့် ထုတ်ပြန်ထားသော အမိန့်စာအား ဤအမိန့်စာဖြင့် လွှမ်းခြုံပယ်ဖျက်လိုက်သည်။

ဒေါက်တာမြင့်ထွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။

# ကချင်ပြည်နယ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဥပဒေ

## (၂၀၁၉ ခုနှစ်၊ ကချင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၂။)

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၄ ရက်)

ကချင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ကချင်ပြည်နယ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **အစိုးရအဖွဲ့**ဆိုသည်မှာ ကချင်ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **ပြည်နယ်**ဆိုသည်မှာ ကချင်ပြည်နယ်ကို ဆိုသည်။

(ဂ) **အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ**ဆိုသည်မှာ မိသားစုဝင်များဖြင့်သော်လည်းကောင်း၊ အလုပ်သမားငှားရမ်းအသုံးပြု၍သော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း ကုန်ပစ္စည်းထုတ်လုပ်သည့် သို့မဟုတ် ပြုပြင်မွမ်းမံသည့် လျှပ်စစ်မော်တာ မြင်းကောင်ရေ (၅) ကောင်အားနှင့်အောက် အသုံးပြုသည့် အလုပ်သမား (၉) ဦးထက်မပိုသော စက်မှုလုပ်ငန်းများနှင့် အလုပ်သမား (၃) ဦးနှင့်အထက်ရှိသော လက်မှုလုပ်ငန်းများကို ဆိုသည်။

(ဃ) **လုပ်ငန်းရှင်**ဆိုသည်မှာ လုပ်ငန်းတစ်ခုခုတွင် အလုပ်အကိုင်ဆိုင်ရာသဘောတူညီချက်အရ နှစ်ဦးနှစ်ဖက် သဘောတူညီသောအခကြေးငွေဖြင့် အလုပ်သမားတစ်ဦးကိုဖြစ်စေ၊ အများကို ဖြစ်စေ ငှားရမ်းလုပ်ကိုင်၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း စီမံကွပ်ကဲအုပ်ချုပ်ပြီး အလုပ်သမားကိုလုပ်ခပေးရန်၊ အလုပ်သမားခန့်ထားရန်နှင့် အလုပ်မှ ရပ်စဲရန် တာဝန်ရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် လုပ်ငန်းရှင်၏တရားဝင်စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်၊ ပုဂ္ဂလိကပိုင်လုပ်ငန်းတွင် လုပ်ငန်းရှင်ကွယ်လွန်ပါက ယင်း၏အမွေဆက်ခံသူနှင့် အစုရှယ်ယာတရားဝင်လက်ခံရရှိသူတို့လည်း ပါဝင်သည်။

(င) **အား**ဆိုသည်မှာ လျှပ်စစ်ဓာတ်အား၊ စက်ကိရိယာဖြင့် ဖြစ်ပွားစေသည့် အား သို့မဟုတ် အခြားနည်းလမ်း တစ်ရပ်ရပ်ဖြင့် ဖြစ်ပွားစေသည့် အားကို ဆိုသည်။ ယင်းစကားရပ်တွင် ကာယစွမ်းအားဖြင့် ဖြစ်ပွားစေသည့် အား မပါဝင်။

(စ) **ဝန်ကြီးဌာန**ဆိုသည်မှာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် သက်ဆိုင်သည့်ကိစ္စအဝဝကို တာဝန်ယူစီမံခန့်ခွဲရသည့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးဌာနကို ဆိုသည်။

(ဆ) **ဝန်ကြီး**ဆိုသည်မှာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့်သက်ဆိုင်သည့်ကိစ္စအဝဝကို တာဝန်ယူစီမံခန့်ခွဲရသည့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးကို ဆိုသည်။

(ဇ) **ဦးစီးဌာန**ဆိုသည်မှာ ကချင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကို ဆိုသည်။

(ဈ) **ပြည်နယ်တာဝန်ခံ**ဆိုသည်မှာ ကချင်ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ် ဦးစီးမှူးကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်တွင်းထွက်နှင့် ပြည်ပမှတင်သွင်းသော သယံဇာတများနှင့် အခြားကုန်ကြမ်းများကို အဓိက အသုံးပြု၍ စက်မှုလက်မှုကုန်ချောများ ထုတ်လုပ်ရန်၊

(ခ) နိုင်ငံ၏စီးပွားရေးအခြေခံအင်အားတစ်ရပ်ဖြစ်သည့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုး စေရန်၊ ပုဂ္ဂလိကစက်မှုလက်မှုကဏ္ဍ ပိုမိုတိုးတက်စေရန်နှင့် တစ်မျိုးသားလုံးအသားတင်ထုတ်လုပ်မှု တန်ဖိုးတွင် စက်မှုလက်မှုကဏ္ဍပါဝင်မှုအချိုးအစား မြှင့်တင်နိုင်ရန်၊

(ဂ) မြန်မာ့ရိုးရာလက်မှုပညာများ တိမ်ကောပပျောက်မှုမရှိစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဃ) အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်ပေါ်ထွန်းလာစေရန်နှင့် မိသားစုဝင်ငွေများ တိုးပွား ရရှိစေရန်၊

(င) ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး စံချိန်စံညွှန်းမီသည့် ကုန်ပစ္စည်းများကို စားသုံးသူများ ဝယ်ယူ ရရှိစေရန်၊

(စ) စွမ်းဆောင်ရည်မြင့်မားစေသော ခေတ်မီနည်းပညာများ အသုံးပြု၍ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများ မြှင့်တင်ရန်၊

(ဆ) ပြည်တွင်းသာမက ပြည်ပဈေးကွက်များအတွက်လည်း စံချိန်စံညွှန်းမီပစ္စည်းများ ထုတ်လုပ်ရောင်းချရန်၊

(ဇ) လုပ်ငန်းရှင်အချင်းချင်း သမဝါယမအသင်းများဖွဲ့စည်းနိုင်ရေးအတွက် အထောက်အကူပြုရန်၊

(ဈ) အလတ်စားနှင့် အကြီးစားစက်မှုလက်မှုလုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်းများ ဖြစ်ပေါ်လာစေရန်၊

(ည) ပတ်ဝန်းကျင်ကို ပျက်စီးစေမည့်လုပ်ငန်းများ မပေါ်ပေါက်စေရေးအတွက် ထိန်းသိမ်းဆောင်ရွက်နိုင်ရန်၊

(ဋ) စက်မှုဒေသအချင်းချင်း၊ လုပ်ငန်းရှင်အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ကြစေရန်။

## အခန်း (၃)
## မှတ်ပုံတင်ခြင်း

၄။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများလုပ်ကိုင်နေသူ သို့မဟုတ် လုပ်ကိုင်လိုသူသည် ဦးစီးဌာနတွင် သတ်မှတ်သည့်နည်းလမ်းနှင့်အညီ မှတ်ပုံတင်ရမည်။

၅။ ဦးစီးဌာနသည် လျှောက်လွှာများကိုစိစစ်ပြီး သတ်မှတ်ချက်နှင့်ညီညွတ်ပါက မှတ်ပုံတင်ပေးရမည်။

၆။ ဦးစီးဌာနသည် ဝန်ကြီး၏အတည်ပြုချက်ဖြင့် မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်အသစ်လဲလှယ်ကြေးနှင့် မှတ်ပုံတင်သက်တမ်းကာလတို့ကို သတ်မှတ်ပေးရမည်။ သတ်မှတ်သည့်ကာလအတွင်း မှတ်ပုံတင်အသစ်လဲလှယ်ရန် ပျက်ကွက်သူသည် သတ်မှတ်သည့်ဒဏ်ကြေးကို ပေးဆောင်ရမည်။

## အခန်း (၄)
## လုပ်ငန်းရှင်၏ တာဝန်နှင့် ရပိုင်ခွင့်များ

၇။ လုပ်ငန်းရှင်၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်အသစ်လဲလှယ်ကြေး၊ ဒဏ်ကြေးနှင့် အခြားပေးဆောင်ရန်ရှိသော အခွန်အခများကိုပေးဆောင်ခြင်း၊

(ခ) ဦးစီးဌာန၏ကြီးကြပ်ခြင်းနှင့် စစ်ဆေးခြင်းကိုခံယူခြင်း၊

(ဂ) လုပ်ငန်းလွှဲပြောင်းခြင်းနှင့် နေရပ်လိပ်စာပြောင်းရွှေ့ခြင်းတို့ကို ဦးစီးဌာနသို့ ကြိုတင်အကြောင်းကြားခြင်း၊

(ဃ) ဝန်ကြီးဌာနများနှင့် ဦးစီးဌာနတို့က ထုတ်ပြန်သောအမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာခြင်း၊

(င) တည်ဆဲဥပဒေများကို လိုက်နာခြင်း။

၈။ လုပ်ငန်းရှင်၏ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် ကုန်ပစ္စည်းအရည်အသွေးမြင့်မားရေးအတွက် ဦးစီးဌာနက သတ်မှတ်ချက်ဖြင့် လွှဲပြောင်းပေးသော နည်းပညာရပ်များကို ရယူခြင်း၊

(ခ) မိမိထုတ်လုပ်သော စံချိန်စံညွှန်းမီကုန်ပစ္စည်းများကို ပြည်ပဈေးကွက်များသို့ သတ်မှတ်ချက်နှင့်အညီ တင်ပို့ရောင်းချနိုင်ခွင့်ရှိခြင်း၊

(ဂ) ပြည်ပသို့ ကုန်ပစ္စည်းတင်ပို့ရောင်းချခြင်းဖြင့်ရရှိသော နိုင်ငံခြားငွေများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ကုန်ကြမ်း၊ စက်နှင့်စက်ကိရိယာအရန်ပစ္စည်းများ ဝယ်ယူနိုင်ခွင့်ရှိခြင်း၊

(ဃ) သတ်မှတ်ချက်နှင့်အညီ ပြည်ပမှကျွမ်းကျင်သူများ၏အကူအညီရယူနိုင်ခြင်းနှင့် ပြည်ပနှင့် စီးပွားရေး လုပ်ငန်းစာချုပ်များ ချုပ်ဆိုလုပ်ကိုင်ခြင်း၊

(င) ချေးငွေများ၊ အထောက်အပံ့များရယူရန် လျှောက်ထားနိုင်ခြင်း၊

(စ) လုပ်ငန်းစတင်ရန်လိုအပ်သော အရင်းအနှီးချေးငွေများရရှိနိုင်ရေးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက် နိုင်ခွင့်ရှိခြင်း၊

(ဆ) ဦးစီးဌာနနှင့် အစိုးရဌာနများက အခါအားလျော်စွာ သတ်မှတ်ပေးသော အခြားအခွင့်အရေးများကို ခံစားခွင့်ရှိခြင်း။

## အခန်း (၅)
## ပြည်နယ်တာဝန်ခံ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၉။ ပြည်နယ်တာဝန်ခံ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောနည်းပညာရပ်များ ဖော်ထုတ်ခြင်း၊ စမ်းသပ်တီထွင်ခြင်း၊ နည်းပညာသင်တန်းအစီအစဉ်နှင့် သတင်းအချက်အလက် ဖြန့်ဖြူးခြင်းများကို ဆောင်ရွက်ခြင်း၊

(ဂ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ တီထွင်စမ်းသပ်ခြင်းနှင့် သုတေသနပြုလုပ်ခြင်းမှ ရရှိသောရလဒ်များကို လုပ်ငန်းများတိုးတက်ရေးအတွက် အသုံးပြုစေခြင်း၊

(ဃ) ဘဏ္ဍာရေးဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ အခွန်သက်သာခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးခြင်း၊

(င) ပြည်တွင်း ပြည်ပကုန်ပစ္စည်းပြပွဲများတွင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများမှ ထုတ်လုပ်သော စံချိန်စံညွှန်းမီကုန်ပစ္စည်းများကို ပြသနိုင်ရန်နှင့် ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(စ) နှီးနှောဖလှယ်ပွဲများပြုလုပ်ခြင်း၊ ကျွမ်းကျင်သူများစုစည်းပေးခြင်း၊ ပြပွဲ၊ ပြိုင်ပွဲများလုပ်၍ ဆုများ ချီးမြှင့်ခြင်း၊ ဉာဏ်ပူဇော်ခချီးမြှင့်ခြင်း၊

(ဆ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများမှထုတ်လုပ်သော စံချိန်စံညွှန်းမီကုန်ပစ္စည်းများကို ဈေးကွက် ရရှိနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဇ) ပြည်တွင်း ပြည်ပချေးငွေများနှင့် ထောက်ပံ့ကြေးများရရှိနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဈ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စုပေါင်းလုပ်ကိုင်နိုင်ရန် အသင်း အဖွဲ့ ဖွဲ့စည်းပေးခြင်း၊

(ည) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို အများပြည်သူတို့ သိရှိနိုင်ရန်နှင့် ပြည်တွင်း ပြည်ပအဖွဲ့အစည်း များနှင့် ဆက်စပ်နိုင်ရန် သတင်းအချက်အလက်ပြန့်ပွားစေမည့် နည်းလမ်းများအသုံးပြု၍ ဆောင်ရွက်ပေးခြင်း။

၁၀။ ပြည်နယ်တာဝန်ခံ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပုဒ်မ ၅ အရ မှတ်ပုံတင်ပေးထားသော အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို စစ်ဆေးခြင်းနှင့် စာရင်းများ ကောက်ခံခြင်း၊

(ခ) ဤဥပဒေအရ ထုတ်ပြန်သော အမိန့် သို့မဟုတ် ညွှန်ကြားချက်များကို မလိုက်နာသောလုပ်ငန်းရှင်၏ လုပ်ငန်းမှတ်ပုံတင်ကို ဝန်ကြီး၏သဘောတူညီချက်ဖြင့် ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊

(ဂ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

(ဃ) မိမိတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဦးစီးဌာနရှိ အရာရှိတစ်ဦးဦးအားဖြစ်စေ၊ အဖွဲ့အားဖြစ်စေ လွှဲအပ်၍ ဆောင်ရွက်စေခြင်း။

## အခန်း (၆)

## ဝန်ကြီး၏ လုပ်ပိုင်ခွင့်များ

၁၁။ ဝန်ကြီးသည် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါအမိန့်များကို ချမှတ် နိုင်သည် -

(က) မှတ်ပုံတင်ပေးခြင်း၊

(ခ) မှတ်ပုံတင်ခြင်းကို ဆိုင်းငံ့ခြင်း၊

(ဂ) မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခြင်း။

၁၂။ ဝန်ကြီးသည် -

(က) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ မြှင့်တင်ရေးအတွက် အစီအမံများ ချမှတ်နိုင်သည်။

(ခ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို အထောက်အကူပြုရန်နှင့် ကြီးကြပ်နိုင်ရန် လိုအပ်သည့် အဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

၁၃။ ဝန်ကြီးသည် -

(က) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ သတ်မှတ်ချက်နှင့်ကိုက်ညီမှု ရှိ မရှိနှင့်စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက အဆုံးအဖြတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၁၄။ ဝန်ကြီးသည် အလုပ်ရှင်က တင်သွင်းလာသော အယူခံမှုကို အဆုံးအဖြတ်ပေးရမည်။

## အခန်း (၇)
## မှတ်ပုံတင် ပျက်ပြယ်ခြင်း

၁၅။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လာသည့်အခါ မှတ်ပုံတင်ပျက်ပြယ်သည် -

(က) မှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီးနောက် သတ်မှတ်ကာလအတွင်း သက်တမ်းတိုး လျှောက်ထားမှု မရှိခြင်း၊

(ခ) အလုပ်ရှင်က မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးပါရန် လျှောက်ထားခြင်းကို ခွင့်ပြုခြင်း၊

(ဂ) မှတ်ပုံတင် ပယ်ဖျက်ခံရခြင်း၊

(ဃ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လုပ်ငန်းနှင့်ပတ်သက်၍ အရေးယူအပြစ်ပေးခံရခြင်း။

## အခန်း (၈)
## တားမြစ်ချက်များ

၁၆။ လုပ်ငန်းရှင်သည် -

(က) ပုဒ်မ ၇ ပါ တာဝန်သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ခြင်းမရှိစေရ၊

(ခ) ပုဒ်မ ၈ ပါ ရပိုင်ခွင့်တစ်ရပ်ရပ်ကို တစ်ဆင့်လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ အလွဲသုံးစားခြင်းမပြုရ။

## အခန်း (၉)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၇။ ပုဒ်မ ၁၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သော လုပ်ငန်းရှင်သည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်ခြင်းခံရမည် -

(က) သတိပေးခြင်း၊

(ခ) ကျပ် ငါးသောင်းထက် မပိုသောဒဏ်ကြေးငွေကို ပေးဆောင်စေခြင်း၊

(ဂ) မှတ်ပုံတင်ကို နှစ်အကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) မှတ်ပုံတင်ကို ပယ်ဖျက်ခြင်း။

၁၈။ ပြည်နယ်တာဝန်ခံသည် ပုဒ်မ ၁၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူ လုပ်ငန်းရှင်အား ပုဒ်မ ၁၇ ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်ရမည်။

၁၉။ ပြည်နယ်တာဝန်ခံက တပ်ရိုက်သော ဒဏ်ကြေးငွေကို သက်ဆိုင်ရာလုပ်ငန်းရှင်က ပေးဆောင်ရန် ပျက်ကွက်လျှင် ယင်းဒဏ်ကြေးငွေကို အခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ဦးစီးဌာနက ကောက်ခံရမည်။

## အခန်း (၁၀)
## အယူခံခြင်း

၂၀။ လုပ်ငန်းရှင်သည် ပြည်နယ်တာဝန်ခံက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

၂၁။ ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၁)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၂။ မည်သူမဆို ဤဥပဒေအရ မှတ်ပုံတင်ခြင်းမရှိဘဲ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ် ငါးသောင်းမှ အများဆုံး ကျပ် တစ်သိန်းအထိ ချမှတ်ရမည်။

၂၃။ မည်သူမဆို ပုဒ်မ ၂၂ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ယင်းပြစ်မှုကို ဆက်လက်ဖောက်ဖျက်ကျူးလွန်ပါက ဆက်လက်ဖောက်ဖျက်ကျူးလွန်ခြင်းပြုသည့် နေ့အသီးသီးအတွက် ထိုသူကို တစ်နေ့လျှင် ငွေဒဏ် ကျပ် ငါးထောင် ချမှတ်ရမည်။

## အခန်း (၁၂)
## အထွေထွေ

၂၄။ ကချင်ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဥပဒေ (၂၀၁၅ ခုနှစ်၊ ကချင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ်-၃) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

၂၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် လိုအပ်သောအမိန့်၊ ညွှန်ကြားချက်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၂၆။ ကချင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဥပဒေ (၂၀၁၅ ခုနှစ် ကချင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် - ၃) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၅ (ခ) နှင့် (ဂ) တို့အရ ဤဥပဒေကို ထုတ်ပြန်သည်။

ကချင်ပြည်နယ်လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)

ကချင်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) ပုဒ်မ ၆၀၊ အရ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ကန်ပိုက်တီမြို့ စည်ပင်သာယာရေးအဖွဲ့သည် ဖွဲ့စည်းပုံ (မြို့နယ်ခွဲ) အဆင့်ဖြစ်ပြီး ခွင့်ပြုအမှုထမ်း (၄) ဦး၊ ခန့်ထား (၄) ဦး

တို့ဖြင့် ရုံးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ကန်ပိုက်တီမြို့ စည်ပင်သာယာရေးအဖွဲ့၏ ဝင်ငွေအချိုးအစားအရ အဆင့်တိုးမြှင့်သတ်မှတ်ပေးရန် လုံလောက်သောအခြေအနေတွင်ရှိပါသဖြင့် လက်ရှိဖွဲ့စည်းပုံ (မြို့နယ်ခွဲ) အဆင့်မှ ဖွဲ့စည်းပုံ (င) အဆင့်သို့ တိုးမြှင့်သတ်မှတ်ခွင့်ပြုရေးနှင့်ပတ်သက်၍ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ကချင်ပြည်နယ်အစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁၉/၂၀၁၉)၊ ဆုံးဖြတ်ချက်အပိုဒ် (၃၅) အရ တိုးမြှင့်သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)

ကချင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မိုးကောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေလျော့နည်းသွားမည်ဖြစ်ပါသဖြင့် ဖွဲ့စည်းပုံအဆင့် (ခ) အဆင့် အရာထမ်း (၃) ဦး၊ အမှုထမ်း (၁၈၂) ဦးမှ ဖွဲ့စည်းပုံ (ဂ) အဆင့် အရာထမ်း (၃) ဦး၊ အမှုထမ်း (၁၂၂) ဦးသို့ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ကချင်ပြည်နယ်အစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၂၀/၂၀၁၉)၊ ဆုံးဖြတ်ချက်အပိုဒ် (၂၇) အရ လျှော့ချဖွဲ့စည်းခွင့်ပြုလိုက်သည်။

ဒေါက်တာ ခက်အောင်၊
ပြည်နယ်ဝန်ကြီးချုပ်၊
ကချင်ပြည်နယ်အစိုးရအဖွဲ့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ချင်းပြည်နယ်အစိုးရအဖွဲ့

## ရုံးမိန့်အမှတ် (၃၈/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်)

ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ အောက်ဖော်ပြပါ အငယ်တန်းအင်ဂျင်နီယာ-၂ (၅) ဦးအား လက်ထောက်အင်ဂျင်နီယာရာထူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့မှစ၍ အသီးသီး ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

(က) ဒေါ်ရမ်လဲင်းဆုန်
(ခ) ဦးဟောက်ခုပ်
(ဂ) ဦးယောအောင်
(ဃ) ဦးချွဲဘူကီး
(င) ဒေါ်ရွှေနှီယာန်းရင်

## ရုံးမိန့်အမှတ် (၃၉/၂၀၁၉)

ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး ဒေါ်မေသူလက် အား ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

ဆလိုင်းလျန်လွယ်၊
ဝန်ကြီးချုပ်၊
ချင်းပြည်နယ်အစိုးရအဖွဲ့။

# စစ်ကိုင်းတိုင်းဒေသကြီး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဥပဒေ
## (၂၀၁၉ ခုနှစ်၊ တိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၃။)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီး အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးကို ဆိုသည်။

(ဃ) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းထားသော အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဆိုသည်။

(င) **ဦးစီးဌာန**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကို ဆိုသည်။

(စ) **တိုင်းဒေသကြီးဦးစီးမှူး**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးကို ဆိုသည်။

(ဆ) **အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း**ဆိုသည်မှာ မိသားစုဝင်များဖြင့်သော်လည်းကောင်း၊ အလုပ်သမားငှားရမ်းအသုံးပြု၍သော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း ကုန်ပစ္စည်းထုတ်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်းကိုဆောင်ရွက်ရာတွင် အင်ဂျင်အား မြင်းကောင်ရေ (၂၀) hp သို့မဟုတ် လျှပ်စစ်မော်တာ (၁၅) ကီလိုဝပ် (kW) အားနှင့် အလုပ်သမား (၉) ဦးထက်မပိုသော စက်မှုလုပ်ငန်းနှင့် အလုပ်သမား (၃) ဦးနှင့် (၂၀) ဦးကြားရှိသော လက်မှုလုပ်ငန်းများကို ဆိုသည်။

(ဇ) **လုပ်ငန်းရှင်**ဆိုသည်မှာ ဤဥပဒေအရ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်ရန် မှတ်ပုံတင်ခွင့်ရရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် အမွေစားအမွေခံ၊ တရားဝင်ကိုယ်စားလှယ်နှင့် တရားဝင်ဆက်ခံသည့်အဖွဲ့အစည်းတို့လည်း ပါဝင်သည်။

## အခန်း (၂)
## အခြေခံမူများ

၃။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို အောက်ပါအခြေခံမူများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည် -

(က) နိုင်ငံ၏စီးပွားရေးအခြေခံအင်အားတစ်ရပ်ဖြစ်သည့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးစေရန်၊ ပုဂ္ဂလိကစက်မှုလက်မှုကဏ္ဍပိုမိုတိုးတက်စေရန်နှင့် တစ်မျိုးသားလုံးအသားတင်ထုတ်လုပ်မှုတန်ဖိုးတွင် စက်မှုလက်မှုကဏ္ဍပါဝင်မှုအချိုးအစားမြင့်တင်နိုင်ရန်၊

(ခ) မြန်မာ့ရိုးရာလက်မှုအနုပညာများကို အခြေခံသည့်လုပ်ငန်းများ တိမ်ကောပပျောက်မှုမရှိစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဂ) အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်ပေါ်ထွန်းလာစေရန်နှင့် မိသားစုဝင်ငွေများတိုးပွားရရှိစေရန် အထောက်အကူပြုနည်းပညာလွှဲပြောင်းသင်တန်းများဖွင့်လှစ်ရန်၊

(ဃ) ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး စံချိန်စံညွှန်းမီသည့် ကုန်ပစ္စည်းများကို စားသုံးသူများဝယ်ယူရရှိစေရန်၊

(င) စွမ်းဆောင်ရည်မြင့်မားစေသော ခေတ်မီနည်းပညာများအသုံးပြု၍ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(စ) ပြည်တွင်းတွင်သာမက ပြည်ပဈေးကွက်များအတွက်လည်း စံချိန် စံညွှန်းမီပစ္စည်းများထုတ်လုပ်ရောင်းချရန်နှင့် ပြည်တွင်း ပြည်ပဈေးကွက်ရရှိရေးဖော်ဆောင်ရန်၊

(ဆ) ပတ်ဝန်းကျင်ကို ထိခိုက်စေမည့် လုပ်ငန်းများမပေါ်ပေါက်စေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ရန်၊

(ဇ) စက်မှုဒေသအချင်းချင်း လုပ်ငန်းရှင်အချင်းချင်း ပူးပေါင်းဆောင်ရွက်စေရန်၊

(ဈ) တိုင်းဒေသကြီးအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်များပြားလာစေရန်။

## အခန်း (၃)

## အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ အစိုးရအဖွဲ့သည် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | |
|---|---|
| (က) ဝန်ကြီး | ဥက္ကဋ္ဌ |
| (ခ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၂) ဦး | အဖွဲ့ဝင် |
| (ဂ) လုပ်ငန်းရှင်ကိုယ်စားလှယ် (၃) ဦး | အဖွဲ့ဝင် |
| (ဃ) တိုင်းဒေသကြီးဦးစီးမှူး | အတွင်းရေးမှူး |

၅။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ခ) အခြေခံမူများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) မှတ်ပုံတင်သက်တမ်းနှင့် မှတ်ပုံတင်ခနှုန်းထားများကို သတ်မှတ်ရန် သဘောတူခွင့်ပြုချက်ပေးခြင်း၊

(ဃ) ပညာပေးလုပ်ငန်းများနှင့် နည်းပညာလွှဲပြောင်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) လုပ်ငန်းရှင်များနှင့် အလုပ်သမားများ၏ ခံစားခွင့်များရရှိရေး ကူညီဆောင်ရွက်ခြင်း၊

(စ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုများပေါ်ပေါက်လာပါက တိုင်းဒေသကြီးဦးစီးမှူး၏ တင်ပြချက်ကို စိစစ်ဆုံးဖြတ်ခြင်း၊

(ဆ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းသည့် ဆောင်ရွက်သင့်သည်များကို အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(ဇ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကိစ္စများနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့က ဤဥပဒေနှင့်အညီ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၄)

## ဝန်ကြီး၏ လုပ်ပိုင်ခွင့်များ

၆။ ဝန်ကြီးသည် ကော်မတီနှင့် ဦးစီးဌာနကို ဦးဆောင်၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် အစီအမံများချမှတ်ခြင်း၊

(ခ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို အထောက်အကူပြုနိုင်ရန်နှင့် ကြီးကြပ်နိုင်ရန် လိုအပ်သည့်အဖွဲ့များကို ဖွဲ့စည်းခြင်း၊ အကြံပေးပုဂ္ဂိုလ်များကိုခန့်ထားခြင်း၊ ထိုသို့ဖွဲ့စည်းခြင်း၊ ခန့်ထားခြင်းပြုပါက ယင်းအဖွဲ့နှင့် အကြံပေးပုဂ္ဂိုလ်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ခြင်း၊

(ဂ) အခြေခံမူများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြီးကြပ်ခြင်း၊ အခြားသောဝန်ကြီးဌာနများနှင့်ညှိနှိုင်းပူးပေါင်း၍ အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ပအကူအညီရယူနိုင်ခြင်း၊ နားလည်မှုစာချွန်လွှာရေးထိုးခြင်း။

## အခန်း (၅)
## တိုင်းဒေသကြီးဦးစီးမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၇။ တိုင်းဒေသကြီးဦးစီးမှူး၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အခြေခံမူများကို ကော်မတီ၏ဆုံးဖြတ်ချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောနည်းပညာရပ်များ ဖော်ထုတ်ခြင်း၊ စမ်းသပ်တီထွင်ခြင်း၊ နည်းပညာသင်တန်းအစီအစဉ်နှင့် သတင်းအချက်အလက် ဖြန့်ဖြူးခြင်းများကို ဆောင်ရွက်ခြင်းနှင့် ကော်မတီ၏ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ တီထွင်စမ်းသပ်ခြင်းနှင့် သုတေသနပြုလုပ်ခြင်းမှ ရရှိသောရလဒ်များကို လုပ်ငန်းများတိုးတက်ရေးအတွက် အသုံးပြုခြင်းနှင့် လုပ်ငန်းရှင်များသို့ ဖြန့်ဝေရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်း ပြည်ပကုန်ပစ္စည်းပြပွဲများတွင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများမှ ထုတ်လုပ်သော စံချိန်စံညွှန်းမီ ကုန်ပစ္စည်းများကို ပြသနိုင်ရန်နှင့် ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(င) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စုပေါင်းလုပ်ကိုင်နိုင်ရန် အစိုးရ အဖွဲ့၏ ခွင့်ပြုချက်ဖြင့် အသင်းအဖွဲ့ ဖွဲ့စည်းခြင်း၊

(စ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို အများပြည်သူတို့ သိရှိနိုင်ရန်နှင့် ပြည်တွင်း ပြည်ပအဖွဲ့အစည်း များနှင့် ဆက်စပ်နိုင်ရန် သတင်းအချက်အလက်ပြန့်ပွားစေမည့်နည်းလမ်းများအသုံးပြု၍ ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဆ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကော်မတီမှ ပေးအပ်သောတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဇ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များ ကူညီဆောင်ရွက်ခြင်း၊

(ဈ) ဤဥပဒေနှင့်အညီ ကော်မတီက အခါအားလျော်စွာ သတ်မှတ်ပေးသောတာဝန်များကို ဆောင်ရွက်ခြင်း။

၈။ တိုင်းဒေသကြီးဦးစီးမှူး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မှတ်ပုံတင်ထားသောအိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို စစ်ဆေးခြင်း၊

(ခ) ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်တို့ကို လိုက်နာခြင်းမရှိသော လုပ်ငန်းရှင်၏လုပ်ငန်းမှတ်ပုံတင်ကို ကော်မတီ၏သဘောတူညီချက်ဖြင့် ယာယီရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

(ဂ) မှတ်ပုံတင်ထားသော အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများအား နည်းပညာနှင့် ချေးငွေရရှိရေး ကူညီဆောင်ရွက်ပေးခြင်း။

## အခန်း (၆)
## မှတ်ပုံတင်ခြင်း

၉။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်နေသူ သို့မဟုတ် လုပ်ကိုင်လိုသူသည် ဤဥပဒေအရ မှတ်ပုံတင်ရန်အလို့ငှာ ဦးစီးဌာနကသတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၁၀။ ဦးစီးဌာနသည် ပုဒ်မ ၉ အရ လျှောက်ထားလာသည့် လျှောက်လွှာများကိုစိစစ်၍ သတ်မှတ်ချက်နှင့် ညီညွတ်ပါက ကော်မတီ၏ဆုံးဖြတ်ချက်ဖြင့် မှတ်ပုံတင်ပေးရမည်။

၁၁။ တိုင်းဒေသကြီးဦးစီးမှူးသည် မှတ်ပုံတင်ခ၊ မှတ်ပုံတင်အသစ်လဲလှယ်ခနှင့် မှတ်ပုံတင်သက်တမ်း ကာလတို့ကို ကော်မတီ၏ သဘောတူခွင့်ပြုချက်ဖြင့် သတ်မှတ်ပေးရမည်။

## အခန်း (၇)
## မှတ်ပုံတင်ပျက်ပြယ်ခြင်း

၁၂။ အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်လာသည့်အခါ မှတ်ပုံတင်ပျက်ပြယ်သည် -

(က) မှတ်ပုံတင်သက်တမ်းကုန်ဆုံးခြင်း၊

(ခ) လုပ်ငန်းရှင်က မှတ်ပုံတင်ထားခြင်းကိုပယ်ဖျက်ပေးရန် လျှောက်ထားမှုကို ခွင့်ပြုခြင်း၊

(ဂ) စီမံခန့်ခွဲရေးနည်းလမ်းအရ မှတ်ပုံတင်ပယ်ဖျက်ခံရခြင်း၊

(ဃ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လုပ်ငန်းရပ်စဲခံရခြင်း။

## အခန်း (၈)
## လုပ်ငန်းရှင်၏ တာဝန်နှင့် ခံစားခွင့်များ

၁၃။ လုပ်ငန်းရှင်၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မိမိလုပ်ကိုင်နေသော အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကို မှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်ခ၊ မှတ်ပုံတင်အသစ်လဲလှယ်ခ၊ ဒဏ်ကြေးငွေနှင့် အခြားပေးဆောင်ရန်ရှိသော အခွန်အခများကို ပေးဆောင်ခြင်း၊

(ခ) ကော်မတီ၏ ကြီးကြပ်မှုကို ခံယူခြင်း၊

(ဂ) လုပ်ငန်းအမျိုးအစားပြောင်းလဲခြင်း၊ လုပ်ငန်းရှင်လွှဲပြောင်းခြင်း၊ လုပ်ငန်းတည်နေရာပြောင်းရွှေ့ခြင်းတို့ကို ဦးစီးဌာနသို့ ကြိုတင်အကြောင်းကြားခြင်းနှင့် မှတ်ပုံတင်လျှောက်ထားခြင်း၊

(ဃ) တည်ဆဲအလုပ်သမားဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊

(င) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့က ဥပဒေနှင့်အညီ ထုတ်ပြန်သောအမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာခြင်း။

၁၄။ လုပ်ငန်းရှင်၏ ခံစားခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် ကုန်ပစ္စည်းအရည်အသွေးမြင့်မားရေးအတွက် ဦးစီးဌာနက သတ်မှတ်ချက်ဖြင့် လွှဲပြောင်းပေးသော နည်းပညာရပ်များရယူနိုင်ရန် ကော်မတီသို့ အကူအညီတောင်းခံခွင့်ရှိခြင်း၊

(ခ) မိမိထုတ်လုပ်သော စံချိန်စံညွှန်းမီကုန်ပစ္စည်းများကို နိုင်ငံခြားဈေးကွက်များသို့ သတ်မှတ်ချက်နှင့်အညီ တင်ပို့ရောင်းချနိုင်ရန် ကော်မတီသို့ အကူအညီတောင်းခံခွင့်ရှိခြင်း၊

(ဂ) ပြည်ပသို့ ကုန်ပစ္စည်းတင်ပို့ရောင်းချခြင်းဖြင့်ရရှိသော နိုင်ငံခြားငွေများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ကုန်ကြမ်း၊ စက်နှင့်စက်ကိရိယာအရန်ပစ္စည်းဝယ်ယူနိုင်ရန် ကော်မတီသို့ အကူအညီတောင်းခံခွင့်ရှိခြင်း၊

(ဃ) ကော်မတီ၏ကူညီမှုဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်လေ့လာခြင်း၊ ဆွေးနွေးပွဲတက်ရောက်ခြင်း၊ သင်တန်းတက်ရောက်ခွင့်ရှိခြင်း၊

(င) ကော်မတီ၏ကူညီမှုဖြင့် ပြည်ပမှ ကျွမ်းကျင်သူများ၏ အကူအညီရယူနိုင်ခြင်းနှင့် ပြည်ပနှင့်စီးပွားရေးလုပ်ငန်းစာချုပ်များ ချုပ်ဆိုလုပ်ကိုင်ခွင့်ရှိခြင်း၊

(စ) ကော်မတီ၏ကူညီမှုဖြင့် ချေးငွေများ၊ အထောက်အပံ့များ ရယူခွင့်ရှိခြင်း၊

(ဆ) ကော်မတီ၏ကူညီမှုဖြင့် အစိုးရဌာနများက အခါအားလျော်စွာ သတ်မှတ်ပေးသော အခြားအခွင့်အရေးများကို ခံစားခွင့်ရှိခြင်း၊

(ဇ) ဦးစီးဌာနတွင် မှတ်ပုံတင်ပြီးသော အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများမှ ထုတ်လုပ်သည့်ပစ္စည်းများကို ပြည်တွင်း၌ လွတ်လပ်စွာထုတ်လုပ်ရောင်းချနိုင်ပြီး ပြည်တွင်းတင်ဒါခေါ်ယူမှုများတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိခြင်း၊

(ဈ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းရှင်များစုပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲများ၊ အရောင်းပြပွဲများဆောင်ရွက်ခွင့်ရှိခြင်း။

## အခန်း (၉)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၅။ လုပ်ငန်းရှင်သည် -

(က) ပုဒ်မ ၁၃ ပါ တာဝန်သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ခြင်းမရှိစေရ၊

(ခ) ပုဒ်မ ၁၄ ပါ ခံစားနိုင်ခွင့်တစ်ရပ်ရပ်ကို အလွဲသုံးစားမပြုရ။

၁၆။ တိုင်းဒေသကြီးဦးစီးမှူးသည် ပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို မလိုက်နာသော လုပ်ငန်းရှင်အား အောက်ပါပြစ်ဒဏ်များ ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) ကျပ် ငါးသောင်းထက်မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်စေခြင်း၊

(ဂ) မှတ်ပုံတင်ကို ယာယီရပ်ဆိုင်းခြင်း၊

(ဃ) မှတ်ပုံတင်ကို ပယ်ဖျက်ခြင်း။

## အခန်း (၁၀)
## အယူခံခြင်း

၁၇။ တိုင်းဒေသကြီးဦးစီးမှူးက ပုဒ်မ ၁၆ အရ ချမှတ်သည့်ဆုံးဖြတ်ချက်ကို လုပ်ငန်းရှင်က မကျေနပ်ပါက ယင်းဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

၁၈။ ဝန်ကြီးသည် လုပ်ငန်းရှင်က တင်သွင်းလာသော အယူခံဝင်မှုကို အဆုံးအဖြတ်ပေးရမည်။

၁၉။ ဝန်ကြီး၏ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက အစိုးရအဖွဲ့ထံ ရက်ပေါင်း (၃၀) အတွင်း အယူခံဝင်နိုင်သည်။ အစိုးရအဖွဲ့၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၁)
## တားမြစ်ချက်နှင့် ပြစ်ဒဏ်များ

၂၀။ မည်သူမဆို ဤဥပဒေအရ မှတ်ပုံတင်ခြင်းမရှိဘဲ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရ။

၂၁။ မည်သူမဆို ပုဒ်မ ၂၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ် ငါးသောင်းမှ အများဆုံး ကျပ် တစ်သိန်း အထိ ချမှတ်ရမည်။

၂၂။ မည်သူမဆို ပုဒ်မ ၂၁ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ယင်းပြစ်မှုကို ဆက်လက်ဖောက်ဖျက် ကျူးလွန်ပါက ဆက်လက်ဖောက်ဖျက်ကျူးလွန်ခြင်းပြုသည့် နေ့အသီးသီးအတွက် ထိုသူကို တစ်နေ့လျှင် ငွေဒဏ် ကျပ် တစ်သောင်းချမှတ်ရမည်။

## အခန်း (၁၂)
## အထွေထွေ

၂၃။ ဤဥပဒေအရ တိုင်းဒေသကြီးဦးစီးမှူးကချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်သည် တည်ဆဲပြစ်မှုဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ အရေးယူတရားစွဲဆိုခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) အစိုးရအဖွဲ့သည် ဤဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးသည် ဤဥပဒေနှင့်သက်ဆိုင်သည့် အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဒေါက်တာမြင့်နိုင်၊
ဝန်ကြီးချုပ်၊
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)

မကွေးတိုင်းဒေသကြီးအတွင်း D-2 (အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်သာရှိပြီး ချက်လုပ်ခွင့်မရှိသည့် လိုင်စင်) ယစ်မျိုးခွန်နှုန်းထားအား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးမှတ်တမ်းအမှတ်စဉ် (၃၂/၂၀၁၉) ဆုံးဖြတ်ချက်အပိုဒ် ၁၈၅ အရ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ တစ်နှစ်လျှင် ကျပ်သိန်း (၃၀) ကောက်ခံရန် သတ်မှတ်လိုက်သည်။

ဒေါက်တာအောင်မိုးညို၊
ဝန်ကြီးချုပ်၊
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## စည်ပင်သာယာရေးဝန်ကြီးဌာန

မန္တလေးမြို့၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၃ ရက်)

အမှတ် ၁၀ ။ ။ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များဥပဒေအခန်း ၁၃၊ ပုဒ်မ ၄၄၊ ပုဒ်မခွဲ (ဂ) အရ ကော်မတီသည် စဉ့်ကူးမြို့နယ်အတွင်းရှိ ထုံးကြီး-သာယာဝတီကူးတို့ (နယ်နိမိတ်အတွင်းရှိ ကူးတို့ (၈) ခုဖြစ်သည့် (၁) ထုံးကြီး-သာယာဝတီ၊ (၂) ထုံးကြီး-ဟသ်ာဖို၊ (၃) ကျွန်းဦး-စားကျက်ကြီး၊ (၄) ဆင်သေ-ညောင်နီပင်၊ (၅) ရွှေဒုံး-ညောင်ပင်၊ (၆) ရွှေဂုံတိုင်-ညောင်ပင်၊ (၇) မြေနု-မြစိမ်း၊ (၈) ကြာဥယျာဉ်-ရေတော်) ဖြတ် ကူးတို့လုပ်ငန်းအား အများပြည်သူဆိုင်ရာ ကူးတို့လုပ်ငန်းအဖြစ် ဥပဒေနှင့်အညီ စီမံခန့်ခွဲသွားရန် တင်ပြချက်အပေါ် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ ၁၂၀၊ ပုဒ်မခွဲ (ခ) အရ စိစစ်အတည်ပြုပြီး အများပြည်သူသိရှိရန် ထုတ်ပြန်ကြေညာလိုက်သည် -

(၁) ကူးတို့မည် - ထုံးကြီး-သာယာဝတီကူးတို့
[နယ်နိမိတ်အတွင်းရှိ ကူးတို့ (၈) ခု]

(၂) ကူးတို့အမျိုးအစားနှင့် တည်နေရာ - ဧရာဝတီမြစ်ဖြတ်ကူးတို့
စဉ့်ကူးမြို့နယ်

(၃) ကူးတို့နယ်နိမိတ်များ

(က) အထက်ပိုင်း - ဧရာဝတီမြစ်လက်ယာဘက်ကမ်းရှိ လက်ပန်ကုန်းကျေးရွာမြောက်ဘက်ရှိ ကိုးတောင်ပြည့်ဘုရား နေရာအမှတ် (က) မှ ဧရာဝတီမြစ်အား မျဉ်းဖြောင့်ဆွဲပြီး ဧရာဝတီမြစ် လက်ဝဲဘက်ကမ်းရှိ ရေတော်ကျေးရွာ မြောက်ဘက်ရှိ အနောက်မူလမဟာစက်တော်ရာကျောင်းနေရာ အမှတ် (ခ) အထိ အနီးစပ်ဆုံး အကွာအဝေး (၂. ၅) မိုင်ခန့်၊

(ခ) အောက်ပိုင်း - ဧရာဝတီမြစ်လက်ယာဘက်ကမ်းရှိ ဟသ်ာဖိုကျေးရွာ တောင်ဘက်ရှိ အောင်ချမ်းသာဘုရား နေရာအမှတ် (ဂ) မှ ဧရာဝတီမြစ်အား မျဉ်းဖြောင့်ဆွဲပြီး ဧရာဝတီမြစ် လက်ဝဲဘက်ကမ်းရှိ

ရွှေဂုံတောင်ကျေးရွာတောင်ဘက်ရှိ ချမ်းသာကြီး၊ ချမ်းသာရ ဘုရား နေရာအမှတ် (ဃ) ထိ အနီးစပ်ဆုံးအကွာအဝေး (၅) မိုင်ခန့်၊

(ဂ) လက်ယာဘက် - ဧရာဝတီမြစ်၏ လက်ယာဘက်ကမ်းရှိ အထက်တွင်ဆိုခဲ့ပြီး သော အမှတ် (က) မှ (ဂ) အထိ အနီးစပ်ဆုံး အကွာအဝေး (၃. ၅) မိုင်ခန့်၊

(ဃ) လက်ဝဲဘက် - ဧရာဝတီမြစ်၏လက်ဝဲဘက်ကမ်းရှိ အထက်တွင်ဆိုခဲ့ပြီးသော အမှတ် (ခ) မှ (ဃ) အထိ အနီးစပ်ဆုံးအကွာအဝေး (၅. ၅) မိုင်ခန့်။

အဆိုပါ ထုံးကြီး-သာယာဝတီကူးတို့ [နယ်နိမိတ်အတွင်းရှိ ကူးတို့ (၈) ခု] အများပြည်သူဆိုင်ရာ ကူးတို့ဇရိယာနယ်နိမိတ်အလားအလာနှင့် ကူးတို့လမ်းကြောင်းဖော်ပြချက်များမှာ စဉ့်ကူးမြို့နယ် စည်ပင် သာယာရေးအဖွဲ့၏ (၁၁-၆-၂၀၁၉) ရက်စွဲပါ စာအမှတ်၊ ၄၉၄/ဆ-၂/စက-၂ (၀၀၁) ဖြင့် ပေးပို့လာသော စဉ့်ကူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၎င်းကူးတို့အမှုတွဲ မြေပုံအတိုင်းဖြစ်သည်။

အဆိုပါ ထုံးကြီး-သာယာဝတီကူးတို့ [နယ်နိမိတ်အတွင်းရှိ ကူးတို့ (၈) ခု] အများပြည်သူများ ဆက်သွယ်သွားလာမှုလွယ်ကူစေရန် ခွင့်ပြုပေးခြင်းသာဖြစ်၍ ဆက်စပ်နေသော အခြားကူးတို့လမ်းကြောင်း များကို ထိခိုက်မှုမရှိစေဘဲ မြေပုံတွင် ဖော်ပြပါကူးတို့လမ်းကြောင်းအတိုင်း ပြေးဆွဲပို့ဆောင်ရန်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ ၄၆ အရ ကော်မတီ၏ သဘောတူညီချက်ဖြင့် အမှုဆောင်အရာရှိသည် ကူးတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ အုပ်ချုပ်သူအဖြစ် ဆောင်ရွက် ရမည်ဖြစ်ပါသည်။

ထုံးကြီး-သာယာဝတီကူးတို့နှင့်စပ်လျဉ်း၍ ယခင်ကထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာများကို ပယ်ဖျက်လိုက်သည်။

ဒေါက်တာရဲလွင်၊
ဝန်ကြီး၊
မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)

### ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ တင်သွင်းခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၀ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

တင်မောင်ထွန်း၊
ဥက္ကဋ္ဌ၊
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်။

# ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ
## (၂၀၁၉ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၂။)

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (ဂ) ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မခွဲ (ង) တို့ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ဃ) **ဝန်ကြီး**ဆိုသည်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရေချိုငါးလုပ်ငန်းနှင့်စပ်လျဉ်း၍ တာဝန်ယူစီမံခန့်ခွဲရသည့် ဝန်ကြီးကို ဆိုသည်။

(င) **ယာဉ်**ဆိုသည်မှာ ငါးလုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် စက်တပ်၊ စက်မဲ့ယာဉ်များကို ဆိုသည်။"

(ဂ) ပုဒ်မခွဲ (ဒ) ၏နောက်၌ ပုဒ်မခွဲ (ဒ-၁) အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"(ဒ-၁) **နှစ်ရှည်အငှားဂရန်**ဆိုသည်မှာ အငှားဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် လေလံရရှိသည့်နှစ်အပါ သုံးနှစ်အထိ နှစ်ရှည်လုပ်ကိုင်ခွင့်ပြုခြင်းအတွက် ဦးစီးဌာနက ထုတ်ပေးသည့် အငှားဂရန်ကို ဆိုသည်။"

(ဃ) ပုဒ်မခွဲ (ဓ) နှင့် ပုဒ်မခွဲ (ရ) တို့ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ဓ) **လိုင်စင်**ဆိုသည်မှာ လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဦးစီးဌာနက ထုတ်ပေးသည့်လိုင်စင်ကို ဆိုသည်။

(ရ) **အအေးခန်းစက်ရုံ**ဆိုသည်မှာ ငါးနှင့် ရေထွက်ပစ္စည်းများ သန့်ရှင်းလတ်ဆတ်နေစေရန် အေးခဲမှုစနစ်ဖြင့် ပြုပြင်၊ အေးခဲ၊ သိုလှောင်၊ ထိန်းသိမ်းထားသည့်စက်ရုံကို ဆိုသည်။"

၃။ ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၃ တွင် -

(က) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ဂ) ငါးနေငါးထိုင်တောများနှင့် ၎င်းတို့၏ ဂေဟစနစ်များပျက်စီးမှုမှ ကာကွယ်စောင့်ရှောက်ရန်နှင့် တန်ဖိုးထား ထိန်းသိမ်းရန်။"

(ခ) ပုဒ်မခွဲ (ဈ) ၏နောက်၌ ပုဒ်မခွဲ (ည) အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"(ည) ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူနှင့် ရေလုပ်သားများ၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုစေရန်။"

၄။ ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ပါ စည်းကမ်းချက်များအပြင် အစိုးရအဖွဲ့နှင့် ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။"

၅။ ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မခွဲ (ဈ) နှင့် ပုဒ်မခွဲ (ည) တို့ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ဂ) အင်းဂရန်အသစ်များ သတ်မှတ်ခြင်းကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း။

(ဆ) အငှားဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း သို့မဟုတ် လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်အမျိုးအစားကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

(ဈ) ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကြီးကြပ်ပေးခြင်း။

(ည) အင်းအိုင်ပြန်တမ်းမိတ္တူများကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနသို့ ပေးပို့ဆောင်ရွက်ခြင်း။"

၆။ ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) ဦးစီးဌာနက ထုတ်ပေးထားသည့် အငှားဂရန် သို့မဟုတ် လိုင်စင်ပျက်စီးပျောက်ဆုံးသဖြင့် မိတ္တူရယူလိုကြောင်း လျှောက်ထားသူအား သတ်မှတ်သည့် အခကြေးငွေပေးသွင်းစေပြီး အငှားဂရန် သို့မဟုတ် လိုင်စင်မိတ္တူကို ထုတ်ပေးခြင်း။"

၇။ ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၂၄ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၂၄။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်း ရေရှည်တည်တံ့ရေးလုပ်ငန်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သောအသုံးစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ဝန်ကြီး၏ သဘောတူညီချက်ဖြင့် သုံးစွဲခြင်း ပြုနိုင်သည်။"

၈။ ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ အခန်း (၇)၊ အခန်းခေါင်းစဉ် **"ဝန်ကြီး၏လုပ်ပိုင်ခွင့်များ"** ဆိုသည့်စကားရပ်ကို **"ဝန်ကြီး၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၉။ ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ အခန်း (၇) အခန်းခေါင်းစဉ်၏နောက်၌ ပုဒ်မ ၂၇-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၂၇-က။ ဝန်ကြီး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငါးလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်းနှင့် ညွှန်ကြားခြင်း၊

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော ရေချိုငါးလုပ်ငန်းဆိုင်ရာ တာဝန်များကို ဆောင်ရွက်ခြင်း၊

(ဂ) ဦးစီးဌာနမှူးများ၏ လုပ်ငန်းတာဝန်များကို ကြီးကြပ်ခြင်း။"

၁၀။ ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၂၈၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(က) ဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သော ငါးလုပ်ငန်းသုတေသန၊

(ခ) ဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် ငါးသယံဇာတပြန့်ပွားရေးအတွက် ဆောင်ရွက်သောငါးလုပ်ငန်းများ။"

၁၁။ ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၉။ ဝန်ကြီးသည် တိုင်းဒေသကြီးဦးစီးဌာနမှူးက တင်ပြလာသည့် သီးသန့်အင်း လုပ်ကိုင်ခွင့်ကို ခွင့်ပြုနိုင်သည်။"

၁၂။ ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၃၀၊ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

"ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါကိစ္စရပ်များကို ခွင့်ပြုနိုင်သည် -"

၁၃။ ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၃၀ တွင် ပုဒ်မခွဲ (ခ) ၏နောက်၌ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မခွဲ (င) တို့အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"(ဂ) အငှားဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း၊ လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်တို့ကို အမျိုးအစားသတ်မှတ်ခြင်းနှင့် ပြောင်းလဲသတ်မှတ်ခြင်း၊

(ဃ) ရေချိုငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များတွင် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်း များနှင့် ညှိနှိုင်းပေးခြင်း၊

(င) ငါးလုပ်ငန်းရေရှည်တည်တံ့ရေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော အသုံးစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ တင်ပြတောင်းခံ သုံးစွဲခြင်း။"

၁၄။ ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၃၃ ကို ပယ်ဖျက်ရမည်။

၁၅။ ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ အခန်း (၈)၊ အခန်းခေါင်းစဉ် **"ပြန်အမ်းငွေ လျှောက်ထားခြင်း"** ဆိုသည့်စကားရပ်ကို **"ပြန်အမ်းငွေလျှောက်ထားခြင်းနှင့် ပြန်လည်ထုတ်ပေးခြင်း"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၃ တွင် ခြေဆင်းအဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၄၃။ ဤဥပဒေအရချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်များကို မကျေနပ်ပါက အောက်ပါအတိုင်း အဆင့်ဆင့် အယူခံဝင်ခွင့်ရှိသည်-"

၁၇။ ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၃၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မခွဲ (င) တို့ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(က) မြို့နယ်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း သက်ဆိုင်ရာခရိုင် ဦးစီးဌာနမှူးထံ အယူခံနိုင်သည်။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မခွဲ (က) အရ မြို့နယ်ဦးစီးဌာနမှူးက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုလုပ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ခရိုင်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း တိုင်းဒေသကြီး ဦးစီးဌာနမှူးထံ အယူခံဝင်နိုင်သည်။

(ဃ) တိုင်းဒေသကြီးဦးစီးမှူးသည် ခရိုင်ဦးစီးဌာနမှူးက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုလုပ်နိုင်သည်။

(င) ပုဒ်မခွဲ (ဃ) အရ ဤဥပဒေအရ တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။"

၁၈။ ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၆။ ဤဥပဒေအရ ထုတ်ပေးထားသော လိုင်စင်၊ တင်ဒါလိုင်စင်၊ အငှားဂရန်နှင့် နှစ်ရှည်အငှားဂရန် များကို ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ လွှဲပြောင်းလုပ်ကိုင်ခြင်းမပြုရ။"

၁၉။ ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (ဃ) ၏နောက်၌ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ) အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"(င) မည်သူမျှ ရေချိုငါးလုပ်ငန်းနယ်နိမိတ်အတွင်း၌ ငါးမွေးကန်ဖြင့်ဖြစ်စေ၊ ရေမြုပ်ခံသည့် ငါးကန်ဖြင့် ဖြစ်စေ၊ အခိုင်အမာ မြေကတုပ်အတားအဆီးဖြင့်ဖြစ်စေ ငါး၊ ပုစွန်များကို တစ်နည်းနည်းဖြင့် ဆွဲဆောင်၍ ဖမ်းဆီးမွေးမြူခြင်းမပြုရ။

(စ) မည်သူမျှ တားမြစ်ထားသော ငါးမျိုးများကို မွေးမြူခြင်းနှင့် လက်ဝယ်ထားရှိခြင်းမပြုရ။"

၂၀။ ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၅၇၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ဃ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ရေလုပ်သားမှတ်ပုံတင်ကတ်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သည့်ကိစ္စဖြစ်ပါက ထိုသူအား ကျပ် သုံးသောင်း ထက်မပိုသော ငွေဒဏ်ကို ကျခံစေရမည်။

(ဃ) အငှားဂရန်၊ နှစ်ရှည်အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သည့် ကိစ္စဖြစ်ပါက ထိုသူအား နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် နှစ်သိန်းမှ ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ကျခံစေရမည်။"

၂၁။ ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၆၈ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၆၈။ ဤဥပဒေအရ သဘောရိုးဖြင့်ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲခြင်းမပြုရ။"

၂၂။ ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၇၂၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(က) သက်ဆိုင်ရာဝန်ကြီးသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဖြိုးမင်းသိန်း
ဝန်ကြီးချုပ်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၉**

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးစီမံခန့်ခွဲမှုဌာန၊ ငွေကြေးလုပ်ငန်းအုပ်ချုပ်မှုဌာန (နေပြည်တော်) မှ ညွှန်ကြားရေးမှူး ဦးကျော်ရဲနိုင် အား ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ကျော်ကျော်မောင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက် ( ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

## နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (၄) ဦးအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့ (နံနက်ပိုင်း) မှစ၍ အတည်ပြု (အမြဲတမ်း) ခန့်ထားလိုက်သည် -

| စဉ် | အမည် | ဌာန၊ ဌာနခွဲ |
|---|---|---|
| ၁။ | ဦးစောကျော်လှ | လုပ်ငန်းဌာန (၃) |
| ၂။ | ဒေါ်နီလာစိုး | ငွေစာရင်းဌာနခွဲ |
| ၃။ | ဒေါ်ခိုင်လဲ့မြင့် | မူးယစ်ဌာနခွဲ |
| ၄။ | ဦးတင်ကိုဝင်း | နိုင်ငံတကာဆက်ဆံရေးဌာနခွဲ |

**အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများနှင့် ကွပ်ကဲမှုအောက်ရှိ ခရိုင်/မြို့နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးများမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (၁၀) ဦးတို့အား ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှစ၍ အတည်ပြု (အမြဲတမ်း) ခန့်ထားလိုက်သည် -

| စဉ် | အမည် | တာဝန်ကျရာဒေသ |
|---|---|---|
| ၁။ | ဦးဇော်မင်းလတ် | ရန်ကုန်အရှေ့ပိုင်းခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |
| ၂။ | ဦးအောင်ဝင်းနိုင် | မင်းတပ်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |
| ၃။ | ဦးစောမြမင်း | စစ်ကိုင်းတိုင်းဒေသကြီးဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |
| ၄။ | ဒေါ်သီတာဆွေ | ကျောက်ဖြူခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |
| ၅။ | ဦးစောကျော်စိုး | ကသာခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |
| ၆။ | ဦးခွန်လှိုင်ဘွား | ဖာပွန်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |

| စဉ် | အမည် | တာဝန်ကျရာဒေသ |
|---|---|---|
| ၇။ | ဦးအွမ်နိုင်း | ချင်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |
| ၈။ | ဦးဆလိုင်းကျော်မျိုးမြင့် | မောင်တောခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |
| ၉။ | ဦးခွန်ဟိန်းဇော်ထွန်း | ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ (လားရှိုး) |
| ၁၀။ | ဦးဖျားရယ် | မိုင်းဆတ်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |

## အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်စွဲပါ စာအမှတ်၊ ၇၆၂/ရအဖ-၂/ ၃၁၉/၂၀၁၉/တမ-၂ နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်စွဲပါ စာအမှတ်၊ ဝ၄၇/၁-နစရ/ဝကရ (၁၆၅၀) တို့အရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး (၄) ဦးအား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀- ၂၉၅,၀၀၀) ရာထူးသို့ အလုပ်တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထား လိုက်သည် -

| စဉ် | အမည် | ဌာန၊ ဒေသ |
|---|---|---|
| ၁။ | ဦးရွှေသန်း | ရခိုင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |
| ၂။ | ဒေါ်မိုးမိုးအေး | ရခိုင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |
| ၃။ | ဦးကီးမာန် | မင်းတပ်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |
| ၄။ | ဒေါ်စန်းစန်းအေး | ရုံးချုပ်၊ ရသုံးမှန်းခြေဌာနခွဲ |

ရဲနိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန။

## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)

အမှတ် ၁၅ ။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်စွဲပါ စာအမှတ်-၁/၁၉၀ (က) (၄) (၂၄၇၂/၂၀၁၉) (လဆ) အရ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ ဦးစီးမှူး (လွန်တူး/မိုင်း) များအား လက်ရှိ ရုံးများတွင်ပင် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (လွန်တူး/မိုင်း) ရာထူးသို့ အမှန်တကယ် အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်နေသည့်ရုံး |
|---|---|---|
| ၁ | ဦးကျော်ကျော်ဦး | ဒုတိယညွှန်ကြားရေးမှူးရုံး၊ လွန်တူးနှင့် မိုင်းဌာနခွဲ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မိတ္ထီလာမြို့။ |
| ၂ | ဦးကျော်ကျော် | လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လွန်တူးနှင့် မိုင်းဌာနခွဲ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ပျော်ဘွယ်မြို့။ |

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

အမှတ် ၁၆ ။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်စွဲပါ စာအမှတ်-၁/၁၉၀ (က) (၄) (၂၄၇၁/၂၀၁၉) (လဆ) အရ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ ပုံဆွဲ (၁) များအား လက်ရှိရုံးများတွင်ပင် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (ပုံဆွဲ) ရာထူးသို့ အမှန်တကယ် အလုပ်စတင် ဝင်ရောက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်နေသည့်ရုံး |
|---|---|---|
| ၁ | ဒေါ်ဥမ္မာဝင်း | ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စူးစမ်းလေ့လာရေးဌာနခွဲ၊ ရန်ကုန်မြို့။ |
| ၂ | ဒေါ်အိသဇင် | ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး (၆)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်မြို့။ |
| ၃ | ဒေါ်ငြိမ်းငြိမ်းထူး | ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး (၉)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်မြို့။ |
| ၄ | ဒေါ်တင်လေးခိုင် | ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့။ |
| ၅ | ဒေါ်ခင်အုံးမြင့် | ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်။ |

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်)

အမှတ် ၁၇ ။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်စွဲပါ စာအမှတ်-၁/၁၉၀ (က) (၄) (၂၆၂၆/၂၀၁၉) (လဆ) အရ၊ အောက်ဖော်ပြပါ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) များအား လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ စတင်သတင်းပို့ တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်နေသည့်ရုံး |
|---|---|---|
| ၁ | ဦးကြည်ဝေ | စီမံကိန်းနှင့် လုပ်ငန်းဌာနခွဲ၊ ဆည်/ရေ (ရုံးချုပ်)၊ နေပြည်တော်။ |
| ၂ | ဦးခင်ဇော် (၂) | ဒုတိယညွှန်ကြားရေးမှူးရုံး၊ ဆည်/ရေဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးမြို့။ |
| ၃ | ဦးကိုကိုနိုင် | ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး (၅)၊ ဆည်/ရေဦးစီးဌာန၊ ပျဉ်းမနားမြို့။ |
| ၄ | ဦးအောင်မြတ်မျိုး | စီမံကိန်းနှင့် လုပ်ငန်းဌာနခွဲ၊ ဆည်/ရေ (ရုံးချုပ်)၊ နေပြည်တော်။ |
| ၅ | ဦးခင်ဇော် (၃) | ညွှန်ကြားရေးမှူးရုံး၊ ဆည်/ရေဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။ |

အမှတ် ၁၈ ။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်စွဲပါ စာအမှတ်-၁/၁၉၀ (က) (၄) (၂၅၉၅/၂၀၁၉) (လဆ) အရ

အောက်ဖော်ပြပါ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀)၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) များအား လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်နေသည့်ရုံး |
|---|---|---|
| ၁ | ဦးမြင့်သောင်း | လက်ထောက်ညွှန်ကြားရေးမှူး (၁) ရုံး၊ တည်ဆောက်ရေး (၆)၊ ဆည်/ရေဦးစီးဌာန၊ သထုံမြို့။ |
| ၂ | ဦးချိုလေး | လက်ထောက်ညွှန်ကြားရေးမှူး (တိုင်းတာရေး) ရုံး၊ စူးစမ်းလေ့လာရေး ဌာနခွဲ၊ ဆည်/ရေဦးစီးဌာန၊ ရန်ကုန်မြို့။ |
| ၃ | ဦးသန်းထွန်း (၃) | လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဆည်/ရေဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့။ |
| ၄ | ဦးမြဝင်း | လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဆည်/ရေဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့။ |
| ၅ | ဦးတိတ်အေး | လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဆည်/ရေဦးစီးဌာန၊ ဧရာဝတီတိုင်း ဒေသကြီး၊ မအူပင်မြို့။ |
| ၆ | ဦးဝင်းဌေး (၂) | လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဆည်/ရေဦးစီးဌာန၊ ဧရာဝတီတိုင်း ဒေသကြီး၊ ပုသိမ်မြို့။ |
| ၇ | ဦးတင်မိုးအောင် | လက်ထောက်ညွှန်ကြားရေးမှူး (၂) ရုံး၊ တည်ဆောက်ရေး (၇)၊ ဆည်/ရေ ဦးစီးဌာန၊ ရပ်စောက်မြို့။ |
| ၈ | ဦးအောင်သီဟ | လက်ထောက်ညွှန်ကြားရေးမှူး (၁) ရုံး၊ တည်ဆောက်ရေး (၅)၊ ဆည်/ရေ ဦးစီးဌာန၊ ပျဉ်းမနားမြို့။ |

အမှတ် ၁၉ ။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်စွဲပါ စာအမှတ်-၁/၁၉၀ (က) (၄) (၂၆၂၀/၂၀၁၉) (လဆ) အရ အောက်ဖော်ပြပါ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (မြို့ပြ) များအား လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀)၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်နေသည့်ရုံး |
|---|---|---|
| ၁ | ဦးမျိုးဇော်ဇော် | စီမံကိန်းနှင့် လုပ်ငန်းဌာနခွဲ၊ ဆည်/ရေ (ရုံးချုပ်)၊ နေပြည်တော်။ |
| ၂ | ဒေါ်ကျော့ကေသီမြင့် | ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲ၊ ဆည်/ရေ (ရုံးချုပ်)၊ ရန်ကုန်မြို့။ |
| ၃ | ဦးကျော်မင်းနိုင် | လက်ထောက်ညွှန်ကြားရေးမှူး (တိုင်းတာရေး) ရုံး၊ စူးစမ်းလေ့လာရေး ဌာနခွဲ၊ ဆည်/ရေဦးစီးဌာန၊ ရန်ကုန်မြို့။ |
| ၄ | ဦးတိုးလင်း | လက်ထောက်ညွှန်ကြားရေးမှူး (၃) ရုံး၊ တည်ဆောက်ရေး (၅)၊ ဆည်/ရေ ဦးစီးဌာန၊ တောင်ငူမြို့။ |
| ၅ | ဦးအောင်နိုင်ဝင်း | လက်ထောက်ညွှန်ကြားရေးမှူး (၁) ရုံး၊ တည်ဆောက်ရေး (၄)၊ ဆည်/ရေဦးစီးဌာန၊ ရွှေဘိုမြို့။ |

ဗိုလ်ဗိုလ်ကျော်၊
ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)၊
ဒုတိယညွှန်ကြားရေးမှူးချုပ် (အောက်မြန်မာပြည်)၊
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန။

## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်)

အမှတ် ၁။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့စွဲပါ စာအမှတ်-၃မက (က) ၂၀၁၉ (၁၇၃) အရ ရန်ကုန်မြို့၊ ခုတင် (၅၀၀) ဆံ့အထူးကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး/တွဲဖက်ပါမောက္ခ (ရင်ခေါင်းဆေးကု) ဒေါက်တာယဉ်မွန်သန့် (ဆမ-၁၅၂၆၇) အား ဆေးတက္ကသိုလ် (မန္တလေး)၊ ရင်ခေါင်းရောဂါဆေးပညာဌာနသို့ ပါမောက္ခအဖြစ် ရာထူးတိုးမြှင့်ပြောင်းရွှေ့ ခန့်ထားပါသဖြင့် ဆေးတက္ကသိုလ် (မန္တလေး)၊ ရင်ခေါင်းရောဂါဆေးပညာဌာနမှ ပါမောက္ခ၏တာဝန်များကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ ထမ်းဆောင်ခွင့်ပြုလိုက်သည်။

အမှတ် ၂။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့စွဲပါ စာအမှတ်-၃မက (က) ၂၀၁၉ (၁၈၂) အရ အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး)၊ လူထုကျန်းမာရေး ဌာနမှ တွဲဖက်ပါမောက္ခ (ဌာနမှူးတာဝန်) (ပါမောက္ခ/ဌာနမှူးရာထူးကို ကျော်ထောက်နောက်ခံပြု၍) ဒေါက်တာကြူကြူဆွေ (ဆမ-၁၅၈၄၀) အား ယင်းတက္ကသိုလ်/ယင်းဌာနတွင်ပင် ပါမောက္ခ/ဌာနမှူးအဖြစ် ရာထူးတိုးမြှင့်ခန့်ထားပါသဖြင့် အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး)၊ လူထုကျန်းမာရေးဌာနမှ တွဲဖက်ပါမောက္ခ (ဌာနမှူးတာဝန်) (ပါမောက္ခ/ဌာနမှူးရာထူးကို ကျော်ထောက်နောက်ခံပြု၍) ၏ တာဝန်များကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့ နံနက်ပိုင်းတွင် စွန့်လွှတ်ခွင့်ပြုပြီး ပါမောက္ခ/ဌာနမှူး၏ တာဝန်များကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ထမ်းဆောင်ခွင့်ပြုလိုက်သည်။

အမှတ် ၃။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့စွဲပါ စာအမှတ်-၃မက (က) ၂၀၁၉/၂-၁၁၄ အရ ဆေးတက္ကသိုလ် (မန္တလေး)၊ ဆေးပညာဌာနမှ လက်ထောက် ကထိက ဒေါက်တာဖြိုးဝေလွင် (ဆမ-၂၂၆၅၉) အား မန္တလေးပြည်သူ့ဆေးရုံကြီးသို့ အထူးကုဆရာဝန် (ဆေးပညာ) အဖြစ် ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားပါသဖြင့် ဆေးတက္ကသိုလ် (မန္တလေး)၊ ဆေးပညာဌာန လက်ထောက် ကထိက၏တာဝန်များကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ စွန့်လွှတ်ခွင့်ပြုလိုက်သည်။

အမှတ် ၄။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့စွဲပါ စာအမှတ်-၃မက (က) ၂၀၁၉ (၁၈၅) အရ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ အရေးပေါ်ကုသမှုဆေးပညာဌာနမှ ကထိက ဒေါက်တာသင်းသင်းဝင်း (ဆမ-၁၅၆၉၁) အား ယင်းတက္ကသိုလ်/ယင်းဌာနတွင်ပင် တွဲဖက်ပါမောက္ခ အဖြစ် ရာထူးတိုးမြှင့်ခန့်ထားပါသဖြင့် ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ အရေးပေါ်ကုသမှုဆေးပညာဌာနမှ ကထိက၏ တာဝန်များကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့ နံနက်ပိုင်းတွင် စွန့်လွှတ်ခွင့်ပြုပြီး တွဲဖက် ပါမောက္ခ၏တာဝန်များကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့ နံနက်ပိုင်းမှစ၍ ထမ်းဆောင်ခွင့်ပြုလိုက်သည်။

အမှတ် ၅။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့စွဲပါ စာအမှတ်-၃မက (က) ၂၀၁၉ (၁၈၃) အရ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်)၊ ကျန်းမာရေးမူဝါဒနှင့် စီမံခန့်ခွဲမှုပညာဌာနမှ ကထိက ဒေါက်တာကေခိုင်အေးမောက် (ဆမ-၁၇၄၄၈) အား ဆေးတက္ကသိုလ် (၂) ရန်ကုန်၊ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနသို့ တွဲဖက်ပါမောက္ခအဖြစ် ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားပါ သဖြင့် ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်)၊ ကျန်းမာရေးမူဝါဒနှင့် စီမံခန့်ခွဲမှုပညာဌာနမှ ကထိက၏ တာဝန်များကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့ ညနေပိုင်းတွင် စွန့်လွှတ်ခွင့်ပြုပြီး ဆေးတက္ကသိုလ် (၂) ရန်ကုန်၊ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနမှ တွဲဖက်ပါမောက္ခ၏တာဝန်များကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ထမ်းဆောင်ခွင့်ပြုလိုက်သည်။

အမှတ် ၆။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့စွဲပါ စာအမှတ်-၃မက (က) ၂၀၁၉ (၁၈၁) အရ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ ကာကွယ်ရေးနှင့် လူမှုရေး ဆေးပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာကေသီလွင် (ဆမ-၁၄၇၈၁) အား ယင်းတက္ကသိုလ်/ယင်းဌာနတွင်ပင် ပါမောက္ခအဖြစ် ရာထူးတိုးမြှင့်ခန့်ထားပါသဖြင့် ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ ကာကွယ်ရေးနှင့်

လူမှုရေးဆေးပညာဌာနမှ တွဲဖက်ပါမောက္ခ၏တာဝန်များကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့ နံနက်ပိုင်းတွင် စွန့်လွှတ်ခွင့်ပြုပြီး ပါမောက္ခ၏တာဝန်များကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ထမ်းဆောင်ခွင့်ပြုလိုက်သည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)၊
ဒေါက်တာကျော်ရွှေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန။

## ပြည်တွင်းအခွန်များဦးစီးဌာန

## အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက် (Public Ruling)

## အမှတ် ၁/၂၀၁၉

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်)

## အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည့် သက်ဆိုင်ရာအခွန်ဥပဒေများပါ ကိစ္စရပ်များအား အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်း

**နိဒါန်း**

၁။ အခွန်ဝန်ထမ်းများနှင့် အများပြည်သူတို့အတွက် လမ်းညွှန်မှုဖြစ်စေရန်အလို့ငှာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေနှင့်အညီသာ လိုက်နာဆောင်ရွက်ရမည့် သက်ဆိုင်ရာအခွန်ဥပဒေများပါ ကိစ္စရပ်များအား အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်း ဖြစ်ပါသည်။

၂။ ဤအများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်သည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) အရ ပြည်တွင်းအခွန်များဦးစီးဌာနအပေါ် စည်းနှောင်သက်ရောက်မှု ရှိသည်။

**သက်ဆိုင်သည့်အကြောင်းအရာ**

၃။ ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ အထူးကုန်စည်ခွန်ဥပဒေနှင့် အဆိုပါ ဥပဒေများအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများပါ ကိစ္စရပ်များအနက် အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေနှင့် အညီ လိုက်နာကျင့်သုံးဆောင်ရွက်ရမည့် ကိစ္စရပ်များအား ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် မည်ကဲ့သို့ အဓိပ္ပာယ်သတ်မှတ်ကြောင်း ရှင်းလင်းအသိပေးခြင်း ဖြစ်ပါသည်။

**သက်ဆိုင်သည့်ဥပဒေပြဋ္ဌာန်းချက်**

၄။ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၈၄ တွင် "တည်ဆဲအခွန်ဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်" ဟု ပြဋ္ဌာန်းထားပါသည်။

**အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်**

၅။ နောက်ဆက်တွဲဇယားတွင် ဖော်ပြထားသည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများပါ ကိစ္စရပ်များသည် အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေနှင့် သက်ဆိုင်သည့် ကိစ္စရပ်များ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါကိစ္စရပ်များအား အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေနှင့်အညီသာ လိုက်နာကျင့်သုံး ဆောင်ရွက်ရမည် ဖြစ်ပါသည်။

**အကျိုးသက်ရောက်ခြင်း**

၆။ ဤအများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်သည် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

၇။ ဤအများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်ကို လက်မှတ်ရေးထိုးထုတ်ပြန်လိုက်သည်။

မင်းထွဋ်၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်တွင်းအခွန်များဦးစီးဌာန။

**နောက်ဆက်တွဲဇယား** (၁/၄)

| စဉ် | ဝင်ငွေခွန် ဥပဒေ | ဝင်ငွေခွန် နည်းဥပဒေများ | ဝင်ငွေခွန် စည်းမျဉ်းများ | ကုန်သွယ် လုပ်ငန်းခွန် ဥပဒေ | ကုန်သွယ် လုပ်ငန်းခွန် စည်းမျဉ်းများ | အထူး ကုန်စည်ခွန် ဥပဒေ | အထူး ကုန်စည်ခွန် နည်းဥပဒေများ | အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| ၁ | ပုဒ်မ ၄၉ | | | | စည်းမျဉ်း ၅၃ | | | အခွန်ထမ်း၏ သတင်းအချက်အလက်များအား လျှို့ဝှက်ထိန်းသိမ်းခြင်း |
| ၂ | | | | | စည်းမျဉ်း ၈ | | နည်းဥပဒေ ၁၂ | သတင်းအချက်အလက်အပြောင်းအလဲ အကြောင်းကြားခြင်း |
| ၃ | ပုဒ်မ ၅၅ | | | | စည်းမျဉ်း ၅၂ | | နည်းဥပဒေ ၆၀ | အကြောင်းကြားစာပေးပို့ခြင်း |
| ၄ | ပုဒ်မ ၅၂ | | | ပုဒ်မ ၂၈ | စည်းမျဉ်း ၄၉ (က) | | | စာရင်းနှင့် မှတ်တမ်းများထိန်းသိမ်းခြင်း |
| ၅ | ပုဒ်မ ၁၇ (ဂ) | | | ပုဒ်မ ၁၃ (ဂ) | | | နည်းဥပဒေ ၃၃၊ ၃၄ (ခ) (၃)၊ | အခွန်ကြေညာလွှာ တင်သွင်းရန် တောင်းဆိုခြင်းနှင့် ကြေညာလွှာအား ပြင်ဆင်ခြင်း |
| ၆ | ပုဒ်မ ၄၂၊ ၄၃၊ ၄၄၊ ၄၄-က၊ ၄၅ | | | ပုဒ်မ ၂၅ | | ပုဒ်မ ၃၀၊ ၃၁ | နည်းဥပဒေ ၃၉၊ | သတင်းအချက်အလက်တောင်းခံခြင်းနှင့် ဥပစာသို့ ဝင်ရောက်စစ်ဆေးခြင်း |
| ၇ | ပုဒ်မ ၁၉၊ ၃၀ (ခ) | နည်းဥပဒေ ၇၊ ၈ | စည်းမျဉ်း ၃ (ဂ)၊ ၆ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ ၉ | ပုဒ်မ ၁၄ | | ပုဒ်မ ၁၇ | နည်းဥပဒေ ၃၈ | အခွန်စည်းကြပ်ခြင်း |
| ၈ | ပုဒ်မ ၂၁၊ ၂၂ | | | ပုဒ်မ ၁၇၊ ၁၈ | | ပုဒ်မ ၁၉၊ ၂၀ | နည်းဥပဒေ ၄၅ | ပြန်လည်စည်းကြပ်ခြင်းနှင့် မှားယွင်းချက်ကို ပြင်ဆင်ခြင်း |
| ၉ | ပုဒ်မ ၅၃ | | | | စည်းမျဉ်း ၁၁၊ ၁၂ | | နည်းဥပဒေ ၃၅၊ ၃၆၊ ၄၀ | အခွန်တောင်းခံလွှာ၊ အခွန်တောင်းခံခြင်း |
| ၁၀ | ပုဒ်မ ၃၂၊ ၃၃၊ ၃၃-က၊ ၃၄၊ ၃၅၊ ၃၆၊ ၅၈ | | စည်းမျဉ်း ၅ | ပုဒ်မ ၁၉၊ ၁၉-က၊ ၂၀ | စည်းမျဉ်း ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄ | ပုဒ်မ ၂၁ | နည်းဥပဒေ ၅၀၊ ၅၁၊ ၅၂၊ ၅၃၊ ၅၄ | အယူခံခြင်း၊ ပြင်ဆင်ခြင်း |

**နောက်ဆက်တွဲဇယား** (၂/၄)

| စဉ် | ဝင်ငွေခွန် ဥပဒေ | ဝင်ငွေခွန် နည်းဥပဒေများ | ဝင်ငွေခွန် စည်းမျဉ်းများ | ကုန်သွယ်လုပ်ငန်းခွန် ဥပဒေ | ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများ | အထူးကုန်စည်ခွန် ဥပဒေ | အထူးကုန်စည်ခွန် နည်းဥပဒေများ | အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| ၁၁ | ပုဒ်မ ၂၃၊ ၂၄၊ ၂၅၊ ၂၇ | | | | စည်းမျဉ်း ၄၅၊ ၄၆၊ ၄၇ | | နည်းဥပဒေ ၅၅၊ ၅၆၊ ၅၇ | ထူးခြားသော ကိစ္စရပ်များအတွက် အခွန်စည်းကြပ်ခြင်းဆိုင်ရာ နည်းလမ်းများ |
| ၁၂ | ပုဒ်မ ၃၇ | နည်းဥပဒေ ၉ (၅) | | ပုဒ်မ ၁၆ | စည်းမျဉ်း ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈ | ပုဒ်မ ၁၈ | နည်းဥပဒေ ၄၈၊ ၄၉ | ပြန်အမ်းခြင်း |
| ၁၃ | | | | | | ပုဒ်မ ၁၂ (ခ) | | အခွန်ပေးဆောင်ရမည့် သတ်မှတ်ရက်တိုးမြှင့်ခြင်း |
| ၁၄ | ပုဒ်မ ၃၉၊ ၄၀၊ ၄၁ | နည်းဥပဒေ ၉ (ပ)၊ | | ပုဒ်မ ၂၄ | | ပုဒ်မ ၂၉ | | အခွန်အရကောက်ခံခြင်း |
| ၁၅ | | | | ပုဒ်မ ၂၁ (က) | | ၂၂ (က) | | မှတ်ပုံတင်ရန်ပျက်ကွက်ခြင်းအတွက်ဒဏ်ကြေးငွေ |
| ၁၆ | ပုဒ်မ ၄၆ (က) | | | ပုဒ်မ ၂၁၊ (ခ)၊ (င)၊ ၂၁-က | | ပုဒ်မ ၂၂ (င) | | ကြေညာလွှာတင်သွင်းရန် ပျက်ကွက်ခြင်း၊ လစဉ်ကျသင့်အခွန်ပေးသွင်းရန် ပျက်ကွက်ခြင်း၊ စာရင်းနှင့် အထောက်အထားများတင်ပြရန် ပျက်ကွက်ခြင်းတို့အတွက် ဒဏ်ကြေးငွေ၊ |
| ၁၇ | ပုဒ်မ ၄၇၊ ၄၆ (ခ) | | | ပုဒ်မ ၂၂ | | ပုဒ်မ ၂၃၊ ၂၅၊ ၂၈၊ ၃၁ | | လိမ်လည်ခြင်း/အခွန်တိမ်းရှောင်ခြင်းနှင့် သတင်းအချက်အလက် ထုတ်ဖော်ရန် ပျက်ကွက်ခြင်းအတွက် ဒဏ်ကြေးငွေ |
| ၁၈ | ပုဒ်မ ၁၆ (ဃ)၊ ၁၆-က (ဂ) | | | ပုဒ်မ ၂၁ (ဃ)၊ (ဂ) | | ပုဒ်မ ၂၂ (ဃ) | | အခွန်ပေးဆောင်ရန် ပျက်ကွက်ခြင်းနှင့် စည်းကြပ်မှုနှင့်စပ်လျဉ်း၍ အကြောင်းကြားခေါ်ယူခြင်းကို ပျက်ကွက်ခြင်းအပေါ် တပ်ရိုက်သည့်ဒဏ်ကြေးငွေ |
| ၁၉ | ပုဒ်မ ၅၀ | | | | စည်းမျဉ်း ၄၈ | | | တရားစွဲဆိုရန် ခွင့်ပြုချက် ရယူခြင်း |
| ၂၀ | ပုဒ်မ ၄၈ | | | ပုဒ်မ ၂၃ | | ပုဒ်မ ၂၆၊ ၂၇ | | အဂတိလိုက်စားမှုအတွက် ပြစ်ဒဏ် |

## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)

အမှတ် ၂၁၅ ။ ။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အောက်ဖော်ပြပါ ကြီးကြပ်ရေးမှူး (၁၅) ဦး တို့အား ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ထောက်မန်နေဂျာရာထူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) သို့ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | ဘဏ်ခွဲ |
|---|---|---|
| ၁ | ဦးစိုးဝင်း | ပခုက္ကူ |
| ၂ | ဦးမြင့်နွယ် | ရုံးချုပ် (စစ်/ထိန်း) |
| ၃ | ဦးရဲထွန်း | ဘီးလင်း |
| ၄ | ဦးသန်းနိုင် | စေတုတ္တရာ |
| ၅ | ဒေါ်သိန်းသိန်းဦး | ကျောက်တန်း |
| ၆ | ဒေါ်သန်းသန်းညွန့် | ပုဏ္ဏားကျွန်း |
| ၇ | ဦးလှကြူ | ရုံးချုပ် (ဘဏ်လုပ်ငန်း) |
| ၈ | ဦးသန်းလွင် | ရွှေဘို |
| ၉ | ဒေါ်စိုးစိုးရီ | ကွမ်းခြံကုန်း |
| ၁၀ | ဦးရည်မွန် | မအူပင် |
| ၁၁ | ဦးစန်းလွင် | ချောင်းဦး |
| ၁၂ | ဦးမြင့်ဆွေ | သရက် |
| ၁၃ | ဦးသိန်းဇော် | ပေါက်တော |
| ၁၄ | ဒေါ်ကြည်ကြည်ဝင်း | ရုံးချုပ် (စစ်/ထိန်း) |
| ၁၅ | ဦးနိုင်ထွန်း | ဝေါ |

မင်းသူ၊
ဦးဆောင်ညွှန်ကြားရေးမှူး၊
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်။

## ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၁၀၆/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)

၁။ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးမှူးများအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်စွဲပါ စာအမှတ်၊ စဘ/ဘဏ္ဍာ-၁/၂/၄-၁ (၆၅၁၀/၂၀၁၉) ဖြင့် ခွင့်ပြုချက်အရ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့မှစ၍ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | ဌာနခွဲ၊ တိုင်းဒေသကြီး၊ ပြည်နယ် |
|---|---|---|
| ၁ | ဒေါ်အေးနှင်းချစ် | စီမံခန့်ခွဲရေးနှင့် စာရင်းဌာနခွဲ |
| ၂ | ဒေါ်ခင်သူဇာထွန်း | အာမခံလုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနခွဲ |
| ၃ | ဒေါ်ခင်ဝင်းရွှေ | ချင်းပြည်နယ်ရုံး |
| ၄ | ဒေါ်နုနုလွင် | အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနခွဲ |
| ၅ | ဒေါ်ပြုံးလှစမ်း | ကယားပြည်နယ်ရုံး |
| ၆ | ဒေါ်ကျော့ကျော့ဇင် | စီမံခန့်ခွဲရေးနှင့် စာရင်းဌာနခွဲ |
| ၇ | ဒေါ်မြင့်မြင့်မူ | ရန်ကုန်တိုင်းဒေသကြီးရုံး |
| ၈ | ဒေါ်အေးအေးအောင် | စီမံခန့်ခွဲရေးနှင့် စာရင်းဌာနခွဲ |
| ၉ | ဒေါ်သင်းသင်းအေး | ရန်ကုန်တိုင်းဒေသကြီးရုံး |
| ၁၀ | ဒေါ်သီသီနွယ် | ပဲခူးတိုင်းဒေသကြီးရုံး |

၂။ ၎င်းတို့သည် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် ကနဦးလစာ ကျပ် ၂၇၅၀၀၀ အား စတင်ခံစားရန်ဖြစ်ပြီး ရာထူးလက်ခံဆောင်ရွက်သည့်နေ့အား ရုံးချုပ်၊ စီမံခန့်ခွဲရေးနှင့် စာရင်းဌာနခွဲသို့ မပျက်မကွက် ပေးပို့တင်ပြရန်နှင့် နေရာချထားခြင်းအတွက် အမိန့်ဆက်လက်ထုတ်ပြန်မည်ဖြစ်သည်။

ဇော်နိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန။

## မြန်မာ့စီးပွားရေးဘဏ်

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

အမှတ် ၁ ။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်စွဲပါ စာအမှတ်၊ စဘ/ဘဏ္ဍာ-၁/၂/၄-၁ (၇၂၂၅/၂၀၁၉) အရ မြန်မာ့စီးပွားရေးဘဏ်မှ အောက်ဖော်ပြပါ ကြီးကြပ်ရေးမှူးများအား ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ထောက်မန်နေဂျာ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်။ ၎င်းတို့သည် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့မှစ၍ လက်ထောက်မန်နေဂျာရာထူး၏ ကနဦးလစာ ကျပ် ၂၇၅၀၀၀ ကို ခံစားရန်ဖြစ်သည်။

(နေရာချထားရေးနှင့်ပတ်သက်၍ ရုံးအမိန့်စာထပ်မံထုတ်ပြန်မည်ဖြစ်ရာ အဆိုပါရုံးအမိန့်စာမရမီ လက်ရှိနေရာတွင်ပင် ယာယီဆက်လက်တာဝန်ထမ်းဆောင်ရန်ဖြစ်သည်။)

ယဉ်ဇော်မျိုး၊
ဦးဆောင်ညွှန်ကြားရေးမှူး၊
မြန်မာ့စီးပွားရေးဘဏ်။

| စဉ် | အမည် | | လက်ရှိတာဝန်ထမ်းဆောင်နေသည့်နေရာ |
|---|---|---|---|
| ၁ | ဒေါ်မီမီအောင် | (ID-02214) | မင်းဘူးခရိုင်ဘဏ်ခွဲ |
| ၂ | ဒေါ်ခင်မာလွင် | (ID-02331) | ကျောက်ဖြူခရိုင်ဘဏ်ခွဲ |
| ၃ | ဒေါ်မြင့်မြင့်ဦး | (ID-02270) | သရက်ခရိုင်ဘဏ်ခွဲ |
| ၄ | ဒေါ်မိုးမိုးစန်း | (ID-01472) | သဲကုန်းမြို့နယ်ဘဏ်ခွဲ |
| ၅ | ဒေါ်အေးအေးစန်း | (ID-05476) | ချေးငွေစိစစ်ကြီးကြပ်ကွပ်ကဲရေးဌာနခွဲ |
| ၆ | ဒေါ်သီတာ | (ID-02446) | စီမံခန့်ခွဲရေးဌာနခွဲ |
| ၇ | ဒေါ်ကြည်ကြည်ခိုင် | (ID-02420) | စာရင်းဌာနခွဲ |
| ၈ | ဒေါ်ခင်မိမိဇင် | (ID-02238) | ဘဏ်ခွဲ (၂) မန္တလေးမြို့ |
| ၉ | ဦးကျော်ကျော်ဦး | (ID-01618) | နမ့်စန် (တောင်) မြို့နယ်ဘဏ်ခွဲ |
| ၁၀ | ဒေါ်လှလှကြိုင် | (ID-05375) | ပခုက္ကူခရိုင်ဘဏ်ခွဲ |
| ၁၁ | ဦးအောင်စိုးသင်း | (ID-01975) | စစ်တွေခရိုင်ဘဏ်ခွဲ |
| ၁၂ | ဒေါ်အေးမင်းစန္ဒာထွေး | (ID-01844) | နောင်ချိုမြို့နယ်ဘဏ်ခွဲ |
| ၁၃ | ဒေါ်အေးအေးသန့် | (ID-01676) | စစ်ကိုင်းတိုင်းဒေသကြီးရုံး |
| ၁၄ | ဒေါ်သန်းသန်းဦး | (ID-04767) | မြောင်မြို့နယ်ဘဏ်ခွဲ |
| ၁၅ | ဒေါ်ထက်ထက်အောင် | (ID-02231) | မင်းတုန်းမြို့နယ်ဘဏ်ခွဲ |
| ၁၆ | ဦးအောင်လွင်ဦး | (ID-08530) | ပျဉ်းမနားဘဏ်ခွဲ |

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၂၀၇/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်)

အောက်ဖော်ပြပါ စာရင်းစစ် (၁) များအား မိမိတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသည့် စာရင်းစစ်ချုပ်ရုံး/ စာရင်းစစ်ရုံးများတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်ရက်မှစ၍ ဦးစီးအရာရှိများအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | ကိုယ်ပိုင်အမှတ် | ထမ်းရွက်ဆဲရုံး | တိုးမြှင့်လိုက်သည့်ရုံး |
|---|---|---|---|---|
| ၁။ | ဒေါ်မာမာလွင် | ၉၄၁၃ | ကယားပြည်နယ် (ရုံးအဖွဲ့) | ကယားပြည်နယ် |
| ၂။ | ဒေါ်အေးအေးလွင် | ၉၇၉၂ | ကန့်ဘလူ | ချင်းပြည်နယ် |
| ၃။ | ဦးလှသိန်းရွှေ | ၇၄၀၁ | ပလက်ဝ | ပလက်ဝ |
| ၄။ | ဦးဝဏ္ဏ | ၉၇၅၂ | ရှမ်းပြည်နယ် | မတူပီ |
| ၅။ | ဒေါ်မြင့်မြင့်ကြည် | ၈၃၁၈ | မိုးညှင်း | စစ်ကိုင်းတိုင်းဒေသကြီး |
| ၆။ | ဦးမျိုးမြင့် | ၈၀၇၇ | တောင်ကြီးခရိုင် | ခန္တီး |
| ၇။ | ဒေါ်အေးမြတ်မွန် | ၉၅၆၅ | ရေကြည် | တနသ်ာရီ |
| ၈။ | ဒေါ်ရီရီထွန်း | ၇၄၄၂ | မန္တလေးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး |
| ၉။ | ဒေါ်ခင်စန်းဝေ | ၈၉၅၀ | ဖြူး | သံတောင်ကြီး |
| ၁၀။ | ဒေါ်မြင့်မြင့်မော် | ၇၇၂၇ | ကော့မှူး | ရခိုင်ပြည်နယ် (ရုံးအဖွဲ့) |
| ၁၁။ | ဒေါ်သူဇာမြင့် | ၇၆၅၄ | လသာ | ရန်ကုန်တိုင်းဒေသကြီး (ရုံးအဖွဲ့) |
| ၁၂။ | ဒေါ်စောမမ | ၈၈၂၅ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး |
| ၁၃။ | ဒေါ်စန္ဒာဝင်း | ၉၄၄၅ | ကျောက်တန်း | စီမံရေးရာ၊ လေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာန |
| ၁၄။ | ဒေါ်ခင်ထားတင့် | ၈၂၈၀ | ကော့ကရိတ်ခရိုင် | စီမံရေးရာ၊ လေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာန |
| ၁၅။ | ဒေါ်မြသန္တာထွန်း | ၉၇၁၈ | မင်္ဂလာတောင်ညွန့် | ရုံးအဖွဲ့ |
| ၁၆။ | ဒေါ်ထန်နွမ် | ၇၄၀၄ | ရန်ကုန်တိုင်းဒေသကြီး | ရုံးအဖွဲ့ |

### အမိန့်ကြော်ငြာစာအမှတ် (၂၁၅/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

အောက်ဖော်ပြပါ စာရင်းစစ် (၁) များအား မိမိတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသည့် စာရင်းစစ်ချုပ်ရုံး/ စာရင်းစစ်ရုံးများတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်ရက်မှစ၍ ဦးစီးအရာရှိများအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | ကိုယ်ပိုင်အမှတ် | ထမ်းရွက်ဆဲရုံး | တိုးမြှင့်လိုက်သည့်ရုံး |
|---|---|---|---|---|
| ၁။ | ဦးကျော်ကျော်စိုး | ၈၅၇၉ | ပုသိမ် | ရသေ့တောင် |
| ၂။ | ဒေါ်နန်းသီတာထွန်း | ၉၄၁၂ | လှိုင်ကော်ခရိုင် | ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | ဒေါ်ကျော့ယဉ်သန့် | ၁၀၀၉၆ | မအူပင် | ဝါးခယ်မ |
| ၄။ | ဒေါ်ချိုချိုမာ | ၉၂၅၃ | ဧရာဝတီတိုင်းဒေသကြီး | အင်္ဂပူ |
| ၅။ | ဒေါ်ဝင်းရီ | ၈၄၁၈ | ရှမ်းပြည်နယ် | ဇမ္ဗူသီရိ |

## အမိန့်ကြော်ငြာစာအမှတ် (၂၄၄/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

အောက်ဖော်ပြပါ စာရင်းစစ် (၁) များအား မိမိတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသည့် စာရင်းစစ်ချုပ်ရုံး/စာရင်းစစ်ရုံးများတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်ရက်မှစ၍ ဦးစီးအရာရှိများအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | ကိုယ်ပိုင်အမှတ် | ထမ်းရွက်ဆဲရုံး | တိုးမြှင့်လိုက်သည့်ရုံး |
|---|---|---|---|---|
| ၁။ | ဒေါ်ခင်ယုမေ | ၇၆၁၆ | ဖလမ်း | မင်းတပ် |
| ၂။ | ဒေါ်ခင်လေးသန့် | ၈၀၄၀ | မဘိမ်း | ကလေးဝ |
| ၃။ | ဒေါ်စန်းစန်းဝေ | ၈၃၈၇ | ရှမ်းပြည်နယ် | မကွေးတိုင်းဒေသကြီး |
| ၄။ | ဒေါ်နီလာရွှေ | ၈၂၀၅ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး |
| ၅။ | ဒေါ်ထွေးထွေးလှ | ၉၃၆၂ | မြောက်ပိုင်းခရိုင် | ရန်ကုန်တိုင်းဒေသကြီး |
| ၆။ | ဒေါ်ခိုင်ဇာညဏ်ဝင်း | ၁၁၅၈၁ | စစ်ဆေးရေးဦးစီးဌာန | ရှမ်းပြည်နယ် |

## အမိန့်ကြော်ငြာစာအမှတ် (၂၆၀/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)

အောက်ဖော်ပြပါ စာရင်းစစ် (၁) များအား မိမိတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသည့် စာရင်းစစ်ချုပ်ရုံး/စာရင်းစစ်ရုံးများတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်ရက်မှစ၍ ဦးစီးအရာရှိများအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | ကိုယ်ပိုင်အမှတ် | ထမ်းရွက်ဆဲရုံး | တိုးမြှင့်လိုက်သည့်ရုံး |
|---|---|---|---|---|
| ၁။ | ဦးစန်းထွန်း | ၈၈၄၄ | ရှမ်းပြည်နယ် | မိုးညှင်း |
| ၂။ | ဒေါ်မိုးအေး | ၈၉၇၈ | သန်လျင် | သာယာဝတီ |
| ၃။ | ဦးနေလင်းအောင် | ၈၃၀၆ | ဝမ်းတွင်း | ပေါက်တော |
| ၄။ | ဒေါ်အေးသီတာမိုး | ၈၇၆၈ | မင်္ဂလာတောင်ညွန့် | သန်လျင် |

## အမိန့်ကြော်ငြာစာအမှတ် (၂၇၀/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်)

အောက်ဖော်ပြပါ စာရင်းစစ် (၁) များအား မိမိတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသည့် စာရင်းစစ်ချုပ်ရုံး/စာရင်းစစ်ရုံးများတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်ရက်မှစ၍ ဦးစီးအရာရှိများအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | ကိုယ်ပိုင်အမှတ် | ထမ်းရွက်ဆဲရုံး | တိုးမြှင့်လိုက်သည့်ရုံး |
|---|---|---|---|---|
| ၁။ | ဒေါ်ခင်အေးထွန်း | ၈၃၂၉ | ဖားကန့် | ကချင်ပြည်နယ် |
| ၂။ | ဦးမင်းရဲထွန်း | ၉၉၃၄ | မန္တလေးတိုင်းဒေသကြီး | တနိုင်း |
| ၃။ | ဒေါ်ကြည်ကြည်ဦး | ၇၄၄၆ | ရှမ်းပြည်နယ် | ပွင့်ဖြူ |

နိုင်သက်ဦး၊
အမြဲတမ်းအတွင်းဝန်၊
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်
( ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

NOTICE UNDER SECTION 348 OF
THE MYANMAR COMPANIES LAW
**MYANMAR DCH LIMITED**

At a Special General Meeting of the shareholders of the Company held at No. FG-66B, Sein Le Kan Thar Street, Hlaing Thar Yar Township, Yangon, Myanmar on 15th November 2019, the following resolutions were passed as Special Resolutions:

**Resolved:**

1. that the Company be wound up voluntarily.

2. that U Papo Ganesan [B.A (English), R.L], Advocate (Registration No. 4647) of Khin Su Htay & Associates Legal and Tax Consultants Ltd., be and is hereby appointed Liquidator to conduct the said winding-up.

Therefore, the undersigned Liquidator of the above named Company have fixed 16th December 2019, as the day on or before which the creditors of the Company are to prove their debts or claims, failing which they will be excluded from the benefit of any distribution made before such debts are proved.

All persons claiming to be creditors of the above Company are, therefore, requested to submit details of their claims together with any documentary evidence in their possession, to the Liquidator at the address given below, before the above date.

Mr. Lee Tak Wah
Director

U Papo Ganesan
[B.A (English), R.L],
Advocate (Registration No. 4647)
Khin Su Htay & Associates
Legal and Tax Consultants Ltd
Liquidator
Building No. C 1, Room No. 005, Ground Floor, Hninnsi Street,
Yuzana Highway Complex, Kamayut Township, Yangon, Myanmar.

NOTICE UNDER SECTION 348 OF
THE MYANMAR COMPANIES LAW

**MYANMAR TAPL LIMITED**

At a Special General Meeting of the shareholders of the Company held at No. FG-66B, Sein Le Kan Thar Street, Hlaing Thar Yar Township, Yangon, Myanmar on 15th November 2019, the following resolutions were passed as Special Resolutions:

**Resolved:**

1. that the Company be wound up voluntarily.
2. that U Papo Ganesan [B.A (English), R.L], Advocate (Registration No. 4647) of Khin Su Htay & Associates Legal and Tax Consultants Ltd., be and is hereby appointed Liquidator to conduct the said winding-up.

Therefore, the undersigned Liquidator of the above named Company have fixed 16th December 2019, as the day on or before which the creditors of the Company are to prove their debts or claims, failing which they will be excluded from the benefit of any distribution made before such debts are proved.

All persons claiming to be creditors of the above Company are, therefore, requested to submit details of their claims together with any documentary evidence in their possession, to the Liquidator at the address given below, before the above date.

Mr. Lee Tak Wah
Director

U Papo Ganesan
[B.A (English), R.L],
Advocate (Registration No. 4647)
Khin Su Htay & Associates
Legal and Tax Consultants Ltd
Liquidator
Building No. C 1, Room No. 005, Ground Floor, Hninnsi Street,
Yuzana Highway Complex, Kamayut Township, Yangon, Myanmar.

Notice

**JGP CONSULTANTS MYANMAR COMPANY LIMITED**

(In member's Voluntary Liquidation)
Pursuant of Section 208 (E) of the Myanmar Companies Act:

**Final Meeting**

A final meeting of the above Company will be held on 16th December 2019 at the Liquidator's office as shown below at 10:00 am.

**AGENDA**

1. To Explain & Lay before the meeting the Liquidator's account of the Liquidation.
2. To give any explanation thereof.

Sein Win Hlaing
Certificated Public Accountant
Liquidator
No. 29, Level (5), Min Ye Kyaw Swar Street,
Lanmadaw Township, Yangon.
Ph: 09-5022970

## ယူး(စ်ထ်) အရစ်ဂျင်နဲ(လ်) ကုမ္ပဏီလီမိတက်

**(USED ORIGINAL CO., LTD)**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၅၇ အရ
စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးတက်ရောက်ရန်
အကြောင်းကြားစာ
(အစုရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

**USED ORIGINAL CO., LTD** (ဖျက်သိမ်းဆဲ) ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ စာရင်းတင်ပြရန်နှင့် ရှင်းလင်းပြောဆိုရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ် အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှင်များအားလုံး တက်ရောက်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်နှင့်အချိန် ။ ။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၄) ရက်၊
နံနက် (၁၀း၀၀) နာရီ၊

ကျင်းပမည့်နေရာ ။ ။ အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
မိဘာရိပ်မွန်ကွန်ဒို၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဦးအီးနုစ်
(တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
USED ORIGINAL CO., LTD

## MYANMA LAT SAUNG MON GEMS CO., LTD

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၄၈ အရ
ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **Myanma Lat Saung Mon Gems Co., Ltd** အား (၁၃. ၁၁. ၂၀၁၉) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ဦးကျော်ညွန့် မှတ်ပုံတင်စာရင်းကိုင်အမှတ် (၁၅၆) အမှတ် ၂၆၉၊ အညာစုလမ်း၊ ၉ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်ရှိနှင့်ပေးရန်ရှိသည်များကို အစုရှယ်ယာရှင်များမှ သတ်မှတ်ထားသော (၁၆. ၁၂. ၂၀၁၉) ရက်ထက် နောက်မကျစေဘဲ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

Sai Aung Min Latt
Managing Director
Myanma Lat Saung Mon Gems Co., Ltd

ဦးကျော်ညွန့်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## မြန်မာ့ဟေမာန် ကုမ္ပဏီလီမိတက်
## (MYANMA HAY MARN COMPANY LIMITED)

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၅၇ အရ
စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးတက်ရောက်ရန်
အကြောင်းကြားစာ
(အစုရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

**MYANMA HAY MARN COMPANY LIMITED** (ဖျက်သိမ်းဆဲ) ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ စာရင်းတင်ပြရန်နှင့် ရှင်းလင်းပြောဆိုရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ် အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှင်များအားလုံး တက်ရောက်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်နှင့် အချိန် ။ ။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၄) ရက်၊
နံနက် (၁၀း၀၀) နာရီ၊

ကျင်းပမည့်နေရာ ။ ။ အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
မိဘာရိပ်မွန်ကွန်ဒို၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
MYANMA HAY MARN COMPANY LIMITED

## မြန်မာ စတုန်း ဟောက် (၆) ကုမ္ပဏီလီမိတက်

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

အစည်းအဝေးကျင်းပပြုလုပ်မည့်ရက် ။ ။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၅) ရက်၊

အစည်းအဝေးကျင်းပမည့်အချိန် ။ ။ နံနက် (၁၀း၀၀) နာရီ၊

အစည်းအဝေးကျင်းပမည့်နေရာ ။ ။ ကုမ္ပဏီရုံးခန်း။

ဦးစိန်ကျော်ဝင်း
(B.Com., CPA)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ ထ၊ န - အမှတ် ၅၅၇/၁၈-၁၉/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၁၉၀၀/၁၅-၁၁-၂၀၁၉။